အစိုးရ

ပါဠိပထမပြန်

# ပထမကြီးတန်း

## ပုစ္ဆာ+အဖြေစုံ


သကျသီဟ

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ မဟာအကျော်

အရှင်တိလောကာဘိဝံသ

ဖြေဆိုသည်။



ဓမ္မဒါန

၁၀၈၄၂

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

## ပါဠိပထမပြန်စာမေးပွဲ

# ပထမကြီးတန်း

## ပုစ္ဆာ+အဖြေစုံ

(၁၉၆၆-ခုနှစ်မှ ၁၉၇၆-ခုနှစ် အထိ)

သကျသီဟ သာသနဓဇ သိရိပဝရ ဓမ္မာစရိယ မဟာအကျော်

**အရှင်တိလောကာဘိဝံသ**

ဖြေဆိုသည်။

သုဓမ္မဝတီစာပုံနှိပ်တိုက်

တိုက်နံပါတ်—၅၃၊ စပ်ကဲပေါင်ခိုင်လမ်း၊ ရန်ကုန်မြို့။

၁၃၃၈—၃။

ထုတ်ဝေသူ — အရှင်တိလောကာဘိဝံသ၊ ကင်းလွတ်ခွင့်အမှတ်(၀၃၈၈၄)

ရွှာမပရိယတ္တိစာသင်တိုက်၊

အနောက်ရပ်၊ အင်းစိန် ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၉၇၇၂)

ပုံနှိပ်သူ — ဦးသိန်းဝင်း၊ မှတ်ပုံတင် အမှတ် (၀၂၁၅၅)

သုဓမ္မဝတီစာပုံနှိပ်တိုက်၊

အမှတ် ၅၃၊ မောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

၁၃၃၈-ခု၊ တပေါင်းလ၊ ပထမအကြိမ် အုပ်ရေ ၂၀၀၀။

(ဓမ္မဒါန)

မြင်းခြံမြို့

ကိုးဆောင်တိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ

## ဆရာတော်ဘုရားကြီး၏ မိန့်ကြားချက်

ဆရာ၏ညွှန်ကြားချက်ဖြင့် ရေးသားအပ်သော တပည့်ဖြစ်သူ အင်းစိန် ရွာမ ပရိယတ္တိ စာသင်တိုက် ဂဏဝါစက "အရှင်တိလောကာဘိဝံသ" ၏ "ပထမကြီးတန်း ပုစ္ဆာ + အဖြေစုံ" စာအုပ်ကို ကြည့်ရှု သုံးသပ်ရာ ဤစာအုပ်၌—

(၁) စာမေးပွဲဝင် သောတုဇဉ်တို့ အလွယ်တကူ နည်းယူလေ့လာ နိုင်ရန် ပုစ္ဆာဟောင်း အတော်များများ ပါရှိခြင်း၊

(၂) ယင်း ပုစ္ဆာ၏ အဖြေများကို အမှာအထား ညွှန်ကြားချက် နှင့်တကွ စာသင်သားများ အားထားရ လောက်အောင် ဖြေကြားထားခြင်း၊

အစရှိသော အချက်တို့ကို တွေ့ရပေ၏၊ ဤစာအုပ်ကို ကြည့်ရှု လေ့လာ ခြင်းအားဖြင့် သက်ဆိုင်ရာ စာမေးပွဲများစွာတို့၌ အထူးသဖြင့် ပထမကြီး တန်း စာမေးပွဲ၌ များစွာ အထောက်အကူ ရနိုင်လိမ့်မည်ဟု ယူဆပါ၏။

ဦးသောဘိတ

အဂ္ဂမဟာပဏ္ဍိတ

ကိုးဆောင်တိုက်၊ မြင်းခြံမြို့။

၁၃၃၀–ခုနှစ်၊ တပို့တွဲလဆုတ် (၇) ရက်

ဗုဒ္ဓဟူးနေ့။

# ကျွန်ုပ်အမြင်

ပုစ္ဆာ ဝိသဇ္ဇနာ ယုဂဠေဟိ ဓမ္မာနံ ယေဘုယျေန ပါကဋံ-ဝိသုဒ္ဓိမဂ်မဟာဋီကာ စကားအရ လျှို့ဝှက်ခက်ခဲသော အနှစ်သာရ မည်သည်ကို အမေးအဖြေပဥ္စာ ဗျာကရဏနည်းမျိုးဖြင့် ကင်း၍ ပေါ်လွင်ထင်ရှားအောင် မသိနိုင်စကောင်းပေဟု အဆိုရှိလင့်ကစား ကိုယ်တိုင်မေး ကိုယ်တိုင်ဖြေ လုပ်ငန်းသည် လွယ်ကူနိုင်သလောက် သူမေး ကိုယ်ဖြေ အလုပ်ကြီးကား ကြီးထွားလှသော မဟာဒုက္ခကြီးပေတည်း၊ မှန်၏ အမေးနွားကျောင်းသား အဖြေ ဘုရားလောင်း ဟူ၍ပင် ဆိုရိုးပြုခဲ့ကြသည် မဟုတ်လော။

ဤအချက်ကို ကျမ်းပြုအရှင်လည်း မသိ၍ကားမဟုတ် သိ၏မိ၏.သို့သော် စာမေးပွဲတည်းဟူသော ဘဏ်တိုက်ကြီးကို အလွယ်တကူ ဖွင့်လှစ်နိုင်ကြရန် နုနုစိုစို စာသင်ပျိုအပေါင်းတို့၏ လက်ဝယ်သို့ ဤ "ပထမကြီးတန်းပုစ္ဆာ အဖြေစုံ"ကျမ်းတည်းဟူသော ရွှေသော့ကြီးကို ထည့်ပေးလိုသော အာသာ ဆန္ဒ အပြည့်အဝကြောင့် စာသင်သားသံဃာ (၁၀၀)ကျော်တို့အား နေ့ဝါ ညဝါ စာဝါများ ပို့ချ အချိန်မရသည့်ကြားမှပင် သူတပါးမေးသော ပုစ္ဆာတည်းဟူသော ကိုယ်ဒြပ်ကြီးကို ကောင်းနိုးရာရာ အဖြာဖြာသော ကျမ်းရင်းလာ အဝတ်တန်းဆာတို့ဖြင့် ချယ်လှယ်ပြသ ရှုတိုင်းလှစေလျက် အာစရိယဝါဒေ စိန်ကျောက်ရတနာ အထွေထွေတို့ကိုလည်း တဝေဝေ တလက်လက် ရောင်မျိုးစုံထွက်စေ၍ အချက်ကျကျ ဆင်ယင်ပြလိုက်ခြင်းသည် နုနုစိုစို စာသင်ပျိုတို့အတွက် ခေတ်ဆန်းချိန်ဟုပင် ဆိုနိုင်ပေသည်။

"မဆန့်ကျင်ဘွယ် ခက်မလွယ် ပညာကျယ်မှ တတ်နိုင်သည်" ဆိုသည့် အတိုင်း စာပေရေးသားဖြေဆိုရာ၌ ကျမ်းဂန်အသွား အယူအဆများနှင့် ဆမန့်ကျင်မိအောင် ဖြေဆိုရေးသားဘို့ရန် မိမိကိုယ်တိုင်က ဂုဏ်းဘာသာရပ်

များတွင် ကြေညက်ရမည်မှာ အမှန်လိုအပ်သော အချက်တရပ် ဖြစ်ပေသည်။ ဤကျမ်းပြုစုသူ အရှင်ကား ပါဠိ အဋ္ဌကထာ ဋီကာ တနည်း အာစရိယလဒ္ဓမျိုးလျက် ထန်သီးလုံ့လ ဇွဲဥဿာဟတို့ဖြင့် စာမေးပွဲသံသရာ ကျင်လည်ခဲ့ရသဖြင့်၎င်း၊ ယခုလက်ရှိ အဋ္ဌကထာ ဋီကာ စာဝါများပို့ချနေသဖြင့်၎င်း ဆိုပြီးအချက် ညက်လှပေ၏ဟု ဆိုက မမှားနိုင်ပေ။

ဤသို့ လက်တွေ့ရေး စာတွေ့ပေါ် ရောနှောလျက် "မဂ္ဂမူဋ္ဌ ပုရိသအား လက်ကို ကိုင်ဆွဲ ဤလမ်းဘဲဟု ညွှန်းဘိအလား" စာသင်သားတို့၏ စာမေးပွဲ တည်းဟူသော သမုဒ်ပြင်ကျယ်ကို အလွယ်တကူ ကူးမြောက်နိုင်ရန် ရည်သန်ခဲ့ရင်းအတိုင်း ဤသို့မေး ဤသို့ဖြေဟု ညွှန်ကြားထားသည်ကြောင့် စာမေးပွဲ ဘဏ်တိုက်ကြီးကို ဖွင့်လိုသူတိုင်း အိတ်ဆောင်အနေနှင့် အမှန်တကယ်ထားသင့်သော စာအုပ်ဖြစ်ပေသတည်း။

ဦးတိလောက
ဓမ္မာစရိယ-ဘီအေ
မဟာတိလောကာရုံကျောင်း
ကျိုက်ဝိုင်း-သမိုင်း၊ ရန်ကုန်မြို့။

နေ့စွဲ— ၁၃၃၁-ခုနှစ်
ပြာသိုလဆန်း ( ၂ ) ရက်
အင်္ဂါနေ့။

---

**ကျေးဇူးတင်လွှာ**

ဤစာအုပ် ဖြစ်မြောက်အောင် အဘက်ဘက်မှ အကူအညီပေးကြသော ပုဂ္ဂိုလ်အပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

အထူးအားဖြင့် ရွှေတိဂုံတောင်မုခ် အောင်မင်္ဂလာ သရာတော် ဦးစန္ဒာသူရိယ-ပုစ္ဆာများ စုဆောင်းပေးသော ဦးဝိလာသ၊ စာရေးရာ၌ အကူအညီပေးသော ဦးပညာသာရ၊ ဦးတိက္ခ၊ လက်နှိပ်စက်ဖြင့် အချော ရိုက်ပေးသော ဦးဇောတိက၊ စာရေးစာကြည့်အကူအညီပေးသော ဦးကောဝိဒ၊ စာမူများကို သုတ်သင်ပြင်ဆင်ပြီးတည်းဖြတ်ပေးသော ရွာမပရိယတ္တိစာသင်တိုက်နာယကအဖွဲ့မှ စာချ ကထိကချားနှင့် သမိုင်း ကျိုက်ဝိုင်း ဘုရားအနီးမှ မဟာတိလောကာရုံဆရာတော်၊ ဒက္ခိဏာရုံဆရာတော်တို့အား ကျေးဇူးတင်ရှိပါကြောင်း။

# စိတ်ဆက်နှဒါန်း

## နည်းမရ ခရီးကရှည်လှသည်

စာမေးပွဲ ဝင်လိုသူသည် သက်ဆိုင်ရာ စာမေးပွဲ၏ မေးပုံမေးနည်းကို သိမှသာလျှင် ဘာသာရပ်ကို လေ့လာရာတွင်၎င်း၊ စာဖြေရာတွင်၎င်း သက်သာလွယ်ကူမှု အောင်မြင်မှုကို ရနိုင်ပေမည်၊ စာ ရပါလျက် ဖြေပုံ နည်းမရ၍ စာမေးပွဲ ကျရှုံးရသူများကို အများအပြား တွေ့ရ၏။

ထိုကဲ့သို့ နှစ်ရှည်လများ ကြိုးစားကာ စာရပါလျက် နည်းမရ၍ စာမေးပွဲလည်းကျ စိတ်ဓာတ်လည်း ကျပြီး စာသင်ကြားလိုစိတ် လျော့ပါးသွားပါက သာသနာအတွက် နစ်နာချက်ကြီး ဖြစ်ပါ၏၊ ယင်းသို့ မဖြစ်ရအောင် မေးပုံ မေးနည်း မေးခွန်းများနှင့် အဖြေ နမူနာများကို သိထားရမည် လေ့လာထားရမည်။

စာချပုဂ္ဂိုလ်များသည်လည်း သက်ဆိုင်ရာ စာမေးပွဲ၏ မေးပုံ မေးနည်း ဖြေပုံ ဖြေနည်းများကို သိထားမှသာလျှင် စာမေးပွဲအတွက် သင်ကြားပေးသောအခါ စာမေးပွဲနှင့် အံဝင်ခွင်ကျဖြစ်အောင် သင်ပြပေးနိုင်သော ဆရာတယောက် ဆိုစလောက် ဖြစ်နိုင်ပေမည်။

ထို့ကြောင့် စာချစာသင် စာပွဲဝင်သူမှန်သမျှ စာမေးပွဲ ပုစ္ဆာများနှင့် အဖြေ နမူနာများကို ကြိုတင်၍ လေ့လာထားသင့်သည်မှာ ယုံမှားစရာမရှိပေ၊ မေးခွန်းများကို လေ့လာထားဘို့ လိုသော်လည်း မေးခွန်းများကို ပြည့်ပြည့်စုံစုံ စုဆောင်းရရှိဘို့ အတော်ပင် ခဲယဉ်းပါ၏၊ မေးခွန်း ပုစ္ဆာ ရလာပြန်သော်လည်း တိကျသောအဖြေမှန် ရဘို့ ဟိုဟို ဒီဒီ စာအုပ်များကို လှန်လှောရခြင်း ဒုက္ခက ပို၍ပင်ခဲယဉ်း ပါသေး၏။

စာရေးသူသည် ထိုဒုက္ခများကို ကိုယ်တိုင် ခံစားရသည်ဖြစ်၍ စာပွဲဝင် ပုဂ္ဂိုလ်တို့ကို ကူညီလိုသော အာသာဆန္ဒ ပြင်းပြလျက်ရှိစဉ် ကျေးဇူးရှင်ဖြစ်တော်မူသော မြင်းခြံမြို့ ကိုးဆောင်တိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်

ဘုရားကြီးက ပထမပြန်စာမေးပွဲ ပုစ္ဆာများ၏ အဖြေကို ရေးသားရမည်ဟု အမိန့်တော်မြွက် ချမှတ်ခြင်းကြောင့်၎င်း၊ သီတင်းသုံးဘော်တို့က တောင်းပန်ခြင်းကြောင့်၎င်း ဤပထမကြီးတန်း အဖြေများကို ရေးဖြစ်ခြင်း ဖြစ်ပါ၏၊ ဤအဖြေကျမ်းကို ကြည့်ရှုသူတို့မှာ—

(၁) မေးခွန်းပုစ္ဆာ ရှာဖွေ စုဆောင်းရခြင်း ဒုက္ခ၊

(၂) ခက်ခဲကြန့်ကြာစွာ အဖြေရှာရခြင်း ဒုက္ခ

စသည်တို့မှ ကင်းဝေးပြီးလျှင် စာမေးပွဲ အောင်မြင်မှုကို များစွာ အထောက်အကူ ရနိုင်မည်မှာ မလွဲပေ။

ဤ စာအုပ်ဖြင့် စာမေးပွဲဝင် သောတုဇဉ်တို့အား တထောင့်တကွေ့မှ အကူအညီ ပေးရသည်ကို ဝမ်းမြောက်ပါ၏ ဂုဏ်ယူပါ၏၊ ဤ စာအုပ်ကို ကြည့်ရှုလေ့လာပြီး ပထမကျော် အောင်ပန်း ဆွတ်လှမ်းနိုင်ကြပါစေဟု ပတ္ထနာတောင်းဆု ဆန္ဒပြုပါ၏၊ ဤ စာအုပ်ကြောင့် စာရှုသူတို့သည် တလုံးတပါဒမျှ အကူအညီရလျှင်ပင် အဖြေ ရေးသားရကျိုး နပ်ပါပြီ၊ ဤ အဖြေများကို ရေးသားရသော ကုသိုလ်အထု ကောင်းမှုအယဉ်ဖြင့် မြင်းခြံမြို့ ကိုးဆောင်တိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီးနှင့် တကွ ကျေးဇူးရှင် ဆရာသမား အားလုံးတို့အား မြတ်နိုးကော်ရော် ပူဇော်ပါ၏။

အရှင်တိလောကာဘိဝံသ
သက္ကျသီဟ ဂုဏ်ထူးဆောင်
အစိုးရ ဓမ္မာစရိယ မဟာအဲကျော်
ရွာမ ပရိယတ္တိစာသင်တိုက်၊ အင်းစိန်။

၁၃၃၀-ခုနှစ်၊
ပြာသိုလဆန်း ၁-ရက်၊

# မှာထားချက်

ဤအဖြေများကို လုံးဝ မှန်ကန်သည့် အဖြေများ ပြည့်စုံသည့် အဖြေများဖြစ်သည်ဟု မယူဆစေလိုပါ၊ ရှေးမ ပညာရှင်ကြီးများဖြစ်သည့် မကာရလောပ ဆရာတော်ကြီးများ၏ အဖြေများသော်မှ ချွတ်ချော် တိမ်းပါးမှု မကင်းနိုင်သေးလျှင် ကျွန်ုပ်ကဲ့သို့ သာမန်ပုဂ္ဂိုလ် တယောက်၏ အဖြေ၌ကား အဘယ်ဆိုဘွယ်ရာ ရှိပါအံ့နည်း။

သို့သော် စာရေးသူသည် အတတ်နိုင်ဆုံး ကြိုးစား၍ ဖြေဆိုထားသည် ကိုကား စာအုပ်က သက်သေခံပါလိမ့်မည်၊ ဖြေဆိုရာ၌လည်း—

(၁) ပုစ္ဆာက အာဘော်
(၂) ကျမ်းဂန် တိုက်ရိုက်
(၃) အများသုံး ကျမ်းဂန်

ဤ အချက်တို့ကို အဓိကထား ဦးစားပေး၍ ဖြေဆို ထားပါသည်၊ ကျမ်းကြီးမှု ကျမ်းလေးမှု မဖြစ်စေရန်–အောက်ပါ အချက်တို့ကိုလည်း စာမျက်နှာ ညွှန်းရုံသာ ညွှန်းပြီး အကျယ်ဖြေမှုကို ချန်လှပ်ခဲ့ရပါသည်။

(၁) တိုက်ရိုက် နိဿယအနက်များ
(၂) သိသာသည့် ပါဠိအာဂုမ်များ
(၃) သိသာလွယ်ကူသည့် အဖြေများ
(၄) ညဝါ ကျမ်းတက်များ
(၅) ရှေ့၌ ပါပြီးသော ထပ်တူအဖြေများ

အချို့နေရာများ၌လည်း လိုရင်းလောက်သာ ဖြေဆိုထားပါ၏၊ ယမိုက် အဖြေများကိုလည်း လိုရင်း ဝိဘင်းပါဠိလောက်သာ ပြထားပါသည်၊ သန္နိဋ္ဌာန် သံသယပုစ္ဆာအလိုက်များကို သိသာသည့်အတွက် ချန်လှပ်ခဲ့ပါသည်၊ မိမိတို့စာမေးပွဲဖြေဆိုရာ၌ကား ပြည့်စုံအောင် ဖြေကြဘို့ရန်–တိုက်တွန်းပါ သည်၊ထို့ပြင် ပုစ္ဆာသက်သက် လေ့လာဘို့ လွယ်ကူစေရန်နှင့် အကြံဉာဏ်တိုး တက်စေရန် ရည်ရွယ်၍ အမေးသန့်သန့် အဖြေသန့်သန့် စီစဉ်ထားပါသည်။

**အရှင်တိလောကာဘိဝံသ**

သကျသီဟ ဂုဏ်ထူးဆောင်
အစိုးရ ဓမ္မာစရိယ မဟာအကျော်
ရွှာမပရိယတ္တိစာသင်တိုက် အင်းစိန်။

၁၃၃၀-ခုနှစ်
ပြာသိုလဆန်း (၁) ရက်

# ပ ဏာ ာ မ

ဗုဒ္ဓံ တိလောက တိလကံ၊ ပဉ္စာ ဗျာကရဏ ဆေက လောကဂ္ဂံ။
ဝန္ဒိတွာန ကရိဿံ၊ မဟာပထမ ပဉ္စ ပဋိဝါကျံ။

(ပထံ့ျ၁ အရိယာ ဂါထာ)

အဟံ၊ အကြီးတန်း ပုစ္ဆာ အဖြေလွှာကို သေချာစေ့ငု အများရှုဘို့ ရေးပြုအားထုတ် အကျွန်ုပ်သည်။ တိလောက တိလကံ၊ သုံးပါးဘုံသူ နတ်နှင့်လူတို့၏ မှန်ကူသဘွယ် ဖြစ်တော်မူပေထသော။ ပဉ္စာ ဗျာကရဏဆေကံ လောကဂ္ဂံ၊ မေးဖြေအရာ လွန်လိမ်မာသဖြင့် သုံးဖြာ လောကထက် မြတ်တော် မူပေထသော။ ဗုဒ္ဓံ၊ သစ္စာလေးလီ ခိုင်နှင်းဆိ ကို မမှီဆရာ ကိုယ်ချည်းသာလျှင် သိမြင်တော်မူသော မြတ်စွာဘုရားကို။ ဝန္ဒိတွာန၊ ဦးညွတ်ရိုကျိုး ရှိခိုး ပြီး၍။ မဟာပထမ ပဉ္စ ပဋိဝါကျံ၊ ပထမကြီးတန်းပုစ္ဆာ အဖြေ ဝိသဇ္ဇနာကို။ ကရိဿံ၊ ရေးသားတီထွင် ပြုစီရင်ပေအံ့။

---

ဖြည့်စွက်ဖတ်ရှုရန်

စာမျက်နှာ နံပါတ် (၈၆) သဒ္ဒါပုစ္ဆာ နံပါတ် (၁) ၏ အဖြေ၌–

ကိတ်ဏျသည်၊ အကမ္မတခေတ်နောင် ဘောအနက် နပုံလိင်၌ရင်း၊ သကမ္မက ခေတ်နောင် ကံ အနက် လိင် ၃-ပါး၌ရင်း သက်သည်။

တဒ္ဓိတ်ဏျသည် နာမ်ပုဒ်နောင်သက်၍ နပုံလိင်၌ ဖြစ်သည် အချုပ် အားဖြင့် ကိတ် ဏျ-သည် ခေတ်နောင်သက်၍ တိလိင်၌ ဖြစ်သည်။ ဤသို့ ထူးသည်။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၁။ | ဝိနယပုစ္ဆာ (၁၉၆၆-မှ ၁၉၇၆) အထိ | | .... | ၁-၂၂ |
| ၂။ | ဝိနယ အဖြေ | ။ | .... | ၂၃-၆၀ |
| ၃။ | သဒ္ဒါပုစ္ဆာ | ။ | .... | ၆၁-၈၂ |
| ၄။ | သဒ္ဒါ အဖြေ | ။ | .... | ၈၃-၁၂၈ |
| ၅။ | သင်္ဂဟ ပုစ္ဆာ | ။ | .... | ၁၂၉-၁၅၀ |
| ၆။ | သင်္ဂဟအဖြေ | ။ | .... | ၁၅၁-၁၉၈ |
| ၇။ | ယမက ပုစ္ဆာ | ။ | .... | ၁၉၉-၂၂၀ |
| ၈။ | ယမက အဖြေ | ။ | .... | ၂၂၁-၂၄၆ |
| ၉။ | ဆန္ဒာဒိတ္တာယ ပုစ္ဆာ | ။ | .... | ၂၄၇-၂၆၈ |
| ၁၀။ | ဆန္ဒာဒိတ္တာယ အဖြေ | ။ | .... | ၂၆၉-၂၉၆ |
| ၁၁။ | ပဋ္ဌာန်း ပုစ္ဆာ | ။ | .... | ၂၉၇-၃၁၈ |
| ၁၂။ | ပဋ္ဌာန်း အဖြေ | ။ | .... | ၃၁၉-၃၅၀ |


မာတိကာ ပြီးပြီ။

## ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

## ၁၃၂၇ (၁၉၆၆) ခုနှစ်

## ပါဠိပထမပြန်စာမေးပွဲ

# ပထမကြီး။ ။ဒွေမာတိကာ (ဝိနယ)

၁၃၂၇-ခုနှစ်၊ တန်ခူးလဆန်း ၁၁-ရက် (၁-၄-၆၆) သောကြာနေ့

ခွင့်ပြုသည့်အချိန်။ ။လေးနာရီ (မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီထိ)

(မှတ်ရန်။ ။လက်ျာဘက်ရှိဂဏန်းများသည် အမှတ်ပြည့်ကိုပြသည်)

---

အမှတ်

၁။ ပတ္တကလ္လန္တိ ဝုစ္စတိ ဟူသောပါဠိတော်၌ ပတ္တကလ္လ အရကောက်ပြီးလျှင် ပကတိ စာရိတ္တ ဥပုသ်နေ့ များနှင့် ပကတိစာရိတ္တ ပဝါရဏာနေ့များကို ပြည့်စုံစွာဖော်ပြခဲ့ပါ။ (၁၀)

၂။ အာပတ္တိသဘာဂ နှင့် ဝတ္ထုသဘာဂတို့၏ အဓိပ္ပါယ်ကို ရှင်းပြပြီးလျှင်၊ "သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ" ၌ ယူရမည့် သဘာဂကိုလည်း ဖော်ပြခဲ့ပါ။ (၁၀)

၃။ အာပတ်သင့်ခြင်း အကြောင်း ခြောက်ပါးနှင့် ပဏ္ဏုက် အပြား ငါးပါးကို ပြည့်စုံစွာ ဖော်ပြပါ။ (၁၀)

၄။ အစေလကဝဂ် ဒသမသိက္ခာပုဒ်ကို မှန်ကန်စွာ အနက်ယောဇနာခဲ့ပါ။ (၁၀)

၅။ ဓမ္မဒေသနာသိက္ခာပုဒ်၌ ဝါစာပမာဏ, ဓမ္မပမာဏ တို့ကို ဖော်ပြ၍ ပုရိသဝိဂ္ဂဟေနဖြင့် ခွင့်ပြုသော ပုရိသ, တားမြစ်သော ပုရိသတို့ကို ဖော်ပြခဲ့ပါ။ (၁၀)

၆။ သဟာဓမ္မိကဝဂ် တတိယသိက္ခာပုဒ်၌ မောဟနကံ တင်ပုံ ပါဠိကို တိကျစွာ ရေးခဲ့ပါ။ (၁၀)

၇။ သာရုပ္ပသိက္ခာပုဒ်တို့တွင် ဝတ်ဆင်မှု, ကိုယ်နေ အချိုးကျမှု နှင့် ဆိုင်သော သိက္ခာပုဒ်များကို နှစ်ခုစီ ဖော်ပြခဲ့ပါ။ (၁၀)

၈။ သံဃာဒိသိသ် အာပတ်သင့်သော ဘိက္ခုနီမသည် ပရိဝတ် မဆောက်တည်ရမှု၍ အဘယ့်ကြောင့် ပက္ခမာနတ်ကိုသာ ကျင့်ရကြောင်း ဖြေဆိုခဲ့ပါ။ (၁၀)

၉။ အောက်ပါ ဘိက္ခုနီမတို့အား သင့်သော အာပတ်အသီးသီး ကို ဖော်ပြပါ။ (၁၀)

(က) ကိုယ်ကို ထုရုံသာထု၍ မငိုသော ဘိက္ခုနီမ။
(ခ) ငိုရုံသာငို၍ မထုသော ဘိက္ခုနီမ။
(ဂ) ထုလည်းထု ငိုလည်းငိုသော ဘိက္ခုနီမ။
(ဃ) တယောက်တည်း မြစ်တဖက်သို့ သွားသော ဘိက္ခုနီမ။

၁၀။ ပုရေဘတ္တနှင့် ပစ္ဆာဘတ္တတို့၏ ကာလ အပိုင်းအခြားကို ဖော်ပြပြီးလျှင်၊ နိရယအားဖြင့် ကျိန်ဆဲပုံ, ဗြဟ္မစရိယ အားဖြင့် ကျိန်ဆဲပုံတို့ကို အသီးသီး ဖော်ပြပါ။ (၁၀)

## ၁၃၂၈ (၁၉၆၇) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီး။ ။ဒုတိယတန်းစာ(ဝိနယ)

၁၃၂၈-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉-ရက်(၁-၄-၆၇) တနင်္ဂနွေနေ့

အမှတ်

၁။ စတုဝဂ်သံဃာ မပြုနိုင်သော ကံများကို ဖော်ပြပြီးလျှင် ဝီသတိဝဂ်သံဃာသည် သံဃကံ ဟူသမျှကို ပြုနိုင်လျက် အဘယ့်ကြောင့် အတိရေကဝီသတိဝဂ်သံဃာကို ထပ်၍ ဆိုရပါသနည်း ဖြေဆိုပါ။ (၁၀)

၂။ ဒုဋ္ဌဒေါသသိက္ခာပုဒ်လာ အောက်ပါ စောဒနာ လေးပါးတို့၏ အဓိပ္ပါယ်ကို ရှင်းလင်း ပြပါ။ (၁၀)

(က) ဝတ္ထုသန္ဒဿနစောဒနာ။
(ခ) အာပတ္တိသန္ဒဿနစောဒနာ။
(ဂ) သံဝါသပဋိက္ခေပစောဒနာ။
(ဃ) သာမီစိပဋိက္ခေပစောဒနာ။

၃။ စီဝရဝဂ် ရာဇဘောဂ္ဂသိက္ခာပုဒ်လာ တမန်က ပြောဆိုသည့် ပါဠိကို ပြည့်စုံစွာ ရေးပါ။ (၁၀)

၄။ ဒုတိယ သဟသေယျ သိက္ခာပုဒ်နှင့် ဓမ္မဒေသနာ သိက္ခာပုဒ်တို့၌ ယူရသော မာတုဂါမများကို ခွဲခြားပြဆို၍ ဘူတာရောစန သိက္ခာပုဒ်၏ အနာပတ္တိဝါရ၌ ဥမ္မတ္တကပုဂ္ဂိုလ်ကို မယူရခြင်း၏ အကြောင်းကိုလည်း ဖော်ပြပါ။ (၁၀)

၅။ မြတ်စွာဘုရားသည် သေခိယ သိက္ခာပုဒ်များကို အဘယ့်ကြောင့် အာပတ်အမည်တပ်၍ ဟောတော်မမူပါသနည်း ပြဆိုပြီးလျှင်၊ သေခိယ သိက္ခာပုဒ် အားလုံးနှင့် ဆက်ဆံသော အာပတ်သင့်ခြင်း၏ အကြောင်းအင်္ဂါများကိုလည်း ဖော်ပြပါ။ (၁၀)

၆။ သေခိယသိက္ခာပုဒ်တို့တွင် ဘောဇဉ်နှင့်စပ်၍ ပညတ်တော်မူသော သိက္ခာပုဒ်များနှင့် တရားဟောခြင်းနှင့်စပ်၍ပညတ်တော်မူသော သိက္ခာပုဒ်တို့၏ အရေအတွက်ကို သချ်ာမျှ ဖော်ပြပါ။ (၁၀)

၇။ ဘိက္ခုနီနိဿဂ္ဂိယပါစိတ် ပဌမပတ္တဝဂ် တတိယသိက္ခာပုဒ်ကို အနက်ယောဇနာပါ။ (၁၀)

၈။ အရှင်ဘုရား အရှင်၏ ကျောင်းအရာမ်တွင်းရှိ ဘုရားပွဲ၌ ဇာတ် အငြိမ့် ထည့်လိုပါ၏ဟု လျှောက်ထားသည်ကို ကောင်းပြီဟု ခွင့်ပြုသော ရဟန်းယောကျ်ား, ရဟန်းမိန်းမ တို့အား အဘယ်အာပတ်များ သင့်ပါသနည်း၊ သိက္ခာပုဒ် ထောက်ပြဖြေဆိုပါ။ (၁၀)

၉။ ခင်းအပ်ပြီးသော ကထိန်ကို တဖန် နုတ်ရခြင်း၏ ရည်ရွယ်ချက်ကို ဖော်ပြပြီးလျှင်၊ ဘိက္ခုနီ သံဃာ၏ သင်္ကန်းရခြင်းကို အန္တရာယ်ပြုသော ဘိက္ခုနီမအား သင့်သော အာပတ်ကိုလည်း ဖော်ပြပါ။ (၁၀)

၁၀။ ဘိက္ခုနီမတို့ ဝါဆိုအပ်သော ကျောင်းနှင့် ဝါမဆိုအပ်သော ကျောင်းတို့ကို ပြဆိုပါ။ (၁၀)

# ၁၃၂၉ (၁၉၆၇) ခုနှစ်
# ပါဠိပထမပြန်စာမေးပွဲ
## ပထမကြီး။ ။ဒွေမာတိကာ (ဝိနယ)

၁၃၂၉-ခုနှစ်၊ တန်ခူးလဆန်း ၆-ရက် (၃-၄-၆၇) ဗုဒ္ဓဟူးနေ့

---

အမှတ်

၁။ ဒွေမာတိကာလာ သိက္ခာပုဒ်များ၏ နိဒါန်းတို့ကို ပြပြီးလျှင်၊ စတုတ္ထပါရာဇိက သိက္ခာပုဒ်၏ နိဒါန, ပုဂ္ဂလ, ဝတ္ထု, မူလပညတ်, အနုပညတ်တို့ကိုလည်း ဖော်ပြပါ။ (၁၀)

၂။ တတိယပါရာဇိကလာ "မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ" ၌ သံဝဏ္ဏနာကာရပြပါဠိနှင့် စတုတ္ထပါရာဇိကလာ "ဝေဝဒေယျ"၌ ဝဒနာကာရပြ ပါဠိတို့ကို ရေးပါ။ (၁၀)

၃။ သဉ္စရိတ္တသိက္ခာပုဒ်၌ သမုဋ္ဌာန်ခြောက်ပါးကြောင့် အာပတ်သင့်ပုံကို ရှင်းပြပြီးလျှင် ၎င်းသိက္ခာပုဒ်၏ အင်္ဂါများကိုလည်း ဖော်ပြပါ။ (၁၀)

၄။ မည်သည့်ပုဂ္ဂိုလ်သည် မည်ကဲ့သို့ပြောဆို၍ လှူသောသင်္ကန်းကို အစွေက စီဝရ ဟု မှတ်ယူရကြောင်း ဖော်ပြပြီးလျှင် ရွှေတိဂုံစေတီတော်အား လှူရန်ထားသော လာဘ်မှန်းသိလျက် မဟာမြတ်မုနိဘုရားသို့ လှူစေသောရဟန်းအား သင့်သော အာပတ်ကိုလည်း ဖော်ပြပါ။ (၁၀)

၅။ ရဟန်းတော်များ မသုံးဆောင်ကောင်းသော သန္နိဓိပစ္စည်းများကို ဘိက္ခုနီတို့ သုံးဆောင်လျှင် အပ် မအပ် ဆုံးဖြတ်၍၊ သန္နိဓိပစ္စည်း အရကိုလည်း တိကျစွာ ကောက်ပြပါ။ (၁၀)

၆။ ဘိက္ခု သုဒ္ဓပါစိတ် သိက္ခာပုဒ်တို့တွင် မာတုဂါမနှင့်စပ်၍ ပညတ်တော်မူသော သိက္ခာပုဒ်စုကို အစဉ်အတိုင်းဖော်ပြ ပြီးလျှင်၊ ပဌမသိက္ခာပုဒ်ကိုသာ အနက်ယောဇနာပါ။ (၁၀)

၇။ ဘိက္ခု ဂဏနာ စ ဩဝါဒေါ, ဘိက္ခုနီ ဂဏနာ စ ဩဝါ ဒေါ တို့၌ပါသော ဩဝါဒနှစ်မျိုး၏ အဓိပ္ပါယ်ကိုပြ၍၊ ၎င်းဩဝါဒ ပျက်သော ဘိက္ခုနီမအား သင့်သောအာပတ် ကိုလည်း ဆိုင်ရာ သိက္ခာပုဒ်အမည် ညွှန်ပြဖြေဆိုပါ။ (၁၀)

၈။ ဘိက္ခုနီ သံဃာဒိသိသ်၌ ပဌမာပတ္တိက အာပတ်နှင့် ယာဝ တတိယက အာပတ်တို့ကို သချ်ာမျ ထုတ်ပြပြီးလျှင်၊ဒုဋ္ဌုလ္လ အာပတ်ကို ဖုံးကွယ်သော ဘိက္ခု ဘိက္ခုနီတို့အား အဘယ် အာပတ် သင့်ပါသနည်း။ (၁၀)

၉။ ဘိက္ခုနီ သုဒ္ဓပါစိတ်ဝဂ်အစဉ်ကို ဖော်ပြပြီးလျှင် ညဥ့်အခါ ယောကျ်ားနှင့် တယောက်ချင်း စကားပြောသော ဘိက္ခုနီ မနှင့် ရဟန်းအား ခွင့်မတောင်းဘဲ ပြဿနာမေးသော ဘိက္ခုနီမတို့အား သင့်သော အာပတ် အသီးသီးကိုလည်း ဖော်ပြပါ။ (၁၀)

၁၀။ မိဘတို့၏ အမှုကိစ္စကို ဆောင်ရွက်ပေးသော ရဟန်းမိန်းမ နှင့် သံဃကိစ္စ စေတိယကိစ္စ ပြုလုပ်နေသော လူများကို လုပ်အားပေးသော ရဟန်းမိန်းမတို့အား အာပတ် သင့် မသင့် ဆုံးဖြတ်ပါ။ (၁၀)

## ၁၃၃၀ (၁၉၆၉) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီး။ ။ဒုတိယ (ဝိနယ)

၁၃၃၀-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁-ရက် (၂-၄-၆၉) ဗုဒ္ဓဟူးနေ့

---

အမှတ်

၁။ ဝိနည်းတော်လာ ဥပုသ်, ပဝါရဏာ နေ့များကို ပကတိ စာရိတ္တအားဖြင့် ထင်ရှားစွာ ဖော်ပြပါ။ (၁၀)

၂။ ခိုးခြင်း ၂၅-ပါးတို့ကို ပဉ္စကအားဖြင့် ဖော်ပြပြီးလျှင် ထေယျာဝဟာရ ၅-ပါး၏ သရုပ်ကိုလည်း ပြည့်စုံစွာ ထုတ်ပြပါ။ (၁၀)

၃။ ပါရာဇိကလောက်သော ဝတ္ထုကို နေရာမှ ရွှေ့လျောစေ၍ ခိုးရာ၌ (က) သင့်နိုင်သော အာပတ်များ (ခ) အနာပတ္တိ ဝါရများကို ထုတ်ပြပါ။ (၁၀)

၄။ ယာဝတီဟံ ဇာနံ ပဋိစ္ဆာဒေတိ ၌ အဘယ်သို့ ပြုလုပ်သည်ကို ဖုံးလွှမ်းသည်ဟု ခေါ်ဆိုရကြောင်း ဖြေဆိုပြီးလျှင် ပဋိစ္ဆာဒန လက္ခဏာများကိုလည်း စုံလင်စွာ ထုတ်ပြပါ။ (၁၀)

၅။ ဘိက္ခုနိယာဂ္ဂိပါစိတ် ပတ္တဝဂ်လာ သိက္ခာပုဒ်များကို သာခရဏ, အသာခရဏအားဖြင့် ခွဲခြားပြပါ။ (၁၀)

၆။ အရိဋ္ဌသိက္ခာပုဒ်လာ ရဟန်းအား အခြား ရဟန်းများက ပြောဆို ဆုံးမပုံ ပါဠိကို အနက်သက်သက် ယောဇနာပါ။ (၁၀)

၇။ အချင်းချင်း သာယာစိတ်ရှိကြလျက် ရဟန်းယောကျ်ားက ရဟန်းမိန်းမ၏ လက်ကို ဆွဲကိုင်ခြင်း, ကျောကို ပွတ်သပ်ခြင်း ပြုလုပ်ရာ၌ ဘိက္ခု, ဘိက္ခုနီ နှစ်ဦးလုံးတို့အား မည်သည့် သိက္ခာပုဒ်ဖြင့် မည်သည့်အာပတ်များ သင့်ကြပါသနည်း။ (၁၀)

၈။ ဘိက္ခုနီမများအတွက်သာ သီးခြားခွင့်ပြုအပ်သောသက်န်းတို့ကို ဖော်ပြပြီးလျှင် စီဝရ သင်္ကမနိယ, သမဏစီဝရ, အာဝသထစီဝရတို့၏ အဓိပ္ပါယ်ကိုလည်း ပေါ်လွင်အောင်ရေးသားပါ။ (၁၀)

၉။ န ဝုဋ္ဌာပနသိက္ခာပုဒ်များလာ ဘိက္ခုနီမက သိက္ခမာန်အား ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးမည်ဟု သွေးဆောင်ပြောဆိုပုံပါဠိများကို ရေးသားပါ။ (၁၀)

၁၀။ အောက်ပါ အမှုများကို ပြုလုပ်သော ဘိက္ခုနီမတို့အား သင့်သော အာပတ်တို့ကို အသီးအသီး ဖော်ပြပါ။ (၁၀)

(က) သင်္ကန်းအတွက် လှူသော ကပ္ပိယဝတ္ထုဖြင့် ဆေးကို လဲယူခြင်း၊

(ခ) ဆိတ်ကွယ်ရာ၌ ယောကျ်ားနှင့် နှစ်ဦးချင်း စကားပြောဆိုခြင်း၊

(ဂ) မကျန်းမာသော တပည့်မကို လျစ်လျူရှုထားခြင်း၊

(ဃ) လက်ကောက် ဝတ်ဆင်ခြင်း၊

(င) ကျန်းမာလျက် နို့ကို တောင်းသောက်ခြင်း၊

## ၁၃၃၁ (၁၉၇၀) ခုနှစ်

## ပါဠိပထမပြန်စာမေးပွဲ

# ပထမကြီး။ ။ဒွေမာတိကာ (ဝိနယ)

၁၃၃၁-ခုနှစ်၊တပေါင်းလပြည့်ကျော် ၁၀-ရက် (၁-၄-၇၀) ဗုဒ္ဓဟူးနေ့

---

အမှတ်

၁။ ဝိပတ္တိသိမ် ၁၁-လုံးကို ရေတွက်၍, ခဏ္ဍနိမိတ္တ သိမ်မျိုးကို အပြည့်အစုံ ဖော်ပြပါ။ (၁၀)

၂။ ဥပုသ်ပြုရာတွင် မိမိ၌ အာပတ်ရှိသည်ကို အမှတ်မရသဖြင့် ဆိတ်ဆိတ်နေသော ရဟန်းအား အာပတ် သင့်, မသင့် ပါဠိမောက် အကိုးပြ၍ ဖြေဆိုပြီးလျှင်, ဥပုသ်ပြု သံဃာတော်များ၏ ပရိသုဒ္ဓအဖြစ်ကို မည်သို့ သိရပါသနည်း။ (၁၀)

၃။ အဘယ် ရဟန်းတို့ကို အကြောင်းပြု၍ စတုတ္ထ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူအပ်ပါသနည်း၊ ၎င်းသိက္ခာပုဒ်၌ ရသင့်သော အင်္ဂါများနှင့် အနာပတ္တိဝါရတို့ကိုလည်း စုံလင်စွာ ထုတ်ပြပါ။ (၁၀)

၄။ သမောဓာနပရိဝါသ် ၃-ပါး၏ အဓိပ္ပါယ်ကို အသီးအသီး ရေး၍, သန္နိမိဖြစ်သော ကာလနှင့် ကာလိကတို့ကိုလည်း ဖော်ပြပါ။ (၁၀)

၅။ ဇာတရူပသိက္ခာပုဒ်နှင့် ရူပိယသံဝေါဟာရ သိက္ခာပုဒ်တို့၏ ခြားနားခြင်းကို ဖော်ပြပြီးလျှင်, ရူပိယသံဝေါဟာရ သိက္ခာပုဒ်အရ လဲလှယ်ရာ၌ ဝတ္ထုအလိုက် အာပတ်သင့်ပုံကိုလည်း ခွဲခြားပြပါ။ (၁၀)

၆။ ဘိက္ခုသုဒ္ဓပါစိတ် သိက္ခာပုဒ်တို့တွင် မာတုဂါမနှင့် စပ်၍ ပညတ်အပ်သော သိက္ခာပုဒ်, စစ်သည်နှင့် စပ်၍ ပညတ်အပ်သော သိက္ခာပုဒ်တို့၏ အမည်များကို ရေး၍, ပရမ္ပရ ဘောဇဉ် စားကောင်းသော ကာလတို့ကိုလည်းဖော်ပြပါ။ (၁၀)

၇။ ဘိက္ခုနီအဋ္ဌဝတ္ထုကာ သိက္ခာပုဒ်ကို ပါဠိရေးပါ။ (၁၀)

၈။ ဘိက္ခုနီ သံဃာဒိသိသ် ဒုတိယဘောဇန ပဋိဂ္ဂဟဏ သိက္ခာ ပုဒ်ကို အနက်ယောဇနာပါ။ (၁၀)

၉။ ဥဿယဝါဒိကာ သံဃာဒိသိသ် အာပတ် သင့်သောအခါကို ဖော်ပြပြီးလျှင် သံဃာဒိသိသ် အာပတ်၏ နိဿာရဏီယ ဖြစ်ပုံကိုလည်း ရေးသားပါ။ (၁၀)

၁၀။ ရဟန်းယောကျ်ားနှင့် ရဟန်းမိန်းမတို့ ပဝါရဏာပြုပုံချင်း တူ, မတူကို ရှင်းပြပြီးလျှင်၊ ၂-နှစ်ပတ်လုံး သိက္ခမာန် အကျင့် ကျင့်ပြီးသူအား ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးနိုင် ပါသလော ပါတိမောက် သာဓကပြ၍ ဖြေဆိုပါ။ (၁၀)

## ၁၃၃၂ (၁၉၇၁) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီး။ ။ဒွေမာတိကာ (ဝိနယ)

၁၃၃၂-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆-ရက် (၁-၄-၇၁) ကြာသပတေးနေ့

အမှတ်

၁။ ဥပုသ်နေ့၌ ရဟန်း ၃-ပါးသာရှိ၍ သံဃဥပုသ်မပြုလောက်လျှင် မည်သည့်ဥပုသ် ပြုရမည်နည်း၊ ပြုပုံ အစီရင်ကို ဖော်ပြပါ။ (၁၀)

၂။ သူတပါးပစ္စည်းကို ခိုးယူချင်လာအောင် ပရိယာယ်ဖြင့် ပြောသောကြောင့် ထိုသူ ခိုးယူသော်ငြား, သေချင်လာအောင် ပရိယာယ်ဖြင့် ပြောသောကြောင့် ထိုသူ သေသော်ငြား, ပြောသောရဟန်းအား ပါရာဇိက ကျ-မကျ ဆိုင်ရာ သိက္ခာပုဒ်လာ စကားများကို အထောက်အထား ပြ၍ ဖြေဆိုပါ။ (၁၀)

၃။ ကုဋိကာရနှင့် မဟလ္လက သိက္ခာပုဒ်တို့၏ အထူးကို ရေး၍ သစ်ဝါးတို့ဖြင့် ဆောက်လုပ်သော ကျောင်းမျိုးဖြစ်လျှင်ငြား, သံဃိကအတွက် ဖြစ်လျှင်ငြား ကုဋိကာရသိက္ခာပုဒ် အရ အပြစ်ရှိ-မရှိ အကြောင်းပြ၍ ဆုံးဖြတ်ပါ။ (၁၀)

၄။ နိဿဂ္ဂိယပါစိတ် တတုတ္တရိ သိက္ခာပုဒ်လာ အဘိဟဋ္ဌုံ ပဝါရေယျ၏ အဓိပ္ပါယ်ကို ကျနစွာ ရှင်းပြပြီးလျှင် သန္တရုတ္တရပရမံ အရ အခါခပ်သိမ်း သင်္ကန်း ၃-စုံကို တောင်းခံနိုင်ပါသလော၊ တောင်းခံနိုင်သော ရဟန်းနှင့် တောင်းခံရမည့် သင်္ကန်း အရေအတွက်တို့ကိုလည်း အသီးသီး ဖော်ပြပါ။ (၁၀)

၅။ ကာဏမာတာသိက္ခာပုဒ်၌ ပုဝန္နင့် မန္တအရကို ရေး၍ ၎င်းတို့ကို ခံယူရာ၌ ပြုကျင့်ရမည့် ကျင့်ဝတ်ကိုလည်း ကျနစွာ ဖော်ပြပါ။ (၁၀)

၆။ အောက်ပါ ပေယျာလကို ဖော်ရေးပါ။ (၁၀)

တစ္ဆေ ဘိက္ခု ။ပ။ မောဟော အာရောပေတဗ္ဗော။

၇။ ဘိက္ခုနီ သုဒ္ဓပါစိတ် ပသာခေ ဇာတ သိက္ခာပုဒ်ကို အနက်ယောဇနာပါ။ (၁၀)

၈။ ၎င်းကို ထု၍ ထု၍ ငိုသော ရဟန်းမိန်းမ, ၎င်းကို မထုမူ၍ ငိုသောရဟန်းမိန်းမတို့အား သင့်သောအာပတ်ကို ဖော်ပြ၍ အဘိသပနသိက္ခာပုဒ်အရ နိရယဖြင့်၎င်း, ဗြဟ္မစရိယဖြင့်၎င်း ကျိန်ဆိုပုံကို ရေးသားပါ။ (၁၀)

၉။ ဘေးရန်ရှိ၏ဟု သံသယဖြစ်သော ရွာတပါးသို့ အဖော်ကုန်သည် မပါဘဲ သွားသော ဘိက္ခုနီမအား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ်များ သင့်နိုင်သည်ကို ဖော်ပြပါ။ (၁၀)

၁၀။ ပဋ္ဌာဟိကာ သင်္ဃာဋိစာရနှင့် စီဝရသင်္ကမနိယတို့၏ အဓိပ္ပါယ်ကို ကျနစွာ ရှင်းပြပါ။ (၁၀)

## ၁၃၃၃ (၁၉၇၂) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီး။ ။ဒွေမာတိကာ (ဝိနယ)

၁၃၃၃-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅-ရက် (၃-၄-၇၂) တနင်္လာနေ့

---

အမှတ်

၁။ ဒွေမာတိကာ နိဒါန်း၌ ပိဋကတ္တပဉ္စကကို ပိုင်းခြား၍ပြပါ။ (၁၀)

၂။ ပထမကြီးတန်းကို မသမာသောနည်းဖြင့် ဖြေဆို အောင်မြင်၍ ဆုဝတ္ထုများကို ခံယူခဲ့သော် ခိုးခြင်း (၂၅) ပါးတို့တွင် အဘယ်၌ ပါဝင်သည်ကို ဖော်ပြပြီးလျှင် မည်သည့်အာပတ် သင့်နိုင်သည်ကိုလည်း ဆုံးဖြတ်ချက် ချမှတ်ပါ။ (၁၀)

၃။ (က) ကာယသံသဂ္ဂရာဂဖြင့် အမျိုးသမီး တဦးတည်း၏ လက်ငါးချောင်းကို တပေါင်းတည်း ကိုင်သော ရဟန်း။

(ခ) အမျိုးသမီး ငါးယောက်တို့၏ လက်ငါးချောင်းကို တပေါင်းတည်း ကိုင်သော ရဟန်း။

(ဂ) အမျိုးသမီးကို လက်တဖက်ဖြင့် မလွှတ်ဘဲကိုင်ပြီး အခြားလက်တဖက်ဖြင့် တနေ့လုံး တကိုယ်လုံးကို သုံးသပ်သော ရဟန်း။

(ဃ) နတ်သမီး၊ ဘီလူးမ၊ မျောက်မ၊ ခွေးမတို့အား သုံးသပ်သောရဟန်းတို့အား အဘယ်အာပတ်များ အဘယ်မျှသင့်နိုင်သည်ကို အသီးသီး ဖော်ပြပါ။ (၁၀)

၄။ (က) ဒုက္ကဋဝတ္ထုဖြင့် ဒုက္ကဋဝတ္ထု ကပ္ပိယဝတ္ထုကိုရင်း၊

(ခ) ကပ္ပိယဝတ္ထုဖြင့် ဒုက္ကဋဝတ္ထုကိုရင်း၊

(ဂ) နိဿဂ္ဂိယဝတ္ထုဖြင့် နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋဝတ္ထု ကပ္ပိယဝတ္ထုကိုရင်း၊

(ဃ) ကပ္ပိယဝတ္ထု ဒုက္ကဋဝတ္ထုတို့ဖြင့်နိဿဂ္ဂိယဝတ္ထုကိုရှင်းလင်းလှယ်ရာ၌ သင့်သော အာပတ် အသီးသီးတို့ကို ဖော်ပြပါ။

၅။ မဟုတ်မမှန်သည်ကို ပြောဆိုခြင်းကြောင့် အဘယ် သိက္ခာပုဒ်အရ အဘယ် အာပတ်များ သင့်နိုင်သည်ကို စုံလင်စွာ ဖြေဆိုပါ။ (၁၀)

၆။ (က) သပ္ပိ, နဝနီတ, တေလ, မဓု, ဖာဏိတ (၅) မျိုးတို့ကို ကျန်းမာလျက် ဆေးအတွက် တောင်းခံသော ရဟန်း။ (၁၀)

(ခ) မစ္ဆ, မံသ, ခီရ, ဒဓိ (၄) မျိုးတို့ကို ကျန်းမာလျက် တောင်းခံသော ရဟန်းတို့အား အဘယ် သိက္ခာပုဒ် အရ အဘယ်အာပတ်များ သင့်သည်ကို ဖော်ပြ၍ ဒန္တပေါဏ သိက္ခာပုဒ်၏ အနုပညတ် ကိုလည်း ထုတ်ပြပါ။

၇။ ဂီဘိဂတ သိက္ခမာန်နှင့် ကုမာရိဘူတ သိက္ခမာန် တို့အား ပဉ္စင်းခံပေးထိုက်သော အင်္ဂါများကို အသီးသီး ဖော်ပြပြီးလျှင် အမျိုး သမီး များသည် မည်သည့် အရွယ်မှစ၍ သိက္ခမာန် ပြုကောင်းသည်ကိုလည်း ဖော်ပြပါ။ (၁၀)

၈။ ဘိက္ခုနီ နိဿဂ္ဂိယပါစိတ်နှင့် ဘိက္ခုနီ သုဒ္ဓပါစိတ် သိက္ခာပုဒ်တို့၌ သာဓာရဏ, အသာဓာရဏတို့ကို ဝဂ်အလိုက် ခွဲခြား၍ သင်္ချာမျှ အသီးအသီး ဖော်ပြပါ။ (၁၀)

၉။ ယထာဟံ ဘဂဝတာ ။လ။ မာဝုသော သမဏုဒ္ဒေသ ဧဝံ အဝစ-၌ ပေယျာလကို ဖော်ထုတ်ပါ။ (၁၀)

၁၀။ စီဝရ ပရိဝတ္တန သိက္ခာပုဒ်လာ ဘိက္ခုနီမက အခြားသော ဘိက္ခုနီမအား ပြောဆိုပုံ ပါဠိကို အနက်ပေးပါ။ (၁၀)

## ၁၃၃၄ (၁၉၇၃) ခုနှစ်

## ပါဠိပထမပြန်စာမေးပွဲ

# ပထမကြီး။ ။ဒွေမာတိကာ (ဝိနယ)

၁၃၃၄-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅-ရက် (၂-၄-၇၃) တနင်းလာနေ့

---

အမှတ်

၁။ လိင်္ဂထေနက, သံဝါသထေနကတို့၏ အဓိပ္ပါယ်ကို ရှင်းပြပြီးလျှင် ဒုဋ္ဌဒေါသသိက္ခာပုဒ်လာ အဓိကရဏနှင့် အညဘာဂိယ သိက္ခာပုဒ်လာ အဓိကရဏတို့၏ တူးခြားပုံကို ဖေါ်ပြပါ။ (၁၀)

၂။ ပဌမကထိန သိက္ခာပုဒ်ကို အဓိပ္ပါယ်ရှင်းလင်း၍, ကထိန်ခင်းသော ကျောင်းတိုက်မှ အခြား ကျောင်းတိုက်သို့ သင်္ကန်းကာလအတွင်း ပြောင်းရွှေ့သွားသော ရဟန်းအား ကထိန် အာနိသင် ရ-မရကို အကြောင်းပြ ဆုံးဖြတ်ပါ။ (၁၀)

၃။ စေတီတည်ရန်အတွက် ငွေအလှူခံသောရဟန်းနှင့် မိခင်ထံမှ ကပ္ပိယဘဏ္ဍာကို မိမိ၏ကပ္ပိယဘဏ္ဍာနှင့် လဲလှယ်ယူသောရဟန်းတို့အား မည်သည့်အာပတ်များ သင့်သည်ကို ဖေါ်ပြ၍ပဝါရိတ်သင့်ခြင်း အင်္ဂါငါးပါးကိုလည်းရေးပါ။ (၁၀)

၄။ ဝိကပ္ပနာ သိက္ခာပုဒ်အရ သင်္ကန်းကို ဝိကပ္ပနာပြုပုံနှင့် ပစ္စုဒ္ဓါရပြုပုံတို့ကို အသီးသီး သိသာရုံမျှ ရေးပြပြီးလျှင် သုဒ္ဓပါစိတ် ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်များတွင် အာပတ်ကိုဒေသနာကြားရုံဖြင့် အပြစ်ကင်းစင်သွားခြင်းမရှိသော သိက္ခာပုဒ်များရှိရာ ၎င်းတို့အနက်မှ နှစ်ခုမျှထုတ်၍ ရှင်းပါ။

၅။ သုရာပါနဝဂ် နောက်ဆုံးသိက္ခာပုဒ်နှင့် စိတ္တာဂါရဝဂ် ငါးခုမြောက် သိက္ခာပုဒ်ကို ပါဠိသက်သက်ရေးပါ။ (၁၀)

၆။ အာပတ္တာဓိကရဏ်းနှင့် အနုဝါဒါဓိကရဏ်းတို့ ထူးခြားပုံကို ရေး၍ သေခိယ၌ ပါသော ဓမ္မဒေသနာဆိုင်ရာ သိက္ခာပုဒ်တို့ကိုသာ အတိအကျ သင်္ချာမျှ ဖော်ပြပါ။ (၁၀)

၇။ ရတနာဝဂ် ဒုတိယိက ဥယျောဇန သိက္ခာပုဒ်ကို အနက်ယောဇနာပါ။ (၁၀)

၈။ သူကြွယ်, သူကြွယ်သားနှင့် ရောနှောနေသော ဘိက္ခုနီမအား အခြားဘိက္ခုနီမတို့က ဆုံးမပုံကို ပေါ်လွင်အောင် ရေးပါ။ (၁၀)

၉။ ဝါတွင်း၌ အကြောင်းကိစ္စမရှိဘဲ ညဥ့်အိပ်ခရီးသွားသော ရဟန်းယောကျ်ား, ရဟန်းမိန်းမနှင့် နန်းတော်ကိုသွား၍ ကြည့်ရှုသော ရဟန်းယောကျ်ား ရဟန်းမိန်းမ တို့အား သင့်သော အာပတ်များကို ဖော်ပြပါ။ (၁၀)

၁၀။ ခရီးလမ်းဆုံ၌ ယောကျ်ားနှင့် တယောက်ချင်း ရပ်လျက် စကားပြောသော ဘိက္ခုနီမနှင့် မပန်ကြားပဲ ဒါယကာတို့ အိမ်မှ ပြန်သွားသော ဘိက္ခုနီမတို့အား သင့်သောအာပတ် အသီးသီးတို့ကို ဖော်ပြပြီးလျှင်, ဘိက္ခုနီမ၏ လခွဲအတွင်း ရောချိုးနိုင်သော သမယတို့ကိုလည်း တိကျစွာ ပိုင်းခြား ဖော်ပြပါ။ (၁၀)

## ၁၃၃၆ (၁၉၇၄) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီး။ ။ဒွေမာတိကာ (ဝိနယ)
၁၃၃၆-ခုနှစ်၊ ကဆုန်လဆန်း ၂-ရက် (၂၂-၄-၇၄) တနင်္ဂလာနေ့

---

အမှတ်

၁။ ဥပုသ်ပြုရာ၌ သံဃာ၏ ဟတ္ထပါသ် အတွင်းဝယ် ဝဇ္ဇနီယ ပုဂ္ဂိုလ်များ ရှိမှန်းသိလျက် ကံပြုလျှင် ကံပျက်, မပျက် အာပတ်သင့်, မသင့် ဖြေဆိုပြီးလျှင် သင့်သော အာပတ်များကိုလည်း ခွဲခြားဖော်ပြပါ။ (၁၀)

၂။ ဥတ္တရိမနုဿဓမ္မ သိက္ခာပုဒ်၏ အင်္ဂါကို အပြည့်အစုံထုတ်ပြပြီးလျှင် ၎င်းသိက္ခာပုဒ်လာ အဓိမာနဖြစ်ပုံကိုလည်း သိသာရုံ ရေးပြပါ။ (၁၀)

၃။ ဘိက္ခုသံဃာဒိသိသ် သိက္ခာပုဒ်များ၌ အာပတ္တိနိကာယ ပုဒ်ထည့်၍ အနက်ပေးခြင်းဖြင့် သိစေအပ်သော အဓိပ္ပါယ်ကို ဖော်ပြပြီးလျှင် ပဏ္ဏတ်ကို မိန်းမအမှတ်, ပဏ္ဏတ် အမှတ်တို့ဖြင့် ဒုဋ္ဌုလ္လဝါစာ ပြောဆိုရာ၌ သင့်နိုင်သော အာပတ်တို့ကိုလည်း ခွဲခြားထုတ်ပြပါ။ (၁၀)

၄။ ရူပိယ သိက္ခာပုဒ်လာ "ဥပနိက္ခိတ္တံ ဝါ သာဒိယေယျ" အရ ရွှေငွေကို လှူသည့် အခါ စိတ်ထည်း၌ သာယာနေလျှင် အာပတ်သင့်သည်ဟု ဆိုရာ၌ "မနောဒွါရေ အာပတ္တိနာမ နတ္ထိ"ဟူသော အဋ္ဌကထာနှင့် မဆန့်ကျင်အောင် အဘယ် သို့ ယူရမည်နည်း၊ ရှင်းလင်းဖော်ပြပါ။ (၁၀)

၅။ သံဃာဒိသိသ် ပဌမ ဒုဋ္ဌဒေါသ သိက္ခာပုဒ်လာ ပါရာဇိက နှင့် ပဌမ အနိယတ သိက္ခာပုဒ်လာ ပါရာဇိကတို့၏ အရ တို့ကို မှန်ကန်စွာ ထုတ်ပြပါ။ (၁၀)

၆။ သုဒ္ဓပါစိတ် ၉၂ မျိုးသော သိက္ခာပုဒ်တို့တွင် မာတုဂါမ နှင့်သာ သက်ဆိုင် သင့်ရောက်သော သိက္ခာပုဒ် အမည် များကို အပြည့်အစုံ ထုတ်ပြပါ။ (၁၀)

၇။ ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်ကို ဘိက္ခု, ဘိက္ခုနီခွဲ၍ သဒ္ဒါနေ မပျက် ပါဠိတော် သက်သက် ရေးပြပါ။ (၁၀)

၈။ ဘိက္ခုနီပါရာဇိက အဋ္ဌဝတ္ထုကာ သိက္ခာပုဒ်ကို အနက်မှန်မှန် သမ္ဗန်ပြပါ။ (၁၀)

၉။ နိဿဂ္ဂိယံ သံဃာဒိသေသံ၌ နိဿဂ္ဂိယအရ နှင့်ထုတ် ခြင်း အဓိပ္ပါယ်ကို ရေး၍ အောက်ပါ ဘိက္ခုနီမတို့ သင့်နိုင် သော အာပတ်များကိုလည်း ဖော်ပြပါ။ (၁၀)

(က) ပွဲကြည့်ရန် သွားနေသော ရဟန်းမိန်းမ၊

(ခ) မနာဖျားဘဲ ဆီကိုတောင်းသော ရဟန်း မိန်းမ။

၁၀။ သေခိယလာ သာရုပ္ပသိက္ခာပုဒ်တို့ကို သချ်ာ,သရုပ် ထုတ်ပြ ပြီးလျှင် သေခိယ သိက္ခာပုဒ်တိုင်းနှင့် သက်ဆိုင်သော အင်္ဂါ နှစ်ပါးကိုလည်း ဖော်ပြပါ။ (၁၀)

၁၃၃၇ (၁၉၇၅) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီး။ ။ဒွေမာတိကာ (ဝိနယ)
၁၃၃၇-ခုနှစ်၊ တန်ခူးလဆန်း ၁၃-ရက် (၂၃-၄-၇၅) ဗုဒ္ဓဟူးနေ့

အမှတ်

၁။ အနုပညတ်ကို သိက္ခာပုဒ်အမည်နှင့်တကွ အဋ္ဌကထာ အလိုကျ ဖော်ပြ၍ ပထမ ပါရာဇိက သိက္ခာပုဒ်လာ အနုပညတ်ကို ပါဠိမှ ထုတ်ပြပြီးလျှင် မည်သည့် အနုပညတ်မျိုး ဖြစ်သည်ကိုလည်း ညွှန်ပြပါ။ (၁၀)

၂။ သိက္ခံ အပစ္စက္ခာယ၌ သိက္ခာချကြောင်း အင်္ဂါတို့ကို ထင်ရှားစွာ ဖော်ပြ၍ သံဝါသဝဟာရခိုးခြင်းနှင့် သင်္ကေတကမ္မ ခိုးခြင်းတို့၏ အထူးကိုလည်း ဖြေဆိုပါ။ (၁၀)

၃။ ဝိသုဒ္ဓါ ပေကွော၌ ရဟန်း၏ အဖြစ် မစင်ကြယ်ပုံနှင့် လူစသည်တို့၏ အဖြစ်သာ စင်ကြယ်ပုံတို့ကို အကြောင်းသွင်း၍ ရှင်းပြပါ။ (၁၀)

၄။ အတိရေကစီဝရဟု ခေါ်ရခြင်း အကြောင်းနှင့် ဇာတိသက်န်းတို့၏ သရုပ်ကို ရေတွက်ပြပြီးလျှင်၊ သက်န်း၉-ထည်တို့၏ အဓိဋ္ဌာန်, ဝိကပ္ပနာပြုရမည့် အစီအရင်များကိုလည်း ပိုင်းခြားပြခဲ့ပါ။ (၁၀)

၅။ ရဟန်း၏ ဒုဋ္ဌုလ္လအာပတ်ကို ပြောကြားခြင်းကြောင့်ရင်း၊ ဖုံးလွှမ်းထားခြင်းကြောင့်ရင်း သင့်နိုင်သော အာပတ်တို့ကို သိက္ခာပုဒ်ထောက်၍ ညွှန်ပြပြီးလျှင် ဩမသဝါဒ သိက္ခာပုဒ်လာ ဆဲရေးပုံကိုလည်း ဖော်ပြခဲ့ပါ။ (၁၀)

၆။ အဘယ်ကဲ့သို့ ဘိတ်ကြားခြင်းကို ဂဏဘောဇဉ်ဟု ခေါ်ရကြောင်း နှင့် ယင်းကို စားကောင်းသော အခါတို့ကို ဖော်ပြ၍ ရင်းဘောဇဉ်နှင့် ပရမ္ပရဘောဇဉ်တို့၏ ထူးခြားပုံများကိုလည်း ရေးခဲ့ပါ။ (၁၀)

၇။ ပုရိသသံသဋ္ဌ, ကုမာရသံသဋ္ဌတို့၌ ပုရိသနှင့် ကုမာရတို့၏ ထူးခြားပုံကို ဖော်ပြ၍ ရွှေဘီးကို ဆောင်ထားသော ဘိက္ခုနီမအား သင့်နိုင်သောအာပတ်နှင့် သိက္ခာပုဒ်အမည်တို့ကို ဖြေဆိုခဲ့ပါ။ (၁၀)

၈။ ဘိက္ခုနှင့် ဘိက္ခုနီ သံဃာဒိသိသ် သိက္ခာပုဒ် တို့တွင် (က) ဘိက္ခုနှင့်သာ စပ်ဆိုင်သော သိက္ခာပုဒ်၊ (ခ) ဘိက္ခုနီမနှင့်သာ စပ်ဆိုင်သော သိက္ခာပုဒ် အမည်တို့ကို ခွဲခြားဖော်ပြ၍ သဃာဒိသေသသိက္ခာပုဒ်လာ လှည့်လည်၍ ဝတ်ရမည့် သက်န်းအမည်တို့ကိုလည်း ပြည့်စုံစွာ ထုတ်ပြပါ။ (၁၀)

၉။ သင်္ကန်းဘိုး လာပို့သော တမန်က ဘိက္ခုနီမအား လျှောက်ထားပုံနှင့် ဘိက္ခုနီမက တမန်အား ပြန်ကြား ပြောကြားပုံတို့ကို ပါဠိဘာသာဖြင့် ရေးခဲ့ပါ။ (၁၀)

၁၀။ ပသာခေ ဇာတ သိက္ခာပုဒ်ကို ပေါ်လွင်အောင် အနက်ယောဇနာခဲ့ပါ။ (၁၀)

## ၁၃၃၇ (၁၉၇၆) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီး။ ။ဒွေမာတိကာ (ဝိနယ)

၁၃၃၇-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၃-ရက် (၁-၄-၇၆) ကြာသပတေးနေ့

အမှတ်

၁။ ယခုခေတ် ခဏ္ဍသိမ်၌ ဥပုသ်ပြုကြရာဝယ် ပြုလုပ်ဖွယ် ပုဗ္ဗကိစ္စ မည်မျှရှိသည်ကို အကြောင်းနှင့်တကွ ဖော်ပြ၍ သုံးပါးပြုသော ပါရိသုဒ္ဓိဥပုသ်နှင့် နှစ်ပါးပြုသော ပါရိသုဒ္ဓိဥပုသ်တို့၏ ခြားနားချက်ကိုလည်း ဖြေဆိုပါ။ (၁၀)

၂။ ဥတ္တရိမနုဿဓမ္မ၌ ဥတ္တရိမနုဿဓမ္မ သဒ္ဒါကို ထုတ်ပြ၍ ဥတ္တရိမနုဿနှင့် ဥတ္တရိမနုဿဓမ္မတို့၏ အရကိုလည်း အသီးအသီး ကောက်ပြပြီးလျှင် "တုစ္ဆာ" နှင့် "မုသာ" တို့၏ ခြားနားချက်ကိုလည်း ဖြေဆိုပါ။ (၁၀)

၃။ အောက်ပါ ရဟန်းတို့အား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ် အာပတ်များ သင့်သည်ကို ဖော်ပြပါ။ (၁၀)

(က) ဆွမ်းကြီးလောင်းပွဲ စသည်၌ ဖြန့်ခင်းထားသော မိန်းမတို့၏ ဆံပင်များကို ကာယသံသဂ္ဂရာဂဖြင့် သာယာ၍ နင်းလျှောက်သော ရဟန်း၊

(ခ) ကာယသံသဂ္ဂရာဂဖြင့် ၁၂-နှစ်အရွယ်ကျောင်းသား၏ လက်ကို ဆွဲကိုင်သော ရဟန်း၊

(ဂ) ၁၂-တောင် ကျယ်သော အခန်း၏ ဒေါင့်တခု၌ မာတုဂါမ တရာရှိ၍၊ အခြား ဒေါင့်တခု၌ရှိသော မာတုဂါမ တဦးနှင့် ထိုင်နေသော ရဟန်း၊

(ဃ) သင်သည် ပဏ္ဍုက်ဖြစ်သည် ရဟန်းမဟုတ်ဟု စွပ်စွဲသော ရဟန်း။

၄။ ရာဇသိက္ခာပုဒ်လာ ကပ္ပိယကာရက တကျိပ်နှင့် ယင်းသိက္ခာပုဒ် အရ လိုအပ်သော ကပ္ပိယကာရကကို ဖော်ပြပြီးလျှင်

ကပ္ပိယကာရက ထံ၌ နှစ်ကြိမ် တောင်းပြီးသော် ဘယ်နှစ်ကြိမ်သာ ရပ်နိုင်ပါသနည်း။ (၁၀)

၅။ ဘုံလျှို ငါးမျိုးနှင့် သပိတ် ကိုးလုံးကို ရေတွက်ပြ၍ သပိတ်ကွဲလျှင် မည်ကဲ့သို့ ချုပ်စပ် ဘွဲ့ချည်ရမည်ကိုလည်း ဖြေဆိုပါ။ (၁၀)

၆။ ဝိဝါဒါဓိကရုဏ်းကို ငြိမ်းစေတတ်သော သမထတို့ကို ထုတ်ပြ၍ သမ္မုခ လေးမျိုး၊ စာရေးတံ သုံးမျိုးတို့ကို အဓိပ္ပါယ်နှင့်တကွ ယှဉ်တွဲ ဖော်ပြပါ။ (၁၀)

၇။ ပဌမနှင့် ဒုတိယ သိက္ခမာန နဝုဋ္ဌာပန သိက္ခာပုဒ် နှစ်ခုတို့ကို ပါဠိမျှ ရေးခဲ့ပါ။ (၁၀)

၈။ ဘိက္ခု၏ သဃာဒိသ်နှင့် ဘိက္ခုနီ၏ သဃာဒိသ်တို့ကို ခွဲခြားပြ၍ ဘိက္ခုနီပါတိမောက်နှင့် သက်ဆိုင်သော "အာဒိကမ္မိက ဘိက္ခုနီ" ခုနစ်ပါးတို့၏ အမည်တို့ကိုလည်း ဖော်ပြပါ။ (၁၀)

၉။ ဘိက္ခုနီ လသုဏဝဂ် ငါးခုမြောက်နှင့် ခုနစ်ခုမြောက် သိက္ခာပုဒ်တို့ကို အနက်ယောဇနာပါ။ (၁၀)

၁၀။ အောက်ပါတို့ကြောင့် ဘိက္ခုနီမအား သင့်သောအာပတ်တို့ကို သိက္ခာပုဒ်အမည်များနှင့် ယှဉ်တွဲ ဖော်ပြပါ။ (၁၀)

(က) မနာမဖျားမူ၍ အမဲသားကို တောင်း၍ များများ စားလိုသဖြင့် ဆွမ်းဖြင့် ဖုံးလွှမ်း၍ စားသော ဘိက္ခုနီမ၊

(ခ) ကရဝိက် ခန်းမသို့ သွားရောက် ကြည့်ရှုသော ဘိက္ခုနီမ၊

(ဂ) ပေါင်ရင်း၌ ပေါက်သောအနာကို ဘိက္ခုနီသံဃာအား မပန်ကြားမူ၍ ဆေးဆရာနှင့် တယောက်ချင်း ဖေါက်ခွဲကုသသော ဘိက္ခုနီမ၊

(ဃ) တယောက်ထည်းထည်း အခြား ရွာတရွာသို့ သွားရာ အခြားရွာ၏ ဥပစာသို့ ခြေတလှမ်း ဝင်မိသော ဘိက္ခုနီမ၊

(င) ညောင်စောင်း တခုတည်း၌ နှစ်ယောက် တွဲ၍ အိပ်သော ဘိက္ခုနီမ။

# ၁၃၂၇ (၁၉၆၆) ခုနှစ်
# ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - ဝိနယ - အဖြေ

---

၁။ **ပတ္တကလ္လအရ**

(ဥပေါသထော ယာဝတိကာ စ ဘိက္ခူ ကမ္မပတ္တာ။ သဘာဂါ ပတ္တိယော စ န ဝိဇ္ဇန္တိ၊ ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ– ဟူသော အင်္ဂါ (၄) ပါးနှင့် ပြည့်စုံသော) ဥပေါသထကံကို ရ၏။

**ပကတိစာရိတ္တ ဥပုသ်နေ့များ**

မစုံ (၆) လ၏ လကွယ်နေ့ ဟူသော စာတုဒ္ဒသီ ဥပုသ်နေ့ (၆) ရက်၊ မစုံ (၆) လ၏ လပြည့် ဥပုသ် (၆) ရက်နှင့် စုံ (၆) လ၏ ပြည့်-ကွယ် ဥပုသ် (၁၂)ရက် ပေါင်း ပန္နရသီ ဥပုသ်နေ့ (၁၈) ရက်၊

စာတုဒ္ဒသီ- ပန္နရသီ နှစ်ရပ်ပေါင်း ပကတိစာရိတ္တ ဥပုသ်နေ့ (၂၄)

**ပကတိစာရိတ္တ ပဝါရဏာ**

(၁) သီတင်းကျွတ် လပြည့်နေ့ (၂) သီတင်းကျွတ် လကွယ်နေ့ (၃) တန်ဆောင်မုန်း လပြည့်နေ့ အားဖြင့် (၃) နေ့ ဖြစ်သည်။

၂။ **သဘာဂအာပတ် နှစ်မျိုး**

အာပတ်သင့်ကြောင်း ဝတ္ထုအားဖြင့် မတူဘဲ အာပတ် အမည် ဇာတ်အားဖြင့်သာ တူသော အာပတ်သည် အာပတ္တိသဘာဂ အာပတ် မည်၏။

ဝိကာလ ဘောဇန–စသော အာပတ် သင့်ကြောင်း ဝတ္ထု အားဖြင့် တူမျှသော အဘို့ရှိသော အာပတ်သည် ဝတ္ထုသဘာဂ အာပတ် မည်၏။

သဘာဂါ ပတ္တိယော စ န ဝိဇ္ဇန္တိ-၌ ဝတ္ထုသဘာဂအာပတ်ကိုသာ ယူရမည်။

၃။ **အာပတ်သင့်ကြောင်း (၆) ပါး**

(၁) အလဇ္ဇိတာ—အရှက်မရှိခြင်း။

(၂) အညာဏတာ—ပညတ်တော်ကို မသိခြင်း။

(၃) ကုက္ကုစ္စပကတတာ ဝိနယကုက္ကုစ္စ နှိပ်စက်ခံရခြင်း။

(၄) အကပ္ပိယေ ကပ္ပိယသညိတာ—မအပ်သည်၌ အပ်သည်ဟု ထင်မှတ်ခြင်း။

(၅) ကပ္ပိယေ အကပ္ပိယသညိတာ – အပ်သည်၌ မအပ်ဟု ထင်မှတ်ခြင်း။

(၆) သတိသမ္မောသာ—သတိကင်းခြင်း အားဖြင့် (၆) ပါး။

ဆောင်။ ။အလဇ် - အညာ၊ ကုက္ကုစ္စာနှင့်၊ အကပ္ပါထည့်၊ နောက်ကပ္ပိတည့်၊ သတိမောသတ်၊ ဤခြောက်ရပ်၊ အာပတ်သင့်ကြောင်းတည်း။

ပဏ္ဍုက် အပြား (၅) ပါး

(၁) အာသိတ္တပဏ္ဍုက် (၂) ဥသူယပဏ္ဍုက် (၃) ဩပက္ကမိကပဏ္ဍုက် (၄) ပက္ခပဏ္ဍုက် (၅) နပုံသကပဏ္ဍုက်။

ဆောင်။ ။အာ - ဥ - ဩ - ပက်၊နပုံစွက်၊ ငါးချက် ပဏ္ဍုက်ပြား။

၄။ (အနက် ထင်ရှားပြီ။)

၅။ **ဝါစာပမာဏ**

ဂါထာဖြစ်လျှင် တပါဒကို စကားတခွန်းကျ, စုဏ္ဏိယဖြစ်လျှင် ဝိဘတ်ျန္တတပုဒ်ကို စကားတခွန်းကျ ယူရမည်၊ (စကားခြောက်ခွန်းထက် အက္ခရာတလုံးမျှ လွန်စေကာမူ ပါစိတ်အာပတ်သင့်၏။)

ဥတ္တရိ ဆပ္ပဉ္စဝါစာဟီတိ ဧတ္ထ ဧကော ဂါထာပါဒေါ ဧကာ ဝါစာတိ ဧဝံ သဗ္ဗတ္ထ ဝါစာပမာဏံ ဝေဒိတဗ္ဗံ။ (ကင်္ခါ-၄၁)

**ဓမ္မပ္ပမာဏ**

သင်္ဂါယနာသုံးတန် တင်အပ် မတင်အပ်သော ပါဠိ အဋ္ဌကထာ ဓမ္မကို ဓမ္မအရ ယူရမည်။

ဓမ္မံ ဒေသေယျာတိ ပဒသော ဓမ္မသိက္ခာပဒေ ဝုတ္တလက္ခဏံ (ပါဠိ) ဓမ္မံ ဝါ အဋ္ဌကထာဓမ္မံ ဝါ ဘာသေယျ။ (ကင်္ခါ-၄၁)

**ပုရိသဝိဂ္ဂဟ**

လူဇာတ်စစ်စစ်ဖြစ်သော ဝိညူ ပုရိသသည် ခွင့်ပြုသော ပုရိသ (၎င်းနှင့် အတူနေလျက် ပြောဟောက ပါစိတ် အာပတ်မသင့်။)

လူယောင် ဆောင်ထားသော ယက္ခ, ပေတ, တိရစ္ဆာနဂတ ဖြစ်သော ပုရိသသည် တားမြစ်သော ပုရိသ(၎င်းတို့နှင့် အတူ နေလျက် ပြောဟောက ပါစိတ်အာပတ် သင့်၏။)

အညတြ ဝိညုနာ ပုရိသဝိဂ္ဂဟေနာတိ ဝိနာ ဝိညုနာ ပုရိသေန မနုဿဝိဂ္ဂဟံ ဂဟေတွာ ဌိတေန ပန ယက္ခေန ဝါ ပေတေန ဝါ တိရစ္ဆာနေန ဝါ သဒ္ဓိံ ဌိတာယပိ ဓမ္မံ ဒေသေတုံ နဝဋ္ဋတိ(ကခါ-ဋ္ဌ)

၆။ **မောဟနကံ တင်ပုံ ပါဠိ**

တဿ တေ အာဝုသော အလာဘာ၊ တဿ တေ အာဝုသော ဒုလ္လဒ္ဓံ၊ ယံ တွံ ပါတိမောက္ခေ ဥဒ္ဒိဿမာနေ န သာဓုကံ အဋ္ဌိံ ကတွာ မနသိ ကရောသိ။

**မှတ်ချက်။** ။ဤအဖြေကား ပုစ္ဆာအားလျော်စွာ ဖြေထားခြင်းမျှသာ ဖြစ်သည်၊ အမှန်မှာကား- တဿ တေ အာဝုသော- စသောပါဠိသည် မောဟနကံ မတင်မီ ကဲ့ရဲ့ရှုတ်ချသော စကားသာတည်း။

"တဿ တေ အာဝုသောတိ အာဒိဝစနေဟိ နိန္ဒိတွာ တဿ ပုဂ္ဂလဿ ဥတ္တိ ဒုတိယကမ္မေန မောဟော အာရောပေတဗ္ဗော" ဟူသော ကခါကို ထောက်ပါ။

(တဿ တေ အာဝုသော-စသော စကားတို့ဖြင့်ကဲ့ရဲ့၍ ထိုပုဂ္ဂိုလ် အား ဉတ္တိဒုတိယကံဖြင့် မောဟနကံ တင်ရမည် ဟူလို။)

၇။ **ဝတ်ဆင်မှုဆိုင်ရာ သိက္ခာပုဒ်**

ပရိမဏ္ဍလံ နိဝါသေဿာမီတိ သိက္ခာ ကရဏီယာ။

ပရိမဏ္ဍလံ ပါရုပိဿာမီတိ သိက္ခာ ကရဏီယာ။

**ကိုယ်နေအချိုးကျမှု သိက္ခာပုဒ်**

သုသံဝုတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

သုသံဝုတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

**မှတ်ချက်။** ။သုသံဝုတသိက္ခာပုဒ်မှ စ၍ ပလ္လတ္ထိကသိက္ခာပုဒ် တိုင်အောင် သိက္ခာပုဒ်များသည် ကိုယ်နေဟန် အချိုးကျမှုနှင့် ဆိုင်သော သိက္ခာပုဒ်များဖြစ်၍ ကြိုက်ရာနှစ်ပုဒ်ကို ရေးနိုင်သည်။

၇။ ဖုံးလွှမ်းသည့်အတွက် ဒုက္ကဋ်အာပတ် မသင့်သောကြောင့် ပရိဝါသ် မဆောက်တည်မူ၍ ပက္ခမာနတ်ကိုသာ ကျင့်ရပါသည်။

ဘိက္ခုနိယာ ဟိ အာပတ္တိံ ဆာဒေန္တိယာပိ ပရိဝါသော နာမ နတ္ထိ၊ ဆာဒနပစ္စယာပိ န ဒုက္ကဋ္ဌံ အာပဇ္ဇတိ၊ တသ္မာ ဆာဒေတွာပိ အဆာဒေတွာပိ ကော် ပက္ခမာနတ္တမေဝ စရိတဗ္ဗံ။ (ကခ်ါ-ဋ္ဌ)

၉။ (က) ဒုက္ကဋ်၊ (ခ) ဒုက္ကဋ်၊ (ဂ) ပါစိတ်၊ (ဃ) သံဃာဒိသိသ်။
ဥဘယံ ကရောန္တိယာဝ ပါစိတ္တိယံ။ (ကခ်ါ-ဋ္ဌ)
(ထုမှု-ငိုမှု- နှစ်မျိုးလုံးကိုပြုသော ဘိက္ခုနီမအားသာလျှင် ပါစိတ် အာပတ်)

၁၀။ အရုဏ်တက်သည်မှ စ၍ နေမွန်းတည့်သည်အထိ ပုရေဘတ္တ။
နေမွန်းလွဲသည်မှ စ၍ နေဝင်သည်တိုင်အောင် ပစ္ဆာဘတ္တ။
ပုရေဘတ္တန္တိ အရုဏုဂ္ဂမနံ ဥပါဒါယ ယာဝ မဇ္ဈန္ဟိကာ။
ပစ္ဆာဘတ္တန္တိ မဇ္ဈန္ဟိကေ ဝီတိဝတ္တေ ယာဝ သူရိယဿ အတ္ထင်္ဂမာ။
(ကခ်ါ-ဋ္ဌ)

**နိရယအားဖြင့် ကျိန်ဆဲပုံ**

ငရဲ၌ ဖြစ်ရစေရဲ့၊ ငရဲ၌ ဖြစ်ပါစေဟယ်၊ စသည်ဖြင့် ပြောဆို ကျိန်ဆဲခြင်းသည် နိရယအားဖြင့် ကျိန်ဆဲသည် မည်၏။

**ဗြဟ္မစရိယအားဖြင့် ကျိန်ဆဲပုံ**

လူဖြစ်ရစေရဲ့၊ လူဖြစ်ပါစေဟယ်၊ စသည်ဖြင့် ကျိန်ဆဲခြင်းသည် ဗြဟ္မစရိယအားဖြင့် ကျိန်ဆဲသည် မည်၏။

နိရယေ ဥပပဇ္ဇာမိ၊ နိရယေ ဥပပဇ္ဇတူတိ အာဒိနိ ဝဒမာနာ နိရယေန အဘိသပတိ နာမ။

ဂိဟိနီ ဟောမိ၊ ဂိဟိနီ ဟောတူတိ ဝေမာဒိနိ ဝဒမာနာ ဗြဟ္မစရိယေန အဘိသပတိ နာမ။ (ကခ်ါ-ဋ္ဌ)

## ၁၃၂၈ (၁၉၆၇) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - ဝိနယ - အဖြေ

၁။ စတုဝဂ္ဂသံဃာသည်- ဥပသမ္ပဒကံ, ပဝါရဏာကံ, အဗ္ဘာနကံတို့ကို မပြုနိုင်။

**ဆောင်။** ။စတုဝဂ္ဂ၊ ထိုသံဃာသည်၊ ဥပသမ္ပဒ၊ ပဝါရနှင့်၊ အဗ္ဘာနကံ၊ ယင်းသုံးတန်၊ ကြွင်းကျန် အကုန်ပြု။

**အပိုဗဟုသုတ**
- ပဉ္စဝဂ္ဂ၊ ထိုသံဃာသည်၊ မဇ္ဈိမ ရဟန်းခံ၊ အဗ္ဘာန်ကံ၊ ကြွင်းကျန် အကုန်ပြု။
- ဒသဝဂ္ဂ၊ ထိုသံဃာသည်၊ အဗ္ဘာနကံ၊ တခုချန်၊ ကြွင်းကျန် အကုန်ပြု။
- ဝီနှင့်တိရေ၊ ဝဂ္ဂေနှစ်ခု၊ သံဃာစုကား၊ မပြုနိုင်သည်၊ မရှိပြီ၊ ကျမ်းညီ သင်တို့ရှု။

**အတိရေက ဝီသတိဝဂ္ဂ သံဃာကို ဆိုရကြောင်း**

ထိုထိုသံဃာ့ကံများ၌ သတ်မှတ်အပ်သော သံဃာအရေအတွက်အောက် ယုတ်လျော့လျှင် မအပ်၊ ပိုလွန်ပါမူကား အပြစ်မရှိ အတိသုန္ဒရဟု သိစေလိုသောကြောင့် အတိရေကဝီသတိဝဂ္ဂ သံဃာကို ထပ်၍ဆိုသည်။

၂။ **စောဒနာ (၄) မျိုး**

(က) သင် မေထုန်မှီဝဲသည် စသည်ဖြင့် အာပတ် သင့်ကြောင်း ဝတ္ထုကို ဖော်ပြ၍ စွပ်စွဲခြင်းသည် ဝတ္ထုသန္ဒဿနာ စောဒနာ မည်၏။

(ခ) သင် မေထုနဓမ္မ အာပတ်သို့ ရောက်သည် စသည်ဖြင့် အာပတ်ကို ဖော်ပြ၍ စွပ်စွဲခြင်းသည် အာပတ္တိသန္ဒဿနာ စောဒနာ မည်၏။

(ဂ) သင်နှင့်အတူ သံဃာ့ကံကို မပြုနိုင်၊သင်သည် ရဟန်းမဟုတ် စသည်ဖြင့် သံဝါသကို ပယ်၍ စွပ်စွဲခြင်းသည် သံဝါသ ပဋိက္ခေပ စောဒနာ မည်၏။

(ဃ) သင် ရဟန်းမဟုတ်ခြင်းကြောင့် သင့်ကိုရှိခိုးခြင်း စသည်ကို မပြုနိုင် စသည်ဖြင့် အရိုအသေပြုမှု သာမိစိကို ပယ်၍ စွပ်စွဲခြင်းသည် သာမိစိပဋိက္ခေပ စောဒနာ မည်၏။

ဆောင်။ ။ဝတ္ထု-အာပတ်၊ သန္ဒယ် နှစ်ဖြာ၊
သံဝါ- သာမိ၊ ပယ်ဘိ နှစ်ဖြာ၊
စောဒနာလေး၊ ကြံတွေးစေရာ၊
သောတုများ၊ ဆောင်ထား နှုတ်တက်သာ။

၃။ (က) ဣဒံ ခေါ ဘန္တေ အာယသ္မန္တံ ဥဒ္ဒိဿ စီဝရစေတာပန္နံ အာဘတံ ပဋိဂ္ဂဏှာတု အာယသ္မာ စီဝရစေတာပန္နံ။

(ခ) အတ္ထိ ပနာယသ္မတော ကောစိ ဝေယျာဝစ္စကရော။

(ဂ) ယံ ခေါ ဘန္တေ အာယသ္မာ ဝေယျာဝစ္စကရံ နိဒ္ဒိသိ၊ သညတ္တော သော မယာ၊ ဥပသင်္ကမတာယသ္မာ ကာလေန၊ စီဝရေန တံ အစ္ဆာဒေဿတိ။

၄။ မာတုဂါမ

ဒုတိယ သဟသေယျ သိက္ခာပုဒ်၌ မာတုဂါမ အရ ယနေ့ မွေးဖွားသည်မှစ၍ လူဇာတ်ရှိသော မာတုဂါမများကို ယူရမည်။

ဓမ္မဒေသနာ သိက္ခာပုဒ်၌ စကား၏ အနက် အဓိပ္ပါယ်ကို နားလည်သော မာတုဂါမကို ယူရမည်။

ဘူတာရောစနဉ် ဥမ္မတ္တက မပါဝင်ကြောင်း

အရိယာပုဂ္ဂိုလ်တို့အား ဥမ္မတ္တကအဖြစ် မရှိသောကြောင့်ရင်း၊ ဈာနလာဘီ ပုဂ္ဂိုလ်သည်လည်း ဥမ္မတ္တကဖြစ်လျှင် ထိုရပြီးသော ဈာန်မှ ယုတ်လျော့ခြင်းကြောင့်ရင်း၊ ဘူတာရောစန သိက္ခာပုဒ်၏ အနာပတ္တိဝါရ၌ ဥမ္မတ္တကပုဂ္ဂိုလ်ကို မယူရပါ။

**ဆောင်။** ။အရိယာမှာ၊ ရှုးသွပ်တာ၊ ဘယ်ခါ မဖြစ်ပါ။
ပုထုဇျာန်ရ ရှုးသွပ်က၊ လျှောကျ ဈာန်ကင်းကွာ။
ထို့ကြောင့် ဘူတာ၊ ရောစနာ၊ မလာ ဥမ္မတ္တ။

၅။ စာရိတ္တဝိနည်းဖြစ်ကြောင်းကို ပြလိုသောကြောင့် သေခိယသိက္ခာပုဒ်များကို အာပတ် အင်္ဂါဘ်၍ မဟောပါ။

**ဆောင်။** ။စာရိတ်ဝိနယ၊ ဖြစ်ကြောင်းပြဘို့၊ သေခိယမှာ၊ အာပတ္တာ၊ ဗုဒ္ဓါ မမိန့်ဆို။

**သေခိယအားလုံးနှင့် ဆိုင်သော အင်္ဂါ**

(၁) အနာဒရိယ စိတ်ရှိခြင်း၊
(၂) အနာပတ္တိဖြစ်ရန် အကြောင်း မရှိခြင်း။

၆။ ဘောဇနပဋိသံယုတ္တ သိက္ခာပုဒ် (၃၀)
ဓမ္မဒေသနာ သိက္ခာပုဒ် (၁၆)

၇။ (အနက် ထင်ရှားပြီ။)

၈။ ယာ ပန ဘိက္ခုနီ နစ္စံ ဝါ ဂီတံ ဝါ ဝါဒိတံ ဝါ ဒဿနာယ ဂစ္ဆေယျ၊ ပါစိတ္တိယံ-ကို ထောက်၍—
ရဟန်းယောကျ်ားအား ဒုက္ကဋ်။
ရဟန်းမိန်းမအား ပါစိတ်။

**မှတ်ချက်။** ။ရဟန်း ယောကျ်ားအတွက် အထက်ပါ သိက္ခာပုဒ် အဖွင့်ကခါအရသာ။

၉။ ဒါယကာက မူလကထိန်အာနိသင် လာဘ်လာဘနှင့် တန်းတူသော် ၎င်း၊ အပိုအလွန်သော်၎င်း သံဃာအား လှူလိုသည်ဟု လျှောက်ထားခြင်းကြောင့် သံဃာအတွက် အကျိုးများမှုကို ရည်ရွယ်၍ ကထိန် နုတ်ရသည်။
ပါစိတ်အာပတ်။

၁၀။ အန္တရာယ်ကင်းသဖြင့် သွားခြင်းငှါ စွမ်းနိုင်သော ယူဇနာဝက်အတွင်း ရဟန်းယောကျ်ားရှိသောကျောင်း၌ ဝါဆိုအပ်ပါသည်။

အန္တရာယ်ကင်းသဖြင့် သွားခြင်းငှါ စွမ်းနိုင်သော ယူဇနာဝက် အတွင်း ရဟန်းယောကျ်ား မရှိသောကျောင်း၌ ဝါမဆိုအပ်ပါ။

## ၁၃၂၉ (၁၉၆၇) ခုနှစ်

## ပါဠိပထမပြန်စာမေးပွဲ

# ပထမကြီးတန်း - ဝိနယ - အဖြေ

---

၁။ **သိက္ခာပုဒ် နိဒါန်းများ**

ဝေသာလီ၊ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ အာဠဝီ၊ ကောသမ္ဗီ၊ သက္ကတိုင်း၊ ဘဂ္ဂတိုင်းအားဖြင့် (၇)ဌာနရှိ၏။

ဆောင်။ ။ဝေသာ-ရာဇ၊ သာ-အာဠ၊ သက္က ကောသမ္ဗီ။
ဘဂ္ဂ—ပါထည့်၊ သတ္တရှိ၊ သိလေ နိဒါန်းမည်။

**စတုတ္ထပါရာဇိက သိက္ခာပုဒ်၌**

နိဒါန-ဝေသာလီ။

ပုဂ္ဂလ-ဝဂ္ဂုမုဒါမြစ်ကမ်းနားနေ ရဟန်းများ။

ဝတ္ထု-ဥတ္တရိမနုဿဓမ္မာရောစန ဝတ္ထု။

မူလပညတ်-ယောပန ဘိက္ခု အနဘိဇာနံ—လ—မုသာ ဝိလပိန္တိ၊
ပါရာဇိကော ဟောတိ အသံဝါသော။

အနုပညတ်-အညတြ အဓိမာနာ။

မှတ်ချက်။ ။သိက္ခံ အပစ္စက္ခာယလည်း ရနိုင်သည်။

၂။ **သံဝဏ္ဏနာကာရပြပါ၍**

အမ္ဘော ပုရိသ ကိံ တုယှိမိနာ ပါပကေန ဒုဇ္ဇီဝိတေန၊ မတံ တေ ဇီဝိတာ သေယျော။

**ဝဒနာကာရပြပါ၍**

အဇာနမေဝံ အာဝုသော အဝစံ ဇာနာမိ အပဿံ ပဿာမိ တုစ္ဆံ မုသာ ဝိလပိံ ။

၃။ **ဆသမုဋ္ဌာန်**

ပညတ်တော်ကိုရင်း၊ အလံဝစနီယ အဖြစ်ကိုရင်း မသိမူ၍ ကိုယ်အမူအရာဖြင့် သာလျှင် သတင်းစကားကို ပဋိဂ္ဂဟဏ ဝီမံသန ပစ္စာဟရဏ အမှုပြုသော ရဟန်းအား ကာယသမုဋ္ဌာန်ကြောင့် အာပတ်သင့်၏။

ပညတ်တော်ကိုရင်း၊ အလံဝစနီယ အဖြစ်ကိုရင်း မသိမူ၍ ဤမည်သော အမျိုးသမီးလာလျှင် သူစိတ်ပါ- မပါ ပြောပေးစမ်းပါဟူသော နှုတ်မှာစကားကို ကောင်းပြီဟု ဝန်ခံလျက် အမျိုးသမီး လာသောအခါ ပြောဆို၍ မှာထားသော ယောကျ်ားလာသောအခါ ထိုအကြောင်း ပြောသော ရဟန်းအားရင်း။

နှုတ်ဖြင့် ကောင်းပြီဟု ဝန်ခံလျက် ဤကိစ္စအတွက် မဟုတ်ဘဲ အခြားကိစ္စဖြင့် သွား၍ အမျိုးသမီးကို နှုတ်မြွက်သော အားဖြင့် စုံစမ်းကာ အခြားကိစ္စဖြင့်သာ ပြန်လာပြီး မှာသော ယောကျ်ားနှင့် ဆုံဆည်းသောအခါ နှုတ်ဖြင့် ပြန်ပြောသော ရဟန်းအားရင်း ဝါစာသမုဋ္ဌာန်ကြောင့် အာပတ်သင့်သည်။

ပညတ်တော်ကို မသိသော ရဟန္တာပင် ဖြစ်သော်လည်း အဖ စကားဖြင့် သွား၍ အလံဝစနီယဖြစ်သော မယ်တော်ကို အဖနှင့် ပြန်ပေါင်းဘို့ရန် ပြောဆိုလျက် တဖန် ပြန်ဆောင် ပြောဆိုသော ရဟန်းအား ကာယဝါစာသမုဋ္ဌာန်ကြောင့် အာပတ်သင့်သည်။

ပညတ်တော်ကိုရင်း၊ အလံဝစနီယ အဖြစ်ကိုရင်း သိလျက် ဆိုခဲ့ပြီးသော နည်းသုံးမျိုးအတိုင်းပြုမူသောရဟန်းအား ကာယ စိတ္တသမုဋ္ဌာန်ကြောင့်ရင်း၊ ဝါစာစိတ္တသမုဋ္ဌာန်ကြောင့်ရင်း၊ ကာယ ဝါစာစိတ္တသမုဋ္ဌာန်ကြောင့်ရင်း အာပတ်သင့်သည်။ (က၁)

**သဥ္စရိတ္တအင်္ဂါ**

(၁) တေသံ မနုဿဇာတိကတာ - အောင်သွယ်အပ်သူ -မ-နှင့်- ကျားတို့ လူဇာတ် ဖြစ်ခြင်း။

(၂) အလံဝစနီယတာ - အောင်သွယ် စကား ပြောကြားထိုက် ခြင်း။

(၃) ပဋိဂ္ဂဟဏ-ဝန်ခံခြင်း။

သုဓမ္မဝတီ (က) ၁၀၆-၄

(၄) ဝိမံသန-သွားရောက်စုံစမ်း မေးမြန်းခြင်း။
(၅) ပစ္စာဟရဏ-တဖန် ပြန်ဆောင် ပြောကြားခြင်း။

ဆောင်။ ။ကျွား-မ နှစ်ရပ်၊ လူဇာတ်ရှိပြန်၊ အလံဝစနီယ၊ပဋိဂ္ဂဟနှင့်၊ ဝိမံသ-ပစ္စာ၊ အင်း ငါးဖြာ၊ မှတ်ပါ သဒ္ဒရိတ်။

၄။ အစ္စေကစီဝရ

ခရီးသွားမည့်သူ မကျန်းမာသူ ကိုယ်ဝန်ရှိသူ သဒ္ဓါတရားအသစ်ဖြစ်ပေါ်လာသူ တဦးဦးသည် "ဝဿာဝါသိကံ ဒဿာမိ" ဝါတွင်း၌နေသော သံဃာ - ဂိုဏ်း - ပုဂ္ဂိုလ်အား လှူပါ၏ဟု ပြောကြားလျှောက်ထား၍ လှူဒါန်းအပ်သော သင်္ကန်းသည် အစ္စေကစီဝရမည်၏။

အစ္စေကစီဝရန္တိ ဂမိက ဂိလာန ဂဗ္ဘိနီ အဘိနဝုပ္ပန္န သဒ္ဓါနံ ပုဂ္ဂလာနံ အညတရေန ဝဿာဝါသိကံ ဒဿာမိ ဧဝံ အာရောစေတွာ ဒိန္နံ။

ဆောင်။ ။ဂမိကနှင့်၊ဂိလာန-ဂဗ္ဘိနီ၊တလီသဒ္ဓါတရား၊သစ်ဖြစ်ပွားသူ၊ ပုဂ္ဂိုလ်လူတို့၊ ကြည်ဖြူစေတနာ၊ ထက်သန်စွာဖြင့်၊ ဿော ဝါသိ၊ ဒဿာမိဟု၊ ပြောဘိ လျှောက်ကြား၊ လှူဒါန်းထားလေ၊ အစ္စေစီဝရ၊ မှတ်ကုန်ကြလော။

ဒုက္ကဋ်အာပတ်သင့်သည်။

ဆောင်။ ။စေတီ-သံဃ၊ ပုဂ္ဂလအား၊ ညွှတ်ပြီးသားကို၊ တခြားစေတီ၊ တလီသံဃ၊ ပုဂ္ဂလအား၊ညွှတ်စေငြား၊မှတ်သား ဒုက္ကဋ္။

၅။ သမဏ၏၊ သန္နိဓိ၊ အပ်ဘိ ဘိက္ခုနီ။

ဘိက္ခုနီ၏၊ သန္နိဓိ၊ အပ်ဘိ ဘိက္ခုမည်။

သန္နိဓိပစ္စည်း

ကာလိကလေးမျိုးတွင် ယာဝကာလိက ယာမကာလိက နှစ်မျိုးသည်သာ သန္နိဓိပစ္စည်း ဖြစ်၏။

ဆောင်။ ။ယာဝ-ယာမ၊ ကာလိက၊ နှစ်ဝ သန္နိဓိ။

၆။ မာတုဂါမနှင့်စပ်၍ ပညတ်အပ်သော သုဒ္ဓပါစိတ် သိက္ခာပုဒ်များ

မုသာဝါဒဝဂ် - ဒုတိယသဟသေယျနှင့်၊ ဓမ္မဒေသနာ (၂)

အစေလကဝင်- ရဟောပဋိစ္ဆန္နနှင့်၊ ရဟောနိသဇ္ဇ (၂)
သပ္ပါဏကဝဂ် - သံဝိဓာန (၁)
(ဒုတိယသဟသေယျသိက္ခာပုဒ်ကို အနက်ရေးပါ။)

၇။ ဘိက္ခုဂဏနာဝစ ဩဝါဒေါ ဠ—
ဘိက္ခုနီတို့၏ ဩဝါဒခံလိုပါသောကြောင့် ခွင့်တောင်းမှုကို သံဃာတော်အား လျှောက်ထားခြင်းကို ဩဝါဒဟု ဆိုသည်။
ဘိက္ခုနီဂဏနာဝစ ဩဝါဒေါ ဠ—
ဘိက္ခုနီတို့က ဘိက္ခုတို့အထံ အဆုံးအမခံဘို့ရန် ခွင့်ပန်လျှောက်ထားခြင်းကို ဩဝါဒဟု ဆိုသည်၊ ဤသို့ ထူးသည်။
၎င်း ဩဝါဒပျက်သော ဘိက္ခုနီမအား အာရာမဝဂ်-ဩဝါဒ သိက္ခာပုဒ်,ဩဝါဒူပသင်္ကမန သိက္ခာပုဒ်များအရ ပါစိတ်အာပတ်သင့်ပါသည်။

၈။ သတ္တရသ သံဃာဒိသေသာ မမွာ နဝ ပဌမာပတ္တိကာ အဋ္ဌ ယာဝ-တတိယကာ။

ဒုဋ္ဌုလ္လပဋိစ္ဆာဒန
ဒုဋ္ဌုလ္လအာပတ်ကို ဖုံးကွယ်သော ဘိက္ခုအား ပါစိတ်အာပတ် (သပ္ပါဏကဝဂ် ဒုဋ္ဌုလ္လပဋိစ္ဆာဒန သိက္ခာပုဒ်)
ဘိက္ခုနီအား-ပါရာဇိကအာပတ် (ဝဇ္ဇပ္ပဋိစ္ဆာဒိကာ သိက္ခာပုဒ်)

၉။ ဘိက္ခုနီသုဒ္ဓပါစိတ်လာ ဝဂ်အစဉ်
(၁) လသုဏဝဂ် (၂) ရတ္တန္ဓကာရဝဂ် (၃) နဂ္ဂဝဂ် (၄) တုဝဋ္ဋဝဂ် (၅) စိတ္တာဂါရဝဂ် (၆) အာရာမဝဂ် (၇) ဂဗ္ဘိနီဝဂ် (၈) ကုမာရိဘူတဝဂ် (၉) ဆတ္တုပါဟနဝဂ် (၁၀) မုသာဝါဒဝဂ် (၁၁) ဘူတဂါမဝဂ် (၁၂) ဘောဇနဝဂ် (၁၃) စာရိတ္တဝဂ် (၁၄) ဇောတိဝဂ် (၁၅) ဒိဋ္ဌိဝဂ် (၁၆) ဓမ္မိကဝဂ်။
ပါစိတ်အာပတ်
ပါစိတ်အာပတ်

၁၀။ ပါစိတ်အာပတ်။ (က၁ိ) } ၃၃၂
အနာပတ္တိ။ (က၁ိ)

## ၁၃၃၀ (၁၉၆၉) ခုနှစ်

## ပါဠိပထမပြန်စာမေးပွဲ

# ပထမကြီးတန်း - ဝိနယ - အဖြေ

---

၁။ (၁၃၂၇-ခုနှစ် အဖြေအတိုင်း ဖြစ်သည်။)

၂။ ခိုးခြင်း (၂၅) ပါး

(၁) နာနာဘဏ္ဍပဉ္စက (၂)ကေဘဏ္ဍပဉ္စက (၃)သာဟတ္ထိက ပဉ္စက (၄) ပုဗ္ဗပယောဂပဉ္စက (၅) ထေယျာဝဟာရပဉ္စက။

ဆောင်။ ။နာနာ- ဧက၊ သာဟတ္ထ၊ ပုဗ္ဗ- ထေယျာမှတ်။

ထေယျာဝဟာရပဉ္စက

(၁) ထေယျာဝဟာရ (၂)ပသယှာဝဟာရ (၃) ပရိကပ္ပါ- ဝဟာရ (၄) ပဋိစ္ဆန္နာဝဟာရ (၅) ကုသာဝဟာရ။

၃။ ထေယျစိတ်ဖြင့် သုံးသပ်လျှင် ဒုက္ကဋ်၊ တုန်လှုပ်စေလျှင် ထုလ္လစ္စည်း၊ တည်ရာမှ ရွေ့စေလျှင် ပါရာဇိက။

ဆောင်။ ။နေရာတခု-ထားပြုဥစ္စာ၊
ခိုးလိုစိတ်ခတ်-သုံးသပ်ဒုက္ကာ၊
လှုပ်စေခဲ့ငြား- မှတ်သား ထုလ္လာ၊
တည်ရာမှ- ရွေ့က ပါဇိကာ။

ဒုတိယပါရာဇိက အနာပတ္တိ ဝါရများ

မိမိဥစ္စာအမှတ်ရှိသူအားရင်း၊ အကျွမ်းဝင်၍ယူရာ၌ရင်း၊ ခေတ္တခဏ ယူရာ၌ရင်း၊ ပြိတ္တာတို့၏ဥစ္စာ၌ရင်း၊ တိရစ္ဆာန်၏ဥစ္စာ၌ရင်း၊ ပံ့သကူအမှတ်ရှိသူအားရင်း၊ ဥမ္မတ္တက စသည်တို့အားရင်း ဒုတိယ ပါရာဇိကဖြင့် အာပတ်မသင့်။

## ၄။ ယာဝတိယကံ ဇာနံ ပဋိစ္ဆာဒေတိ

အာပတ်သင့်မှန်း သိပါလျက် ထင်စွာမပြုခြင်း (အခြားရဟန်းတို့အား မပြောကြားခြင်း)ကို ဖုံးလွှမ်းထားသည်ဟု ခေါ်သည်။

ပဋိစ္ဆာဒန လက္ခဏာ (၁၀) ပါး

(၁) အာပတ္တိ- အာပတ်သင့်ခြင်း၊ (၂) အာပတ္တိသညီ- အာပတ်သင့်မှန်း သိခြင်း၊ (၃) ပကတတ္တော- ပကတတ်ဖြစ်ခြင်း၊ (၄) ပကတတ္တသညီ- ပကတတ်မှန်း သိခြင်း၊ (၅) အနန္တရာယိကော- အန္တရာယ် ဆယ်ပါး မရှိခြင်း၊ (၆) အနန္တရာယိကသညီ- အန္တရာယ် မရှိမှန်း သိခြင်း၊ (၇) ပဟု-စွမ်းနိုင်ခြင်း၊ (၈) ပဟုသညီ- စွမ်းနိုင်မှန်း သိခြင်း၊ (၉) ဆာဒေတုကာမော- ဖုံးထားလိုခြင်း၊ (၁၀) ဆာဒေတိ- ဖုံးထားခြင်း။

**ဆောင်။** ။သင့်တုံအာပတ်၊ ပကတတ်၊ ကင်းလတ်အန္တရာယ်၊
ကြားငှါစွမ်းငြား၊ သညီပွား၊ ရှစ်ပါးသရုပ်ချယ်၊
ဖုံးလွှမ်းလိုငြား၊ ဖုံးလွှမ်းထား၊ ဆယ်ပါးဖုံးလွှမ်းဘွယ်။

## ၅။ အသာဓာရဏ သိက္ခာပဒ

ပတ္တ, ဝဿိကသာဋိက, သာသက်သိက္ခာပုဒ် (၃)

**သာဓာရဏ သိက္ခာပဒ**

ကြွင်းသော (ဥိနပဋ္ဌဗန္ဓန, ဘေသဇ္ဇ, စီဝရအစ္ဆိန္နန, သုတ္တဝိညတ္တိ, မဟာပေသကာရ, အစ္စေကစီဝရ, ပရိဏတ) သိက္ခာပုဒ် (၇)

၆။ (အနက် ထင်ရှားပြီ။)

၇။ လက်ကို ဆွဲကိုင်သည်ကို သာယာသော ဘိက္ခုနီမအား အဌ၀တ္ထုက သိက္ခာပုဒ်ဖြင့် ထုလ္လစ္စည်း၊ ကျောကို ပွတ်သပ်သည်ကို သာယာသော ဘိက္ခုနီမအား ဥဗ္ဗဇာဏုမဏ္ဍလိကာ သိက္ခာပုဒ်ဖြင့် ပါရာဇိက။

ဘိက္ခုမှာကား ကာယသံသဂ္ဂ သိက္ခာပုဒ်ဖြင့် နှစ်ချက်လုံး သံဃာဒိသိသ်။

၈။ **ဘိက္ခုနီ သိမ်းခြား သင်္ကန်းများ**

(၁) ရင်စည်းတဘက် (၂) ဥတုနှီး သင်္ကန်း (၃) ရေသနုပ်။

**စီဝရသင်္ကမနီယ**

ဥစ္စာရှင်ထံ ခွင့်မပန်ဘဲ ယူပြီး နောက် တဖန် ပြန်ပေးအပ်သော သင်္ကန်း ငါးထည်တို့တွင် တထည်ထည်သော သင်္ကန်းသည် **စီဝရသင်္ကမနီယ** မည်၏။

**သမဏစီဝရ**

ကပ္ပဗိန္ဒု ထိုးပြီးသော ဝတ်ရုံလောက်သော သင်္ကန်းသည် **သမဏစီဝရ** မည်၏။

**အာဝသထစီဝရ**

ဥတုလာသော ဘိက္ခုနီမတို့ ဝတ်ဘို့ရန် လှူဒါန်းထားသော ဥတုနှီးသင်္ကန်းသည် **အာဝသထစီဝရ** မည်၏။

၉။ သစေ မေ တွံ့ အယျေ စီဝရံ ဒဿသိ၊ ဧဝါဟံ တံ ဝုဋ္ဌာပေဿာမိ။ သစေ မေ တွံ့ အယျေ ဒွေ ဝဿာနိ အနုဗန္ဓိဿသိ၊ ဧဝါဟံ တံ ဝုဋ္ဌာပေဿာမိ။

၁၀။ (က) နိဿဂ္ဂိပါစိတ် (ခ-ဂ-ဃ) သုဒ္ဓပါစိတ် (င) ပါဋိဒေသနီ။

၁၃၃၁ (၁၉၇၀) ခုနှစ်
ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - ဝိနယ - အဖြေ

---

၁။ (၁) အတိခုဒ္ဒကာ - အလွန်ငယ်သောသိမ်။
(၂) အတိမဟန္တီ - အလွန်ကြီးသောသိမ်။
(၃) ခဏ္ဍနိမိတ္တာ -နိမိတ်ကျိုးသောသိမ်။
(၄) ဆာယာနိမိတ္တာ - အရိပ်ကို နိမိတ်ပြုသောသိမ်။
(၅) အနိမိတ္တာ - နိမိတ်လုံးဝမရှိသောသိမ်။
(၆) ဗဟိ သီမေ ဌိတေန သမ္မတာ - သိမ်၏ပြင်ပမှနေ၍ သမုတ်အပ်သော သိမ်။
(၇) နဒိယာ သမ္မတာ - မြစ်၌ သမုတ်အပ်သောသိမ်။
(၈) သမုဒ္ဒေ သမ္မတာ - သမုဒ္ဒရာ၌ သမုတ်အပ်သောသိမ်။
(၉) ဇာတဿရေသမ္မတာ-ဇာတဿရအိုင်၌သမုတ်အပ်သောသိမ်။
(၁၀) သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတာ - သိမ်ဟောင်းနှင့်စပ်၍ သမုတ်အပ်သောသိမ်။
(၁၁) သီမာယ သီမံ အဇ္ဈောတ္ထရန္တေန သမ္မတာ - သိမ်ဟောင်းကို လွှမ်းခြုံ၍ သမုတ်အပ်သောသိမ်။

ဆောင်။ ။ကြီး-ငယ်-ကျိုး-ရိပ်၊ အနိမိတ်၊ ဗဟိဒ် တည်သမုတ်။
အိုင်-သမုဒ်-မြစ်၊ စပ်လွှမ်းလစ်၊ ဆယ့်တစ် သိမ်ပျက်ထုတ်။

**ခဏ္ဍနိမိတ်သိမ်**

မူလ ပထမ ကြားအပ်သော နိမိတ်တိုင်အောင် ထပ်၍ မကြား သောအားဖြင့် နိမိတ် မစပ်မိသော သိမ်မျိုးသည်ရင်း၊ နိမိတ်

မလောက်သောအရာမျိုးကို နိမိတ်ပြု၍ သမုတ်အပ်သော သိမ်မျိုး သည်ငှင်း ခဏ္ဍနိမိတ် သိမ်မည်၏။

၂။ သရမာနေန ဘိက္ခုနာ-ကို ထောက်၍ မိမိအာပတ်ကို အမှတ်မရလို့ မကြားမိဘဲ ဆိတ်ဆိတ်နေသူအား အာပတ်မသင့်ပါ။

**ပရိသုဒ္ဓအဖြစ်ကို သိရကြောင်း**

အာဝီကရဏ (ထင်စွာ ပြုခြင်း) ကြောင့်ငှင်း—

တုဏှီဘာဝ (ဆိတ်ဆိတ်နေခြင်း) ကြောင့်ငှင်း— ပရိသုဒ္ဓအဖြစ် ကို သိရသည်။

ယဿ သိယာ အာပတ္တိ၊ သော အာဝိကရေယျ၊ အသန္တိယာ အာပတ္တိယာ တုဏှီ ဘဝိတဗ္ဗံ၊ တုဏှီဘာဝေန ခေါ ပနာယသ္မန္တေ ပရိသုဒ္ဓါတိ ဝေဒိဿာမိ။ (ပါတိမောက်)

တုဏှီဘာဝေနာပိ(အာဝီကရဏကြောင့်သာမဟုတ်-တုဏှီဘာဝ ကြောင့်လည်း) (ကင်္ခါ-၄)

၃။ ဝဂ္ဂုမုဒါ မြစ်ကမ်းနားနေသော ရဟန်းတို့ကို အကြောင်းပြု၍ စတုတ္ထပါရာဇိက သိက္ခာပုဒ်ကို ပညတ်အပ်သည်။

**အင်္ဂါ**

(၁) ဥတ္တရိမနုဿဓမ္မ မိမိ၌ မရှိခြင်း။
(၂) ယုတ်မာသော အလိုရှိခြင်း။
(၃) ပြော ကြားအပ်သူ၏ လူဇာတ်ရှိခြင်း။
(၄) သူတပါးကို ရည်သွန်းပြောကြားမှု မဟုတ်ခြင်း။
(၅) ပြော ပြီးလျှင် ပြော ပြီ ခြင်း နားထောင်သူ သိခြင်း။

အသန္တတာ အတ္တနိ ပါပိစ္ဆတာ၊
ယာရောစနာ တဿ မနုဿဇာတိတာ၊
နညာပဒေသော စ တဒေဝ ဇာနနံ၊
ပဉ္စေတ္တ အင်္ဂါနိ အသန္တဒီပနေ။

**အနာပတ္တိဝါရ**

အဝိမာနပုဂ္ဂိုလ်, ပါပိစ္ဆာမရှိသူ၊ ဥမ္မတ္တက စသောပုဂ္ဂိုလ်တို့အား စတုတ္ထပါရာဇိက သိက္ခာပုဒ်ဖြင့် အာပတ်မသင့်။

၄။ **သမောဓာန ပရိဝါသ် (၃)ပါး**

**ဩဓာနသမောဓာန**—ပရိဝါသ်၏ အတွင်း၌ သံဃာဒိသိသ် အာပတ် ထပ်သင့်ပြန်ပြီးလျှင် ဖုံးလွှမ်း၍ထားသော ရဟန်းအား နောက်က စောင့်ခဲ့ပြီးသော နေ့ရက်တို့ကို ဖျက်၍ မူလအာပတ်၏ ဒိဝသ ပရိစ္ဆေဒ၌ နောက်ထပ်သင့်သော အန္တရာပတ်ကို ပေါင်း၍ ပေးအပ် သော ပရိဝါသ်။

**အဂ္ဃသမောဓာန**— ဖုံးလွှမ်းသည့်ရက် မတူမျှသော သံဃာဒိသိသ် အာပတ်တို့ကို ရက်အကြာဆုံး ဖုံးလွှမ်း အပ်သော အာပတ်၌ သိမ်းသွင်း စုပေါင်း၍ ပေးအပ်သော ပရိဝါသ်။

**မိဿကသမောဓာန**— အာပတ်သင့်ကြောင်း ဝတ္ထု ကွဲပြားသော သံဃာဒိသိသ်အာပတ်တို့ကို တပေါင်းတည်း ပေါင်းရုံး၍ ပေးအပ် သော ပရိဝါသ်။

**သန္နိဓိကာလ**— အကပ်ခံပြီး တည့်ဥ်ကို လွန်ခြင်း။

ပဋိဂ္ဂဟေတွာ ဧကရတ္တိံ ဝီတိနာမိတဿေတံ နာမ။ (ကခ်ါ)

**ကာလိက**— ယာဝ-ယာမ၊ ကာလိက၊ နှစ်ပ သန္နိဓိ။

ယာဝကာလိက ယာမကာလိကတာ သန္နိဓိဘာဝေါ တဿ အဇ္ဈော ဟရဏာန္တိ၊ ဣမာနိ ပနေတ္ထ တီဏိ အင်္ဂါနိ။ (သာရတ္ထဒီပနီကာ)

၅။ ဓာတရူပ သိက္ခာပုဒ်သည်–

ရွှေ ငွေ အတုံးအခဲနှင့် ဒင်္ဂါးပိုက်ဆံ ဟူသော နိဿဂ္ဂိယဝတ္ထု, အခြားရတနာ အမျိုးမျိုး ဟူသော ဒုက္ကဋဝတ္ထုများကို ခံယူခြင်းမှ တားမြစ်သည်။

ရူပိယသံဝေါဟာရ သိက္ခာပုဒ်သည်–

ထိုနိဿဂ္ဂိယဝတ္ထု ဒုက္ကဋဝတ္ထုနှင့် အခြားဝတ္ထုကို လဲလှယ်ခြင်းမှ တားမြစ်သည်။ ဤသို့ ထူးသည်။

ဝတ္ထုအလိုက် အာပတ်သင့်ပုံ

ဒုက္ကဋဝတ္ထုဖြင့်–ဒုက္ကဋဝတ္ထု ကပ္ပိယဝတ္ထုကိုရင်း

ကပ္ပိယဝတ္ထုဖြင့်–ဒုက္ကဋဝတ္ထုကိုရင်း လဲလှယ်က ဒုက္ကဋ်။

နိဿဂ္ဂိယဝတ္ထုဖြင့်– နိဿဂ္ဂိယဝတ္ထု ဒုက္ကဋဝတ္ထု ကပ္ပိယဝတ္ထုကိုရင်း

ကပ္ပိယဝတ္ထု ဒုက္ကဋဝတ္ထုတို့ဖြင့်–နိဿဂ္ဂိယဝတ္ထုကိုရင်း လဲလှယ်က နိဿဂ္ဂိပါစိတ်။

ဆောင်။ ။ဒုက္ကဋ်ဝ တဘက်၊ ပါသည့်တွက်၊ မှတ်ချက် ဒုက္ကဋ်သိ။
နိဿဂ္ဂိ တဘက်၊ ပါသည့်တွက်၊ မှတ်ချက် နိဿဂ္ဂိ။

၆။ မာတုဂါမနှင့် စပ်သော သိက္ခာပုဒ်များ

ဒုတိယသဟသေယျ, ဓမ္မဒေသနာ, ရဟော ပဋိစ္ဆန္န, ရဟော နိသဇ္ဇ, သပ္ပါဏကဝဂ် - သံဝိဓာန သိက္ခာပုဒ်များ ဖြစ်သည် (၅)

စစ်သည်နှင့် စပ်၍ ပညတ်သော သိက္ခာပုဒ်ကား

ဥယျုတ္တသေနာ, သေနာဝါသ, ဥယျောဓိက သိက္ခာပုဒ် (၃)

ပရမ္ပရဘောဇဉ် စားကောင်းရာ ကာလကား

ဂိလာနသမယ, စီဝရဒါနသမယ, စီဝရကာလသမယ။

၇။ (ထင်ရှားပြီ။)

၈။ (ထင်ရှားပြီ။)

၉။ ဆုံးဖြတ်ချက် ဒီဂရီချပြီးသောအခါ ဥဿယဝါဒိကာသံဃာဒိသိသ်အာပတ်သင့်သည်။

အဍ္ဍပရိယောသာနေ ဘိက္ခုနိယာ ဇယေပိ ပရာဇယေပိ သံဃာဒိသေသော။

**နိဿာရဏီယ ဖြစ်ပုံ**

သံဃာဒိသိသ်အာပတ်သင့်သူသည် မာနတ်ဆောက်တည်ခိုက်၌ ထိုမာနတ်နှင့် ဆိုင်သော ကျင့်ဝတ်များကို ကျင့်နေရသည်ဖြစ်၍ သံဃာမှ နှင်ထုတ်ရာရောက်သောကြောင့် နိဿာရဏီယဟုဆိုသည်။

၁၀။ **ပဝါရဏာ ခြားနားချက်**

ရဟန်း ယောကျ်ားတို့သည် ဘိက္ခုအချင်းချင်းသာ ပဝါရဏာပြုရုံဖြင့် ပြီးသည်။

ရဟန်း မိန်းမတို့မှာကား ဘိက္ခုနီသံဃာ့အထံ၌ တကြိမ်, ဘိက္ခုသံဃာ့အထံ၌ တကြိမ် အားဖြင့် ဥဘတော သံဃာ၌ နှစ်ကြိမ် ပဝါရဏာပြုရသည်။

ယာ ပန ဘိက္ခုနီ ဒွေဝဿာနိ ဆသု ဓမ္မေသု သိက္ခိတသိက္ခံ သိက္ခမာနံ သံဃေန အသမ္မတံ ဝုဋ္ဌာပေယျ ပါစိတ္တိယံ–ကိုထောက်၍ နှစ်နှစ်ပတ်လုံး သိက္ခမာန်အကျင့် ကျင့်ပြီးသော်လည်း သံဃာက မသမုတ်အပ်သေးလျှင် (သမ္မုတိ မရသေးလျှင်) ရဟန်းခံ မပေးနိုင်ပါ။

သုဓမ္မဝတီ (က) ၁၀၆–၅

## ၁၃၃၂ (၁၉၇၁) ခုနှစ်

## ပါဠိပထမပြန်စာမေးပွဲ

# ပထမကြီးတန်း - ဝိနယ - အဖြေ

---

၁။ အညမညာရောစန ပါရိသုဒ္ဓိဉပုသ်ပြုရမည်။

(၃) ပါး ပါရိသုဒ္ဓိဉပုသ်ပြုပုံ

ဉပုသ်နေ့ သိမ်အပြင်၌ စည်းဝေး၍ တပါးပါးက "သုဏန္တု မေ အာယသ္မန္တာ အဇ္ဇုပေါသထော စာတုဒ္ဒသော (ပန္နရသော) ယဒါယသ္မန္တာနံ ပတ္တကလ္လံ မယံ အညမညံ ပါရိသုဒ္ဓိဉပေါသထံ ကရေယျာမ"ဟု ဉတ်ထားပြီး၊ မထေရ်ကြီးက သင်္ကန်းလက်ဝဲ ကတင်လျက် ဆောင့်ကြောင့်ထိုင် လက်အုပ်ချီကာ—

"ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေထ"ဟု သုံးကြိမ် ဆိုရမည်။

ကျန်သော နှစ်ပါးတို့ကလည်း—

"ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထ" ဟု သုံးကြိမ် ဆိုရမည်။

၂။ ဒုတိယပါရာဇိကသည် ပရိယာယ်**အား**ဖြင့် အာပတ်မသင့်။

**အထောက်။** ။(အဒိန္နံ ထေယျသင်္ခါတံ) အာဒိယေယျ။

ပရိယာယ်အားဖြင့် သေချင်အောင် ပြောသောကြောင့် ထိုသူ သေခဲ့သော် ပါရာဇိက ကျ၏။

**အထောက်။** ။မရဏာဝဏ္ဏံ ဝါ သံဝဏ္ဏေယျ။

ယထာ-အဒိန္နာဒါနေ 'အာဒိယေယျာ'တိ ဝုတ္တတ္တာ ပရိယာယေန ကထာယ မုစ္စတိ နယိဓ ဧဝံ၊ သံဝဏ္ဏေယျာတိ ဝစနတော ပန ဣဓ ပရိယာယ ကထာပိ န မုစ္စတိ။ (ကခ်ါ)

၃။ ကုဋိကာရသိက္ခာပုဒ်၌ အဿာမိက-ပမာဏိက၊ ဝိဟာရသိက္ခာပုဒ်၌ သဿာမိက-အပ္ပမာဏိက၊ ဤသို့ ထူးသည်။ သဿာမိကဘာဝမတ္တမေဝ ဟိ ဝိသေသော။ (ကခ်ါ)

အင်္ဂတေ မြေညက် သုတ်ထားသော ဥလ္လိတ္တစသော ကျောင်းသုံးမျိုးကိုသာ ပညတ်လိုရင်း ဖြစ်သောကြောင့် သစ်ဝါးတို့ဖြင့် ဆောက်လုပ်သော ကျောင်းဖြစ်လျှင် ကုဋိကာရ သိက္ခာပုဒ်အရ အပြစ်မရှိ။

"အတ္တုဒ္ဒေသံ"ဟု ဆိုခြင်းကြောင့်- သံဃိကအတွက်ဖြစ်လျှင် အပြစ်မရှိ။

၄။ ကိုယ်ဖြင့် ဆောင်ယူခဲ့၍ ဖြစ်စေ၊ အလိုရှိသလို အထည်တိုက်မှ ထုတ်ယူပါဟု နှုတ်ဖြင့် ရွှေ့ရှဆောင်၍ ဖြစ်စေ ဖိတ်မန်ခြင်းသည် "အဘိဟဋ္ဌုံ ပဝါရေယျ" မည်၏။

**သန္တရုတ္တရပရမံ**

သင်္ကန်းသုံးထည်ဖြင့် နေသူမှာ-တထည်ပျောက်လျှင် နှစ်ထည် ကျန်သေး၍ မခံယူကောင်း၊ နှစ်ထည်ပျောက်လျှင် တထည်ယူ၊ သုံးထည်ပျောက်လျှင် နှစ်ထည် ခံယူရသည်။

နှစ်ထည်ဖြင့် နေသူဖြစ်လျှင် တထည်ပျောက်လျှင် တထည်ယူ၊ နှစ်ထည်ပျောက်လျှင် နှစ်ထည် ယူကောင်းသည်။

ဆိုလိုရင်းမှာကား မိမိမှာ နှစ်ထည်ထက် မပိုရ။

၅။ ပုဝ- လက်ဆောင်အလှူငှါ စီမံအပ်သော မှုံ။

မန္တ- လမ်းခရီး၌ ရိက္ခာအလှူငှါ စီမံအပ်သော မှုံ။

ကျင့်ဝတ်

နှစ်သပိတ်အပြည့်ဖြစ်စေ၊သုံးသပိတ်အပြည့်ဖြစ်စေ ခံယူနိုင်သည်၊ ထို့ထက် အလွန် မခံယူနိုင်။

ထိုအိမ်မှ ခံယူပြီးသလောက်ကိုလည်း အခြားတွေ့တိုင်းသော ရဟန်းတို့အား ပြောကြားရမည်။

နှစ်သပိတ် သုံးသပိတ် ခံယူပြီး အခြားရဟန်းတို့နှင့် အတူ ဝေဘန်၍ သုံးဆောင်ရမည်၊ တသပိတ်သာ ခံယူသူကား မဝေဘန်သော်လည်း အပြစ်မရှိ။

၆။ (ထင်ရှားပြီ။)

၇။ (ထင်ရှားပြီ။)

၈။ (၁၃၂၇- ခုနှစ်၌ ပုစ္ဆာ ဖြေခဲ့ပြီ။)

၉။ အဓ္ဓောရဋ္ဌသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။

၁၀။ **သဃာဋိစာရ**

တိစီဝရိက်, ရေသနုပ်, ရင်စည်းတဘက် ဟူသော သင်္ကန်းငါးထည်ကို လဲလှယ်၍ဝတ်ခြင်း နေလှမ်းခြင်းသည် သဃာဋိစာရ။

(စီဝရသက်မနီယ အခိပ္ပါယ် ၁၃၃၀- ခုနှစ် အဖြေ၌ ဖြေခဲ့ပြီ)

## ၁၃၃၃ (၁၉၇၂) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - ဝိနယ - အဖြေ

---

၁။ **ပိဏ္ဍတ္ထပဉှက**

(ဥပသဂ္ဂနိပါတ ပုဗ္ဗကော အဗျယီဘာဝေါ-ကို ထောက်ပါ)

**သမာသ်မဖြစ်ပုံ**

လိုက်လာသော ဝိဘာသာ- သဒ္ဒါက တားမြစ်သောကြောင့် ၎င်း၊ အနဘိဓာန (သမာသ်ဖြစ်သည့်အခါ ထို ဝါကျ၏ အနက်ကို မဟောနိုင်ခြင်း) ကြောင့်၎င်း မာန-အန္တ- စသော ပစ္စယန္တပုဒ်များ နှင့် သမာသ် မဖြစ်ပါ။

တဝန္တု မာနန္တာဒိ ကိတန္တေဟိ ဝါကျမေဝ၊ ဝတ္တိဗ္ဗာ ဝိဘာသာ မိကာရတော၊ အနဘိဓာနတော ဝါ။ (ရူ)

ဆောင်။ ။တဝန္တု-တာဝီ၊ တာလီ မာန၊ အန္တ-အာနာ၊ တုံ-တွာ-တုန၊ တွာန-သဒ္ဒါ၊ နောက်ပုဒ်ပါမူ၊ နှ-သဒ္ဒါမှ၊ ကြွင်းပဒနှင့်၊ ဝါကျသာမှတ်၊ သမာသ် မဖြစ်၊ ဆိုတုံလစ်၏။

(ရူ-ဘာသာဋီကာ)

၅။ ကိယ-ပစ္စည်းသည် နိယုတ္တအနက်၌ သက်သည်။

ဥဒါဟရဏ်ကား—ဇာတိယံ နိယုတ္တော ဇာတိကိယော။

ဝန္တုပစ္စယန္တ ဗလဝါ- သဒ္ဒါသည် ဣတ္ထိလိင်၌ သိ-ဝိဘတ်ဖြင့် (ဏာဝ ဏိက ဏေယျ ဏန္တုဟိ - န္တုဿ တ မိကာရေ-သုတ်တို့ဖြင့်) ဗလဝတီ ဟု ရုပ်ပြီးသည်။

၆။ ဂမု+ဤ
အဂစ္ဆိ - ဂစ္ဆိ - အဂစ္ဆိ - ဂစ္ဆိ။
အဂစ္ဆိ - ဂစ္ဆိ - အဂစ္ဆိ - ဂစ္ဆိ။ (စွသာ ဥဿဒေဿာ)
အဂမိ - ဂမိ - အဂမိ - ဂမိ။
အဂမာသိ - ဂမာသိ - အဂမာသိ - ဂမာသိ။ (သနှင့် အာလာ)
အဇ္ဈဂါ။

**ကာရိတ်ပစ္စည်း**

ဥဝဏ္ဏန္တ ဓာတ်နောင် - ဏေ - ဏယ (၂) ပစ္စည်း။
အာကာရန္တ ဓာတ်နောင် - ဏာပေ - ဏာပယ (၂) ပစ္စည်း။
(ဣဝဏ္ဏန္တ - ဧ - ဩ ကာရန္တ ဓာတ်နှင့် စုရာဒိဂိုဏ်း ဓာတ်တို့နောင် လည်း ဏာပေ- ဏာပယ- နောက် (၂) ပစ္စည်း)
အနေကာသရ ဓာတ်နောင် အချို (၄) ပစ္စည်း၊ အချို့ရွေ (၂)ပစ္စည်း။

**ဆောင်။** ။ဥဝဏ်နောင်ကျ၊ ဏေ-ဏယသာ၊ စုရာ ဣဝဏ္ဏေ၊ အာ-ဩ- ဧ-မှာ၊ ဏာပေ-ဏာပယ၊ နောက်နှစ်ဝ မှတ်၊ နေကာသရာ၊ ဓာတ်နောက်မှာလေး၊ ချို့မှာဒွေး၊ လိုက်ရေးဝါကြောင့်တည်း။

၇။ ဂုဟ-ဒုသ-ဓာတ်တို့၌ ဝုဒ္ဓိ မရောက်။
ဂုဟ ဒုသာနံ ဒီဃံ-သုတ်ကို ထောက်ပါ။
တဿိလတ္တပစ္စည်းများကား—
ဏီ-တု-အာဝီ-ယု-ရူ-ဏုက-တို့ ဖြစ်သည်။

**ဆောင်။** ။ ဏီ တု အာဝီ၊ ယု ရူ မှီ၊ တလီ ဏုကမှတ်။

၈။ **တ-၏ ကာလ သာဓန**
အတီတေ တ တဝန္တု တာဝီ-အတိတ်ကာလ-ကတ္တုသာဓန။
ဘာဝကမ္မေသု တ- အတိတ်ကာလ- ဘာဝ+ကမ္မသာဓန။
ဗုဓ ဂမာဒိတ္ထေ ကတ္တရိ- တိကာလ- ကတ္တုသာဓန။
ဆဒါဒီဟိ တတြဏ်- တိကာလ- ကတ္တုသာဓန။

၉။ (က) ပပုဗ္ဗ+ဘန္စ+တ (ခ) ဝသ+တ (ဂ) မိဒ+တ္တ (ဃ) ပဒ+တိ (င) အာပုဗ္ဗ+ဘာ+ကွိ။

၁၀။ (ပုဒ်စစ်အတိုင်း ထင်ရှားပြီ။)

## ၁၃၃၁ (၁၉၇၀) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - သဒ္ဒါ - အဖြေ

---

၁။ (က) မစု+ဥဒကံ (ခ) အနု+အဒ္ဓမာသံ (ဂ) ဒု+စရိတံ (ဃ) ပဋ္ဌကွန္တော (င) ဩသာနံ (စ) ကတန္တိ။

**ဒ-လာရာဒေသ**

ဒ-အက္ခရာသည်— ဥ-ဥပသာရပုဒ်၊ သကိ-ကေနစိ-ကိဥ္စိ-ကိသ္မိံစိ-ကောစိ-သမ္ပာ-ယာဝ-တာဝ-ပုန-ယ-တ-တေ-အတ္တ-သ-စသော သဒ္ဒါတို့နောင် လာသည်။ (ရူ)

၂။ **ဝိပရိတ် (၃)မျိုး**

(၁) အ-ဝိပရိတ်- အာ-မှ အ-ဘောက်ပြန်သွားခြင်း။

(၂) ဣ-ဝိပရိတ် - ဤ-ဧ-တို့မှ ဣ-ဘောက်ပြန်သွားခြင်း။

(၃) ဥ-ဝိပရိတ် - ဦ-ဩ-တို့မှ ဥ-ဘောက်ပြန်သွားခြင်း။

**ဆောင်။** ။ဝုဒ္ဓိ ဒီဃ၊ နှစ်ပါးမှပြန်၊ ပြုရသာံ၊ မှတ်ရန် ဝိပရိတ်။

**ဝိဘတ်၏ ဝေဘန်ပုံ**

ပုရိသ-ယောကျ်ား-ဟူသော လိင်္ဂတ္ထကို—

ပုရိသံ-ယောကျ်ားကို-ဟု ကံ ကေဝုစ် အဖြစ်ဖြင့်ရင်း၊

ပုရိသေ-ယောကျ်ားတို့ကို-ဟု ကံ ဗဟုဝုစ် အဖြစ်ဖြင့်ရင်း၊

ပုရိသေန-ယောကျ်ားသည်-ဟု ကတ္တား ကေဝုစ် အဖြစ်ဖြင့်ပင်း၊

ပုရိသေဟိ-ယောကျ်ားတို့သည်-ဟု ကတ္တား ဗဟုဝုစ် အဖြစ်ဖြင့်ရင်း။

ဤသို့လျှင် ပုရိသ-ယောကျ်ား-ဟူသော လိင်္ဂတ္ထကို ကံ-ကတ္တား-စသည်တို့၏ အစွမ်းအားဖြင့်ရင်း၊ ကေတ္တ-ဗဟုတ္တ အစွမ်းအားဖြင့်ရင်း အမျိုးမျိုးဖြစ်အောင် ဝိဘတ်က ခွဲခြမ်းဝေဘန်တတ်သည်။

ကမ္မာဒိဝသေန ကေတ္တာဒိဝသေန လိင်္ဂတ္ထံ ဝိဘဇ္ဇန္တီတိ ဝိဘတ္တိ ယော။ (ရူ)

၃။ တံ့-သင်သည်၊ ရထသာ-ရထား၏၊ အင်္ဂပစ္စင်္ဂါနံ-အင်္ဂါကြီးငယ်တို့၌ (သတ္တမီအနက်၌ ဆဋ္ဌီဝိဘတ်) ကုသလော - ကျွမ်းကျင်လိမ္မာ၏၊

ဟတ္ထေသု- လက်တို့ဖြင့်၊ (ကရိုဏ်းအနက်၌ သတ္တမီ ဝိဘတ်) ပိဏ္ဍာယ- ဆွမ်းအလို့ငှါ၊ စရန္တိ- လှည့်လည်ကုန်၏။

**သတ္တမီ ဝိဘတ်နက်များ**

**ဆောင်။** ။သာမိဿရ၊ ရှစ်ဌာနနှင့်၊ ဘုမ္မ-နိဒ္ဓါ၊ အနာဒရံ၊ သမ်-ပါဒါနိ လျှင်ါ၊ ကမ်-ကရဏတ်၊ ပစ္စတ်-နိမိတ်၊ ဓိကိဿရာ၊ ဥပါဓိယှဉ်၊ ထို့ပြင် မဏ္ဍိတ၊ ဥဿုက္ကနှင့်၊ ဘာဝလက္ခဏ၊ ကာလပေါင်းရုံး၊ နှစ်ဆယ့်သုံး၊ သက်ထုံး သတ္တမီ။

၄။ (ဒွန်၌ ကေတ္တိဘော ဖြစ်ပုံ ပုဒ်စစ်အတိုင်း ထင်ရှားပြီ။)

**ဒွန်၌ ရှေ့နေမည့် သဒ္ဒါများ**

(၁) အစ္စိက—ပူဇော်အပ်သော အနက်ဟောသဒ္ဒါ။
(၂) အပ္ပသရ နည်းသော သရရှိသော သဒ္ဒါ။
(၃) ဣဝဏ္ဏုဝဏ္ဏန္တ—ဣ-ဝဏ်, ဥ-ဝဏ် အဆုံးရှိသော သဒ္ဒါ။
(၄) သရာဒိအကာရန္တ—အစ၌ သရရှိသော အကာရန္တ သဒ္ဒါ။
(၅) အပ္ပသချာ နည်းသော သချာ သဒ္ဒါ။

ဤ သဒ္ဒါများသည် ဒွန်သမာသ်အရာ၌ ရှေ့မှာ နေသည်သာ များ၏။

အစ္စိတပ္ပ သရသချာ၊ ပုဗ္ဗံ ဣဝဏ္ဏုဝဏ္ဏကံ။
ဒွန္ဒေ သရာဒိ အကာရန္တံ၊ ဗဟူသု နိယမော ဘဝေ။

၅။ ဏိက ပစ္စည်းသည်

ယေန ဝါ သံသဋ္ဌ- စသော သုတ်လာ သံသဋ္ဌ, တရတိ, စရတိ, ဝဟတိ, ဝသတိ, ဇာတ-အနက်များနှင့်

တမဓီတေ- စသောသုတ်၌ အဓိတေ, ကတ, သန္နိဓာန, နိယုတ္တ, အဿသိပ္ပ, အဿဘဏ္ဍ, ဟန္တ္ဝာဇီဝတိ-အနက်။

သုဓမ္မဝတီ(က) ၁၀၆–၁၁

ငင်းသုတ် အာဒိသဒ္ဒါဖြင့် ပြအပ်သော–

ဟာတ, ဗန္ဓ, အာဝုဓနှင့်၊ အာဗာဓ-ပရိမာဏ၊ ကီတံ-အရဟာတိ၊ ရာသိ-ပသန္နာ၊ သန္တကာ-ဒိဗ္ဗ၊ ဆယ့်တဝ၊ မှတ်ကြ အနက်များ။

ဤဆိုခဲ့ပြီးသော အနက်တို့၌ ဖြစ်၏။

**ဏ္ဍ-ဝိဘတ်**

ပရောက္ခာ—ပရဿပုဒ် မဇ္ဈိမပုရိသ် ဗဟုဝုစ် (ဏ္ဍ)

။ အတ္တနောပုဒ် ပဌမပုရိသ် ဧကဝုစ် (ဏ္ဍ)

ဟိယျတ္တနီ—ပရဿပုဒ် မဇ္ဈိမပုရိသ် ဗဟုဝုစ် (ဏ္ဍ)

။ အတ္တနောပုဒ် ပဌမပုရိသ် ဧကဝုစ် (ဏ္ဍ)

အဇ္ဇတနီ—ပရဿပုဒ် မဇ္ဈိမပုရိသ် ဗဟုဝုစ် (ဏ္ဍ)

၆။ ဝဒ-ဓာတ် တိဝိဘတ်ဖြင့်—

ဝဒတိ - ဝဒေတိ - ဝဇ္ဇတိ - ဝဇ္ဇေတိ။

ဝုတ္တ ကတ္တားကံ အရာ၌ — ကတ္တား ကံ အနက်တို့ကို အာချာတ် (ကိတ်) သည် ဟောပြီးဖြစ်၍ ဝိဘတ်က ဟောဘွယ် မလိုသော ကြောင့် ပဌမာ ဝိဘတ်သာ သက်ရမည်။

ဆောင်။ ။ဟောရာ ဟောရာ၊ ပဌမာ၊ မဟောပါလျှင်၊ ဒုတိယာနှင့် တတိယာ။

ကတ္တုနော အဘိဟိတတ္တာဝ၊ အာချာတေန န ကတ္တရိ။
တတိယာ ပဌမာ ဟောတိ၊ လိင်္ဂတ္ထံ ပန ပေက္ခိယ။
အာချာတေန အဝုတ္တတ္တာ၊ တတိယာ ဟောတိ ကတ္တရိ။
ကမ္မဿာဘိဟိတတ္တာ န၊ ဒုတိယာ ပဌမာ ဝိဓ။ ။(ရူ)

၇။ ဓာတုရူပအဓိပ္ပါယ်

ဂမု - စသော ဓာတ်နောင် တိ - စသော ဝိဘတ်သက်ရသကဲ့သို့ အတိဟတ္ထယ- စသော နာမဓာတ်နောင်လည်း တိ-စသော ဝိဘတ် သက်ရ၏။

ပုရိသော မဂ္ဂံ ဂစ္ဆတိ- ဟု ဂစ္ဆတိ- အတွက် ကတ္တား ကံ ရှိသကဲ့သို့ အတိဟတ္ထယတိ - စသော နာမဓာတ် အတွက် ပုရိသော မဂ္ဂံ အတိဟတ္ထယတိ - စသည်ဖြင့် ကတ္တား ကံ- ရှိနိုင်၏။

ရိုးရိုးဓာတ်တို့၌ ပုရိသေန မဂ္ဂေါ ဂစ္ဆီယတေ စသည်ဖြင့် ကံဟော ဝါကျ ဖြစ်နိုင်သကဲ့သို့ နာမဓာတ်တို့၌လည်း ပုရိသေန မဂ္ဂေါ အတိဟတ္ထီယတေ- စသည်ဖြင့် ကံဟော ဝါကျ ဖြစ်နိုင်၏။

ဤသို့လျှင် အတိဟတ္ထယ - စသည်သည် ရိုးရာဓာတ်များကဲ့သို့ မိမိဟောအပ်သော ကတ္တား ကံ-တို့ဖြင့် ထင်ရှားလျက် ရှိသော ကြောင့် ဓာတုရူပ မည်၏။

အတ္တနာ ဝစနီယဿ၊ ကတ္တု ကမ္မေဟိ ပါကဋော။
သကတ္တုကော သကမ္မောတိ၊ ဓာတုရူပေါတိ ဝုစ္စတိ။ (ဘေဒစိန္တာ)

အညောကိတ်အရ- ကိတ်ပစ္စည်း များကား—

**ဆောင်။** ။"ဏီ - ရူ - ဏုက၊ ဣန-မာန၊ အန္တ တခုတ- တဝန္တု တာဝီ၊ ထိုပြီတထွေ၊ တဝေ-တုံ-တုန၊ တွာန- နှင့် တွာ၊ ဆဲ့သုံးဖြာ၊ မှတ်ပါ ကိတ် ပစ္စည်း။

ဟူသော ပစ္စည်းတို့တွင် ကြိုက်ရာ (၁၀) ပစ္စည်း ရေးပါ။

၈။ ယု ပစ္စည်း

သဒ္ဒ ကုဓ စလ မဏ္ဍတ္ထ ရုစာဒီဟိ ယု (ကတ္တုသာဓန- တိလိင်)
နန္ဒာဒီဟိ ယု (ဘာဝ + ကမ္မသာဓန -နပုံလိင်)

ကတ္တုကရဏပဒေသေသု စ (ကတ္တုသာဓန- တိလိင်)
" (ကရဏ + အဓိကရဏသာဓန-နပုံလိင်)

ဝုင်းသုတ် စ-သဒ္ဒါ (သမ္ပဒါန + အပါဒါနသာဓန - နပုံလိင်)

**ဆောင်။** ။ကတ္တားအနက်၊ သက်သည့်ယုမှာ၊ သုံးလိင်သာ၊ ကြွင်းခြောက်ဖြာမှာ၊ နပုံများသတည်း။

၉။ (က) ကရ + ရမ္မ (ခ) ဝသ + တ (ဂ) ဝမု + တ (ဃ) အဂ္ဂ+စီ (င) ဓာ + ဤဝရ။

၁၀။ **သကမ္မကမှ အကမ္မက**

အချို့သော ဓာက်သည် ဥပသာရနှင့် မယှဉ်သောအခါ ကေကမ္မကဓာတ်ဖြစ်လျက် ယှဉ်သောအခါ အကမ္မကဓာတ် ဖြစ်၏။

**ပြယုဂ်ကား**

ဂါမံ ဂစ္ဆတိ ပုရိသော (မယှဉ်သောအခါ)

ရာဇာ ပုရာ နိဂ္ဂစ္ဆတိ (ယှဉ်သောအခါ)

ဤပြယုဂ်၌ ဂမုဓာတ်သည် ဥပသာရနှင့် မယှဉ်သောအခါ ဂါမံ ဂစ္ဆတိ-ဟု ကေကမ္မကဓာတ် ဖြစ်လျက် နိ-ဥပသာရနှင့် ယှဉ်သောအခါ နိဂ္ဂစ္ဆတိ-(ထွက်၏)ဟု အကမ္မကဓာတ် ဖြစ်၏။

**အကမ္မကမှ သကမ္မက**

အချို့သောဓာတ်သည် ဥပသာရနှင့် မယှဉ်သောအခါ အကမ္မကဓာတ် ဖြစ်လျက် ယှဉ်သောအခါ ကေကမ္မကဓာတ် ဖြစ်၏။

**ပြယုဂ်ကား**

ရူပံ ဘဝတိ ဣတ္ထိယာ (မယှဉ်သောအခါ)

သုခံ အနုဘဝတိ ပုညဝါ (ယှဉ်သောအခါ)

ဤပြယုဂ်၌ ဘူ-ဓာတ်သည် ဥပသာရနှင့် မယှဉ်သောအခါ-ရူပံ ဘဝတိ ဣတ္ထိယာ(မိန်းမ၏ အဆင်းသည်ဖြစ်၏)ဟု အကမ္မကဓာတ်ဖြစ်လျက် အနုဥပသာရနှင့် ယှဉ်သောအခါ-သုခံ အနုဘဝတိ (ချမ်းသာကို ခံစား၏)ဟု ကေကမ္မကဓာတ် ဖြစ်၏။

## ၁၃၃၂ (၁၉၇၁) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - သဒ္ဒါ - အဖြေ

၁။ (က) ဝိ + ဥပသမော (ခ) အဟံ ခေါ + အဇ္ဇ (ဂ) အတိ + အက္ခာနံ (ဃ) သု + ပဋိပန္နော (င) သီလ + ဝတံ (စ) ဇုတိန္ဓရော (ဆ) သာရဂေါ (ဇ) ပဋိသလ္လီနော (ဈ) ကိန္ဒာနိ (ည) ပဏ္ဏာမေဝ။

၂။ (မနောဂိုဏ်းနှင့် မနောဂဏာဒိဂိုဏ်း ပုဒ်စစ်အတိုင်း ထင်ရှားပြီ)

တော - တြ- မိ - ဝ - ဒါ - ဒါနိ

တော - သဒ္ဒါတိုင်းနောင် သက်၏။

တြ– သဗ္ဗနာမ် သဒ္ဒါနောင် သက်၏ (တြထ သတ္တမိယာ သဗ္ဗနာမေဟိ)

မိ – သဗ္ဗသဒ္ဒါနောင် သက်၏ (သဗ္ဗတော မိ)

ဝ – ကိံသဒ္ဒါနောင် သက်၏ (ကိံသ္မာ ဝေါ)

ဒါ– ကိံ - သဗ္ဗ - အည - ဧက - က - ယ - သဒ္ဒါတို့နောင် သက်၏ (ကိံသဗ္ဗညေကယကုဟိ- ဒါဒါစနံ။ တမှာ ဒါနိစ)

ဒါနိ တ- ဣမ- သဒ္ဒါတို့နောင် သက်၏ (တမှာ ဒါနိစ။ ဣမသ္မာ ရဟိ ဓုနာဒါနိ စ)

ဆောင်။ ။သဒ္ဒါတိုင်းမှ၊ တော-သက်ရ၏၊ သဗ္ဗနောက်-တြ၊ ထ-မိ နှင့်-ဒါ၊ ယ-မှာ-တြ-ထ၊ ဟိံ-ဒါ-ကျ၏၊ တ-နောင်မှာ-တြ၊ ထ-ဟိံ-ဟံ-ဒါ၊ ဒါနိ-ပါတည်း၊ တော-တြ-ထ၊ နောက်-ဣမ-မှ၊ ဟ-မ-ရဟိ၊ ဒါနိ-ဓုနာ၊ ကိံနောင်မှာ-တြ၊ ထ-ဝ-ဟိံ-ဟံ၊ ဟိဥ္စနံ-နှင့်၊ ဒါစနံ-ဒါ၊ ရဟိ-ပါကိုး၊ သက်ရ နိုးသည်၊ ရှေးရိုးကျမ်းညီ မလွဲတည်း။

၃။ ကာလ

ပစ္စုပ္ပန္နသမယေ ဂတော၊ သာယန္ဟသမယေ အာဂတော-စသည်၌ နံနက်အချိန် ညနေချမ်းအချိန် စသည်သည် ကာလမည်၏။

ဘာဝ

ဘိက္ခုသု ဘောဇီယမာနေသု ဂတော ပုရိသော-စသည်တို့၌ ဘောဇီယမာနေသု-သည် ဆွမ်းကျွေးခြင်း ကြိယာတည်း၊ ဂတော-သည် သွားခြင်း ကြိယာတည်း၊ ထိုတွင် သွားခြင်း ကြိယာကို မှတ်သားကြောင်းဖြစ်သော ဆွမ်းကျွေးခြင်း ကြိယာသည် ကြိယာတပါးကို မှတ်သားကြောင်း ဖြစ်သောကြောင့် ဘာဝလက္ခဏာမည်၏။ (ထိုဘာဝလက္ခဏာကို ဤ၌ ဘာဝ-ဟု ဆိုသည်)

(က) ခါရိယံ-တို့ထက်၊ ဒေါဏော-စိတ်သည်၊ ဥပ-ပိုလွန်၏။

(ခ) နိက္ခေ-နိက္ခထက်၊ ကဟာပဏံ၊ကျပ်သည်၊ ဥပ-ပိုလွန်၏။

ခါရိယာ ဒေါဏော အဓိကောတိ အတ္ထော။

တထာ ဥပ နိက္ခေ ကဟာပဏံ။ (ရူ)

၄။ (ဗျတိဟာရလက္ခဏာဗဟုဗ္ဗိဟိ ပုဒ်စစ်အတိုင်း ထင်ရှားပြီ။)

သချာပူရဏတ္ထ ပစ္စည်းများကား—

မ — ပဥ္စမော။

ဤ — ကောဒသီ။

ထ — စတုတ္ထော။

ဌ — ဆဋ္ဌော။

တိယ — ဒုတိယော-တတိယော။

**ဆောင်။** ။မ, ဤ, ထ, ဌ၊ နောက်တိယ၊ ငါးဝပူရဏ ပစ္စည်းတည်း။

၅။ **ဏ-ပစ္စည်း အနက်**

ရတ္တ, ဣဒံ, ဇာတ, အာဂတ, နိယုတ္တ-အနက်များ။

(တ္ထ-ဝိဘတ် အတွက် ၁၃၃၁-ခုနှစ် အဖြေ၌ ရှုလေ။)

၆။ အကယ်၍ ဖြစ်မည်ဆိုလျှင် ဖြစ်နိုင်လောက်သော ထိုကြိယာကို တားမြစ်နှောက်ယှက်နေသော ကြိယာတမျိုးကား အမှန်ထင်ရှား ဖြစ်လျက်ရှိ၏၊ ထိုအထင်အရှားဖြစ်သော နှောက်ယှက်တားမြစ်တတ်သည့် ကြိယာ၏ ကာလကို ထောက်၍ မဖြစ်ခဲ့သော ကြိယာကိုလည်း အတိတ်ဟု ခေါ်ဝေါ်နိုင်သည်။

ကိစ္စာပိ န ကြိယာ အတီတသဒ္ဒေန ဝေါဟရိတဗ္ဗာ၊ တထာပိ တကြိယုပ္ပတ္တိ ပဋိဗန္ဓ ကရ ကြိယာယ ကာလဘေဒေန အတီတ ဝေါဟာရော လဗ္ဘတေဝ။ (ရူ)

(က) သာမိကော ဒါသံ ကမ္မံ ကာရေတိ။

(ခ) သာမိကေန ဒါသော ကမ္မံ ကာရီယတေ။

၇။ **စဝဂ္ဂ ယကာရ ဝကာရတ္တံ**

စဝဂ် တဝဂ်တို့၏ ဓာတွန်နှင့်ဘက္ခ-စဝဂ်အက္ခရာ ပြုရမည်။

ဓာတွန်-ရနှင့် ဝ.ကွ.ယ-ပြုရမည်။

ဓာတွန်-ဝ-နှင့်တကွ ဝ-ပြုရမည်။

**ဆောင်**။ ။သီဟဂတိ၊ ဝဝတ္ထိဟု၊ နောက်ရှိဝါတွက်၊ စ တ-ဝဂ်ကို၊ စ-ဝဂ်ဆို၏၊ ရ-ကိုကား ယ၊ ဝ-ကို-ဝ၊ ပြုရစဉ်တိုင်းမှတ်။

(ဂမုဘတ်နောင် ဤဝိဘတ်ဖြင့် ရုပ်ပြီးပုံကို (၁၃၃၀) ခုနှစ် အဖြေ၌ ပြခဲ့ပြီ။)

၈။ အတီကေ တတာဝန္တု၊ တာဝီ၊ဘာဝကမ္မေသုတ၊ဗုဓဂမာဒိတ္တော ကတ္တရိ၊ ဆဒါဒီဟိ တတြဏ်။ (ကမ္မနိ ဒုတိယာယံ တ္တော၊ ဘျာဒီဟိ (လ) တ္တော)

ဥပါသိကာ။ (ဣတ္ထိလိင်)

**ဆောင်**။ ။ဣတ္ထိလိင်တွင်၊ အကို မြင်၊ အလျှင်-ဣ-ဖြစ်မြဲ။

၉။ (က) မာ+ဏျ (ခ) ဘန္ဒ+တ (ဂ) သဟ+ကထ+ဆ (နျာသ) တနည်း- သံ + ကထ + ဏျ (ရူ) (ဃ) မထ + လ (ရူ) တနည်း-မထ + အ (နျာသ) (င) ဣဓိ (ဣဍ္ဍ) ဏျ။

၁၀။ (ထင်ရှားပြီ)

၁၃၃၃ (၁၉၇၂) ခုနှစ်

ပါဠိပထမပြန်စာမေးပွဲ

# ပထမကြီးတန်း - သဒ္ဒါ - အဖြေ

၁။ (က) နဒီ+အာသန္နော (ခ) ဘူ+အာဒယော (တနည်း) ဘူဝါ+အာဒယော (ဂ) ဓိ+အတ္ထု (ဃ) အာကာသေ+အဘိပ္ပဇတိ (င) ဒု+ဟရဘာ (စ) သမ္ပဝါနံ (ဆ) ပုနပ္ပုနံ (ဇ) သဒ္ဓမ္မော (ဈ) အာနန္တရိကညမာဟု (ည) တံသမ္ပယုတ္တာ။

၂။ ဂ-အမည်ရှိသော - သိဒိဘတ် - ယောဝိဘတ်နှောင်းရာ၌ - ဘဒ္ဒန္တဟု ရှိရမည်။

အခြားသော အရာ၌-ဘဒန္တဟု ရှိရမည်။

ဘဒန္တာ ဘဒ္ဒန္တာ ဘန္တေ (ဂေ ပရေ ယောသုစ) ဟူသော ရူပသိဒ္ဓိကို ထောက်။

**ဝစ္စလိင်ကသဒ္ဒါ**

နီလာဒိဂုဏနာမ်- နီလော ပဋော၊နီလာ သာဋိကာ၊ နီလံ စိတ္တံ။

**ဗဟုဗ္ဗိဟိသမာသ်** - သု ~ န္ဓော စမ္ပကော၊သုဂန္ဓာမာလာ၊သုဂန္ဓံစန္ဒနံ။

**သာမညတဒ္ဓိတ်** - ဝါသိဋ္ဌော ပုရိသော၊ ဝါသိဋ္ဌီ ကညာ၊ ဝါသိဋ္ဌံ အပစ္စံ။

**ကိတ်နာမ်**–အတီတော ကာလော၊ အတီတာ ရတ္တိ၊ အတီတံ စိတ္တံ။

**သဗ္ဗနာမ်** သဗ္ဗော၊ ပုရိသော၊ သဗ္ဗာ ကညာ၊ သဗ္ဗံ စိတ္တံ။

ဆောင်။ ။နီလာဒိနာမ်၊ သဗ္ဗနာမ်နှင့်၊ သာမန်တဒ္ဓိတ်၊ ကိတ်-ဗဟုဗ္ဗိ၊ ဤငါးလီ၊ လိင်မှီ ဝစ္စတ္ထ။

## ကတ္တားဟိတ်

၃။ သာမိကော ဒါသံ ကမ္မံ ကာရေတိ ၌ သာမိကောသည် စေခိုင်းခြင်း ကြိယာကို ပြုလုပ်တတ်သောကြောင့် ကတ္တားမည်၏။

ထိုကတ္တားသည်ပင် (ကျွန်၏ အမှုကို ပြုလုပ်ခြင်း သည်လည်း သူ့ဘာသာသူ ပြုလုပ်သည် မဟုတ်၊ သခင်က စေခိုင်းသည့်အတွက် ပြုလုပ်သည် ဖြစ်ရကား) ကျွန်၏ အမှုကို ပြုလုပ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့် ဟေတုလည်း မည်ပြန်သည်။

(ဒုတိယာ ဝိဘတ်နက်များ ၁၃၂၉-ခုနှစ် အမြေ၌ ရှုပါ။)

၄။ **ဒိဂုလက္ခဏာ နှစ်မျိုး**

(၁) သင်္ချာရှေးရှိခြင်း (၂) နပုံကေတ်ဖြစ်ခြင်း။

သင်္ချာပုဗ္ဗတ္တာ နပုံသကေကတ္တာ သင်္ခါတေတိ ဒွိဟိ လက္ခဏေဟိ ဂတော အဝဂတောတိ ဒိဂူတိ ဝုစ္စတိ။ (ရူ)

ဆောင်။ ။သင်္ချာပုဗ္ဗ၊ ကေနပုံး၊ နှစ်ချက်သုံး၊ ခေါ်ထုံး ဒိဂုသာ။

**သမာဟာရ-အသမာဟာရ**

**သမာဟာရဒိဂု၌**—နပုံလိင် ကေဝုစ်။

**အသမာဟာရဒိဂု၌**—အဘိဓေယျလိင်ဂိက-ကေဝုစ်-ဗဟုဝုစ်။

(ကေပုဂ္ဂလော-စတုဒ္ဒိသာ)

သမာဟာရဒိဂုဿေတံ ဂဟဏံ၊ တတ္ထ သဗ္ဗတ္ထေက ဝစနမေဝ ဟောတိ၊ အညတြ ပန (သမာဟာရဒိဂု၌ကား) ဗဟုဝစနမ္ပိ (ကေဝုစ်သာ မဟုတ် ဗဟုဝုစ်လည်း) (ရူ)

၅။ **ဂဏနေ သုတ်နက်**

ဂဏနေ-ရေတွက်ခြင်း သင်္ချာကို၊ ဂမျမာနေ - သိအပ်သည် ရှိသော်၊ ဒွိ တိ စတု ပဉ္စ ဆ သတ္တ အဋ္ဌ နဝကာနံ၊ ဒွိ သင်္ချာ, တိ, စတု, ပဉ္စ, ဆ, သတ္တ, အဋ္ဌ, နဝ သင်္ချာ ဟူသော အနက်ကို ဟောကုန်သော သဒ္ဒါတို့၏၊ ဒသဿ- ဒသသဒ္ဒါ၏၊ ဝီ တိ စတ္တာရ

ပညာ ဆ သတ္တာသ နဝါ၊ ဝီ အပြု၊ တိ အပြု၊ စတ္တာရ အပြု၊ ပညာ ဆ အပြု၊ သတ္တ အပြု၊ အသ အပြု၊ နဝ အပြု တို့သည်၊ ယောသု- ယောဝိဘတ်တို့ကြောင့်၊ ယောနွိ-ဖြစ်ကုန်၏၊ ယောနဥ္စ၊ ယော ဝိဘတ်တို့၏လည်း၊ ဤသမာသံဒွိရိတိတုတိ၊ ဤသံ အပြု၊ အာသံ အပြု၊ ဒွိ အပြု၊ ရိ အပြု၊ တိ အပြု၊ ဤတိ အပြု၊ ဥတိ အပြုတို့သည်၊ ယောနွိ-ဖြစ်ကုန်၏၊ (နန်းကျောင်း နိဿယ)

တနည်း ယောသု-ယော ဝိဘတ်တို့ကြောင့်၊ ဂဏနေ-ရေတွက်ခြင်း သင်္ချာ ပမာန အရာ၌၊ အသကိံ-တကြိမ်မဟုတ်ရာ၌၊ (ဝါ) ကုန်သော၊ ဒွိတိ (လ) နဝကာနံ-နှစ်ခု၊သုံးခု(လ)ကိုးခု အပေါင်း ဖြစ်ကုန်သော ကာရိဒသ-သဒ္ဒါတို့၏၊ (ဝါ) တို့တွင်၊ ဒသဿ- တခုကြွင်း ကာရိယ ဒသသဒ္ဒါ၏၊ ဝီ တိ(လ) နဝါ-ဝီပြု(လ)နဝပြု တို့သည်၊ ယောနွိ-ကုန်၏၊ ယောနဥ္စ-ယော ဝိဘတ်တို့၏လည်း၊ ဤသမာသံဒွိရိတိတုတိ၊ ဤသံပြု(လ)ဥတိ ပြုတို့သည်၊ ယောနွိ- ဖြစ်ကုန်၏ (သင်္ဂြေကန် နိဿယ)

**ဆိုလိုရင်း အဓိပ္ပါယ်**

ယောဝိဘတ်တို့ကြောင့် ကေသိယ် ပြုအပ်ပြီးသော နှစ်ခု အပေါင်း ဒသသဒ္ဒါကို ဝီပြု၊ ယောဝိဘတ်ကို ဤသံပြု (ဝီသံ)

သုံးခုအပေါင်း ဒသ သဒ္ဒါကို တိပြု၊ ယောဝိဘတ်ကို ဤသံပြု။ (တိံသံ)

လေးခုအပေါင်း ဒသ သဒ္ဒါကို စတ္တာရပြု၊ ယောဝိဘတ်ကို ဤသံပြု။ (စတ္တာရီသံ)

ငါးခုအပေါင်း ဒသ သဒ္ဒါကို ပညာပြု၊ ယောဝိဘတ်ကို အာသံပြု။ (ပညာသံ)

ခြောက်ခုအပေါင်း ဒသ သဒ္ဒါကို ဆပြု၊ ယောဝိဘတ်ကို ဌိပြု။ (ဆဋ္ဌိ)

ခုနစ်ခုအပေါင်း ဒသ သဒ္ဒါကို သတ္တပြု, ယောဝိဘတ်ကို ရိပြု၊ တိပြု။ (သတ္တရိ၊ သတ္တတိ)

ရှစ်ခုအပေါင်း ဒသ သဒ္ဒါကို အသပြု,ယောဝိဘတ်ကို ဤဘိပြု။ (အသီတိ)

ကိုးခုအပေါင်း ဒသ သဒ္ဒါကို နဝပြု, ယောဝိဘတ်ကို ဥတိပြု။ (နဝုတိ)

၆။ **ကောဘိဓာန**

သောစ ပစတိ၊ တွဉ္စ ပစသိ (တုမှေ ပစထ) စသည်ကဲ့သို့ ချက်ခြင်း စသော ကြိယာအားဖြင့်၎င်း၊ ပစ္စုပ္ပန် စသော ကာလ အားဖြင့်၎င်း တူမျှရာ၌သာ ပရောပုရိသ် ယှက်ရသည်။

သောစ ပစတိ၊ တွဉ္စ ပစိဿသိ-စသည်ကဲ့သို့ ကာလ မတူရာ၌ ၎င်း၊ သောစ ပစတိ၊ တွဉ္စ ဂစ္ဆသိ-စသည်ကဲ့သို့ ကြိယာ မတူရာ၌ ၎င်း ပရောပုရိသ် မယှက်ရ ဟူသော အဓိပ္ပါယ်ကို ကောဘိဓာန သဒ္ဒါဖြင့် ပြသည်။ (ကာလ ကြိယာ တူသည်ကို ကောဘိဓာန- ဟု ဆိုလိုသည်။)

**ဆောင်။** ။ကာလ ကြိယာ၊ တူညီရာ၊ ကောဘိဓာန။

**ဟန+တိ—**

ဟနတိ၊ ဟန္တိ၊ ဝဓတိ၊ ဝဓေတိ၊ ဃာတေတိ။

၇။ **ဉာဿ ဇာဇံနာ**

နာပစ္စည်းနှောင်းရာ၌သာ ဉာဓာတ်ကို ဇာ-ပြု။ (ဇာနာတိ)

ယေျဝိဘတ်၏ ဉာအပြုနှောင်းရာ၌သာ ဉာဓာတ်ကို ဇံ-ပြု။ (ဇညာ)

တိဝိဘတ်နှောင်းရာ၌သာ ဉာဓာတ်ကို နာ-ပြု။ (နာယတိ)

ဇာဒေသော နာမှိ ဇံ ဉာမှိ၊ နာဘာဝေါ တိမှိ ဝေဝ။
ဝဝတ္ထိတ ဝိဘာသတ္ထ၊ ဝါသဒ္ဒဿ နုဝတ္တနာ။ (ရူ)

သုဓမ္မဝတီ (က) ၁၀၆-၁၂

**ဆောင်။** ။နာ, ညာ, တိ, သာ၊ နှောင်းလေရာ၊ ပြုပါ ဇာ-ဇံ-နာ။

**နာသာ လောပေါ ယကာရတ္တံ**

ယျေဝိဘတ်၏ ညာအပြုကြောင့် အမြဲ နာပစ္စည်းကို ချေရမည်။ (ဇညာ)

အဇ္ဈတနီ, ဘဝိဿန္တိ, ကာလာတိပတ္တိ ဝိဘတ်တို့ကြောင့် အချို့ နာပစ္စည်းကို ချေရမည်။

(သမဇာနိ, အညာသိ, ဝိဇာနိဿတိ, ဉဿတိ, အဇာနိဿ, ပညာယိဿ)

အခြားသော ဝတ္တမာန်စသော ဝိဘတ်တို့ကြောင့် နာပစ္စည်းကို လုံးဝမချေရ။ (ဇာနာတိ, ဇာနာတု, ဇာနေယျ)

နာအပြုနောင် တိဝိဘတ် နှောင်းရာ၌သာ နာပစ္စည်းကို ယပြုရမည်။ (နာယတိ)

၇။ တုရတီတိ တုရင်္ဂေါ } နှစ်မျိုးတွင်
တုဒတီတိ တုရင်္ဂေါ

တရာဒီဟိ၌ အာဒိဖြင့် ရကာရန္တ ဓာတ်တို့ကိုသာ သင်္ဂြိုဟ်အပ်သောကြောင့် တုရတီတိ တုရင်္ဂေါ-ပါ၌သာ သင့်မြတ်ပါသည်။

၉။ (က) ပ-ပုဗ္ဗ + ကရ + တိ (ခ) ဟန + ဏ (ဂ) ပု + ယု
(ဃ) အမှ-သဒ္ဒူပပဒ + ဒိသ + ကွိ (င) သိ + ထု

၁၀။ (ထင်ရှားပြီ။)

## ၁၃၃၄ (၁၉၇၃) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - သဒ္ဒါ - အဖြေ

၁။ (က) အဟ + ရတ္တံ၊ ကိံ + အဟံ၊ တံ + ဣမိနာပိ။

(ခ) ယထောဒကော၊ အညာယော၊ ဣတွေဝံ။

**ဟ-နှစ်မျိုး**

င- ဥ - ဏ- န- မ- ယ- ရ- လ- ဝ- ၎င်း အက္ခရာ ကိုးလုံးတို့နှင့် ယှဉ်သော ဟ- သည် ရင်၌ ဖြစ်၏။

အထက်ပါ အက္ခရာတို့နှင့် မယှဉ်သော ဟ- သက်သက်သည် လည်ချောင်း၌ ဖြစ်၏။

ဟ ကာရံ ပဉ္စမေဟေဝ၊ အန္တဋ္ဌာဟိ စ သံယုတံ။
ဩရသန္တိ ဝဒန္တေတ္ထ၊ ကဏ္ဌဇံ တဒသံယုတံ။ (ရူ)

ဆောင်။ ။ယ- ရ- လ - ဝ-၊ ဝဂ္ဂန္တမှာ၊ ဟ-ယှဉ်လာ၊ ရင်မှာမိန့်ဆိုကြ။
ထိုနှင့်မယှက်၊ ဟ-သက်သက်၊ မိန့်မြွက် လည်ချောင်းမှာ။

၂။ (က) ဣဝဏ်-ဥဝဏ်(ရူ-၌ကား ဣဝဏ်, ဥ-အက္ခရာကိုသာ ဆို၏။)

(ခ) ပဉ္စမာ ယော- ၏ ဧ- အပြု။

ယောသ္ဝနသ ဧပေတ္ဝာ ဧတ္တံ အညံ (ရူ)

၃။ (က) သမ္ပဒါန် အနက်—သမဏဿ ဒါတာ ဟောတိ-၌ ဒါ-ဓာတ်၏ အယှဉ် သမ္ပဒါန်အနက်၌ သမဏ- နောင် စတုတ္ထီ သ-သက်။

နမောယောဂါဒိ အနက်—နမော တေ ဗုဒ္ဓ ဝီရတ္ထု ၌ နမော- ယှဉ်ရာအနက်၌ တ- နောင် စတုတ္ထီ- သ- သက်။

(ခ) **တွာလောပအပါဒါန်**

ပါသာဒံ အဘိရုဟိတွာ သက်မေယျ-ဟု တွာ-ပစ္စယန္တပုဒ်ဖြင့် ပါဠိစီသင့်လျက် တွာ-ပစ္စယန္တပုဒ်ကို မထည့်သော်လည်း ထိုပုဒ်၏

အနက်က သိလောက်သောကြောင့် စကားကျဉ်းအောင်-ပါသာဒါ သက်မေယျ- ဟု တွာ- ပစ္စယန္တပုဒ်ကို မထည့်ခြင်း မရွတ်ဆိုခြင်း မမြွက်ရခြင်းသည် တွာလောပအာပါဒါန် မည်၏။

တွာပစ္စယန္တ လောပေါ်နာမ တဒတ္ထသမ္ဘဝေပိ အဝိဇ္ဇမာနတာ။ (ရူ)

**သမာသ်မဖြစ်သော သမုစ္စည်း**

ကေဝလသမုစ္စည်း - အန္ဝာ စယသမုစ္စည်း နှစ်မျိုးတို့၌ ကိရိယာကို ငဲ့သည့်အတွက် နာမ်ပုဒ်အချင်းချင်း ယုတ္တမဖြစ်သောကြောင့် သမာသ် မဖြစ်။

ကေဝလသမုစ္စယေ အန္ဝာ စယေ စသမာသော န ဘဝတိ။ ကိရိယာသာပေက္ခတာယ နာမာနံ အညမညံ အယုတ္တတ္ထ ဘာဝတော။ (ရူ)

(ခ) ကု-နှစ်မျိုး

(ကုစ္ဆိတံ အန္နံ ကဒန္နံ - ၌) ကုစ္ဆိတ အနက်ဟော ကု- ကို ကဒ်-ပြုသည်။

(အပ္ပကံ လဝဏံ ကာလဝဏံ-၌) အပ္ပ-အနက်ဟော ကု-ကိုင်း၊

(ကုစ္ဆိတော ပုရိသော ကာပုရိသော- ၌) ကုစ္ဆိတ- အနက်ဟော ကု-ကိုင်း ကာပြုသည်။

၄။ သမာသ်ဖြစ်သော သမုစ္စည်း

(က) ဣတရီတရယောဂသမုစ္စည်း, သမာဟာရသမုစ္စည်း တို့၌ နာမ်ပုဒ် အချင်းချင်း ယုတ္တတ္ထဖြစ်သောကြောင့် သမာသ် ဖြစ်၏။

ဣတရီတရယောဂေ သမာဟာရေ စ သမာသော ဘဝတိ၊ တတ္ထ နာမာနံ အညမညံ ယုတ္တတ္ထဘာဝတော။ (ရူ)

၅။ (ဝိဂ္ဂိုဟ် ပါဠိ ထင်ရှားပြီ။)

၆။ အယုဝဏ္ဏာနံ- အ- အက္ခရာ, ဣဝဏ်, ဥဝဏ်တို့၏၊ အာယော-အာ-ဧ-ဩ-ဟူသော၊ ဝုဒ္ဓိ- ဝုဒ္ဓိသည်၊ ဟောတိ - ၏။

**ဝုဒ္ဓိသဒ္ဒါ ဆိုရကျိုး**

အင်္ဂမာဂမိကော - စသည်၌ နောက်ပုဒ်ဝယ် ဝုဒ္ဓိ - ပြုရခြင်း အကျိုးငှါ ဝုဒ္ဓိ-သဒ္ဒါကို ထပ်၍ ဆိုသည်။

ပုန ဝုဒ္ဓိဂ္ဂဟာဏံ ကိမတ္ထံ၊ ဉတ္တရပဒဝုဒ္ဓိဘာဝတ္ထံ။

၇။ (က) မာယောဂေ သဗ္ဗကာလေ စ - သုတ်၌ စဂ္ဂဟဏေန ပဉ္စမီ ဝိဘတ္တိ ဟောတိ၊ မာ ဂစ္ဆာဟိ- ဟု ဆိုသောကြောင့် ကာလ သုံးပါး၌ သက်နိုင်ပါသည်။

(ခ) အနေကဇာတိ သံသာရံ သန္ဓာဝိဿံ- စသည်၌ အတိတ် ကာလကိုပင် အနာဂတ် ကာလအနေဖြင့် ဆိုလိုသော ကြောင့်) အတိတ်ကာလ၌လည်း ဘဝိဿန္တိ ဝိဘတ် သက်နိုင်ပါသည်။

၈။ (က) **ပစ္စုပ္ပန်ကာလ**—ဝတ္တမာန်, ပဉ္စမီ, သတ္တမီ။

**အတိတ်ကာလ**—ပရောက္ခာ, ဟိယျတ္တနီ, အဇ္ဇတနီ, ကာလာ တိပတ္တိ။

**အနာဂတ်**—ဘဝိဿန္တိ။

(ခ) ပါ-ပါနေ-ဓာတ်နောင် တိ-ဝိဘတ်သက်၊ အ-ပစ္စည်းသက်၊ (ပါ+အ+တိ) ပါ ပိဗော-သုတ်ဖြင့် ပါ-ကို ပိဗ-ပြု (ပိဗ+ အ+တိ) အ-ကိုချေ၊ (ပိဗတိ) ကွစိဓာတု-စသောသုတ်ကြီး ဖြင့် ဗ-ကို ဝ-ပြု ပိဝတိ-ပြီး၏။

၉။ (က) တ-သဒ္ဒါနောင် သ-ဝိဘတ်သက်၍ သသ္မာသ္မိံ သံသာသွတ္တံ- ဖြင့်-တ-ကို အ ပြု သ-လာလျှင် အဿ-ဟု နာမ်ပုဒ်ဖြစ်၏။

အသ-ဘုဝိ ဓာတ်နောင် ယျေ-ဝိဘတ်သက်၍ ကွစိ ဓာတု-စသော သုတ်ကြီးဖြင့် ဓာတ္ဓန် သ-နှင့်တကွ ယျေ- ဝိဘတ်ကို ဿ-ပြုလျှင် အဿ-ဟု အာချာတ် ကြိယာပုဒ် ဖြစ်၏။

ဂစ္ဆတိ

ဂစ္ဆန္တ-သဒ္ဒါနောင် သ္မိံ ဝိဘတ်သက်၍ န္တ-ကို န္တု-ငဲ့ပြီး တောတ်တာ သသ္မိံ နာသု-သုတ်ဖြင့် သ္မိံ-ဝိဘတ်နှင့်တကွ န္တု-ကို တိ-ပြုလျှင် ဂစ္ဆတိ-ဟု နာမ်ပုဒ် ဖြစ်၏။

ဂမု-ဂတိမှ-ဓာတ်နောင် တိ-ဝိဘတ်သက်၍ အ-ပစ္စည်း သက်ပြီးလျှင် ဂမိယန္တော ဓေ့ာ ဝါ သဗ္ဗာသု-သုတ်ဖြင့် ဓာတွန်ကိုဆ-ပြုလျှင်ဂစ္ဆတိ-ဟုအာချာတ်ကြိယာပုဒ်ဖြစ်၏။

(ခ) အဒ+မာန်။ ဒိသ + စ။ ဂမု+က။

၁၀။ ဥပသာရပုဒ်တို့ တန်းဆာဆင်ပုံ

(၁) အချို့သော ဓာတ်သည် ဥပသာရနှင့် မယှဉ်သော အခါ ကေကမ္မကဓာတ်ဖြစ်လျက် ယှဉ်သောအခါ အကမ္မကဓာတ် ဖြစ်၏၊ ပြယုဂ်ကား—ဂါမံ ဂစ္ဆတိ ပုရိသော၊ ရာဇာ ပုရာ နိဂ္ဂစ္ဆတိ-တည်း။

(၂) အချို့သော ဓာတ်သည် ဥပသာရနှင့် မယှဉ်သောအခါ အကမ္မကဓာတ်ဖြစ်လျက် ယှဉ်သောအခါ ကေကမ္မကဓာတ်ဖြစ်၏၊ ကား—ရူပံ ဘဝတိ ဣတ္ထိယာ၊ သုခံ အနုဘဝတိ ပုညဝါ-တည်း။

(၃) အချို့သော ဓာတ်သည် ဥပသာရပုဒ်နှင့် ယှဉ်သော်လည်း ကောင်း၊ မယှဉ်သော်လည်းကောင်း၊အကမ္မကဓာတ်ဖြစ်၏၊ကား— တိဋ္ဌတိ ပုရိသော ဂါမေ၊ လက်ာဒီပေ ပတိဋ္ဌာတိ သာသနံ။တည်း။

(၄) အချို့သော ဓာတ်သည် ဥပသာရနှင့် ယှဉ်သော်လည်း ကောင်း၊ မယှဉ်သော်လည်းကောင်း ကေကမ္မကဓာတ်ဖြစ်၏။ကား-ရဇ္ဇံ သရတိ နရိန္ဒော၊ ဓမ္မံ အနုဿရတိ သဇ္ဇနော။ တည်း။

(၅) အချို့သော ဓာတ်သည် နိပါတ်ပုဒ် ဥပသာရပုဒ်နှင့် ယှဉ်သော်လည်းကောင်း၊ မယှဉ်သော်လည်းကောင်း ကေကမ္မက ဓာတ် ဖြစ်၏။ ကား—မတံ ဝါ အမ္မ ရောဒန္တိ၊ ယော ဝါ ဇီဝံ န ဒိဿတိ။ တည်း။

(၆) အချို့သော ဓာတ်သည် နိပါတ်ပုဒ် ဥပသာရပုဒ်နှင့် မယှဉ်သော်လည်းကောင်း၊ ယှဉ်သော် လည်းကောင်း အကမ္မက ဓာတ် ဖြစ်၏။ ကား—ဣဓ နန္ဒတိ၊ ပစ္စ နန္ဒတိ။ တည်း။

(၇) အချို့သော ဓာတ်သည် ဥပသာရနှင့် မယှဉ်သောအခါ ကေကမ္မကဓာတ် ဖြစ်လျက် ဥပသာရနှင့်ယှဉ်သောအခါ ဒွိကမ္မက ဓာတ် ဖြစ်၏။ ကား—ဘရတိ မာတရံ ပုတ္တော၊ အာဘတာ ဝဏ္ဏနာယိမံ။ တည်း။

## ၁၃၃၆ (၁၉၇၄) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - သဒ္ဒါ - အဖြေ

---

၁။ (က) ဝိ +အဓိ +အဂ္ဂံ။ ဥဒိက္ခတိ။ အရိယာ။

(ခ) ကွဲဒံပိ။ ဝိပလ္လာသော။ ဝေ့မံ။

(ဝေဝုတ္တေ- တံ သာဓု- ကေံ သမယံ-အဂ္ဂိ° ဝ သန္ဓမံ-စသည်တို့၌) နိဂ္ဂဟိတ်ကို ချေခြင်း- ပြုခြင်း ကာရိယကို တားမြစ်ခြင်းအကျိုးငှါ အံ ဗျဉ္ဇနေ နိဂ္ဂဟိတံ- သုတ်ကို ဆိုသည်။

ဝေံ ဝုတ္တေ တံ သာဓု- ကေံ သမယံ ဘဂဝါ- အဂ္ဂိ° ဝ သန္ဓမံ ဣတိဝ လောပါဒေသကာရိယေ သမ္ပတ္တေ ယေဘုယျေန တဒပဝါဒတ္ထမာဟ။ (ရူ)

ဆောင်။ ။လောပါဒေသ၊ ကာရိယကို၊ တားမြစ်လို၊ မိန့်ဆို အံ ဗျဉ္ဇနေ သုတ်။

၂။ **သံ-ပြုသော ဝိဘတ်**

နံ- ဝိဘတ်—(သဗ္ဗတော နံ သံသာနံ။)

သ္မိံ-ဝိဘတ် –(ဃပတော သ္မိံသာနံ သံသာ)

သံသာသု ကောဝစနေသု ဝိဘတ္တာဒေသေသု (ကောဝုစ် ဝိဘတ် အပြု - သံ) ဟု ဆိုခြင်းကြောင့် သ္မိံ- ဝိဘတ်၏ ကာရိယ သံ-ကို သာ ယူရမည်။

၃။ (က) ဂါမံ နော ဂစ္ဆေယျာမ။ (နော- ငါတို့သည်၊ ဂါမံ- ရွာသို့၊ ဂစ္ဆေယျာမ- သွားကြကုန်စို့။)

(ခ) မာ နော အဇ္ဇ ဝိကန္တိံသု ရညော သူဒါ မဟာနသေ။

(ရညော-မင်း၏၊ သူဒါ- စဖိုသည်တို့သည်၊ မဟာနသေ- စဖိုအိမ်၌၊ အဇ္ဇ-ယနေ့၊ နော- ငါတို့ကို၊ မာ ဝိကန္တိံသု- မဖြတ် မလှီးပါကုန်လင့်။)

(ဂ) ကတံ နော ကမ္မံ။ (နော-ငါတို့သည်၊ ကမ္မံ-အမှုကို၊ ကတံ-ပြုအပ်ပြီ။)

(ဃ) သံဝိဘဇေထ နော ရဇ္ဇေန။ (နော- အကျွန်ုပ်တို့အား၊ ရဇ္ဇေန- တိုင်းပြည်ဖြင့်၊ သံဝိဘဇေထ- ဝေပေးပါကုန်။)

(င) သတ္ထာ နော ဘဂဝါ အနုပ္ပတ္တော။ (နော-ငါတို့၏၊သတ္ထာ-ဆရာဖြစ်တော်မူသော၊ ဘဂဝါ-သည်၊ အနုပ္ပတ္တော-ဆိုက်ရောက်တော်မူလာပြီ။)

၄။ ပ- ပရာ- နိ- နီ- ဉ- ဒု- သံ- ဝိ- အဝ - အနု - ပရိ - အဓိ- အဘိ-ပတိ-သု- အာ- အတိ- အပိ- အပ- ဥပ ဣတိ ဝီသတိ ဥပသဂ္ဂါ- ဟူသော ဥပသာရ (၂၀)တွင် ပရိ-ဟုသာ လာရှိပြီး ဥပရိ-ဟု မလာရှိခြင်း ကြောင့်ရင်း၊ ဥပသဂ္ဂယောဂေ တံ ကာရကံ အပါဒါနသညံ ဟောတိ- ဟူသော ဥပသဂ္ဂယောဂ အပါဒါန်အရာ ဖြစ်သော ကြောင့်ရင်း "ပရိ ပဗ္ဗတာ" ပါ၌သာ မှန်ပါသည်။

မှတ်ချက်။ ။သဒ္ဒနီတိ၌ ဥနှင့် ပရိ-ဥပသာရ နှစ်ခုကို ပေါင်းထားသော ဥပသာရပုဒ်ဟု ဆိုသေး၏၊ ထိုအလို ဥပရိ-ပါ၌လည်း သင့်၏ဟု မှတ်။

၅။ ခတ္တိယကုမာရီ

ကမ္မဓာရယသညေ စ-သုတ်သည် ရှေ့ပုဒ်ကိုသာ ပုမ္ဘာဝ ငဲ့၍ နောက်ပုဒ်ကို ပုမ္ဘာဝ မငဲ့သောကြောင့် နောက်ပုဒ်၌ ဣတ္ထိလိင် ဤ-ပစ္စည်းဖြင့် ခတ္တိယကုမာရီ-ဟု နေနိုင်ပါသည်။

ပုဗ္ဗပဒဿေဝါယံ ပုမ္ဘာဝါတိဒေသော၊ တေန ခတ္တိယကုမာရီ ကုမာရသမဏီ တရုဏဗြာဟ္မဏီတိ အာဒီသု ဥတ္တရပဒေသု ဣတ္ထိ ပစ္စယဿ န နိဝတ္တိ ဟောတိ။ (ရူ)

၆။ (က) (ပါဠိထင်ရှားပြီ။)

(ခ) ဇာတိယာ အန္ဓော ဇစ္စန္ဓော။ (အစိတ်)

ဇစ္စန္ဓေ နိယုတ္တော ဇစ္စန္ဓကိယော။ (အပေါင်း)

၇။ စ-သဒ္ဒါဖြင့်—

**သော**— (သုမေဓသော)

**ဣလ**— (ဇဋ္ဋိလော)

**ဝ**— (ကေသဝေါ)

**အာလ**— (ဝါစာလော) ဤ (၄) ပစ္စည်း သက်သည်။

၈။ မဟာမုဒ္ဒရာသည် လှိုင်း - ရေ - ငါးလိပ် - အဟုန် - ကမ်း တို့ဖြင့် ကြီးကျယ် ခမ်းနား သကဲ့သို့၊ အာချာတ ကျမ်းသည်လည်း— (၁) ဝိဘတ်ရှစ်မျိုး လှိုင်းတံပိုး (၂) ဓာတ်တည်းဟူသော ရေ (၃) ဝိကရဏပစ္စည်း အာဂုမ်-ကာလ - တည်းဟူသော ငါးလိပ် မကရ်း (၄) အနက်ကို ဝေဘန်ရာ ကမ်းတို့ဖြင့် မဟာသမုဒ္ဒရာ သဘွယ် ကြီးကျယ် ခမ်းနားသည်။

၉။ (က) **အသိ**

အသိ လိင်ပုဒ်နေရာင် သိ-သက်၍ ချေလျှင် အသိ-ဟု နာမ်ပုဒ် ဖြစ်၏။

အသ-ဘုဝိ ဓာတ်နောင် ဝတ္တမာန် သိ-ဝိဘတ်သက်၍ သိမှိ စ-သုတ်ဖြင့် ဓာတွန် သ-ကို ချေလျှင် အသိ-ဟု အာချာတ် ဖြစ်၏။

**ဘဝတိ**

ဘဝန္တ-လိင်နောင် သ္မိံ-ဝိဘတ်သက်၍ န္တ-ကို န္တု-ငဲ့ပြီး တောတိတာ သသ္မိံ နာသု-သုတ်ဖြင့် စီရင်လျှင် ဘဝတိ-ဟု နာမ်ပုဒ် ဖြစ်၏။

ဘူ-သတ္တာယံ ဓာတ်နောင် တိ-ဝိဘတ် အ-ပစ္စည်းသက်၍ ဦ-ကို ဩ ဝုဒ္ဓိ ပြု၊ ဩ-ကို အဝ-ပြုလျှင် ဘဝတိ-ဟု အာချာတ် ဖြစ်၏။

(ခ) ဟူ+သတိ။ သက+ဤ။ ဝိပုဗ္ဗ+ဉာ+ယျေ။

(ဂ) ဒိသ+တွာ။ သိ+တု။ ဥပုဗ္ဗ+ဓာ+ဏ္ဍ။

၁၀။ (ပုဒ်စစ် ထင်ရှားပြီ။)

# ၁၃၃၇ (၁၉၇၅) ခုနှစ်
# ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - သဒ္ဒါ - အဖြေ

၁။ (က) ယဒိ+ဧဝံ။ တပ+သီ။ အပိ+ဧကဒါ။
(ခ) ဗောဇ္ဈင်္ဂါ။ ဝသိမှိ။ ဗျဉ္ဇနာ။

**ပကတိပြုရကြောင်း**

များသောအားဖြင့် တတိယပိုင်းလာ ဒီဃံ-ရဿံ-လောပဥ္စ တတြာကာရော-သုတ်တို့ဖြင့် ဒီဃပြုရခြင်း ရဿပြုရခြင်း ချေခြင်း တို့ကြောင့် ဖောက်ပြန်မှု မရှိစေလိုသောကြောင့် သရာ ပကတိ ဗျဉ္ဇနေ-သုတ်ဖြင့် ပကတိပြုရပါသည်။

ယေဘုယျေန ဒီဃရဿလောပေဟိ ဝိကာရာဘာဝေါ။ (ရူ)

၂။ ပိတာ-ပုလ္လိင်-ဧကဝုစ်- ဥကာရန္တ-သတ္ထာဒိဂိုဏ်း- ပါဓာတ်- ရိတု ပစ္စည်း။

**သာသဒ္ဒါ ပဒမာလာ**

| | |
|---|---|
| သာ | သာ။ |
| ဟေသ၊ ဟေသာ၊ | ဟေသာ။ |
| သံ | သေ။ |
| သေန၊ | သာဟိ၊ သာဘိ။ |
| သဿ၊ | သာနံ။ |
| သာ၊ သသ္မာ၊ သမှာ၊ | သာဟိ၊ သာဘိ။ |
| သဿ၊ | သာနံ။ |
| သေ၊ သသ္မိံ၊ သမှိ၊ | သာသု။ (ရူ) |

၃။ **သတ္တမီ ဝိဘတျတ္ထ**

ဩကာသအနက် - ဩကာသေ သတ္တမီ။

သာမိ-ဣဿရ - စသည်ယှဉ်ရာအနက် - သာမိဿရာဓိပတိ (ပ) ကုသလေဟိ စ။

နိဒ္ဒါရဏအနက် - နိဒ္ဒါရဏေ စ။
အနာဒရအနက် - အနာဒရေ စ။
ကံ-ကရိုဏ်း-နိမိတ်အနက် - ကမ္မကရဏနိမိတ္တတ္ထေသု သတ္တမီ။
သမ္ပဒါန်အနက် - သမ္ပဒါနေ စ။
ပဉ္စမီအနက် - ပဉ္စမျတ္ထေ စ။
ကာလ ဘာဝအနက် - ကာလဘာဝေသု စ။
ဥပ-အဓိယျဉ်ရာ-အဓိက-ဣဿရအနက်-ဥပဇ္ဈာဒိကိဿရဝစနေ။
မဏ္ဍိတ-ဥဿုက္ကအနက် - မဏ္ဍိတုဿုက္ကေသု တတိယာ။

**အနာဒရ**

ရုဒတော ပုဒ်၏-စဉ်ဟူသောအနက်သည် အနာဒရ မည်၏။

**ဆောင်။** ။မူလည်း-လျှင်မှာ၊ ဂရုဟာ၊ စဉ်မှာ အနာဒရ။

**မှတ်ချက်။** ။ရုဒတော ဒါရကဿ ပဗ္ဗဇိ-၌ မရှိသေခြင်း ကြိယာဖြစ်သော ပဗ္ဗဇိ-သည်သာ အနာဒရအစစ်အမှန် ဖြစ်၏၊ထိုအနာဒရကြိယာကို သိအပ်သည်ရှိသော် အနာဒရိယလိင်နှောင် ဆဋ္ဌီ-သတ္တမီ ဝိဘတ် သက်ရမည်။

အနာဒရေ ဂမျမာနေ ဘာဝဝတော လိင်္ဂမှာ ဆဋ္ဌီဝိဘတ္တိ ဟောတိ သတ္တမီ စ။ ရူ)

သို့သော် အနာဒရိယပုဒ်ကိုပင် အလွယ်နည်းအားဖြင့် အနာဒရ ဟု ခေါ်ကြသည်။

၄။ န ဝုဒ္ဓိ နီလပီတာဒေါ၊ ပစ္စယေ သဏကာရကေ။
ဖကာရော ဖုဿ သဒ္ဒဿ၊ သိရော့တိ သိရသံ ဝဒေ။

နီလ ပီတစသည်တို့၌ ဏအက္ခရာအနုဗန်ရှိသော ပစ္စည်းနှောင်း သော်လည်း (ဂုဏ်ဟောသဒ္ဒါမျိုး ဖြစ်သောကြောင့်ရင်း၊ ဝုဒ္ဓါဒိ သရဿ ဝါ- သုတ်၌ ဝါသဒ္ဒါ တားမြစ်သောကြောင့်ရင်း၊) ဝုဒ္ဓိ မပြုရပါ။

ဖုဿ-၌ ဖ၏ မှီရာ ဥကိုလည်း ဝုဒ္ဓိ မပြုရ။

မာဂသိရော-၌- သိရသဒ္ဒါသည် မနောဂိုဏ်းဖြစ်သော်လည်း သသရေ ဝါဂမောဖြင့် သ - လာ၍ သိရသ- ဟု မဆိုရ။ (သိရသ ဖြစ်အောင် သ-မလာရ ဟူလို)

၅။ (သတ္တေ နေတိတိ နေတ္တာ၊ နေတ္တံ။ သတ္တေ ဣစ္ဆိတဋ္ဌာနံ နေန္တိ ဧတေနာတိ ဝါ နေတ္တာ၊ နေတ္တံ။)

သတ္တေ- သတ္တဝါတို့ကို၊ နေတိ- ဆောင်တတ်၏၊ ဣတိ-ကြောင့်၊ နေတ္တာ- နေတ္တမည်၏။ နေတ္တံ-မည်၏။ (ဝါ- တနည်းကား)၊ ဧတေန- ဤမျက်လုံးဖြင့်၊ သတ္တေ- တို့ကို၊ ဣစ္ဆိတဋ္ဌာနံ- အလိုရှိအပ်သော အရပ်သို့၊ နေန္တိ- ဆောင်တတ်ကုန်၏၊ ဣတိ- ကြောင့်၊ နေတ္တာ- မည်၏။ နေတ္တံ- မည်၏။

(ဒါတိ အဝခဏ္ဍတိ ဧတေနာတိ ဒါတ္တံ၊ ဒါတ္တံ)

ဧတေန- ဤတစဉ်ဖြင့်၊ ဒါတိ အဝခဏ္ဍတိ- ရိတ်ဖြတ်တတ်၏၊ ဣတိ- ကြောင့်၊ ဒါတ္တံ- မည်၏။ ဒါတ္တံ- မည်၏။

၆။ (က) ကိတ်နာမ် (ခ) အညအနက်ရှိသော နာမ် ဣဘရစသော နာမ်များ (ဂ) ဝဇ္ဇန အနက်ရှိသော အပ- ပရိ တို့သည်၎င်း၊ မရိယာဒ- အဘိဝိဓိ အနက်ရှိသော အာ-သဒ္ဒါသည်၎င်း၊ ပတိနိဓိ ပတိဒါန အနက်ရှိသော ပတိသဒ္ဒါသည်၎င်း ဥပသဂ္ဂအရမည်၏။

**မရိယာဒ-အဘိဝိဓိ**

အာပဗ္ဗတာ ဒေဝေါ ဝဿတိ- ကဲ့သို့ ကြိယာကို အပပြင်ဘက် ပြု၍ ပိုင်းခြားခြင်းသည် မရိယာဒအဝဓိ မည်၏။

အာဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ- ကဲ့သို့ ကြိယာကို အတွင်းပြု၍- ပြန့်နှံ့ပိုင်းခြားခြင်းသည် အဘိဝိဓိ အဝဓိ မည်၏။

၇။ ဒွန်၏ ကေတ္တိဘောကို (၁၃၃၁) ခုနှစ် အဖြေ၌ ပြခဲ့ပြီ။

**အတ္ထုဒ္ဒေသ**—ဝဝတ္ထိတ ဝိဘာသာ အနက်။

**အစီအရင်** - ဝါသိဋ္ဌ စသည်တို့၌ အမြဲ ဝုဒ္ဓိ ပြုရခြင်း နိစ္စဝိဓိ။

ဥဋ္ဌမ္ပိက- ဩဋ္ဌမ္ပိက စသည်တို့၌ ရံခါဝုဒ္ဓိ ပြုရခြင်း အနိစ္စဝိဓိ။

နီလ ပီတ-စသည်တို့၌ လုံးဝ ဝုဒ္ဓိ မပြုရခြင်း အသန္တဝိဓိ။

**စသဒ္ဒါ၏ အဓိပ္ပေတတ္ထကား**။ ။အာဝဓာရဏတ္ထ။

ဝါသိဋ္ဌာဒီသု နိစ္စာယံ၊ အနိစ္စော ဋ္ဌမ္ပိကာဒီသု၊

န ဝုဒ္ဓိ နီလာ ပီတာဒေါ၊ ဝဝတ္ထိတ ဝိဘာသတော။

စသဒ္ဒဂ္ဂဟဏာ မဝဓာရဏတ္ထံ။ (ရူ)

၈။ သံဃော ပဗ္ဗတမိဝ အတ္တာန မာစရတိ ပဗ္ဗတာယတိ ၌–

**ဥပမာန**........ပဗ္ဗတသည် နှိုင်းယှဉ်ကြောင်း ဥပမာနတည်း။

**နာမ** ............ပဗ္ဗတသည်ပင် ဥပမာနဖြစ်သော နာမ်ပုဒ်တည်း။

**ကတ္တု** .... ....သံဃောသည် လိုရင်းကတ္တားပုဒ် ဖြစ်၏။

**ပစ္စယနိပါတဌာန** ....ပဗ္ဗတသဒ္ဒါနောင် အာယပစ္စည်း သက်ရ၏။

ဂမ ခန ဟနာဒီနံ-၌ မနစသော နကာရန္တဓာတ်တို့ကို ယူဘို့ရန် အတွက် ရည်ရွယ်ချက်ဖြင့် အာဒိသဒ္ဒါကို ထားသည်။

တုံတဗ္ဗာဒီသု-၌ တုနပစ္စည်းကို ယူဘို့ရန်အတွက် ရည်ရွယ်ချက် ဖြင့် အာဒိသဒ္ဒါကို ထားသည်။

အာဒိဂ္ဂဟဏံ ကိမတ္ထံ- တုနဂ္ဂဟဏတ္ထံ။

၉။ အစ၌ ကံပုဒ်ရှိသော ဓာတ်နောင်သာလျှင် အမည်သညာကို သိအပ် သည်ရှိသော် အပစ္စည်းသက်၍ နု နိဂ္ဂဟိတံ ပဒန္တေ- သုတ်၌ ပဒန္တေ-ဟု ဆိုခြင်းကြောင့် အနီးနာမ်ပုဒ်၏ အဆုံး၌သာ နု အက္ခရာ လာပါသည်။

သညာယ မနု - သုတ်သို့ ဓာတုယာသဒ္ဒါနှင့် ကမ္မာဒိမှိသဒ္ဒါ နှစ်ခုတို့လိုက်ပါလာသည်။

ဓာတုယာတိ အဓိကာရော၊ ကမ္မာဒိမှိတိ စ ဝတ္တတေ။ (ရူ)

၁၀။ **ပသဇ္ဇ ပဋိသေဓ**။ ။တားမြစ်အပ်သောဝတ္ထု၏ မရှိခြင်း၊ (ဝါ) ကြိယာကို တားမြစ်ခြင်း။

**ပရိယုဒါသ ပဋိသေဓ**။ ။တားမြစ်အပ်သော ဝတ္ထုမှ အခြားဝတ္ထု၌ ဖြစ်ခြင်း (ဝါ) ဒြဗ်ကို တားမြစ်ခြင်း။

ပသဇ္ဇပဋိသေဓဿ၊ လက္ခဏံ ဝတ္ထု နတ္ထိတာ။

ဝတ္ထုတော အညတြ ဝုတ္တိ၊ ပရိယုဒါသ လက္ခဏံ။ (ရူ)

**ဆောင်**။ ။ပသဇ္ဇမှာ၊ ကြိယာ၊ ကြွင်းမှာ ဒြဗ်မြစ်။

(သုတ်စစ်အဖြေ ထင်ရှားပြီ။)

## ၁၃၃၇ (၁၉၇၆) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - သဒ္ဒါ - အဖြေ

---

၁။ (က) ယာနိ+ဣခ ဘူတာနိ-ကထာ+ဝေကာ။
(ခ) လဟုဋ္ဌာနံ-သောဟံ။

အက္ခရာဝိပ္ပတ္တိဖြစ်ပုံ

သံယော-စသော ဓနိတအက္ခရာ၏-သံဂေါ စသည်ဖြင့် သိထိလအက္ခရာ ဖြစ်ခြင်းသည်၎င်း၊ နာဂေါ-စသော သိထိလ အက္ခရာ၏ နာဃော-စသည်ဖြင့် ဓနိတအက္ခရာ ဖြစ်ခြင်းသည်၎င်း ဤသို့ စသည်ဖြင့် အက္ခရာ ဖောက်ပြန် ပျက်စီးခြင်းသည် အက္ခရာဝိပ္ပတ္တိ မည်ပါသည်။

၂။. အဂ္ဂိနိ ဥ-ပုံလိင်, သိဝိဘတ်, ဣကာရန္တ။

ဓာတုပစ္စယဝိဘတ္တိဝဇ္ဇိတ မတ္ထံ လိင်ႆ

ပုရိသဥ-ပူရဓာတ်သည် လိင်မမည်၊ ဣသပစ္စည်းလည်း လိင်မမည်၊ ပုရိသော, ပုရိသံ-စသည်၌ပါသော သိ-အံ-စသော ဝိဘတ်လည်း လိင်မမည်၊ ဝိဘတျန္တပုဒ်လည်း လိင်မမည်၊ ပူရဓာတ်သက်သက်လည်း မဟုတ်၊ ဣသပစ္စည်းသက်သက်လည်း မဟုတ်၊ဝိဘတျန္တပုဒ်လည်း မဟုတ်ဘဲ ပုရိသဟူသော အနိပ္ဖန္နပုဒ်သည်သာ လိင်မည်သည်။

၃။ ရဟိတပုဒ်သည် ဝိဂတ (ဝဇ္ဇိတ) အနက်နှင့် ယှဉ်သောအခါ ၎င်းနှင့် ယှဉ်ဘက်-မာတုဇာသည်-နိပါတယောဂ သဒ္ဒတ္ထ အပါဒါန် ဖြစ်သည်။

မာတုဇာတိ ရဟိတာ နိပါတယောဂ သဒ္ဒတ္ထာပါဒါနံ၊ ရဟိတာတိ မတပုတ္တေန ဝိဂတာ။ (နိဒ္ဒေသ)

ရိတေပုဒ်သည်-ဝဇ္ဇနအနက်နှင့်ယှဉ်သောအခါ ၎င်းနှင့်ယှဉ်ဘက် သဒ္ဓမ္မာသည်-နိပါတယောဂ-သဒ္ဒတ္ထအပါဒါန် ဖြစ်သည်။

ရိတေတိ အသံချိ ဝဇ္ဇနတ္ထံ တေန ယောဂေ (မောဂ္ဂလာန်)

ဝိနာပုဒ်သည်-ဝဇ္ဇနအနက်နှင့် ယှဉ်သောအခါ ၎င်းနှင့်ယှဉ်ဘက် သဒ္ဒမှာသည် နိပါတယောဂ သဒ္ဒတ္ထအပါဒါန် ဖြစ်သည်။
ဝဇ္ဇနေ ပဝတ္တောဟိ ဝိနာ အညတြ သဒ္ဒေဟိ ယောဂေ။ (နိရုတ္တိဒီပနီ)

ရဟိတယောဂဖြစ်သော မာတုဇံ+မာတုဇေန သည်၎င်း၊ရိတေ ဝိနာယောဂဖြစ်သော သဒ္ဒမံ+သဒ္ဒမေန သည်၎င်း အတ္ထအပါဒါန် များ ဖြစ်ကြသည်။

**မှတ်ချက်။** ။ရဟိတကို နိပါတ်ပုဒ်မဟုတ် နာမ်ပုဒ်ဟုလည်း ဆိုကြသေး သည်၊ ၎င်းတို့အလို ဝိဂတ (ဝဇ္ဇိတ) အနက်ဟော ရဟိတနာမ်ပုဒ် နှင့်ယှဉ်ရာ မာတုဇာ စသည်သည် နာမယောဂ အပါဒါန်များ ဖြစ်ကြသည်။

သို့သော် - ကစ္စည်းကျမ်း၌ နိပါတယောဂ အပါဒါန် အရာ၌ ပြထားသောကြောင့်၎င်း၊နိပါတ်ပုဒ်တို့သည်နေကေနေကတ္ထဝိသယ ဖြစ်သောကြောင့်၎င်း၊ နာမ်-နိပါတ်-နှစ်မျိုးနေနိုင်သော နမောပုဒ် နာမ်-နိပါတ် - အာချာတ် သုံးမျိုး နေနိုင်သော အတ္ထိပုဒ်-တို့ကဲ့သို့ ရဟိတပုဒ်ကိုလည်း နာမ်-နိပါတ်နှစ်မျိုး မရှိဟု မဆိုနိုင်။

၄။ ပစ္စည်းအတွက် အနက်သီးခြားမရှိဘဲ မူလ(မိမိ) ပုဒ်၏ အနက်သာ ရှိသည်ကို သောယေဝ အတ္ထော ယဿာတိ သွတ္ထော-ဟူသော ဝစနတ္ထ အရ သွတ္ထတဒ္ဓိတ်ဟု ဆိုသည်။

ဒေဝေါ ယေဝ ဒေဝတာ၌- တာပစ္စည်း အနက် သီးခြားမရှိ၊ ဒေဝ-ဟူသော မူလ (မိမိ) ပုဒ်၏ နတ် ဟူသော အနက်ကိုပင် တာပစ္စည်းက ဟောသည်၊လုံးလုံးအနက် မရှိသည်ကား မဟုတ်ပေ။

ထို့ကြောင့်-န တု သဒ္ဒါ အနတ္ထာတိ (အနက် ကင်းသော သဒ္ဒါသည် မရှိ) ဟူသော စကားနှင့် မဆန့်ကျင်ပါ။

**ကေသိက်နှင့်-တဒ္ဓိတ်**

ပုရိသော စ ပုရိဿော စ ပုရိသာ-စသော ကေသိက်ပုဒ်များ သည်-ပစ္စည်းပင် မရှိသော်လည်း- ဝိစိတြာဟိ တဒ္ဓိတဝုတ္တိ-နှင့်အညီ ပုရိသ (၂)ပုဒ် (၃)ပုဒ် စသည်တို့တွင် တပုဒ်ကိုသာ ချန်ထား၍ အခြားပုဒ်များကို ချေခြင်း ဟူသော ကြံကြံဖန်ဖန် စီမံမှုကြောင့် ဆန်းကြယ်သောတဒ္ဓိတ်တမျိုးဖြစ်သည်၊ထို့ကြောင့်မဆန့်ကျင်ပါ။

၅။ (ဥဒါဟရဏ်များ ထင်ရှားပြီ။)

အပ္ပသရ, ဗဟုသရပုဒ် နှစ်မျိုးတို့တွင် - များသော အားဖြင့် အပ္ပသရပုဒ် ရှေ့က နေသည်။

(ပုံစံ) စန္ဒော စ သူရိယော စ စန္ဒသူရိယာ-စသည်။

ကွစိ အပ္ပသရံ ပုဗ္ဗံ နိပတတိ၊ ယထာ စန္ဒော စ သူရိယော စ စန္ဒသူရိယာ။ (ရူ)

အပ္ပသချာ, ဗဟုသချာပုဒ် နှစ်မျိုးတွင် များသောအားဖြင့် အပ္ပသချာပုဒ် ရှေ့က နေသည်။

(ပုံစံ) ဧကကဉ္စ ဒုကဉ္စ ဧကဒုကံ-စသည်။

ဧကကဉ္စ ဒုကဉ္စ ဧကဒုကံ၊ သချာ-ဒွန္ဒေ အပ္ပသချာ ပုဗ္ဗံ နိပတတိ၊ ဧဝံ ဒုကတိကံ၊ တိကစတုက္ကံ။ (ရူ)

၆။ ဤ— အဂစ္ဆီ- ဂစ္ဆီ- အဂစ္ဆိ- ဂစ္ဆိ။
အဂဉ္ဆီ- ဂဉ္ဆီ- အဂဉ္ဆိ- ဂဉ္ဆိ။
အဂမီ- ဂမီ- အဂမိ- ဂမိ။
အဂမာသီ- ဂမာသီ- အဂမာသိ- ဂမာသိ။
အဇ္ဈဂါ။

ဥံ— အဂစ္ဆုံ- ဂစ္ဆုံ- အဂစ္ဆိံသု- ဂစ္ဆိံသု- အဂစ္ဆံသု- ဂစ္ဆံသု-
အဂစ္ဆာသုံ- ဂစ္ဆာသုံ။
အဂဉ္ဆုံ- ဂဉ္ဆုံ- အဂဉ္ဆိံသု- ဂဉ္ဆိံသု- အဂဉ္ဆံသု- ဂဉ္ဆံသု-
အဂဉ္ဆာသုံ- ဂဉ္ဆာသုံ။
အဂမုံ- ဂမုံ- အဂမိံသု- ဂမိံသု- အဂမံသု- ဂမံသု-
အဂမာသုံ- ဂမာသုံ- အဂမာသိံသု- ဂမာသိံသု။
အဇ္ဈဂုံ။

ဩ— အဂစ္ဆော- ဂစ္ဆော- အဂစ္ဆိ- ဂစ္ဆိ- အဂစ္ဆ- ဂစ္ဆ။
အဂဉ္ဆော- ဂဉ္ဆော- အဂဉ္ဆိ- ဂဉ္ဆိ- အဂဉ္ဆ- ဂဉ္ဆ။
အဂမော- ဂမော- အဂမိ- ဂမိ- အဂမ- ဂမ။
အဂမာသိ။
အဇ္ဈဂေါ။

၇။ (အနက်ထင်ရှားပြီ။)

အာချာတ်ဝါစက၏ ဝစ္စများကား- ဘောက်-ကတ္တား သုံးပါး တို့တည်း။

၈။ **ကြိယာတိပ္ပန္န အကြောင်း**

ဝိရုဒ္ဓဟေတုယောဂါ ဝါ၊ ဟေတုဝေကလ္လတော ပိ ဝါ။

ကြိယာန မဘာဝေ ဝါ၊ ကြိယာတိပန္န မီရိတံ။ (ကစ္စာယနသာရ)

[(၁) ဝိရုဒ္ဓဟေတုယောဂါဝါ-ဆန့်ကျင်ဘက် အကြောင်းနှင့် ပေါင်းမိခြင်းကြောင့်ရင်း။

(၂) ဟေတုဝေကလ္လတောပိဝါ-သင့်လျော်သော အကြောင်း၏ ချို့တဲ့ခြင်းကြောင့်ရင်း၊ ကြိယာနံ- ဖြစ်သင့် ဖြစ်ထိုက်သော ကြိယာတို့၏၊ အဘာဝေဝါ- မဖြစ်ခြင်းကိုပင်၊ ကြိယာတိပန္နံ- ကြိယာတိပန္နဟူ၍။ ဤရိတံ- ဆိုအပ်၏။ နှင့်အညီ။)]

(၁) ထမင်း ချက်ခြင်း ကြိယာ၌ မိုးကြီး သီးထန်စွာ ရွာလာခြင်း- လေကြီး ကျလာခြင်း- စသည်ဖြင့် ယုတ်တရက် အနှောက်အရှက် ပေါ်လာခြင်းသည် ဝိရုဒ္ဓဟေတု ယောဂတည်း။ ထိုဆန့်ကျင်ဘက် အကြောင်းနှင့် တွေ့ကြုံခြင်းကြောင့် ထမင်း ချက်မှု ကြိယာ၏ မဖြစ်ခြင်းသည် ကြိယာတိပန္နတည်း၊ထို့ကြောင့် သစေ မဟာမေဃော န ဝဿေယျ-သြဒနံ အပစိဿ-ဟု ကြိယာ တိပန္နဖြင့် ပါဠိစီရသည်။

(၂) ဆန်, ထင်း, ရေ, မီး, အိုး ခွက် စသော အကြောင်း များသည် ထမင်းချက်ခြင်း ကြိယာ၌ သင့်လျော်သော အကြောင်း များတည်း။

ဆန်မရှိ ထင်းမရှိ စသည်ကား အကြောင်း ချို့တဲ့မှု ဟေတု ဝေကလ္လတည်း၊ ထိုအကြောင်း ချို့တဲ့မှု ဟေတု ဝေကလ္လကြောင့် ထမင်းချက်မှု ကြိယာ၏ မဖြစ်ခြင်းသည် ကြိယာပန္နတည်း၊ ထို့ကြောင့် သစေ တဏ္ဍုလံ အလဘိဿာ သြဒနံ အပစိဿာ-ဟု ကြိယာတိပန္နဖြင့် ပါဠိစီရသည်။ (ကစ္စည်း ဘာသာဋီကာ)

ဓာတုအရ-ဘူ စသော ဓာတ်များကိုင်း၊ ခါဒိဓာတုပစ္စယန္တ သဒ္ဒါတို့ကိုင်း ယူရပါသည်။

ဓာတူဟိစာတိ ဇွေ ဘူာါဒယော ခါဒိဓာတုပစ္စယန္တာစာတိ ဒုဝိဓာပိ ဓာတုပကတိယော ဂဟိတာ။ (ရူပ္ပ)

လိင်္ဂအရ-သုဒ္ဓနာမ်-ဥပသာရ နိပါတ် သမာသ် တဒ္ဓိတ် ကိတ် ကိစ္စ စ္စယန္တနာမ် ဏတ္ထိ စ္စယန္တနာမ် ဓာတုပစ္စယန္တပုဒ် အားလုံးကို ယူရပါသည်။

လိင်္ဂဂ္ဂဟဏေန ဓာတုပစ္စယဝိဘတ္တိဝဇ္ဇိတ နာမောပသဂ္ဂနိပါတ ဘူတာ သမာသ တဒ္ဓိတ ကိ ၂ ကာ ကိစ္စာ ဏတ္ထိပစ္စယ ဓာတုပစ္စယန္တ ဘူတာ စ သဗ္ဗာပိ နာမပကတိယော ဂဟိတာ။ (ရူပ္ပ)

ပစ္စယ အရ - သျာဒိဝိဘတ် တျာဒိဝိဘတ် တဒ္ဓိတ်ပစ္စည်း ကိတ်ပစ္စည်း ကိစ္စပစ္စည်း ဏတ္ထိပစ္စည်း ဓာတုပစ္စည်း ကာရ-စသော ပစ္စည်းများ အားလုံးကို ယူရ၏။

ပရာ ပစ္စယာတိ ဇွေ သျာဒိတျာဒိဝိဘတ္တိဘူတာ တဒ္ဓိတ ကိတ ကိစ္စ ဏတ္ထိပစ္စယ ဓာတုပစ္စယ ကာရာဒိပစ္စယ ဘေဒါ စ သဗ္ဗေပိ ပစ္စယာ ဂဟိတာ။ (ရူပ္ပ)

၉။ (က) ဘူ ဓာတ်-ဥ ဝိဘတ်၊ ဝိပုဗ္ဗ ဉာဓာတ်-ယျောမ ဝိဘတ်။

( ခ) မာ ဓာတ် ဏျပစ္စည်း၊ ဘုဇ ဓာတ်-တဝန္တု ပစ္စည်း။
နီဓာတ်-တုပစ္စည်း။

နိယျာနိကံ၌-နိပုဗ္ဗ- ယာဓာတ်- အနီယပစ္စည်း၊ ယ ဒွေးဘော် ဆောင်၍ငင်း, အနီယ၏ ယကို ဏပြု၍ငင်း,ဉာကို ဣ ရဿပြု၍ငင်း နိယျာနိကံ-ဟု ပြီး၏။

၁၀။ **ကိစ္စကိဟ (၁၅) ပစ္စည်း**

ဏ ယ ကို ရမ္မ အ ဏူ တု၊ အာဝီ ရူ ဣ တ မာန မ။

မန ကာရ ဣမေ ပန္န၊ ရသ ကိတ ကိစ္စာ မတာ။ (ဇာလိနီ)

**ဆောင်။** ။ဏ-ကို ရမ္မ၊ အ တ ယု ဏု၊ အာဝီ တုနှင့်၊ ရာတု ရိတု၊ ရတ္တု ဣန၊ အန္ဒ ကာရ၊ ဆယ့်ငါးပြ၊ ကိစ္စ ကိတပစ္စည်းတည်း။ (ဗီဇက္ခန် အလို-မာန်လည်နိယံ)

(ပုဒ်စစ် ထင်ရှားပြီ။)

## ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

## ၁၃၂၇ (၁၉၆၆) ခုနှစ်

## ပါဠိပထမပြန် စာမေးပွဲ

# ပထမကြီး။ ။အဘိဓမ္မတ္ထသင်္ဂဟ

၁၃၂၇-ခုနှစ်၊ တန်ခူးလဆန်း ၁၄-ရက် (၄-၄-၆၆) တနင်းလာနေ့

ခွင့်ပြုသည့်အချိန်။ ။လေးနာရီ (မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီထိ)

(မှတ်ရန်။ ။လက်ျာဘက်ရှိဂဏန်းများသည် အမှတ်ပြည့်ကိုပြသည်)

---

အမှတ်

၁။ သောတာပတ္တိမဂ်၌ နည်းတထောင်ဖြစ်ပုံကို အကျဉ်းချုပ် ဖော်ပြပါ။ (၁၀)

၂။ ဝိတက်, စေတနာ, မနသိကာရ စေတသိက်တို့၏ အထူးကို ဖော်ပြပါ။ (၁၀)

၃။ "ကေစိသတိ ဝေါဟာရေ" ၌ဝေါဟာရ သရုပ်ကို ဖော်ထုတ် ခဲ့ပါ။ (၁၀)

၄။ သောမနဿနှင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်၏ ဒေါမနဿ ဇော နောင် တဒါရုံမဖြစ်နိုင်သောအခါ အဘယ့်ကြောင့် ဥပေက္ခာ သန္တီရဏစိတ် ဖြစ်ပါသနည်း၊ ရှင်းလင်းစွာ ဖော်ပြပါ။ (၁၀)

၅။ စာတုမဟာရာဇ်နတ်တို့၏ နတ်သက် ငါးရာသည် လူတို့ အရေအတွက်အားဖြင့် အနှစ်ကိုးသန်းရှိသည်ကိုထောက်၍

တာဝတိံသာ နတ်, ယာမာ နတ်, တုသိတာ နတ်, နိမ္မာနရတိနတ်တို့၏ နတ်သက်များကို လူတို့အရေအတွက်အားဖြင့် ဖေါ်ပြပါ။ (၁၀)

၆။ "ကဗဠီကာရ အာဟာရသည် အာဟာရရုပ်မည်၏" ဟု အဘယ့်ကြောင့် ဆိုအပ်ပါသနည်း၊ ကဗဠီကာရ အာဟာရသည် အာဟာရရုပ်မည်၍ ဆိုအပ်ပါသလော၊ အဘယ်တရားသည် အာဟာရရုပ် မည်ပါသနည်း၊ ရှင်းလင်းစွာ ဖြေဆိုပါ။ (၁၀)

၇။ ဗောဓိပက္ခိယ တရားတို့၏ တရားကိုယ် တဆယ့်လေးပါးတို့ ဖြစ်ရာဌာနတို့ကို ပြသော ဂါထာကို ရေးသားခဲ့ပါ။ (၁၀)

၈။ အသင်္ခတ တရားများသည် ပစ္စယုပ္ပန် ဖြစ်နိုင် မဖြစ်နိုင် သင်္ဂဟထောက်ကိုး၍ ဖြေဆိုပြီးလျှင်၊ နိဗ္ဗာန်သည် နာမ်ရုပ်နှစ်ပါးတွင် အဘယ်၌ ပါဝင်ကြောင်း သင်္ဂဟပါဠိကိုးကား ဖြေဆိုပါ။ (၁၀)

၉။ အဘယ်အကြောင်းကြောင့် အလုံးစုံသော ပစ္စည်းတို့ကို လေးပါးသော ပစ္စည်းတို့၌ ပေါင်းနိုင်ပါသနည်း။ (၁၀)

၁၀။ "နိမိတ္တေသု ပန ပရိကမ္မနိမိတ္တံ ဥဂ္ဂဟနိမိတ္တဉ္စ သဗ္ဗတ္ထာပိ ယထာရဟံ ပရိယာယေန လဗ္ဘန္တေဝ"၌ ယထာရဟဖြစ်ပုံ ပရိယာယဖြစ်ပုံတို့ကို ရှင်းလင်းပြပါ။ (၁၀)

## ၁၃၂၈ (၁၉၆၇) ခုနှစ်
## ပါဠိ ပထမပြန်စာမေးပွဲ
# ပထမကြီး။ ။အဘိဓမ္မတ္ထသင်္ဂဟ

၁၃၂၈-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁-ရက် (၅-၄-၆၇) ဗုဒ္ဓဟူးနေ့

အမှတ်

၁။ သကဒါဂါမိမဂ္ဂစိတ္တံ ၌ ပါသော သကဒါဂါမီ ပုဒ်၏ အဓိပ္ပါယ်ကို အဋ္ဌကထာ အထောက်ပြ၍ ရေးပြီးလျှင် ၎င်းပုဒ်၏အရကိုလည်း မှန်ကန်စွာ ကောက်ပြပါ။ (၁၀)

၂။ သမ္မာအာဇီဝ (၇) မျိုး ဖြစ်ပုံကို ရေးပြီးလျှင်၊ ၎င်း စေတသိက်၏ အာကိဉ္စညာယတန ကုသိုလ်စိတ်၌ မယှဉ်နိုင် ခြင်းအကြောင်းကိုလည်း ရေးပြပါ။ (၁၀)

၃။ ဒွါရသင်္ဂဟလာ ကမ္မကမ္မနိမိတ္တ ဂတိနိမိတ္တသမ္မတံ အရ ကမ္မနိမိတ်၏ သဘောကို ရေးပြီးလျှင်၊ ၎င်းကမ္မနိမိတ် သက်သက်ကိုသာ အာရုံပြုနိုင်သော စိတ်များကိုလည်း အထောက် သာဓကဖြင့် ကောက်ပြပါ။ (၁၀)

၄။ ရူပ ရဟန္တာပုဂ္ဂိုလ် ရနိုင်သမျှသော မဟန္တာရုံဝီထိ စိတ်များ ကို ရေတွက်ပြပြီးလျှင်၊ ၎င်း ရူပ ရဟန္တာပုဂ္ဂိုလ် သန္တာန်၌ ဖြစ်နိုင်သော အပ္ပနာဇောများကိုလည်း ရေတွက်ပြပါ။ (၁၀)

၅။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ပွားများသော ဝိပဿနာ ဘာဝနာဟူသည် လောကီ တရားဖြစ်သလော လောကုတ္တရာ တရား ဖြစ်သလော အကြောင်းပြ၍ ဆုံးဖြတ်ပြီးလျှင်၊ ၎င်း ဝိပဿနာ ဘာဝနာ၏ တရားကိုယ်ကိုလည်း တိတိ ကျကျ ဖော်ပြပါ။ (၁၀)

၆။ အနုပါဒိန္နသာဖြစ်နိုင်၍ ဥပါဒိန္နမဖြစ်နိုင်သော ရုပ်များနှင့် အနုပါဒိန္န, ဥပါဒိန္န နှစ်ပါးစုံ မဖြစ်နိုင်သော ရုပ်များကို အထောက်အထားဖြင့် ဖော်ပြပါ။ (၁၀)

၇။ ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ ဈာန်တရားများ ဖြစ်ပေါ်ခွင့် မရအောင် တားဆီး ပိတ်ပင်တတ်သော ကိလေသာများကို ဖော်ပြပြီးလျှင်၊ လောကီ လောကုတ္တရာ နှစ်မျိုးပါဝင်သော ဈာန်များကိုလည်း ရေတွက်ပြပါ။ (၁၀)

၈။ ပကတူပနိဿယပစ္စည်း၏ နိဒ္ဒေသပါဠိကို မှန်ကန် ကျနစွာ အနက်ရေးပြပါ။ (၁၀)

၉။ အတ္ထပညတ်၏ သဘော အဓိပ္ပါယ်နှင့် အနက်ကို ပြသော ပါဠိကို အပြည့်အစုံ ရေးပြပါ။ (အတ္ထပညတ် အပြားကို ပြသော ပါဠိများ ပါဝင်ရန် မလို။) (၁၀)

၁၀။ အောက်ပါ ဝိပဿနုပက္ကိလေသ တရားတို့၏ တရားကိုယ်ကို ကောက်ပြပြီးလျှင်၊ ၎င်းတရားတို့သည် အဘယ့်ကြောင့် ဝိပဿနာ ညစ်ညူးကြောင်း ဖြစ်ရသည်ကိုလည်း မှန်ကန်စွာ ရေးသား ဖြေဆိုပါ။ (၁၀)

(က) ပဿဒ္ဓိ။ (ဂ) ပဂ္ဂဟ။

(ခ) အဓိမောက္ခ။ (ဃ) ဥပဋ္ဌာန။

## ၁၃၂၉ (၁၉၆၈) ခုနှစ်

## ပါဠိပထမပြန်စာမေးပွဲ

# ပထမကြီး။ ။အဘိဓမ္မတ္ထသင်္ဂဟ

၁၃၂၉-ခုနှစ်၊ တန်ခူးလဆန်း ၈-ရက် (၅-၄-၆၈) သောကြာနေ့

အမှတ်

၁။ စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနံ ဤ နိဗ္ဗာနံ၏ အဓိပ္ပါယ်ကို ကျမ်းဆရာ အလိုကျ ရေး၍ ထိုနိဗ္ဗာန်၏ ဥပသမဂုဏ်ကို မီးဖြန်းသော ယောဂီအား ရနိုင်သော ဘာဝနာတို့ကို သာဓကပြ၍ ဖြေဆိုပါ။ (၁၀)

၂။ သဗ္ဗာကုသလသာဓာရဏ,သဗ္ဗာကုသလယောဂီစေတသိက်တို့၏ သရုပ်နှင့် ခြားနားချက်ကို ရေး၍၊ အဟိတ်စိတ်ရှိသကဲ့သို့ အဟိတ်စေတသိက် အဘယ့်ကြောင့် မရှိပါသနည်း။ (၁၀)

၃။ ကာမတရားကို ကေန်အာရုံပြုသော စိတ်နှင့် အနေကန်အာရုံပြုသော စိတ်တို့ကို သက်ဆိုင်ရာ အာရုံနှင့် တွဲစပ်၍ သင်္ဂဟကျမ်းလာသည့်အတိုင်း ခွဲခြားပြဆိုပါ။ (၁၀)

၄။ "ဇော" ဟူသည် အဘယ်တရားများဖြစ်ကြောင်း ဖေါ်ပြ၍ တကြိမ်မှ ခုနစ်ကြိမ်တိုင် ဇောသော ဇောများကို အသီးသီး ရေးပါ။ (၁၀)

၅။ အသုရကာယယောဥ် ပြိတ္တာအသုရာနှင့် နတ်အသုရာ နှစ်မျိုးတို့တွင် အဘယ်ကို ယူရမည်ဟု အကြောင်းပြ ဖြေဆိုပြီးလျှင်၊ ဥပစ္ဆေဒကကံဖြင့် မသေနိုင်သော သတ္တဝါများကို ထုတ်ပြပါ။ (၁၀)

၆။ ဥပါဒ်ခဏ၌ ဖြစ်သောရုပ်, ဌီခဏ၌ ဖြစ်သော ရုပ်, ဥပါဒ်, ဌီ, ဘင်ခဏ သုံးပါးတို့၌ ဖြစ်သော ရုပ်တို့ကို ရေး၍၊ လဟုတာဒိတ္တယသည် အဘယ့်ကြောင့် ကမ္မဇရုပ် မဖြစ်ပါသနည်း။ (၁၀)

၇။ မိမိဆိုင်ရာ အကျိုးတရားများကို ဆောင်သောကြောင့် အာဟာရမည်သည်ဟု ဆိုရာ အဘယ် အာဟာရသည် အဘယ်တရားများကို ဆောင်ပါသနည်း။ (၁၀)

၈။ ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်း နှစ်ပါးတို့၏ ခြား နားချက်ကို ပြသော ပါဠိကို အနက် ကျနစွာ ရေးပါ။ (၁၀)

၉။ ဝိသုဒ္ဓိဘေဒလာ မင်္ဂဆိုက်ခါနီး စိတ်အစဉ်ဖြစ်ပုံပြ ပါဌ်ကို မှန်ကန်အောင်ရေးပါ။ (၁၀)

၁၀။ သိခါပတ္တ ဝိပဿနာဉာဏ်ကို အဘယ့်ကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ခေါ်ရကြောင်း ရေး၍၊ ဆဝိဒ္ဓိသုဒ္ဓိကမေနေဝံ ၌ ဆဗ္ဗိသုဒ္ဓိအရ မူလ, သရီရ ဝိသုဒ္ဓိ နှစ်မျိုးကို ခွဲခြားပြပါ။ (၁၀)

# ၁၃၃၀ (၁၉၆၉) ခုနှစ်
# ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီး ။ ။ အဘိဓမ္မတ္ထသင်္ဂဟ

၁၃၃၀-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃-ရက် (၄-၄-၆၉) သောကြာနေ့

---

အမှတ်

၁။ ပကိဏ်း စေတသိက် ခြောက်ပါးလုံးနှင့် မယှဉ်သော စိတ်တို့ကို ဖော်ပြ၍၊ ၎င်းစိတ်တို့ကို ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ, ဝတ္ထု, ဘုံတို့ဖြင့် ဝေဘန်ပြပါ။ (၁၀)

၂။ သေသာနိ မဟဂ္ဂတစိတ္တာနိ ပညတ္တာရမ္မဏာနိ၌ သေသ၏ အပါဒါန်ကို ဖော်ထုတ်၍ ပညတ္တာရမ္မဏာနိ၌ ပညတ်အာရုံ မည်မျှရှိသည်ကိုလည်း အဋ္ဌကထာဆရာအလိုကျအထောက် ပြ၍ ဖြေဆိုပါ။ (၁၀)

၃။ ပဋ္ဌမဇ္ဈာနံ ဘာဝေတွာ ဝေဟပ္ဖလေသု ၌ မယူရသော ပဋ္ဌမဈာန်ကို ထုတ်ပြပြီးလျှင်၊ မယူရခြင်း၏ အကြောင်း အဆက်ဆက်ကိုလည်း ပြည့်စုံစွာ ရေးသားပါ။ (၁၀)

၄။ မရဏာသန္နဝီထိ မည်မျှရှိသည်ကို သင်္ဂဟအကိုးပြ၍ ဖြေဆို ပြီးလျှင်၊ တဒါရုံ ဘဝင်နှောင် စုတိကျသော ဝီထိကိုလည်း ချပြပါ။ (၁၀)

၅။ ဟဒယဝတ္ထုစသော အခြားရုပ်များ ရှိပါလျက် ပသာဒရုပ် ငါးပါးကိုသာ အဇ္ဈတ္တိကရုပ်ဟု ခေါ်ဆို ရကြောင်းကို ဖြေဆိုပြီးလျှင် ဝိညတ်စသည်မဖက် ရုပ်သက်သက်ကိုသာ ဖြစ်စေသော စိတ်တို့ကိုလည်း တိကျစွာ ကောက်ပြပါ။ (၁၀)

၆။ အကုသလသင်္ဂဟ၌ ဌာနကြီး ကိုးပါး အမည်ကို ရေးသား ပြီးလျှင်၊ မောဟသည် မည်သည့်ဌာနများ၌ ပါဝင်သည်ကို ဖော်ပြပါ။ (၁၀)

၇။ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ တို့၌ ဘဝနှစ်ခု တို့၏ အထူးကို ဖော်ပြပြီးလျှင် နိဗ္ဗာန်သည် ထင်ရှားရှိသော ပရမတ္ထတရားဖြစ်ပါလျက် အတ္ထိပစ္စည်း၌ မပါဝင်ခြင်းကို ရှင်းပြပါ။ (၁၀)

၈။ နာမ်ရုပ်နှစ်ပါးသည် နာမ်ရုပ်နှစ်ပါးအား ကျေးဇူးပြုသော ကိုးပစ္စည်းတို့တွင် အဓိပတိပစ္စည်း၏ ကျေးဇူးပြုပုံပြ ပါဠိကို ရေးသားပါ။ (၁၀)

၉။ အဘိညာဉ်ဖြစ်ပုံပြ ပါဠိကို နိသျနက်ကျကျ ယောဇနာပါ။ (၁၀)

၁၀။ ဝိသုဒ္ဓိ ခုနစ်ပါးနှင့် ဉာဏ် ၁၀-ပါးတို့ကို ဖြစ်သင့်သလို ယှဉ်တွဲပြပါ။ (၁၀)

## ၁၃၃၁ (၁၉၇၀) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီး။ ။အဘိဓမ္မတ္ထသင်္ဂဟ

၁၃၃၁-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂-ရက် (၃-၄-၇၀) ကြာသပတေးနေ့

အမှတ်

၁။ ပရမတ္ထ၏ အဝိပရီတ သဘောနှင့် ရုပ်၏ ရုပ္ပန သဘောတို့ကို သိသာထင်ရှားအောင် ရှင်းပြပြီးလျှင် လောကုတ္တရာစိတ်သည် အဘယ်လောကမှ အဘယ်သို့ ထွက်မြောက်ပါသနည်း ဋီကာဆရာအလိုကျ ဖြေဆိုပါ။ (၁၀)

၂။ ကာမာဝစရ သောဘန စိတ်များ၌ သောမနဿ, ဥပေက္ခာ ၂-မျိုးရှိ၍ ဝေဒနာ ဘေဒအားဖြင့် ဆိုတန်စေ၊ ဉာဏ်မှာ တပါးတည်းဖြစ်လျက် အဘယ်သို့လျှင် ဉာဏဘေဒ ဆိုရသည်ကို ပေါ်လွင်အောင် ရေးသားပြီးလျှင်၊ စိတ်နှင့် ကေပ္ပါဒသာ ဖြစ်၍ ကေနိရောဓ မဖြစ်သော တရား၊ ကေပ္ပါဒ,ကေနိရောဓ နှစ်ပါးဖြစ်၍ ကောလမ္ဗဏ မဖြစ်သောတရားတို့ကို ထုတ်ပြပါ။ (၁၀)

၃။ အနိယတ ယောဂီသာ ဖြစ်၍ ဝိသေသက မဖြစ်သော စေတသိက်,ဝိသေသကသာ ဖြစ်၍ အနိယတယောဂီ မဖြစ်သော စေတသိက်တို့ကို ရေတွက်ပြပြီးလျှင်၊ မနောဒွါရ၌ မဖြစ်သော စိတ်တို့ကိုလည်း ဖော်ပြပါ။ (၁၀)

၄။ ဟိတ်နှစ်ပါးနှင့် ယှဉ်သော စေတသိက်, ဟိတ်သုံးပါးနှင့် ယှဉ်သော စေတသိက်တို့ကို အသီးသီး ဖော်ပြပြီးလျှင် နာမ်ကိုကေန် အာရုံပြုသော စိတ်နှင့် အနေကေန် အာရုံပြုသော စိတ်တို့ကိုလည်း ထုတ်ပြပါ။ (၁၀)

၅။ "ဝိပါက် အမှန်, ဇောအပြန်နှင့် ဝိပါက်လည်း အမှန်, ဇောလည်း အမှန်" စကားများအရ ဝီထိစိတ်တို့ ဖြစ်ကြပုံကို အာရုံဖြင့် ခွဲခြား ရှင်းပြပြီးလျှင်၊ တဘဝတွင် စိတ္တဇရုပ်တို့၏ အစဆုံးဖြစ်ရာဌာနနှင့် ကမ္မဇရုပ်တို့၏ နောက်ဆုံးဖြစ်ရာဌာနတို့ကိုလည်း တိကျစွာ ဖော်ပြပါ။ (၁၀)

၆။ အဘယ်သို့သော ကံမျိုးကို ဇနက, ဥပတ္ထမ္ဘက, ဥပပီဠက, ဥပဃာတကကံ ဟု ခေါ်ဆိုရသည်ကို အသီးသီး ကျနစွာ ဖော်ပြပြီးလျှင်၊ အကျိုးမပေးသော ဂရုကကံများ ရှိနိုင်ပါသလော ရှိက ထုတ်ပြပါ။ (၁၀)

၇။ စိတ္တဇကလာပ် ၆-စည်း၌ ပါဝင်သော ရုပ်တို့ကို သမုဋ္ဌာန် လေးပါးဖြင့် ခွဲပြပြီးလျှင်၊ ထွက်သက် ဝင်သက် လေထဲ၌ မည်သည့်ရုပ်များ ပါရှိပါသနည်း ဖော်ပြပါ။ (၁၀)

၈။ သတိ စေတသိက်သည် တပါးတည်းဖြစ်လျက် သတိပဋ္ဌာန် လေးပါး ပြားရခြင်း အကြောင်းကို ဖြေဆိုပြီးလျှင်, ဒုက္ခ ဖြစ်စေနိုင်သော အကြောင်းတရား အများအပြား ရှိပါလျက် အဘယ့်ကြောင့် တဏှာကိုသာ သမုဒယသစ္စာဟု ဆိုရသည်ကိုလည်း ဖော်ပြပါ။ (၁၀)

၉။ ဝစီဃောသာနုသာရေန ။လ။ ဂေါစရာ ဟူသော ဂါထာကို ဂေါစရ၏ စပ်ရာ ဝိသေသျနှင့် ကြိယာပုဒ်များထည့်၍ အနက် ယောဇနာပါ။ (၁၀)

၁။ တတ္ထ ဂတေ သန္နိရ ဓမ္မေ ။လ။ တတော နိရောဓသမာပန္နော နာမ ဟောတိ ၌ ပေယျာလကို ဖော်ရေးပါ။ (၁၀)

## ၁၃၃၂ (၁၉၇၀) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီး။ ။အဘိဓမ္မတ္ထသင်္ဂဟ

၁၃၃၂-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈-ရက် (၃-၄-၇၀) စနေနေ့

အမှတ်

၁။ အာရုံကို ထိခိုက်တတ်သောကြောင့် ပဋိဃဟုဆိုရာ ဒေါသ၏ ပဋိဃဖြစ်ပုံကို ရှင်းပြပြီးလျှင် အဒေါသ စေတသိက်နှင့် မေတ္တာတို့၏ အထူးကို ဖော်ပြပါ။ (၁၀)

၂။ ကုသိုလ် အကုသိုလ် ဟူသော အမည်သည် စိတ်စေတသိက်နှစ်မျိုးတွင် မည်သည့်တရား၏ အမည်ရင်း ဖြစ်သည်ကို ကျနစွာ ရှင်းပြပြီးလျှင်၊ ဆဒွါရိက ဒွါရဝိမုတ္တစိတ်တို့၏ ဆဒွါရိက ဒွါရဝိမုတ္တဖြစ်ပုံကို ရေးသားပါ။ (၁၀)

၃။ ပုထုဇဉ်များသန္တာန်၌ဖြစ်သော ဉာဏသမ္ပယုတ် ကာမကုသိုလ်ဇော၏ အာရုံကို ဖော်ပြ၍၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တို့ကို ကာလ ၃-ပါး,အာရုံ ၆-ပါးတို့ဖြင့် ဝေဖန်ပြပါ။ (၁၀)

၄။ အာဂန္တုက ဘဝင်စိတ်ဖြစ်ပေါ်လာရပုံကို ကျနစွာ ရှင်းပြပြီးလျှင်၊ ဒါနကုသိုလ် သက်သက်ဖြင့် နိဗ္ဗာန်သို့ တိုက်ရိုက်ရောက်နိုင် မရောက်နိုင် သင်္ဂဟ သာဓကဖြင့် ဆုံးဖြတ်ပါ။ (၁၀)

၅။ "လောက်လန်းသဖွယ် ဝိညာဉ်တွယ်" ဟူသော လောကဝေါဟာရသည် ယထာဘူတ ကျ မကျ အဋ္ဌကထာ ဋီကာဆရာတို့အလိုကျ ရှင်းပြ၍ မဂ္ဂဖလာန မာရမ္မဏာဘူတံ ပါဠိဖြင့် အဋ္ဌကထာဆရာ၏ သိစေလိုရင်း အဓိပ္ပါယ်ကို ဖော်ပြပါ။ (၁၀)

၆။ ဓမ္မာရုံသာမည်၍ ဓမ္မဓာတ်မမည်သောတရား, နှစ်ပါးစုံ မည်သော တရားတို့ကို ထုတ်ပြ၍ ဝေဒနာနှင့် သညာတို့ကို ခန္ဓာသီးခြားဖွဲ့ရကြောင်းကို ရှင်းပြပါ။ (၁၀)

၇။ ဝုတ္တိသဒ္ဒေါသည် မည်သည့်သဒ္ဒပညတ်မျိုး ဖြစ်သည်ကို အကြောင်းနှင့်တကွ ရှင်းပြပြီးလျှင် ကမ္မဘဝနှင့် သင်္ခါရ တို့၏ အထူးကို ရေးပါ။ (၁၀)

၈။ ပဋိဘာဂနိမိတ်သည် ပရမတ် ပညတ်နှစ်မျိုးတွင် အဘယ် နည်း၊ ပဋိဘာဂနိမိတ် ပေါ်လာချိန်တွင် ရောက်နေသော ဘာဝနာအဆင့်အတန်းကိုဖော်ပြ၍ မဂ်ရခါနီး စိတ်အစဉ် ဖြစ်ပုံကို အဋ္ဌကထာဆရာအဆိုအတိုင်း ရှင်းပြပါ။ (၁၀)

၉။ တတော ပရံ ပန (လ) ခဏာဝသေန ဝါ ဠ ပေယျာလကို ဖော်ရေးပါ။ (၁၀)

၁၀။ ဘာဝနာနှစ်ပါးကို ပွားများရန် တိုက်တွန်းတော်မူသော ရှင်အနုရုဒ္ဓါဆရာ၏ ဥယျောဇဉ်ဂါထာကို ကျနစွာ အနက် ယောဇနာပါ။ (၁၀)

## ၁၃၃၃ (၁၉၇၂) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
## ပထမကြီး။ ။အဘိဓမ္မတ္ထသင်္ဂဟ

၁၃၃၃-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇-ရက် (၅-၄-၇၂) ဗုဒ္ဓဟူးနေ့

အမှတ်

၁။ ရူပါဝစရစိတ်၌ အသင်္ခါရိက, သသင်္ခါရိကနှင့် စပ်လျဉ်း၍ ဋီကာဆရာ၏ အဆိုကို စုံလင်စွာ ရှင်းပြပြီးလျှင်၊ ဖဿသည် နာမ်တရားဖြစ်ပါလျက် အဘယ်သို့ အာရုံကို တွေ့ထိနိုင်ပါ သနည်း သဘာဝကျကျ ရှင်းပြပါ။ (၁၀)

၂။ သံယောဇဉ် မမည်သော အကုသိုလ်စေတသိက်နှင့် မဟာ ဝိပါက်စိတ်, မဟဂ္ဂုတ်စိတ်, လောကုတ္တရာစိတ် အသီးသီး၌ မယှဉ်သည့် သောဘန စေတသိက်တို့ကို ထုတ်ပြပြီးလျှင်၊ အဘိဉာဉ်ကုသိုလ်စိတ်၏အာရုံတွင်အရဟတ္တမဂ်,အရဟတ္တ ဖိုလ် ကြဉ်ရခြင်း အကြောင်းကိုလည်း ရေးသားပါ။ (၁၀)

၃။ မျက်စိဖြင့် ရူပါရုံကို မြင်ရာ၌ စက္ခုပသာဒဖြင့် မြင်သလော စက္ခုဝိညာဉ်ဖြင့် မြင်သလော သင်္ဂဟ သာဓကဖြင့် တင်ပြ၍၊ နိရောဓသမာပတ် ဝင်စားနေသော ပုဂ္ဂိုလ်၌ ဖြစ်သော ပရမတ်တရားတို့ကိုလည်း ဖော်ပြပါ။ (၁၀

၄။ တိရစ္ဆာန်သတ္တဝါများ သန္တာန်၌ မဂ္ဂင်တရားများ ဖြစ်နိုင် မဖြစ်နိုင် အဋ္ဌကထာ လာသည့်အတိုင်း စိစစ်ပြပြီးလျှင်၊ ဘုရားသခင် ဖန်ဆင်းမှုကြောင့် သတ္တဝါတွေ ဖြစ်လာရသည် ဟူသော အယူအဆ ဟုတ် မဟုတ်ကိုလည်း သင်္ဂဟ အထောက်ပြ၍ ရှင်းလင်းပါ။ (၁၀

**သုဓမ္မဝတီ (က) ၁၀၆-၁၅**

၅။ မည်သည့်ရုပ်ကို ကလလ ရေကြည်ဟု ခေါ်ပါသနည်း ကလလ ရေကြည်၏ ပမာဏနှင့် သဘာဝတို့ကို ပြဆို၍၊ ပဋ္ဌာန်းကျမ်းအရ မဟာဘုတ်တို့သည်လည်း အချင်းချင်း အပြန်အလှန် မှီကြသည် မဟုတ်ပါလော အဘယ့်ကြောင့် ဥပါဒါရုပ်ဟူသော အမည်ကို မရပါသနည်း သင်္ဂဟဆရာ အလိုကျ ရှင်းပြပါ။ (၁၀)

၆။ မျက်စိဖြင့် မြင်ကောင်းသော ရုပ်, မမြင်ကောင်းသော ရုပ် တို့ကို ခွဲခြားပြ၍၊ အဝိဇ္ဇာ၏ အကြောင်းနှင့် ဝဋ္ဋာနုဂါမိနီ ဝိပဿနာ၏ အရတို့ကိုလည်း ဖော်ပြပါ။ (၁၀)

၇။ "ဒွိဟေတုက တိဟေတုက ဇဝနေသွဝ" ၌ ဒွိဟေတုက တိဟေတုကသဒ္ဒါ, ဧဝ သဒ္ဒါတို့ဖြင့် အဋ္ဌကထာ ဆရာ၏ သိစေလိုရင်း အဓိပ္ပါယ်ကို ဖော်ပြ၍ "ဥပါဒါနပစ္စယာ ဘဝေါ၊ဘဝပစ္စယာ ဇာတိ"တို့၌ဘဝနှစ်ပါး၏ ထူးခြာပုံကို အကြောင်းနှင့် တကွ ဝေဖန်ပိုင်းခြားပြပါ။ (၁၀)

၈။ "ဝေဒနာပစ္စယာ တဏှာ" ၌ ဝေဒနာ သုံးပါးကြောင့် တဏှာဖြစ်ပုံကိုရှင်းပြ၍၊အသုဘကမ္မဋ္ဌာန်းသက်သက်ကိုသာ စီးဖြန်းအားထုတ်နေသောယောဂီပုဂ္ဂိုလ်ကငါသောတာပန် ဖြစ်ပြီဟု ဆိုလာလျှင် လက်ခံ ယုံကြည်ရမည်လော၊ သင်္ဂဟ ပါဠိ ကိုးကား၍ ရှင်းလင်းပါ။ (၁၀)

၉။ ဒုတိယစျာန် စသည်ဖြစ်ပုံပြ ပါဠိကို ပြည့်စုံစွာ ရေးပါ။ (၁၀)

၁၀။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည်ပုံပြပါဠိကို"သမ္မသန္တဿ စ" ပါဌ်တိုင်အောင် အနက်ယောဇနာပါ။ (၁၀)

# ၁၃၃၄ (၁၉၇၃) ခုနှစ်

## ပါဠိပထမပြန်စာမေးပွဲ

## ပထမကြီး။ ။အဘိဓမ္မတ္ထသင်္ဂဟ

၁၃၃၄-ခုနှစ်၊ တန်ခူးလဆန်း ၂-ရက် (၄-၄-၇၃) ဗုဒ္ဓဟူးနေ့

---

အမှတ်

၁။ စတုတ္ထာရုပ္ပဝိညာဏ်၌ သညာတခုသာ အလွန်သိမ်မွေ့သည် မဟုတ်၊ ဖဿ စသော စေတသိက်များလည်း အလွန်သိမ်မွေ့ကြသဖြင့် ထိုစိတ်ကို "နေဝဖဿ နာဖဿာယတနစိတ်"ဟု ခေါ်နိုင် မခေါ်နိုင် အကြောင်းပြ ရှင်းလင်းပြီးလျှင် တကြမဗ္ဗတ္တတာနှင့် ဥပေက္ခာတို့၏ အထူးကို ဖော်ပြပါ။ (၁၀)

၂။ "ဝိရတိကရုဏာဒယော"၌ ဝိရတိအရ လောကီ လောကုတ္တရာ နှစ်မျိုးတွင် မည်သည့် ဝိရတိကို ယူရမည်ကို အကြောင်း ပြည့်ပြည့်စုံစုံဖြင့် ရှင်းပြပြီးလျှင်၊ ဣဿာ, မစ္ဆေရ, ကုက္ကုစ္စ, မာန, ထိနမိဒ္ဓတို့၏ နာနာ ကဒါစိ သဟ ဖြစ်ပုံတို့ကို အသီးသီး ရှင်းပြပါ။ (၁၀)

၃။ "ကာမာဝစရာ ရမ္မဏာနေဝ"၌ ကာမာဝစရအရ တရားတို့ကို ပြည့်စုံစွာ ဖော်ပြ၍ ဝုဋ္ဌောစိတ်သည် အလုံးစုံသော အာရုံကို အာရုံပြုသည်ဟု အဋ္ဌကထာဖွင့်ဆိုရာ၌ အခါခပ်သိမ်း အာရုံပြုနိုင် မပြုနိုင်သည်ကို ရှင်းပြပါ။ (၁၀)

၄။ အဘယ်ကံမျိုးကို ဂရုကံဟု ခေါ်သနည်း။ အကုသိုလ်ဂရုကံ, ကုသိုလ်ဂရုကံတို့ကို ခွဲခြားဖော်ပြ၍ မဟာကုသိုလ် ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် ဇောနှစ်ခုနောင် ဇောနိုင်သော အပ္ပနာဇောတို့ကို သင်္ဂဟ အထောက်ဖြင့် စုံလင်စွာ ကောက်ပြပါ။ (၁၀)

၅။ "ဝိညတ္တိဒွယံ စိတ္တဇမေဝ"၌ စိတ္တအရနှင့် လေတိုက်နေသော သစ်ပင်၌ ဖြစ်နိုင်သော ရုပ်တို့ကို ထုတ်ပြ၍ "စတုမဂ္ဂညာဏေန သစ္ဆိကာတဗ္ဗံ" ပါဠိဖြင့် အဋ္ဌကထာဆရာ၏ သိစေလိုရင်း အဓိပ္ပါယ်ကို ဖော်ပြပါ။ (၁၀)

၆။ မဂ္ဂင်တရားများသည် သတ္တဝါများကို "အပါယ်ဘုံသို့လည်း ပို့ဆောင်နိုင်သည်ဟု ဆိုလျှင် လက်ခံ မည်လော။ အကြောင်းပြရှင်းလင်းပြီးလျှင်၊ ဒွိဟေတုက တိဟေတုက ဇဝနေသွေ့ဝ ယထာသမ္ဘဝံ အဓိပတိ ဧကော ဝ လဗ္ဘတိ"၌ ယထာသမ္ဘဝံနှင့် ဧကောဝတို့၏ အဓိပ္ပါယ်ကို သိလွယ် အောင် ရှင်းပြပါ။

၇။ "ဝိသတာကာရာ"၌ဝိသတိသရုပ်ကို အသေးစိတ်ထုတ်ပြပြီး လျှင်၊ စိတ် စေတသိက်တို့သည် အတူတကွ ဖြစ်ကြသော ရုပ်တရားများအား အဘယ်ကြောင့် သမ္ပယုတ္တပစ္စည်း မတပ်နိုင်သည်ကို ရှင်းပြပါ။ (၁၀)

၈။ အနုပဿနာ သုံးမျိုးဖြစ်ပုံကို အဋ္ဌကထာအလိုကျဖော်ပြ၍၊ မဂ္ဂဝီထိ, ဖလဝီထိတို့၌ ဖိုလ်၏ ဝိမောက္ခမည်ပုံ အထူးကို လည်း တိကျစွာ ဖော်ပြပါ။

၉။ ဣန္ဒြိယပစ္စည်း အတ္ထိပစ္စည်းတို့၏ သရုပ်ပြပါဠိတို့ကိုရေးပါ။ (၁၀)

၁၀။ ဥဂ္ဂဟနိမိတ် ဖြစ်ပုံပြ ပါဠိကို ဆရာနည်းကျကျ အနက် ယောဇနာပါ။ (၁၀)

# ၁၃၃၆ (၁၉၇၄) ခုနှစ်
# ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီး ။ ။ အဘိဓမ္မတ္ထသင်္ဂဟ

၁၃၃၆-ခုနှစ်၊ ကဆုန်လဆန်း ၄-ရက် (၂၄-၄-၇၄) ဗုဒ္ဓဟူးနေ့

အမှတ်

၁။ မဂ္ဂင်, မဂ်, မဂ်စိတ်တို့၏ ခြားနားဟန်ကို ဖော်ပြပြီးလျှင် ဒုတိယဈာန်ကိုအခြေပြု ဝင်စားပြီးမှ ပဉ္စမဈာန်ကို သုံးသပ်သဖြင့် ရလာသောမဂ်စိတ်၌ ပုဂ္ဂလဇ္ဈာသယ မရှိခဲ့သော် ဈာန်အင်္ဂါမည်မျှ ရှိရမည်ကို အကြောင်းပြနှင့် တကွ ဆုံးဖြတ်ပါ။ (၁၀)

၂။ ထိနမိဒ္ဓသည် မာန, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ တို့နှင့် သဟရင်း နာနာရင်း ဖြစ်သည်ဟု ဋီကာတနည်း ပြချက်အရ မာနနှင့် သဟဖြစ်ပုံ နာနာဖြစ်ပုံလောက်ကိုသာ ရှင်းလင်းပြီးလျှင် "မဟာကုသိုလ်၌ အပ္ပမညာ မယှဉ်" ဟူသော ဝါဒကို အဘယ့်ကြောင့် ကေစိ ထိုးရသည်ကိုလည်း မိန့်ပါ။ (၁၀)

၃။ မည်သို့ သဘောသွားခြင်း ခြားနားချက် ရှိ၍ စိတ်၌ ဓာတ်ခုနစ်မျိုး ကွဲပြားရသည်ကို အကြောင်းပြပြီးလျှင် တိဟိတ် ဉက္ကဋ္ဌ မဟာကုသိုလ်ကြောင့် ရူပဘုံ၌ဖြစ်သော ဝိပါက်စိတ်တို့ကိုပါ အပိုအလိုမရှိ ဖော်ထုတ်ပြပါ။ (၁၀)

၄။ ဘုရားရှင်ကို တွေ့မြင်ရပါလျက် သဒ္ဓါကင်းမဲ့သဖြင့် အရေးမစိုက်နေသူအား ရှေ့နောက်ဆက်လျက် ဖြစ်သင့်သော

ဇော, တဒါရုံတို့၏ ဝေဒနာကို ပိုင်းခြား ပြပြီးလျှင် သောမနဿ တဒါရုံ၏ ရှေ့၌ ကျနိုင်သော ကာမဇောများ ကိုလည်း စုံလင်စွာ ဖေါ်ပြပါ။ (၁၀)

၅။ ပဉ္စမစျာနဝိပါကံ စတုတ္ထစျာနဘူမိယံဟုရှင်း ပဉ္စမစျာန် ဘာဝေတွာ ဝေဟပ္ဖလေသုဟုရှင်း ပြဆိုရာ၌ ဇုတ္တံ မဟဂ္ဂတံ ပုညံ ဂါထာနှင့်ကိုက်ညီအောင် မည်သို့ယူရမည်ကို ရှင်းပြ ပြီးနောက် မည်သို့သုံးသပ်သည်ကို သီလဗ္ဗတပရာမာသ ခေါ်သည်ကိုလည်း ပေါ်လွင်အောင်ပြပါ။ (၁၀)

၆။ ရူပံ ဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ ဟူသော ဘုရား ဟောနှင့် ရူပံ အပ္ပဟာတဗ္ဗမေဝ ဟူသော သင်္ဂဟာအဆိုကို ရှင်း၊ အနာရမ္မဏံ ဟူသည်နှင့် ဂေါစရဂ္ဂါဟိကရူပံ ဟူသော ရှေ့နောက်သင်္ဂဟ အဆိုကိုရှင်း အချင်းချင်း မဆန့်ကျင် အောင် အသီးအသီး နှိုးနှောပြဆိုပါ။ (၁၀)

၇။ ရုပ်သာမန်ကိုသာ ဖြစ်စေနိုင်သည့် စိတ်တို့ကို အတိအကျ ထုတ်ပြပြီးလျှင် ဥပါဒါန်ကိုလည်း အခွန့်, ခြင်းရာ, အလှ, ဝင်္ဂတို့၌ သွင်းသင့်သမျှ သွင်းပြပါ။ (၁၀)

၈။ (က) ကမ္မဋ္ဌာန်းနိမိတ်နှင့် ဘာဝနာ၊ (ခ) ဝိမောက္ခမုခနှင့် ဝိမောက္ခတို့ကို အသီးအသီး ဖြစ်သင့်သလို တွဲပြပါ။ (၁၀)

၉။ သဏ္ဍာနပညတ်ပြ ပါဠိကို ချနက်ကျကျ သမ္ဘန်ပါ။ (၁၀)

၁၀။ မဂ္ဂဝီထိ၌ ဂေါတြဘူစိတ် ဖြစ်ပေါ်ပုံပြ ပါဠိကို ဆုံးအောင် ရေးပြပါ။ (၁၀)

## ၁၃၃၇ (၁၉၇၅) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီး။ ။အဘိဓမ္မတ္ထသင်္ဂဟ
၁၃၃၇-ခုနှစ်၊ တန်ခူးလပြည့် (၂၅-၄-၇၅) သောကြာနေ့

---

အမှတ်

၁။ တတ္ထ စိတ္တံ တာဝ ၌ စိတ္တပုဒ်ကို ဋီကာကို မြှော်ထောက်၍ ဝိဂ္ဂဟသုံးမျိုးကျင်းပြီးလျှင် ယင်း ဝိဂ္ဂဟတို့ဖြင့် သိစေအပ်သော အဓိပ္ပါယ်တို့ကိုလည်း ဖော်ပြခဲ့ပါ။ (၁၀)

၂။ လောကုတ္တရာ စိတ်ကို အကျယ်လေးဆယ် ရေတွက်ရာ၌ ဈာန် အင်္ဂါတို့ကိုသာ စုပေါင်း၍ အကျယ် လေးဆယ် ဖြစ်လာရသည်၊ မူလမဂ်စိတ်, ဖိုလ်စိတ်တို့ကို အဘယ့်ကြောင့် မယှည့်သွင်းရသည်ကို ဖော်ပြ၍ အာရမ္မဏူပဈာန် နှင့် လက္ခဏူပဈာန်တို့၏ အရကိုလည်း ကောက်ပြပါ။ (၁၀)

၃။ ပဉ္စဒွါရိက စိတ်တို့သည် ပစ္စုပ္ပန်အာရုံကိုသာ အာရုံပြုနိုင်ခြင်းကို အကြောင်း ပြ၍ ကုသိုလ်အဘိညာဏ်စိတ်သည် အရဟတ္တမဂ်ကို အာရုံပြုနိုင်, မပြုနိုင် သာဓကပြ၍ ဆုံးဖြတ်ပြီးလျှင် အဘိညာဏ်အမည် မှချ ရထိုက်သော တရားကိုလည်း ဖော်ပြခဲ့ပါ။ (၁၀)

၄။ အသေက္ခာနံ စတုစတ္တာလီသ၌ စတုစတ္တာလီသ အရကို ကောက်ပြ၍ အသေက္ခ ပုဂ္ဂိုလ်တို့အား အချင်းခပ်သိမ်း စတုစတ္တာလီသ ဖြစ်သင့်-မသင့် သမ္ဘာဝါပုဒ်ကို ထောက်၍ ရှင်းပြခဲ့ပါ။ (၁၀)

၅။ ဥပစ္ဆေဒက မရဏ မရသောပုဂ္ဂိုလ်များကို ဖော်ပြ၍ အရူပပဋိသန္ဓေ၏ နိမိတ် အာရုံကိုလည်း တိကျစွာ ဖော်ပြပါ။ (၁၀)

၆။ အာပေါဓာတ်သည် ဘူတရုပ်, အမျိုးအစား ဖောဋ္ဌဗ္ဗာရုံ ဖြစ်ပါလျက် ဂေါစရ ရုပ်ကို ပြဆိုရာ၌ အာပေါ ဓာတု ဝိဝဇ္ဇိတံ ဘူတတ္တယ သင်္ခါတံ, ဟု အဋ္ဌကထာ ဆိုရခြင်းကို ရှင် ပြပြီးလျှင် သဗ္ဗာနိပိ ပနေတာနိ ရူပါနိ ကာမလောကေ ယထာရဟံ / အနူနာနိ၌ ယထာရဟံနှင့် အနူနာနိ တို့၏ ခြားနားချက်ကိုလည်း ဖြေဆိုခဲ့ပါ။ (၁၀)

၇။ အာသဝါဒီသု ပနေတ္ထ ကာမဘဝနာမေန တဗ္ဗတ္ထုကာ တဏှာ အဓိပ္ပေတာ, ဟူသော ပါဠ်ဖြင့် အဘယ်ကို သိစေ လို၍ အဋ္ဌကထာဆရာ အမှာအထားပြုခဲ့သည်ကို ထင်ရှား စွာ ဖော်ပြ၍ တထာပဝတ္တံ ဒိဋ္ဌိဂတမေဝ ပဝုစ္စတိ ၌ တထာပဝတ္တံ, ပုဒ်ဖြင့် သိစေအပ်သော အဓိပ္ပါယ်ကိုလည်း ဖော်ပြပါ။ (၁၀)

၈။ ပညာပနတော ပညတ္တိ ပန နာမ နာမကမ္မာဒိ၌ အာဒိဝန် ကို ထုတ်ပြ၍ သဒ္ဒပညတ်၏ နာမ, နာမကမ္မ, အမည်ရနိုင်ပုံ ကိုလည်း သိသာရုံ ပြဆိုခဲ့ပါ။ (၁၀)

၉။ ဝိပဿနူ ပက္ကိလေသ ဆယ်ပါးပြ ဂါထာကို မှန်ကန်စွာ အနက်ယောဇနာခဲ့ပါ။ (၁၀)

၁၀။ အဘယ်ကဲ့သို့ ယုံမှားသံသယ လွန်မြောက်ခြင်းကို ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ, ဟု ခေါ်ဆိုရကြောင်း ပြဆိုပြီးလျှင် ရုပ်,နာမ် ဓမ္မတို့၌ အဒ္ဓါနသမ္မသန, သန္တတိသမ္မသန, ခဏ သမ္မသန နည်းတို့ဖြင့် ရှုပွားပုံကိုလည်း ဖော်ပြပါ။ (၁၀)

# ၁၃၃၇ (၁၉၇၆) ခုနှစ်
# ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီး॥ ॥အဘိဓမ္မတ္ထသင်္ဂဟ

၁၃၃၇-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅-ရက် (၃-၄-၇၆) စနေနေ့

အမှတ်

၁။ လောကုတ္တရာ၌ "လောက"အရကို ကောက်ပြ၍ မဂ်, ဖိုလ်, နိဗ္ဗာန်တရားတို့၏ လောကုတ္တရာအမည်ရပုံနှင့် လောကီကုသိုလ်တို့၏ လောကုတ္တရာ အမည် မရပုံတို့ကိုလည်း ရှင်းလင်း ဖြေဆိုပါ။ (၁၀)

၂။ အပ္ပမညာစေတသိက်နှစ်ပါးကို ပြဆိုရာ၌ အခြားသော စေတသိက်များကို ပြဆိုသကဲ့သို့ သချာတပ်၍ "ဒွေအပ္ပမညာယောနာမ"ဟု ဆိုသင့်ပါလျက် ဒွေသချာမတပ်ခြင်းကို ဖေါ်ပြ၍ "ဥပေက္ခာသဟဂတေသု ပနေတ္ထ ကရုဏာမုဒိတာ န သန္တီတိ ကေစိ ဝဒန္တိ"၌ "ကေစိဝါဒ" ဟု ညွှန်ပြခြင်း အဓိပ္ပါယ်ကိုလည်း ဖြေဆိုပါ။ (၁၀)

၃။ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ၌"သဗ္ဗထာ" အရ"သဗ္ဗာရမ္မဏာ" အရတို့ကို ကောက်ပြပြီးလျှင် ရူပဗြဟ္မာတို့သည် မယုတ်သော ဃာနိန္ဒြေရှိသောကြောင့် အဟိနိန္ဒြိယော ဟု ချီးမွမ်းသော ပါဠိတော်ရှိပါလျက်"ရူပလောကေ ပန ဃာနာဒိတ္တယံ နတ္ထိ"ဟု အဘယ်ကြောင့် သင်္ဂဟဆရာ ဆိုသည်ကိုလည်း ရှင်းလင်း ဖြေဆိုပါ။ (၁၀)

၄။ ဝိပါက်အမှန် ဇောအပြန်, ဝိပါက်အမှန် ဇောအမှန် ဟူသော ဆိုရိုးစကားနှစ်ရပ်၏ အဓိပ္ပါယ်ကို ရှင်းလင်းပြပြီးလျှင်"ဒွတ္တိံသ,သုခပုညမှာ" ဂါထာလာ ဒွတ္တိံသ, ဒွါဒသ အရတို့ကိုလည်း ကောက်ပြပါ။ (၁၀)

၅။ ဘုရားရဟန္တာတို့၏ စုတိစိတ်တော်သည် နိဗ္ဗာန်ကို အာရုံပြု၍ ပရိနိဗ္ဗာန်ပြုကြသည် ဟူသော အယူအဆများသည် သင့်- မသင့် သင်္ဂဟအဋ္ဌကထာလာ သာဓကဖြင့် ဆုံးဖြတ်ပြီးလျှင် စုတိသော ပုဂ္ဂိုလ်တို့၏ အာရုံထင်မှုကို ပြဆိုရာ၌ ဝိပစ္စမာနက ကမ္မာနုရူပံ, ဉပလဘိတဗ္ဗ ဘဝါနုရူပံ, အဘိနဝကရဏဝသေန ဟူသောပုဒ်တို့ဖြင့် သိစေလိုသော အဓိပ္ပါယ်တို့ကိုလည်း သိသာရုံ ဖြေဆိုပါ။ (၁၀)

၆။ စက္ခာဒိဒွယံ အသမ္ပတ္တဝသေန,ဃာနဒိတ္တယံ သမ္ပတ္တဝသေန၌ အသမ္ပတ္တ, သမ္ပတ္တဖြစ်ပုံကို ထင်ရှားစွာ ဖော်ပြပြီးလျှင် 'သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ"အရ "ရုပ်သက်သက်ဖြစ်သော အသညသတ်ဗြဟ္မာတို့အား အသို့လျှင် အာဟာရဖြင့် တည်နေနိုင်ပါမည်နည်း။ (၁၀)

၇။ အလွှာလေပါးပြ ဂါထာပါ "ပဥ္စ"လေးချက်၏ သရုပ်ကို ထုတ်ပြ၍ ဝဋ္ဋသုံးပါးကို ပြဆိုရာဝယ် "ဘဝေကဒေသော" ဟူသော ပ ဌ်ဖြင့် သိစေအပ်သော အဓိပ္ပါယ် ကိုလည်း ရှင်းလင်းဖြေဆိုပါ။ (၁၀)

၈။ နိဗ္ဗာန်တရားကို ရုပ်ထူး- နာမ်ထူးဟူ၍ အချို့ပုဂ္ဂိုလ်တို့ ဟောပြောကြရာ မှန်- မမှန် သာဓက ပြ၍ ဆုံးဖြတ်ပြီးလျှင် အဘယ် ဝိသုဒ္ဓိစခန်းသို့ရောက်သူအား စူဠသောတာပန် ဟု ခေါ်ဆိုရကြောင်းကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုပါ။ (၁၀)

၉။ ပဥ္စဓာ နာမရူပိနံ ဟူသောအကျဉ်းပြပုဒ်၏ အကျယ်ပါဌ်ကို အနက်မှန်မှန် ယောဇနာပါ။ (၁၀)

၁၀။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိနှင့် ဉာဏဒဿနဝိသုဒ္ဓိ မည်ပုံပြ ပါဠိကို ဖြေဆိုပါ။ (၁၀)

# ၁၃၂၇ (၁၉၆၆) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
## ပထမကြီးတန်း - သင်္ဂဟ - အဖြေ

၁။ နည်းတထောင်

သောတာပတ္တိမဂ်ကို သုညတ အပ္ပဏိဟိတ- ၂-ပါးနှင့်မြှောက် ၁ × ၂= ၂။

ရင်း ၂-ပါးကို ပဋိပဒါ ၄-ပါးနှင့် မြှောက်၂×၄ = ၈။

ရင်း ၈-ကို မူလ-သုညတ-အပ္ပဏိဟိတ ၂-ပါးနှင့် ပြန်ပေါင်း၂+၈=၁၀။

ရင်း ၁၀-ပါးကိုသတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်, သစ္စာ, သမထ, ဓိပဿနာ, ခန္ဓာ, အာယတန, ဓာတ်, အာဟာရ, ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ္တ, ဈာန် ဟူသော ၂၀-နှင့် မြှောက်သော် ၁၀ × ၂၀ = ၂၀၀- ဖြစ်၏။

ရင်း ၂၀၀-ကို အဓိပတိ ၄-ပါးနှင့် မြှောက် ၂၀၀ × ၄ = ၈၀၀။

ရင်း ၈၀၀-ကို အဓိပတိမယှဉ်သော ၂၀၀-နှင့် ပြန်ပေါင်း ၈၀၀ + ၂၀၀ ၁၀၀၀၊ နည်းတထောင်။

၂။ ဝိတက်- စေတနာ- မနသိကာရ

ဝိတက်သည် သဟဇာတ် တရားတို့ကို အာရုံ၌ ထည့်သွင်းပေးသကဲ့သို့ ရှေးရှုတင်ပေးတတ် ပို့ပေးတတ်၏။

စေတနာသည် ဗိုလ်မှူးကဲ့သို့ ဝိတက်က အာရုံသို့ တင်အပ်ပြီးသော တရားတို့ကို ထိုထိုအာရုံ၌ ယှဉ်စေတတ် တိုက်တွန်းနှိုးဆော်တတ်၏။

မနသိကာရသည် ရထားထိန်းကဲ့သို့ သဟဇာတ်တရားတို့ကို အာရုံသို့ ရှေးရှုယှဉ်စပ်တတ်၏။

ဝိတက္ကော ဟိ သဟဇာတေ အာရမ္မဏေ အဘိနိရောပေန္တော သဗ္ဗေတ္တာ တေ တတ္ထ ပက္ခိပန္တော ဝိယ ဟောတိ။

စေတနာ အတ္တနာ အာရမ္မဏဂ္ဂဟဏေန ယထာရဟံ ဓမ္မေပိ တတ္ထ တတ္ထ နိယောဇေန္တီ ဗလနာယကော ဝိယ ဟောတိ။

မနသိကာရော ပန အာရမ္မဏာဘိမုခံ ပယောဇေန္တော အာဇာနီယာနံ ပယောဇကသာရထိ ဝိယာတိ အယမေတေသံ ဝိသေသော။ (ဋီ)

သုဓမ္မဝတီ (က) ၁၀၆–၁၆

၃။ ဝေါဟာရ သရုပ်

ကသိုဏ်း ပညတ် .... .... .... .... (၁၀)ပါး။
အသုဘပညတ် .... .... .... .... (၁၀)ပါး။
(ကာယဂတာ သတိ၏)အာရုံဖြစ်သော ကောဋ္ဌာသ ပညတ် (၁)ပါး။
(အာနာပါနသတိ၏)အာရုံဖြစ်သော အာနာပါနပညတ် (၁)ပါး။
(အပ္ပမညာလေးပါး၏) အာရုံဖြစ်သော သတ္တဝါပညတ်
ကော်င်းကင်ပညတ်
နတ္ထိဘောပညတ်

မှတ်ချက်။ ။ကမ္မဋ္ဌာန်းပိုင်းလာ- ပညတ်ကမ္မဋ္ဌာန်းများ ပင်တည်း၊ သတ္တဝါပညတ်ကို တမျိုးတည်းယူလျှင်(၂၅)ပါး,လေးပါး ယူလျှင် (၂၈)ပါး။

ဆောင်။ ။ကသိုဏ်းဆယ်ဝ၊ အသုဘနှင့်၊ ကောဋ္ဌာသပါ၊ အာနာပါန၊ ဗြဟ္မဝိဟာ၊ ထိုလေးဖြာ၏၊ သတ္တဝါပညတ်၊လေးရပ်ဟုပြ၊ အာရုပ္ပဝယ်၊ နှစ်သွယ် ပ-တ၊ ဋ္ဌဝိသတို့၊ မှုချပညတ်၊ အာရုံမှတ်လော။

၄။ အာဂန္တုကဘဝင်

(အဘိဓမ္မာအရာ၌ တဘဝအတွင်းဝယ် ပဋိသန္ဓေ ဘဝင် စုတိတို့ တူမြဲ ဖြစ်ရခြင်း, ဒေါသဇောနောင်ဖြစ်သော တဒါရုံနှင့် ဘဝင်တို့ ဥပေက္ခာ ဖြစ်ရခြင်းဟု စည်းကမ်းချက်ရှိ၏။)

သောမနဿနှင့် ပဋိသန္ဓေ နေခဲ့သူ၏ ဒေါသဇောနောင် တဒါရုံမဖြစ် နိုင်သောအခါ ဘဝင်ဖြစ်ရမည်၊ ထိုဘဝင်သည်လည်း သောမနဿဘဝင် ဖြစ်က ဒေါသဇောနှင့် ဆန့်ကျင်နေ၏၊ဥပေက္ခာဘဝင်ဖြစ်က မူလပဋိသန္ဓေ နှင့် ဆန့်ကျင်နေပြန်၏၊ ထို့ကြောင့် ဥပေက္ခာသန္တီရဏစိတ်သည် အာဂန္တု ကဘဝင် အဖြစ်ဖြင့် ဖြစ်ရသည်။

သောမနဿ သဟဂတဇဝနာဝသာနေ စ ပန တဒါရမ္မဏာနိ စေဝ ဘဝင်္ဂါနိ စ ဥပေက္ခာသဟဂတာနေဝ ဘဝန္တိ၊ တသ္မာ (ပ)ဥပေက္ခာသဟဂတ သန္တီရဏံ ဥပ္ပဇ္ဇတိ။

၅။ လူအရေအတွက် နတ်သက်

တာဝတိံသာ - ၃၆၀၀၀၀၀၀ (သုံးကုဋေ ခြောက်သန်း)

ယာမာ - ၁၄၄၀၀၀၀၀၀ (ဆယ့်လေးကုဋေ လေးသန်း)
တုသိတာ - ၅၇၆၀၀၀၀၀၀ (ငါးဆယ့်ခုနစ်ကုဋေ ခြောက်သန်း)
နိမ္မာနရတိ - ၂၃၀၄၀၀၀၀၀၀ (နှစ်ရာ့သုံးဆယ်ကုဋေ လေးသန်း)

**မှတ်ချက်။** ။နတ်သက်များကို တွက်လိုသောအခါ စတုမဟာရာဇ် နတ်သက်ကို မူတည်၍ အထက်သို့ တဆင့်စီ မြှောက်၍ တက်ပါ၊ နတ်အရေအတွက်တက်လျှင် (၂)နှင့် မြှောက်ပါ၊ လူအရေအတွက်မှတက်လျှင် (၄)နှင့်မြှောက်၍တက်ပါ။

## ၆။ အာဟာရရုပ်

အာဟာရရုပ်အစစ်ဖြစ်သော အဆီ အစေး ဩဇာကို အလုပ်အလွေး ပြု၍ မရကောင်းသောကြောင့် ဌာနီဩဇာ၏အမည်ကို ဌာနဖြစ်သော အလုပ်အလွေးပြု၍ မျိုအပ်သော ထမင်းစသောဝတ္ထု၌ တင်စား၍ ဌာနူ ပစာအားဖြင့် ကဗဠီကာရ အာဟာရသည် အာဟာရရုပ်မည်၏ဟု ဆိုထား ခြင်းဖြစ်သည်၊ ကဗဠီကာရ အာဟာရသည် မုချအားဖြင့် အာဟာရရုပ် ဖြစ်၍ ဆိုထားခြင်းမဟုတ်၊ ကဗဠီကာရ အာဟာရ၌တည်သော ဣန္ဒြိယရုပ် ရှစ်ပါးနှင့်တကွသော ရုပ်အပေါင်းကို ခိုင်စေခြင်း၏အကြောင်းဖြစ်သော အင်္ဂါကြီးငယ်သို့လျှောက်၍ အရသာကိုဆောင်တတ်သော အဆီ အစေး ဩဇာသည်သာ မုချအားဖြင့် အာဟာရရုပ် မည်သည်။

ဣဒဉ္စ သဝတ္ထုကံ ကတ္ဝာ အာဟာရံ ဒဿေတုံ ဝုတ္တံ၊ သေဋ္ဌိယကာယော ပတ္ထမ္ဘန ဟေတုဘူတာ ပန အင်္ဂမင်္ဂါနုသာရီ ရသဟရသခါတာ အဇ္ဈော- ဟရိတဗ္ဗာဟာရ သိနေဟဘူတာ ဩဇာ ဣဓ အာဟာရရူပံ နာမ။

၇။ (ပါဠိ ထင်ရှားပြီ။)

၈။ ယေသံ သင်္ခတဓမ္မာနံ- ကိုထောက်၍ (သင်္ခတ တရားများသာ ပစ္စယုပ္ပန် ဖြစ်ရသည်ဖြစ်သောကြောင့်) အသင်္ခတတရားများသည် ပစ္စယုပ္ပန် မဖြစ်နိုင်ပါ။

(တတ္ထ ရူပဓမ္မာ ရူပက္ခန္ဓောဝ) စိတ္တစေတသိကသင်္ခါတာ စတ္တာရော အရူပိနော ခန္ဓာ နိဗ္ဗာနဉ္စေတိ ပဉ္စဝိဓမ္ပိ အရူပန္တိ စ နာမန္တိ စ ပဝုစ္စတိ- ကိုထောက်၍ နိဗ္ဗာန်သည် နာမ်ဖြစ်သည်။

**ဆောင်။** ။နာမက္ခန္ဓာ၊ နိဗ္ဗာန်ပါ၊ ငါးဖြာ နာမ်ဟုမှတ်။

၉။ **ပစ္စယသမောဓာန**

စိတ် စေတသိက်တို့၏ အာရုံအဖြစ်သို့ မရောက်သော တစုံတခုသော ပစ္စည်း မည်သည် မရှိသောကြောင့်ရင်း၊

မိမိဆိုင်ရာ ပစ္စယုပ္ပန်တရားတို့၏ မှီရာအဖြစ်သို့ မရောက်သော တစုံ တခုသော ပစ္စည်း မည်သည် မရှိသောကြောင့်ရင်း၊

ပစ္စည်း အားလုံးတို့သည် ကမ္မသဘောကို မလွန်ဆန် နိုင်သော ကြောင့်ရင်း၊

ပစ္စည်း အားလုံးတို့သည် ပရမတ္ထအားဖြင့်ရင်း၊ လောကသမ္မုတိအား ဖြင့်ရင်း၊ အတ္ထိသဘော ထင်ရှားရှိသောကြောင့်ရင်း၊ အလုံးစုံသော ပစ္စည်း တို့ကို လေးပါးသော ပစ္စည်းတို့၌ ပေါင်းနိုင်သည်။ (ဋီ)

**ဆိုလိုရင်းကား။** ။ပစ္စည်း အားလုံးတို့သည် အာရမ္မဏသဘော, ဥပ နိဿယသဘော, ကမ္မသဘော, အတ္ထိသဘောကို မလွန်ဆန်နိုင်ခြင်းကြောင့် ဤ လေးပစ္စည်း၌ အကုန်ဝင်သည်။

၁၀။ **ယထာရဟံ**

ပဋိဘာဂနိမိတ် ရကောင်းသော ကမ္မဋ္ဌာန်း (၂၂)ပါးတို့၌ ပရိကမ္မ နိမိတ်, ဥဂ္ဂဟနိမိတ် (၂ ပါးကို ကွဲကွဲပြားပြား အထင်အရှား မှုချ ရကောင်း၏၊ ပဋိဘာဂနိမိတ် မရကောင်းသော ကမ္မဋ္ဌာန် တို့၌ကား မထင် မရှား အမှန်းအတား လောက်သာ ပရိယာယ်အားဖြင့်သာ ရကောင်း သည်ကို ယထာရဟံ-ဟု ဆိုသည်။

**ပရိယာယေန**

ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်တို့၏ ဖြစ်ပေါ်ချိန်ကို တိတိကျကျသတ်မှတ် ၍မရ၊ ဂုဏ်တော်များ မထင်ရှားသေးခင် ပရိကမ္မနိမိတ်၊ အတော်ထင်ရှား သည့်အခါ ဥဂ္ဂဟနိမိတ်ဟု အမှန်းအတား လောက်သာ ခွဲခြားနိုင်ရကား ထိုနိမိတ်နှစ်ပါးကို မှုချ ရသည်ဟု မဆိုနိုင်၊ ပရိယာယ်အားဖြင့် ရကောင်း သည် ဟူ၍ ဆိုရသည်။

## ၁၃၂၈ (၁၉၆၇) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - သင်္ဂဟာ - အဖြေ

၁။ သကဒါဂါမိ

ဤ လူ့ဘုံသို့ (ဝါ) ဤ ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် တကြိမ်သာ ပြန်လာခြင်းရှိသော အရိယာပုဂ္ဂိုလ်သည် သကဒါဂါမိ မည်၏။

သကဒါဂါမိ နာမ ဟောတိ သကိဒေဝ ဣမံ လောကံ အာဂန္တွာ။

ဣစ္စာဝိပ္ပဝုတ

ဣစ္စ ပတွာ တတ္ထ နိဗ္ဗတ္တိတွာ ဣစ္စ ပရိနိဗ္ဗာယီ-ဟူသော သကဒါဂါမိ ပုဂ္ဂိုလ်ကို ဤ၌ လိုအပ်သည်။

ဣစ္စ ပတွာ ဣစ္စ ပရိနိဗ္ဗာယီ၊ တတ္ထ ပတွာ တတ္ထ ပရိနိဗ္ဗာယီ၊ ဣစ္စ ပတွာ တတ္ထ ပရိနိဗ္ဗာယီ၊ တတ္ထ ပတွာ ဣစ္စ ပရိနိဗ္ဗာယီ၊ ဣစ္စ ပတွာ တတ္ထ နိဗ္ဗတ္တိတွာ ဣစ္စ ပရိနိဗ္ဗာယီတိ ပဉ္စသု သကဒါဂါမိသု ပဉ္စမကော ဣစ္စာ-ဝိပ္ပဝုတော။ (ဋီ)

၂။ သမ္မာအာဇီဝ

အသက်မွေးခြင်းလျှင် အကြောင်းရှိသော ပါဏာတိပါတမှ ရှောင်ကြဉ်လျှင် ပါဏာတိပါတဝိရတီ ဖြစ်၏။ အဒိန္နာဒါနမှ ရှောင်ကြဉ်လျှင် အဒိန္နာဒါနဝိရတီ ဖြစ်၏။ (ပ) သမ္ဖပ္ပလာပမှ ရှောင်ကြဉ်လျှင် သမ္ဖပ္ပလာပ ဝိရတီ ဖြစ်၏။

မှတ်ချက်။ ။စာမေးပွဲ ဖြေသောအခါ အကျယ်ဖော်၍ ပြည့်စုံအောင် ဖြေပါ။

မယှဉ်နိုင်ကြောင်း

သီလစင်ကြယ်သည်၏ အစွမ်းအားဖြင့် ကောင်းစွာ သုတ်သင်အပ်ပြီးသော ကာယ-ဝစီ ပယောဂရှိသူအား သက်သက်စိတ်ကို ကောင်စွာ ထားကာမျှဖြင့် အာကာသာနဉ္စာယတနကုသိုလ်စိတ် ဖြစ်ရသည် (ကာယကံ-

ဝစီကံတို့ကို သုတ်သင်သည်၏ အစွမ်းငှင်း၊ ဒုစရိုက်-ဒုရာဇီဝတို့ကို အကြွင်းမဲ့ ဖြတ်ခြင်း တဖန် ငြိမ်းစေခြင်း၏ အစွမ်းအားဖြင့်ငှင်း ဖြစ်ရသည်မဟုတ်) ထို့ကြောင့် သမ္မာအာဇီဝသည် အာကိဥ္စညာယတန ကုသိုလ်စိတ်၌ မယှဉ်ပါ။ (ဋီကာကျော်)

သီလဝိသုဒ္ဓိဝသေန သုဝိသောဓိတကာယ ဝစီပယောဂဿ ကေဝလံ စိတ္တသမာဓာနမတ္တေန မဟဂ္ဂတဈာနာနိ ပဝတ္တန္တိ၊ န ပန ကာယဝစီကမ္မာနံ ဝိသောဓနဝသေန၊ နာပိ ဒုစရိတဒုရာဇီဝါနံ သမုစ္ဆိန္ဒနပ္ပဋိပဿမ္ဘနဝသေနာတိ ဝုတ္တံ “ဝိရတိတ္တယဝဇ္ဇိတာ”တိ။

## ၃။ ကမ္မနိမိတ်

ကံကို ပြုစဉ် အခါတုံးက ကံနှင့် ဆက်စပ်၍ တိုက်ရိုက် ရအပ်ဘူးသည် လည်းဖြစ်- ကံပြီးမြောက်ရုံ အဆောက်အအုံလည်း ဖြစ်သော ရူပါရုံစသော အာရုံ (၆)ပါးသည် ကမ္မနိမိတ် မည်ပါ၏။

တံ ကမ္မကရဏကာလေ ရူပါဒိက မုပလဒ္ဓပုဗ္ဗ မုပကရဏဘူတဉ္စ ကမ္မနိမိတ္တံ (သင်္ဂဟ)

**မှတ်ချက်။** ။ပုစ္ဆာ၌ ဒွါရသင်္ဂဟလာ ဟူသော နေရာ၌ အာရမ္မဏ သင်္ဂဟလာ ဟု ဆိုမှ မှန်မည်။

ငှင်းကမ္မနိမိတ်သက်သက်ကို အာရုံပြုနိုင်သော စိတ်များကား—ရူပ-အရူပ ပဋိသန္ဓေ စိတ်များ ဖြစ်သည်။

**အထောက် သာကေ**

ရူပါဝစရပဋိသန္ဓိယာပန ပညတ္တိဘူတံ ကမ္မနိမိတ္တမေဝါရမ္မဏံ ဟောတိ။

တထာ အရူပါဝစရ ပဋိသန္ဓိယာ စ မဟဂ္ဂတဘူတံ ပညတ္တိဘူတဉ္စ ကမ္မနိမိတ္တမေဝ ယထာရဟမာရမ္မဏံ ဟောတိ။

## ၄။ ရူပရဟန္တာ၏ မဟန္တာရုံ ဝိထိစိတ်

ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဉ်ဒွေး, သောတဝိညာဉ်ဒွေး, သမ္ပဋိစ္ဆိုင်းဒွေး, သန္တီရဏ (၃), ဝုဋ္ဌော, ကာမကြိယာဇော (၉)

**အပ္ပနာဇော**

မဟဂ္ဂုတ်ကြိယာ (၉) အရဟတ္တဖိုလ်အားဖြင့် (၁၀)ပါး။

## ၅။ ဝိပဿနာဘာဝနာ

ခန္ဓာ စသော တေဘူမက သင်္ခါရတို့၌ ပရိကမ္မသမ္မသန၏ အစွမ်းအားဖြင့် ဖြစ်သော အပ္ပနာသို့ မရောက်သေးသော ဂေါတြဘူအဆုံးရှိသော စေတနာသည်သာ ဘာဝနာမည်သောကြောင့် ဝိပဿနာဘာဝနာဟူသည် လောကီတရား ဖြစ်ပါသည်။

ခန္ဓာဒီသု စ ဘူမိသု ပရိကမ္မသမ္မသနဝသပဝတ္တာ အပ္ပနံ အပ္ပတ္တာ ဂေါတြဘူပရိယောသာန စေတနာ ဘာဝနာ နာမ။ (ဋီ)

(တနည်း) လောကုတ္တရာတရားသည် နိဗ္ဗာန်ကို ကေန် အာရုံပြု၏၊ ဝိပဿနာကား တေဘူမကသင်္ခါရ ရုပ်နာမ်ဓမ္မကိုသာအာရုံပြု၏၊ထို့ကြောင့် ဝိပဿနာသည် လောကုတ္တရာ မဖြစ်နိုင် လောကီသာ ဖြစ်သည်။

တေဘူမကသင်္ခါရေသု အတီတာဒိ ဘေဒဘိန္နေသု ခန္ဓာဒိနယမာရဗ္ဘ ကလာပဝသေန သင်္ခိပိတ္ဝာ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ။ (သင်္ဂဟ)

ဒွေတိဏ္ဏံ ဝိပဿနာ စိတ္တာနိ ယံကိဉ္စိ အနိစ္စာဒိ လက္ခဏ မာရဗ္ဘ ပရိကမ္မောပစာရာနုလောမနာမေန ပဝတ္တန္တိ။ (သင်္ဂဟ)

ဝိပဿနာ ဘာဝနာအရ မဟာကုသိုလ် မဟာကြိယာ၌ ယှဉ်သော ညာဏ်ကို ယူရမည်။

## ၆။ အနုပါဒိန္နရုပ်

ကမ္မဇံ ဥပါဒိန္နရုပံ၊ ဣတရံ အနုပါဒိန္နရုပံ။

ဝိညတ္တိဒွယံ စိတ္တဇမေဝ၊ သဒ္ဒေါ စိတ္တောတုဇော။

လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ– တို့ကိုထောက်၍ ဝိညတ်နှစ်ပါး၊ သဒ္ဒရုပ်၊ လဟုတာဒိတ္တယအားဖြင့် (၆) ပါးသည် အနုပါဒိန္နရုပ်သာမည်၏။

လက္ခဏရူပါနိ နကုတောစိ ဇာယန္တိ....ကိုထောက်၍ လက္ခဏရုပ် (၄)ခုသည် အနုပါဒိန္န၊ ဥပါဒိန္န နှစ်ပါးစုံ မဖြစ်သော ရုပ်မည်၏။

၇။ ပီတိပင်တတ်သော ကိလေသာ

ကာမစ္ဆန္ဒ (လောဘ) ဗျာပါဒ (ဒေါသ) ထိန ဥဒ္ဓစ္စ ဝိစိကိစ္ဆာ နီဝရဏတရားများ ဖြစ်သည်။

မှတ်ချက်။ ။မိဒ္ဓနှင့် ကုက္ကုစ္စသည် ကိလေသာမမည် အဝိဇ္ဇာလည်း ဈာန်နှင့် တိုက်ရိုက် မဆန့်ကျင်။

ဈာနာဒိဝသေန ဥပ္ပဇ္ဇနက ကုသလစိတ္တံ နိသေဓေန္တိ တထာ တဿ ဥပ္ပဇ္ဇိတုံ နဒေန္တီတိ နီဝရဏာနိ။ (ဋီ)

ဝိတက္ကော ထိန မိဒ္ဓဿ၊ ဝိစိကိစ္ဆာယ ဝိစာရော၊
ပီတိ စာပိ ဗျာပါဒဿ၊ သုခံ ဥဒ္ဓစ္စ ကုက္ကုစ္စံ၊
သမာဓိ ကာမစ္ဆန္ဒဿ၊ ပဋိပက္ခာတိ ပေဋကေ။

လောကီ လောကုတ်

ဇီဝိတ, မန, သောမနဿ, ဥပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ဤ(၈)ပါးသည် လောကီ လောကုတ္တရာ အရောဖြစ်သည်။

၈။ (ရာဂဒယော ပန ဓမ္မာ-စသော ပါဠိ၏ အနက်ကို ရေးပါ။)

၉။ ဝေမာဒိပ္ပဘေဒါ ပန ပရမတ္ထတော အဝိဇ္ဇမာနာပိ အတ္တစ္ဆာယာ ကာရေန စိတ္တုပ္ပါဒါန မာရမ္မဏဘူတာ တံ တံ ဥပါဒါယ ဥပနိဓာယ ကာရဏံ ကတွာ တထာ တထာ ပရိကပ္ပိယမာနာ သင်္ခါယတိ သမညာယတိ ဝေါဟရီယတိ ပညာပီယတီတိ ပညတ္တီတိ ပဝုစ္စတိ။ အယံ ပညတ္တိ ပညာပီယတ္တာ ပညတ္တိ နာမ။

၁၀။ (က) ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ စေတသိက်။ (ခ) သဒ္ဓါစေတသိက် (ဂ) ဝီရိယစေတသိက်။ (ဃ) သတိစေတသိက်။

၎င်းတရားတို့ကို စွဲ၍ ငါ့မှာ ယနေ့ဖြစ်ပေါ်လာသော ဤတရားများသည် မဂ်,ဖိုလ် တရားပင်တည်းဟု သာယာမှု တဏှာ၊ ငါသည် မဂ်,ဖိုလ်ကို ရပြီဟု အထင်ကြီးမှု မာန၊ ငါဟု စွဲလမ်းမှု ဒိဋ္ဌိများ ဖြစ်ပြီးလျှင် လမ်းလွဲ ရသဖြင့် ဝိပဿနာကို ညစ်ညူးစေတတ်သောကြောင့် ၎င်းတရားများသည် ဝိပဿနုပက္ကိလေသ ဝိပဿနာညစ်ညူးကြောင်း ဖြစ်ရသည်။

# ၁၃၂၉ (၁၉၆၇) ခုနှစ်
# ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - သင်္ဂဟ - အဖြေ

၁။ နိဗ္ဗာန

ဝါန-ဟု ဆိုအပ်သော တဏှာမှ ထွက်မြောက် တတ်သောကြောင့် နိဗ္ဗာန-ဟု ဆိုအပ်၏။

ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။

**ဥပသမာနုဿတိ**

နိဗ္ဗာန်၏ ဥပသမဂုဏ်ကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာမှုကိုသာ ရနိုင်ပါသည်။

**သာဓက**

ဘာဝနာသု ပန သဗ္ဗတ္ထာပိ ပရိကမ္မဘာဝနာ လဗ္ဘတေဝ။
ဗုဒ္ဓါနုဿတိအာဒိသု အဋ္ဌသု သညာဝဝတ္ထာနေသု စာတိ
ဒသသု ကမ္မဋ္ဌာနေသု ဥပစာရဘာဝနာဝ သမ္ပဇ္ဇတိ၊ နတ္ထိ အပ္ပနာ။
အဝသေသေသု စ ဒသသု ကမ္မဋ္ဌာနေသု ဗုဒ္ဓဂုဏာဒိကမာရမ္မဏမာရဗ္ဘ ပရိကမ္မံ ကတွာ တသ္မိံ နိမိတ္တေ သာဓုက မုဂ္ဂဟိတေ တတ္ထေဝ ပရိကမ္မဉ္စ သမာဓိယတိ၊ ဥပစာရော စ သမ္ပဇ္ဇတိ။

မှတ်ချက်။ ။တပုဒ်ပုဒ်ထောက်လျှင် ရနိုင်သည်။

၂။ **သရုပ်**

**သဗ္ဗာကုသလသာဓာရဏ**—မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ။

**သဗ္ဗာကုသလယောဂီ** —မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ (၄) ပါးနှင့် ဆန္ဒ, ပီတိ, အဓိမောက္ခမှ တပါး၊ အညသမာန်း (၁၀)ပါး၊ ပေါင်း (၁၄)ပါး။

**ခြားနားချက်**

**သဗ္ဗာကုသလသာဓာရဏ**—အကုသိုလ်စိတ် အားလုံးနှင့် ဆက်ဆံသော အကုသိုလ်စေတသိက် သက်သက်။

**သဗ္ဗာကုသလယောဂီ**— အကုသိုလ်စိတ် အားလုံးနှင့် အမြဲ ယှဉ်လေ့ ရှိသော စေတသိက် (အကုသိုလ် စေတသိက်သာမက အခြား အညသမာန်း စေတသိက်များပါ။)

**အဟိတ်စေတသိက်**

အဟိတ်စိတ်၌ သီးခြားယှဉ်သော စေတသိက် မရှိသောကြောင့် အဟိတ် စေတသိက်· မရှိပါ။

အဟေတုကာ ပန အဝေဏိကမ္မော နတ္ထိတိ န တေ ဝိသုံ ဝုတ္တာ။ (ဋီ)

၃။ **ကာမကောန်**

စက္ခုဝိညာဉ်ဒွေ - ပစ္စုပ္ပန် ရူပါရုံ။
သောတဝိည ဉ်ဒွေ - ပစ္စုပ္ပန် သဒ္ဒါရုံ။
ဃာနဝိညာဉ်ဒွေ— ပစ္စုပ္ပန် ဂန္ဓာရုံ။
ဇိဝှါဝိညာဉ်ဒွေ— ပစ္စုပ္ပန် ရသာရုံ။
ကာယဝိညာဉ်ဒွေ— ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ။
မနောဓာတ် (၃) ခု— ပစ္စုပ္ပန် ပဉ္စာရုံ။
တဒါရုံ (၁၁) ဟသိတုပ္ပါဒ်— ကာမအာရုံ (၆)ပါး။

**ကာမအနေကန်**

အကုသိုလ် (၁၂) မဟာကုသိုလ် မဟာကြိယာ ဉာဏဝိပ္ပယုတ် (၈) ပေါင်း(၂၈)သည် (ကာမနှင့်တကွ) လောကီအာရုံ (၆)ပါး။

မဟာကုသိုလ် ဉာဏသမ္ပယုတ် (၄) ကုသိုလ် အဘိညာဉ်—ပေါင်း (၅)ပါးသည် (ကာမနှင့်တကွ) အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော အာရုံ (၆) ပါး။

မဟာကြိယာဉာဏသမ္ပယုတ် (၄) ကြိယာအဘိညာဉ် ဝုဋ္ဌော—ပေါင်း (၆) ပါးသည် (ကာမနှင့်တကွ) အလုံးစုံသော အာရုံ (၆)ပါး။

၄။ အာရုံ၌ ထိုထိုကိစ္စကို ပြီး စေခြင်း၏ အစွမ်းအားဖြင့် တကြိမ်သော် ၎င်း, အကြိမ်များစွာသော်၎င်း အရှိန်အဟုန်ဖြင့် ဖြစ်တတ်သောကြောင့် အာသေဝ္ဗနန်း ဒွေးကြဉ်သော ကုသိုလ် အကုသိုလ် ဖိုလ် ကြိယာစိတ်များသည် ဇောမည်၏။

**တကြိမ်** - မဂ်ဇော အဘိညာဉ်ဇော နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်ဇော။

နှစ်ကြိမ် - နိရောဓသမာပတ်၏ ရှေ့အဘို့ဖြစ်သောနေဝသညာနာသညာ
ယတနကုသိုလ် ကြိယာဇော။

နှစ်ကြိမ်-သုံးကြိမ် - မဂ္ဂါနန္တရ ဖိုလ်ဇော။

လေးကြိမ်-ငါးကြိမ် - မြတ်စွာဘုရား၏ ယမက ပါဋိဟာ ရိယ ကာလ
စသည်တို့၌ ပစ္စဝေက္ခနာဇော။

ငါးကြိမ် - မရဏာသန္နကာလ မုစ္ဆာကာလတို့၌ ကာမာဝစရဇော။

ခြောက်ကြိမ်-ခုနစ်ကြိမ် - ပကတိအခါ ကာမာဝစရဇော။

၅။ **အသုရကာယော**

နတ်အသူရာကို တာဝတိံသာ နတ်တို့၌ သွင်းယူအပ်သောကြောင့်
အသုရကာယော၌ ပြိတ္တာအသူရာကိုသာ ယူရမည်။

ကာလ စ ပေတအသုရာနမေဝ ဂဟဏံ၊ ကာလတရေသံ တာဝတိံသေသု
ဂဟဏာသ ကာလဆိတတ္တာ။ (ဋီ)

**ဆောင်။** ။အသုရကာယော၊ အရဟော၊ မှတ်လော ပေတအသူရာ။

ဥပစ္ဆေဒကကံဖြင့် မသေသူ

(၁) နေရယိကသတ္တဝါ (၂) မြောက်ကျွန်းသူ (၃) အချို့သော
နတ် ဤပုဂ္ဂိုလ်တို့သည် ဥပစ္ဆေဒကကံဖြင့် မသေနိုင်။

**ဆောင်။** ။ငရဲသားများ၊ မြောက်ကျွန်းသားနှင့်၊ မှတ်သား ချို့နတ်၊
ဤသုံးရပ်မှာ၊ မသေပါ၊ ကံမှာ ဥပစ္ဆေဒက။

၆။ ဥပါဒ်ခဏ၌ ဖြစ်သော ရုပ်ကား—စိတ္တဇရုပ်။
(ဇာယန္တမေဝ သမုဋ္ဌာပေတိ)

ဌီခဏ၌ ဖြစ်သော ရုပ်ကား—ဥတုဇ-အာဟာရဇရုပ်။
(ဌီတိပ္ပတ္တာဝ။ ဌာနပတ္တောဝ သမုဋ္ဌာပေတိ)

ဥပါဒ်၊ဌီ၊ ဘင် ခဏ သုံးရပ်၌ ဖြစ်သော ရုပ်ကား—ကမ္မဇရုပ်။
(ခဏေ ခဏေ သမုဋ္ဌာပေတိ)

လဟုတာဒိတ္တယသည် ပစ္စုပ္ပန်အကြောင်းကို ငဲ့ခြင်းရှိသည်၏ အဖြစ်
ကြောင့်-ကမ္မဇရုပ်မဖြစ်။

ပစ္စုပ္ပန္နပစ္စယာပေက္ခတ္တာ လဟုတာဒိတ္တယံ ကမ္မဇံ န ဟောတိ။ (ဋီ)
သုဓမ္မဝတီ (က) ၁၀၆–၁၇

၇။ ကဗဠီကာရာဟာရသည်—ဩဇာဋ္ဌမကရုပ်ကို ဆောင်သည်။
ဖဿာဟာရသည်—ဝေဒနာ သုံးပါးကို ဆောင်သည်။
(ဖဿပစ္စယာ ဝေဒနာ)
မနောသဉ္စေတနာဟာရသည် ဘဝသုံးပါး၌ ပဋိသန္ဓေ ဝိညာဉ်ကို ဆောင်သည်။ (သင်္ခါရ ပစ္စယာ ဝိညာဏံ)
ဝိညာဏာဟာရသည်—နာမ်ရုပ်ကို ဆောင်သည်။
(ဝိညာဏပစ္စယာ နာမရူပံ)

၈။ (အနက်ထင်ရှားပြီ။)

၉။ တဿေဝံ ပဋိပဇ္ဇန္တဿ ပန ဝိပဿနာ ပရိပါက မာဂမ္မ ဣဒါနိ အပ္ပနာ ဥပ္ပဇ္ဇိဿတီတိ ဘဝင်္ဂံ ဝေါစ္ဆိန္ဒိတွာ ဥပ္ပန္နမနောဒွါရာဝဇ္ဇနာနန္တရံ ဒွေတီဏိ ဝိပဿနာစိတ္တာနိ ယံကိဉ္စိ အနိစ္စာဒိလက္ခဏမာရဗ္ဘ ပရိကမ္မော-ပစာရာနုလောမနာမေန ပဝတ္တန္တိ။

တတောပရံ ဂေါတြဘုစိတ္တံ နိဗ္ဗာနမာလမ္ဗိတွာ ပုထုဇ္ဇန ဂေါတ္တ မဘိ-ဘဝန္တံ အရိယဂေါတ္တမဘိသမ္ဘောန္တဉ္စ ပဝတ္တတိ။

မှတ်ချက်။ ။ယာ သိခါပတ္တာ-စသော ပါဠိမလိုပါ။

၁၀။ **ဝုဋ္ဌာနဂါမိနီဝိပဿနာ**

အပါယ်စသည်မှရင်း သင်္ခါရနိမိတ်မှရင်း ထမြောက်တတ်သည် ဖြစ်၍ ဝုဋ္ဌာနဟု ဆိုအပ်သော မဂ်သို့ သွားရောက်တတ်သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ မည်၏။

ယထာနုရူပံ အပါယာဒိတော သင်္ခါရနိမိတ္တတော စ ဝုဋ္ဌဟနတော ဝုဋ္ဌာနသင်္ခါတံ မဂ္ဂံ ဂစ္ဆတီတိ ဝုဋ္ဌာနဂါမိနီဝိပဿနာ။ (ဋီ)

**ဆဗ္ဗိသုဒ္ဓိ**

**မူလဝိသုဒ္ဓိ**— သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ (၂)ပါး။

**သရီရဝိသုဒ္ဓိ**— ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ (၄)ပါး။

**ဆောင်**။ ။သီလ-စိတ္တ၊ မူလနှစ်ဖြာ၊ ဒိဋ္ဌိစသား၊ လေးပါး သရီရာ၊ ဉာဏဒဿန၊ သီသမှတ်ပါ၊ ဝိသုဒ္ဓိ၊ မှတ်သိ စဉ်တိုင်းသာ။

## ၁၃၃၀ (၁၉၆၉) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - သင်္ဂဟ - အဖြေ

၁။ ဒွေပဉ္စဝိညာဉ် (၁၀)

ၑင်း ဒွေပဉ္စဝိညာဉ် (၁၀) သည်—

**ဝေဒနာအားဖြင့်—** သုခ, ဒုက္ခ,ဥပေက္ခာဝေဒနာ။

**ဟိတ်အားဖြင့်—** အဟိတ်။

**ကိစ္စအားဖြင့်—** ဒဿန,သဝန, ဃာယန, သာယန, ဖုသနကိစ္စ။

**ဒွါရအားဖြင့်—** စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဒွါရ။

**ဝတ္ထုအားဖြင့်—** စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဝတ္ထုကို မှီသည်။

**ဘုံအားဖြင့်—** စက္ခုဝိညာဉ်ဒွေ, သောတဝိညာဉ် ဒွေသည် ပဉ္စဝေါဟာရဘုံ။

ဃာနာဒိတ္တယ (၆)ခုသည် ကာမဘုံ။

၂။ သေသအပါဒါန်ကား— အဘိညာဉ်ဒွေ, ဝိညာ,နေဝါ (၆)ပါး။

သေသာ"နီတိ အဘိညာဒွယဒုတိယာစတုတ္ထာရုပ္ပေဟိအဝသေသာနိ၊

(ပရမတ္ထဒီပနီ)

**ပညတ်အာရုံများ**

ကသိဏ်းပညတ် (၁၀) ပါး။

အသုဘပညတ် (၁၀) ပါး။

ကာယဂတာ သတိ၏ အာရုံ ဖြစ်သော ကောဋ္ဌာသ ပညတ်, အာနာပါနပညတ်။

မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ၏ အာရုံဖြစ်သော သတ္တဝါ
ပညတ်, ကောင်းကင်ပညတ်။

နတ္ထိဘောပညတ်။

တတ္ထာပိ ဒသကသိဏာနိ အာနာပါနဥ္စ ပဉ္စကဇ္ဈာနိကာနိ။

ဒသ အသုဘာ ကာယဂတာသတိ စ ပဌမဇ္ဈာနိကာ။

မေတ္တာဒယော တယော စတုက္ကဇ္ဈာနိကာ။

ဥပေက္ခာ ပဉ္စမဇ္ဈာနိကာတိ ဆဗ္ဗီသတိ ရူပါဝစရဇ္ဈာနိကာနိ ကမ္မဋ္ဌာနာနိ။

စတ္တာရော ပန အာရုပ္ပါ အာရုပ္ပဇ္ဈာနိကာတိ။

၃။ ပဉ္စမဇ္ဈာနံ ဘာဝေတွာ၍ အဘိညာဉ်အဖြစ်သို့ ရောက်သော ပဉ္စမဈာန်ကို မယူရပါ။

**အကြောင်း အဆက်ဆက်**

အဘိညာဉ် ကုသိုလ်သည် တကြိမ်သာဖြစ်၍ မိမိနှင့် တူသော ဘုံရှိသော ရူပါဝစရဇောမှ အာသေဝနပစ္စည်းကို မရ၊ အာသေဝန ပစ္စည်းကို မရခြင်းကြောင့် အားနည်းသည်၊ အားနည်းခြင်းကြောင့် အကျိုးပေးခြင်း သဘောမရှိ၊ အကျိုးပေးခြင်း သဘော မရှိသော ကြောင့် ဤ၌ မယူရပါ။

သမာနာသေဝနေ လဒ္ဓေ၊ ဝိဇ္ဇမာနေ မဟဗ္ဗလေ။
အလဒ္ဓါ တာဒိသံ ဟေတုံ၊ အဘိညာ န ဝိပစ္စတိ။ (ဋီ)

၄။ **မရဏာသန္န (၄) ဝီထိ**

(၁) တဒါရုံနောင် စုတိကျသော မရဏာသန္နဝီထိ။

(၂) ဇောနောင် စုတိကျသော မရဏာသန္နဝီထိ။

(၃) တဒါရုံဘဝင်နောင် စုတိကျသော မရဏာသန္နဝီထိ။

(၄) ဇောဘဝင်နောင် စုတိကျသော မရဏာသန္နဝီထိ အားဖြင့် (၄) ဝီထိ။

**သာဓက**

ပစ္စာသန္နမရဏာသ တသ ဝီထိစိတ္တဝသာနေ ဘဝင်္ဂက္ခယေ ဝါ စဝနဝသေန။

**တဒါရုံဘဝင်နှောင် စုတိကျသော ဝီထိ**

တီ-န-ဒ-ပ-စ-သံ-တီ-ဝု-ဇ-ဇ-ဇ-ဇ-ဇ-ရုံ-ရုံ-ဘ-စုတိ-ပဋိ-ဘ-

၅။ ရုပ်၏အစွမ်းကြောင့်၎င်း၊ အတ္တဘောအား အလွန်အကဲ ကျေးဇူးများသောကြောင့်၎င်း၊ အတ္တဟုဆိုအပ်သော စိတ်ကို စွဲမှီ၍ ထိုစိတ်၏ဒွါရအဖြစ်အားဖြင့် ဖြစ်တတ်သောကြောင့်၎င်း ပသာဒရုပ်ငါးပါးကိုသာ အဇ္ဈတ္တိကရုပ်ဟု ခေါ်ပါသည်။ (ဋီ)

**ရုပ်သက်သက်ကိုသာ ဖြစ်စေသောစိတ်**

မနောဓာတ် (၃)ခု။

တဒါရုံ (၁၁)ခု။

ရူပဝိပါက် (၅)ခုအားဖြင့် (၁၉)ခု။

**ဆောင်။** ။မနောဓာတုံ၊ တဒါရုံက၊ ရူပဝိပါက်၊ ဆယ့်ကိုးချက်မှာ၊ ရုပ်ကိုသာတည်း။

၆။ အာသဝ, ဩဃ, ယောဂ, ဂန္ထ, ဥပါဒါန, နီဝရဏ, အနုသယ, သံယောဇန,ကိလေသာ-အားဖြင့် ကိုးဌာန။

**ဆောင်။** ။အာ-ဩ-ယော-ဂန်၊ ဥ-နီ-မှန်၊ နု-သံ-ကိ-ကိုးပါး။

**မောဟဌာန**

အာသဝ, ဩဃ, ယောဂ, နီဝရဏ, အနုသယ,သံယောဇန,ကိလေသာ အားဖြင့် (၇)ဌာန။

**ဆောင်။** ။လောကိုးမည်ရှိ ဒိဋ္ဌိရှစ်မည်၊ ခုနစ်မည်မောဟ၊ငါးဝဒေါသာ၊ ကင်္ခါလေးထုတ်၊မာနုဒ္ဓစ္စ၊ သုံးမည်ရ၏၊ထိနနှစ်မည်၊ ကြွင်းသည်ခြောက်ဝ၊ တမည်ရ၊ ပေါင်းက စုဒ္ဒသာ။

၇။ ဥပါဒါနပစ္စယာ ဘဝေါ-၌ ကမ္မဘဝ,ဥပပတ္တိဘဝ (၂)ပါး။
ဘဝပစ္စယာ ဇာတိ-၌ ကမ္မဘဝ (၁)ပါးသာ။
နိဗ္ဗာန် အတ္ထိပစ္စည်း မထိုက်ကြောင်း

အချင်းခပ်သိမ်း ဖြစ်လေ့ရှိသည်ဖြစ်၍ငင်း၊ ဥပါဒ်-ဌီ-ဘင်ခဏနှင့် မယှဉ်သည်ဖြစ်၍ငင်း၊ အတ္ထိပစ္စည်းသဘော မရှိသောကြောင့် နိဗ္ဗာန်သည် အတ္ထိပစ္စည်း၌ မပါဝင်ပါ။ (ဋီ)

၈။ တတ္ထ ဂရုကတ မာရမ္မဏံ အာရမ္မဏာ ဓိပတိဝသေန နာမာနံ သဟဇာတာဓိပတိ စတုဗ္ဗိဓောပိ သဟဇာတဝသေန သဟဇာတာနံ နာမ-ရူပါနန္တိ စ ဒုဝိဓော ဟောတိ အဓိပတိပစ္စယော။

၉။ (အနက် ထင်ရှားပြီ။)

၁၀။ ဝိသုဒ္ဓိနှင့် ဉာဏ်

(၁) သီလ- စိတ္တ-ဒိဋ္ဌိ-ကင်္ခါဝိတရဏဝိသုဒ္ဓိတို့၌ ဉာဏ်စဉ်နှင့် မဆိုင်သေး။

(၂) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၌ သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ရှေ့ပိုင်း။

(၃) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၌ ဥဒယဗ္ဗယဉာဏ် နောက်ပိုင်းမှ စ၍ အနုလောမဉာဏ် တိုင်အောင် ဉာဏ် (၉)ပါး။

(၄) ဉာဏဒဿနဝိသုဒ္ဓိ၌ ဝိပဿနာဉာဏ်စဉ်နှင့် မဆိုင်တော့ပါ။

ဆောင်။ ။သီ-စိတ်- ဒိဋ်-ကင်၊ ဤလေးအင်၊ ဉာဏ်စဉ် မဆိုင်သင့်။
မဂ္ဂါမဂ္ဂ၊ စခန်းကျသော်၊ သမ္မသန၊ဉာဏ်အစနှင့်၊ ဥဒယဗ္ဗယံ၊ ရှေ့ပိုင်းဉာဏ်၊ အမှန်ပါသဖြင့်။

ပဋိပဒ၊ စခန်းကျသော်၊ ဥဒယဗ္ဗယလှိုင်း၊ အနောက်ပိုင်းမှ စ၍ နုလုံ၊ တိုင်အောင်ခြုံ၊ ဉာဏ်ကုန် ကိုးပါးဆင့်။

(အခြေပြု)

## ၁၃၃၁ (၁၉၇၀) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - သင်္ဂဟ - အဖြေ

၁။ **အဝိပရီတ နှင့် ရုပ္ပန**

ပင်ကိုယ် သဘော၏ မဖောက်ပြန်ခြင်းသည် အဝိပရီတ မည်၏။

သန္တတိပညတ်၏ ဖောက်ပြန်ခြင်းသည် ရုပ္ပန မည်၏။

**ရှင်းလင်းချက်**

အပူရုပ် အစဉ်ဟူသော သန္တတိပညတ်တခုမှ အအေးရုပ် အစဉ်ဟူသော သန္တတိပညတ်တခုသို့ ပြောင်းလဲမှုကို ရုပ္ပန (ဖောက်ပြန်မှု) ဟု ခေါ်၏။

ထိုကဲ့သို့ သန္တတိပညတ် ပြောင်းလဲသော်လည်း ပင်ကိုယ်သဘောမှာကား မပြောင်းလဲကြ၊ အပူရုပ်အစဉ်မှာ ပါသော ပထဝီဓာတ်သည်လည်း ကက္ခဠသဘောရှိ၏၊ အအေးရုပ်အစဉ်မှာ ပါသည့် ပထဝီဓာတ်သည်လည်း ကက္ခဠသဘောပင် ရှိ၍ ပင်ကိုယ်သဘောလက္ခဏာမှ မပြောင်းလဲသည်ကို အဝိပရီတ (မဖောက်ပြန်) ဟု ဆိုသည်။

**ဆောင်**။ ။ပင်ကိုယ် လက္ခဏာ၊ မပြောင်းတာ၊ မှတ်ပါ အဝိပရီဘာ။
သန္တတိပညတ်၊ ဖောက်ပြန်တတ်၊ မှတ်အပ် ရုပ္ပန။

**လောကုတ္တရာ**

လောကုတ္တရာစိတ်သည် ဥပါဒါနက္ခန္ဓာ ဟူသော လောကမှ အနာသဝ အဖြစ်ဖြင့် ထွက်မြောက်သည်။

ဥပါဒါနက္ခန္ဓ သင်္ခါတလောကတော ဥတ္တရိ အနာသဝဘာဝေနာတိ လောကုတ္တရံ။ (ဋီ)

၂။ **ဉာဏဘေဒ**

ဝ-ပြောခြင်း ငေ်မှတ်ခြင်း နှစ်မျိုးလုံးကို မိုးတခုတည်းကပင် ပြုသကဲ့သို့ ဉာဏ်ရှိခြင်း သဘော မရှိခြင်း သဘောကိုလည်း ဉာဏ်ကပင် ပြုအပ်သော ကြောင့် ဉာဏဘေဒ-ဟု ဆိုရသည်။

ကေနိရောဓ- မဖြစ်သော တရားကား စိတ်နှင့်တကွ ဖြစ်သော စိတ္တဇရုပ်များတည်း။

ကောလမ္ဗဏ- မဖြစ်သော တရားကား ဝိညတ်ဒွေ၊ ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်ပြီး နောက်နောက်စိတ်နှင့် ပြိုင်တူချုပ်သော ကမ္မဇ စိတ္တဇရုပ်များတည်း။

၃။ အနိယတသာ ဖြစ်၍ ဝိသေသက မဖြစ်သော စေတသိက်ကား— ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, မာန, ထိန, မိဒ္ဓ။

ဝိသေသကသာ ဖြစ်၍ အနိယတ မဖြစ်သော စေတသိက်ကား— ဝိတက်, ဝိစာရ, ပီတိ, သုခ, ဉာဏ။

မနောဒွါရ၌မဖြစ်သောစိတ်ကား-ဒွေပဉ္စဝိညာဉ်(၁၀)မနောဓာတ်(၃) ပေါင်း (၁၃) ပါး။

မှတ်ချက်။ ။မဟဂ္ဂုတ်ဝိပါက် ကိုးပါးလည်း မနောဒွါရ၌ မဖြစ်ပါ။

၄။ ဒွိဟိတ်— မောဟ,ဒိဋ္ဌိ,မာန,ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စ, အလောဘ, အဒေါသ, အမောဟ (၉)ပါး။

**တိဟိတ်**— အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန, မိဒ္ဓ, (အလောဘ, အဒေါသ,အမောဟ ကြဉ်သော) သောဘနစေတသိက် (၂၂)ပါး၊ ပေါင်း (၂၇)ပါး။

**နာမ်ကေန်အာရုံ**—ဝိညာ-နေဝါ (၆)ပါး နှင့် လောကုတ္တရာစိတ် (၈) ပါး။

**နာမ်အနေကန်**— ကာမဇော (၂၉) တဒါရုံ (၁၁) ဝုဋ္ဌော၊ အဘိညာဉ် (၂) ပေါင်း (၄၃)

ဆောင်။ ။ဝိညာနေဝါ၊ လောကုတ္တာ၊ နာမ်မှာ တဆယ့်လေး။ ယင်းက ကေန်၊ အနေကန်တို၊ တဒါရုံနှော၊ ကာမဇော၊ ဝုဋ္ဌော ဘိညာဒွေ။

၅။ **ဝိပါက်အမှန် ဇောအပြန်**

(၁) ဝိပါက်စိတ်တို့သည် အနိဋ္ဌာရုံ၌ အကုသလဝိပါက် ပဉ္စဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံများ ဖြစ်ကြသည်။

(၂) ဋ္ဌင္ဒ မဇ္ဈတ္တာရုံ၌—ကုသလဝိပါက် ပဉ္စဝိညာဉ် သမ္ပဋိစ္ဆိုင်း ဥပေက္ခာသန္တီရဏ ဥပေက္ခာ တဒါရုံများ ဖြစ်ကြသည်။

(၃) အတိဣဋ္ဌာရုံ၌ ကုသလဝိပါက် ပဉ္စဝိညာဉ် သမ္ပဋိစ္ဆိုင်း သောမနဿသန္တီရဏ သောမနဿတဒါရုံများ ဖြစ်ကြသည်။

ဤသို့ ဝိပါက်များသည် အာရုံအားလျော်စွာ ဝေဒနာယှဉ်မှု မှန်ကန်ကြလေသည်။

ကုသိုလ် အကုသိုလ် ဇောတို့သည်ကား အာရုံအားလျော်စွာ ဝေဒနာယှဉ်မှု မမှန်ကြဘဲ ဘလောင်း ဘလဲ ဖောက်ပြန်စွာဖြစ်တတ်ကုန်၏။

## ဝိပါက်လည်းအမှန် ဇောလည်းအမှန်

ဝိပ္ပလ္လာသကင်းပြီးသော ဘုရား ရဟန္တာတို့ သန္တာန်၌ဖြစ်သော ကြိယာဇောတို့သည်ကား—

(၁) အတိဣဋ္ဌာရုံနှင့် တွေ့ကြုံလျှင် သောမနဿ ကြိယာဇော စော၍ ထိုသောမနဿ ကြိယာဇောနောင်သောမနဿတဒါရုံကျ၏။

(၂) ဣဋ္ဌမဇ္ဈတ္တာရုံ အနိဋ္ဌာရုံနှင့် တွေ့ကြုံရလျှင် ဥပေက္ခာ ကြိယာဇောစော၍ ထိုဥပေက္ခာကြိယာဇောနောင် ဥပေက္ခာတဒါရုံများ ဖြစ်ကြသည်၊ ဤသို့လျှင် ကြိယာဇောများနှင့် ၎င်းတို့နောင် ဖြစ်သော ဝိပါက်တို့သည် အာရုံအားလျော်စွာ ဝေဒနာယှဉ်မှု မှန်ကန်ကြလေသည်။

**မှတ်ချက်။** ။၁၉၇၆-ခုနှစ်၊ အဖြေကိုလည်း ရှုလေ။

## စိတ္တဇရုပ် အစ ဖြစ်ရာဌာန

စိတ္တဇရုပ်တို့သည် ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှစ၍ ဖြစ်သည်။

## ကမ္မဇရုပ် နောက်ဆုံး ချုပ်ရာဌာန

ကမ္မဇရုပ်တို့သည် စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် တဆယ့်ခုနစ်ချက် မြောက်သော စိတ်၏ ဥပါဒ်၌ နောက်ဆုံး ဖြစ်သည်၊ (၎င်း သတ္တရသမစိတ်၏ ဌီမှစ၍ မဖြစ်တော့ဘဲ စုတိနှင့်ပြိုင်၍ ချုပ်ကြသည်။)

စိတ္တသမုဋ္ဌာနရူပံ ပဋ္ဌမဘဝင် မုပါဒါယ ဇာဝယန္တ မေဝ သမုဋ္ဌာမေတိ။

မရဏကာလေ ပန စုတိစိတ္တောပရိ သတ္တရသမစိတ္တဿ ဌိတိ ကာလ မုပါဒါယ ကမ္မဇရူပါနိ န ဥပ္ပဇ္ဇန္တိ၊ ပုရေတရမုပ္ပန္နာနိစ ကမ္မဇရူပါနိ စုတိစိတ္တသမကာလမေဝ ပဝတ္တိတွာ နိရုဇ္ဈန္တိ။

၆။ ဇနကကံ–ပဋိသန္ဓေ ပဝတ္တိအခါတို့၌ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ် တို့ကို မိမိကိုယ်တိုင် ဖြစ်စေတတ်သောကုသိုလ် အကုသိုလ် စေတနာ။

ဥပထမ္ဘကကံ–ကိုယ်တိုင်ကား အကျိုးမပေးနိုင် တပါးကံ အကျိုး ပေးခွင့် ရလေအောင်၊ အကျိုးပေးခွင့် ရပြီးသော ကံကို လည်း အကျိုးပေးသန်အောင်၊ အကျိုးပေးသော အခါမှာ လည်း ထိုအကျိုးများ ကြာရှည်ဖွံ့ဖြိုးလေအောင် ထောက်ပံ့ ကူညီတတ်သော ကုသိုလ် အကုသိုလ်ကံ။

ဥပပီဠကကံ–ဇနကကံ၏အကျိုးကို အားနည်းချိနဲ့အောင်၊ မဖွံ့ဖြိုး အောင်၊ ကြာရှည်စွာ မဖြစ်အောင် ကပ်၍ နှိပ်စက်တတ် သော ကုသိုလ် အကုသိုလ်ကံ။

ဥပဃာတကကံ–အားနည်းနေသော ဇနကကံ၏(အကျိုးကိုဖြစ်စေ တတ်သော)အစွမ်းသတ္တိကိုဖြတ်၍ ပဝတ္တိ ပဋိသန္ဓေ နှစ်ပါး လုံး၌ မိမိ၏ အကျိုးကိုပေးသော ကုသိုလ် အကုသိုလ်။ ဋီ)

**အကျိုးမပေးသော ဂရုကံ**

ပဉ္စာနန္တရိယကံ (၂)ပါး (၃) ပါး ကျူးလွန် အင်အားအကြီးဆုံး ပဉ္စာနန္တရိယကံမှ ကြွင်းသော ကံတို့သည်၎င်း၊ ရရှိပြီး မဟဂ္ဂုတ်စျာန်တို့တွင် အထက် အမြင့်ဆုံးစျာန်မှ ကြွင်းသော စျာန်တို့သည်၎င်း အကျိုးမပေး သော ဂရုကံမည်၏။

၇။ အဝိနိဗ္ဘောဂရုပ် (၈)ခုသည် စတုဇရုပ်။
ဝိညတ်ဒွေသည် စိတ္တဇရုပ်။
သဒ္ဒရုပ်သည် စိတ္တဇ-ဥတုဇရုပ်။
လဟုတာဒိတ္တယသည် စိတ္တဇ-ဥတုဇ-အာဟာရဇ။

**ထွက်သက် ဝင်သက် လေ**

ထွက်သက် ဝင်သက် လေထည်း၌ အဝိနိဗ္ဘောဂရုပ်(၈)ခု၊သဒ္ဒရုပ်အား ဖြင့် ရုပ် (၉) ပါး ပါဝင်ပါသည်။

စိတ္တဇေ အဿာသပဿာသကောဋ္ဌာသေပိ သြဇာဋ္ဌမကဥ္စေဝ သဒ္ဒေါ· စာတိ နဝ။ (ဝိသုဒ္ဓိမဂ်)

**ဆောင်။** ။အာနာပါန၊ လေဟူက၊ သဒ္ဒနဝကာ။

၈။ **သတိပဋ္ဌာန် (၄)ပါး**

ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၌ အသုဘ ဒုက္ခ အနိစ္စ အနတ္တ အချင်းအရာ ကို ယူသည်၏ အစွမ်းအားဖြင့်၎င်း၊ သုဘ သုခ နိစ္စ အတ္တ သညာ ဝိပ္ပလ္လာသ ကို ပယ်ခြင်း၏ အစွမ်းအားဖြင့်၎င်း လေးပါးပြားခြင်းကြောင့် သတိပဋ္ဌာန် လေးပါး ပြားရပါသည်။

တံ ပန ကာယ ဝေဒနာ စိတ္တ ဓမ္မေသု အသုဘ ဒုက္ခာ နိစ္စာ နတ္တာ· ကာရဂ္ဂဟဏဝသေန သုဘ သုခ နိစ္စ အတ္တသညာ ဝိပ္ပလ္လာသပ္ပဟာနဝသေန စ စတုဗ္ဗိဓံ။ (ဋီ)

**ဒုက္ခ သမုဒယ**

ပဓာနအကြောင်း ဖြစ်သောကြောင့် တဏှာကိုသာ သမုဒယသစ္စာ ဆိုသည်။

ပဓာနကာရဏတ္တာ တဏှာယေဝ သမုဒယောတိ ဝုတ္တာ။ (ဋီ)

၉။ (အနက်ကို နိဿယအတိုင်း ပေးပါ။)

**မှတ်ချက်။** ။ဂေါစရ၏ စပ်ရာ ဝိသေသျကို ဗားကရာနိဿယ၌ အတ္ထာ တွင် စပ်၍ ဝိညာယန္တိ ကြိယာမှာ ဆိုက်သည်။
အခြေပြုသင်္ဂြိုဟ်၌ကား ဂေါစရကို သာယံ ပညတ္တိမှာစပ်၍ ဝိဉေယျာ ကြိယာမှာ ဆိုက်သည်။
ပုစ္ဆာ၌ ဝိသေသျနှင့် ကြိယာကို ထည့်ရမည်ဟု ဆိုသော် လည်း အပိုထည့်စရာမလိုပါ၊ တိုက်ရိုက်ပါသော ပုဒ်များ ဖြစ်ပါသည်။

၁၀။ (ပါဠိ ထင်ရှားပြီ။)

**သုဓမ္မဝတီ (က) ၁၀၆-၁၀**

## ၁၃၇၂ (၁၉၇၁) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - သင်္ဂဟာ - အဖြေ

---

၁။ ပဋိဃ

ဒေါသဖြစ်သောအခါ တဘက်သား (အာရုံကို) စားမတတ် ဝါးမတတ် ကြည့်ရှုတတ် ကြိမ်းမောင်းဆဲဆိုတတ် ကိုယ်ထိလက်ရောက် ကျူးလွန် စော်ကားတတ်သည်၊ ထိုသို့ဖြစ်ရခြင်းသည် ဒေါသအရင်းခံကြောင့် ဖြစ်ရသည့်အတွက် ဒေါသကိုလည်း ဌာနူပစာအားဖြင့် ပဋိဃ (ထိခိုက်တတ်) ဟု ဆိုသည်။

အဒေါသနှင့် မေတ္တာ

**အဒေါသသည်**—အစဏ္ဍိက္ကလက္ခဏာ (မကြမ်းတမ်းခြင်း သဘော) ရှိသည်၊ သောဘနစိတ်အားလုံးနှင့် ယှဉ်သည်။

**မေတ္တာသည်** —သတ္တာနံ ဟိတသုခုပသံဟရဏလက္ခဏာ (သတ္တဝါတို့၏ စီးပွားချမ်းသာကို ဆောင်ခြင်းသဘော) ရှိသည်၊ ပဉ္စမဈာန်ကြဉ်သော မဟဂ္ဂုတ် (၁၂) ပါး၊ မဟာကုသိုလ် (၈) ပါး၊ မဟာကြိယာ (၈) ပါး ပေါင်း (၂၈) ပါးသော စေတသိက်တို့နှင့်သာ ယှဉ်သည်။ (ဤသို့ ထူး၏)

၂။ ကုသိုလ် အကုသိုလ်

သဒ္ဓါ စသော စေတသိက်များသည်သာ မုချအားဖြင့် ကုသိုလ် မည်၏၊ မောဟစသော စေတသိက်များသည်သာ မုချအားဖြင့် အကုသိုလ်မည်၏။

သဒ္ဓါစသော ကုသိုလ်စေတသိက်များနှင့် ယှဉ်သောကြောင့် စိတ်သည် ကုသိုလ်စိတ်အမည် ရသည်။

မောဟစသော အကုသိုလ် စေတသိက်များနှင့် ယှဉ်သောကြောင့် စိတ်သည် အကုသိုလ်စိတ် အမည်ရသည်။

တေ့ စ ကေနစ္စေန သဒ္ဓါဒယော ဧဝ ကုသလာ နာမ၊ မောဟာဒယော ဧဝ အကုသလာ နာမ။ (စိတ္တံ ပန ဖဿာဒယော ဝိယ အညသမာနမေဝ ဟောတိ၊ န ဟိ အာရမ္မဏဝိဇာနနံ ဝါ ကေနစ္စေန မုယှနာဒိဝိယ သာဝဇ္ဇံ ဝါ ဟောတိ၊ သဒ္ဒဟနာဒိဝိယ အနဝဇ္ဇံ ဝါတိ။) တံ ပန အကုသလေဟိ ယုတ္တံ အကုသလန္တိ ဝုစ္စတိ၊ ကုသလေဟိ ယုတ္တံ ကုသလန္တိ။

(ပရမတ္ထဒီပနီ)

**ဆဒွါရိက ဒွါရဝိမုတ္တ**

ပဉ္စဒွါရ၌ ဥပေက္ခာသန္တီရဏနှစ်ခုသည် သန္တီရဏကိစ္စ, တဒါရုံကိစ္စ၏ အစွမ်းအားဖြင့်၎င်း၊ မဟာဝိပါက်စိတ် (၈)ခုသည် တဒါရုံကိစ္စ၏ အစွမ်းအားဖြင့်၎င်း ဖြစ်ကြ၍ မနောဒွါရ၌ကား၊ ၎င်း(၁၀)ပါးလုံးပင် တဒါရုံကိစ္စ၏ အစွမ်းအားဖြင့်ဖြစ်သောကြောင့် ဆဒွါရိက ဖြစ်ကြသည်။

ထိုစိတ်တို့သည် ပဋိသန္ဓေ ဘဝင် စုတိ ကိစ္စ၏ အစွမ်းအားဖြင့် ဖြစ်သောအခါ ဒွါရဝိမုတ္တ ဖြစ်ကြသည်။

ပဉ္စဒွါရေသု သန္တီရဏ တဒါရမ္မဏဝသေန မနောဒွါရေ စ တဒါရမ္မဏဝသေန ပဝတ္တနတော ဆဒွါရိကာနိ စေဝ၊

ပဋိသန္ဓာဒိဝသပဝတ္တိယာ ဒွါရဝိမုတ္တာနိ စ။ (ဋီ)

၃။ ပုထုဇဉ်များ သန္တာန်၌ဖြစ်သော ဉာဏသမ္ပယုတ် ကာမဝစရကုသိုလ်ဇောသည် လောကုတ္တရာစိတ်(၈)ပါးကြဉ်သော အလုံးစုံကို အာရုံပြုနိုင်၏၊ (လောကုတ္တရာစိတ်ကိုကား မရဘူးသေးသောကြောင့် အာရုံမပြုနိုင်ပါ။)

ပုထုဇ္ဇနာဒယောပိ သောတာပန္နာဒီနံ (မဂ္ဂဖလသင်္ခါတံ ပါဋိပုဂ္ဂလိကစိတ္တံ ဇာနိတုံ န သက္ကောန္တိ အနဓိဂတတ္တာ) (ဋီ)

မှတ်ချက်။ ။ဂေါတြဘုအခိုက်၌ နိဗ္ဗာန်ကို အာရုံပြုနိုင်သည်။

**ကံ,ကမ္မနိမိတ်, ဂတိနိမိတ်**

**ကံ** .... .... ....အတိတ်ကာလ, ဓမ္မာရုံ။

**ကမ္မနိမိတ်** ....ပစ္စုပ္ပန်, အတိတ်,ကာလဝိမုတ်, အာရုံ (၆) ပါး။

**ဂတိနိမိတ်** ....ပစ္စုပ္ပန်ကာလ, ရူပါရုံ။

ဆောင်။ ။ကံအာရုံမှာ၊ တိတ်ဓမ္မာ၊ ထင်လာ မနေဘတည်း။

ကမ္မနိမိတ်၊ ပန်- တိတ်- ညတ်မှန်၊ ဆဋ္ဌာရုံ၊ ထင်ရန် ဆဒ္ဒါ တည်း။

ဂတိမှာကား၊ ပန်-ရူထား၊ ထင်ငြား မနေဘတည်း။

၄။ အာဂန္တုက ဘဝင်

သောမနဿဖြင့် ပဋိသန္ဓေ နေခဲ့သူအား ဒေါသဇော၏ အဆုံး၌ တဒါရုံ ဖြစ်ခွင့် မရသောအခါ ဘဝင်ကျရလိမ့်မည်၊ ထိုဘဝင်သည် သောမနဿ ဘဝင်ဖြစ်က ဒေါသဇောနှင့် ဆန့်ကျင်နေ၏၊ ဥပေက္ခာဘဝင် ဖြစ်ကလည်း မူလပဋိသန္ဓေနှင့် ဆန့်ကျင်နေပြန်၏၊ ဤသို့ တဒါရုံလည်း ဖြစ်ခွင့်မရ၊ဘဝင် ကျဘို့လည်း အခက်အခဲ ကြုံတွေ့နေသောအခါ ရှေ့နောက် သင့်လျော် စေရန် ဥပေက္ခာသန္တီရဏစိတ်သည် ရှေ့ကလေ့ကျက်ခဲ့ဘူးသော ကာမအာရုံ တခုခုကို အာရုံပြုလျက် အာဂန္တုက ဘဝင်စိတ်အဖြစ်ဖြင့် ဖြစ်ပေါ်လာ ရသည်။

ဒါနနှင့် နိဗ္ဗာန်

ဒါနကုသိုလ်သည် ကာမကုသိုလ်ဖြစ်၍ ၎င်း ဒါနကုသိုလ်သက်သက်ဖြင့် နိဗ္ဗာန်သို့ တိုက်ရိုက်မရောက်နိုင် (၎င်း ဒါနကုသိုလ်က ထောက်ပံ့အပ်သော လောကုတ္တရာ ကုသိုလ်ဖြင့်သာ နိဗ္ဗာန်သို့ ရောက်နိုင်သည်။)

သာဓက

ကာမာဝစရကုသလမ္ပိ- ကာမသုဂတိယမေဝ ပဋိသန္ဓိံ ဇနေတိ၊ တထာ ပဝတ္တိယဉ္စ မဟာဝိပါကာနိ၊ အဟေတုက ဝိပါကာနိ ပန အဋ္ဌပိ သဗ္ဗတ္ထာပိ ကာမလောကေ ရူပလောကေ စ ယထာရဟံ ဝိပစ္စတိ။

(သင်္ဂဟ)

၅။ လောက်လန်းသတ္တဝါသည် အမြီးပိုင်းဖြင့် တနေရာ၌ တည်ပြီးလျှင် ခေါင်းပိုင်းက အခြား တနေရာကို ရှာဖွေကုတ်တွယ်ရ၏၊ ခေါင်း ပိုင်းက ကုတ်တွယ်မိမှသာလျှင် အမြီးပိုင်းကို လွှတ်သကဲ့သို့၊ပဋိသန္ဓေ ဝိညာဉ်သည်လည်း ဘဝဟောင်း၌ ဥပါဒ်ခဲ့ပြီး ငြီအခိုက်ကျမှ သဝဘစ်သို့ ပြောင်းရွှေ့လာသည် မဟုတ်ပါ။

"ပဋိသန္ဓိသင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ" ကို ထေ က်၍ ဥပါဒ်လျှင် ဥပါဒ်ခြင်း ဘဝသစ်၌ တည်သည်—

ထို့ကြောင့်-လောက်လန်းသဖွယ် ဝိညာဉ်ဘွယ်ဟူသောလောက ဝေါဟာရသည် ယထာဘူတ မကျပါ။

မဂ္ဂါဖလာန မာရမ္မဏာဘူတံ-ပါဠိဖြင့်—

ကလျာဏပုထုဇဉ်တို့သည် အနုမာနအားဖြင့် နိဗ္ဗာန်ကို အာရုံ ပြုနိုင်သည် ဟူသော အဓိပ္ပါယ်ကို ပြ၏။

မဂ္ဂဖလာနမာရမ္မဏာဘူတန္တိ ဣမိနာ ကလျာဏပုထုဇ္ဇနာနံ အနုမာနသိဒ္ဓတံ။ (ဋီ)

၆။ **ဓမ္မာရုံနှင့် ဓမ္မဓာတ်**

စိတ်-ပသာဒရုပ်-ပညတ်-............ (ဓမ္မာရုံသာမည်)

စေတသိက်-သုခုမရုပ်- နိဗ္ဗာန်............... (နှစ်ပါးစုံမည်)

**ဝေဒနာ သညာ**

ဝဋ်တရားတို့၌ သာယာအပ်သော ဝေဒနာကိုရင်း၊ ထိုဝေဒနာ၌ သွန်းလောင်း ထည့်ခပ်အပ်သော သညာကိုရင်း သီးခြားခွဲထုတ်၍ ညွှန်ပြလိုသောကြောင့် ဝေဒနာနှင့် သညာတို့ကို သီးခြား ခန္ဓာ ဖွဲ့ရပါသည်။

ဝဋ္ဋဓမ္မေသု အဿာဒံ၊ တဒဿာဒုပသေစနံ။

ဝိနိဘုဇ္ဇ နိဒဿေတုံ၊ ခန္ဓဒွယ မုဒါဟဋံ။ (ဋီ)

၇။ ဣတ္ထိ- (မိန်းမ) ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနမည်၏။

သဒ္ဒေါ-(အသံ သဒ္ဒရုပ်) ဟူသည် ပရမတ္ထအားဖြင့် ထင်ရှား ရှိသောကြောင့် ဝိဇ္ဇမာန မည်၏။

ထို့ကြောင့် "ဣတ္ထိသဒ္ဒေါ"သည် အဝိဇ္ဇမာနေန ဝိဇ္ဇမာနသဒ္ဒ ပညတ်မည်၏။

**ကမ္မဘဝ,သင်္ခါရ**

**သင်္ခါရ**—အတိတ်စေတနာ။ (အဝိဇ္ဇာသင်္ခါရာ အတီတော အဒ္ဓါ)

**ကမ္မဘဝ**—ပစ္စုပ္ပန်စေတနာ။ (မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါ)

၈။ ပဋိဘာဂနိမိတ်သည် ပညတ် ဖြစ်သည်။

ဝတ္ထုဓမ္မဝိမုစ္စိတံ ပညတ္တိသင်္ခါတံ- ကို ထောက်ပါ။

**ဘာဝနာအဆင့်**

ပဋိဘာဂနိမိတ် ပေါ်လာချိန်၌ ဥပစာရဘာဝနာ အဆင့် အတန်းသို့ ရောက်ရှိနေပါသည်။ (ထို့နောက် ၎င်းပဋိဘာဂနိမိတ်ကို အဖန်ဖန် ပွားများသောအခါ) အပ္ပနာဘာဝနာ အဆင့်သို့လည်း ရောက်နိုင်ပါသည်။

ပဋိဘာဂနိမိတ္တာ မာရဗ္ဘ ဥပစာရသမာဓိ အပ္ပနာသမာဓိ စ ပဝတ္တန္တိ။ (သင်္ဂြိုဟ်)

**မဂ်ရခါနီး စိတ်အစဉ်**

ဝိပဿနာဉာဏ်ရင့်ကျက်၍ အပ္ပနာဖြစ်ခါနီးသောအခါ ဘဝင်္ဂစလန-ဘဝင်္ဂုပစ္ဆေဒ-မနောဒွါရာဝဇ္ဇန်းစိတ်တို့ ဖြစ်သည်။

ထို့နောက် နှစ်ကြိမ် သုံးကြိမ်သော ဝိပဿနာစိတ်များ ယံကိဉ္စိ အနိစ္စာဒိလက္ခဏာကို အာရုံပြု၍ ပရိကမ်-ဥပစာ-အနုလုံ-ဟူသော အမည်ဖြင့် ဖြစ်ကြသည်။

ထို့နောက် ဂေါတြဘုစိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ (ပုထုဇဉ်အနွယ်ကို လွှမ်းမိုးနှိပ်စက်၍ အရိယာအနွယ်သို့ရောက်လျက်) ဖြစ်သည်။

(ထို့နောက် မဂ်ကို ရသည်။)

**ပုံစံ**

န-ဒ-မ-ပ-ဥ-နု-ဂေါ-မဂ်-ဖိုလ်-ဖိုလ်-ဘဝင်-ဘဝင်။

၉။ (ပါဠိ ထင်ရှားပြီ။)

၁၀။ (ဘာဝေတဗ္ဗံ ပနိစ္ဆဝံ-စသော ဂါထာကို အနက်ရေးပါ။)

## ၁၃၃၃ (၁၉၇၁) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - သင်္ဂဟ - အဖြေ

၁။ ရူပါဝစရစိတ်သည် အသင်္ခါရိက-အသင်္ခါရိကအပြားမှ လွတ်သော သင်္ခါရဝိမုတ်ဖြစ်သောကြောင့် ရူပါဝစရစိတ်၌ သင်္ခါရအပြားကို မဆိုပါ။

**တနည်း**

ရူပါဈာန်သည် ပုဗ္ဗာဘိသင်္ခါရဟု ဆိုအပ်သော ရှေးအဘို့၌ဖြစ်သော အားထုတ်ခြင်း၏ အစွမ်းကြောင့်သာလျှင် ဖြစ်ရသောကြောင့် တရံတခါမျှ အသင်္ခါရိကမဖြစ်သင့်၍ အသင်္ခါရိကဟူ၍ အထူးမဆို၊ သသင်္ခါရိကကေန် ဖြစ်နေ၍ သသင်္ခါရိကအဖြစ် လင်းပါးဘွယ်မရှိသောကြောင့် သသင်္ခါရိက ဟူ၍လည်း အထူးမဆိုပါ။

**ဖဿ**

ချဉ်သီးစားနေသည်ကို မြင်ရ၍ သွားရည်ယိုသကဲ့သို့ ဖဿသည် (နာမ် တရားဖြစ်၍ အာရုံကို မတွေ့ထိတတ်သော်လည်း) တွေ့ထိသော အခြင်း အရာအားဖြင့် ဖြစ်တတ်သောကြောင့် အာရုံကို တွေ့ထိသည်ဟုဆိုသည်။

၂။ သံယောဇဉ် မမည်သော အကုသိုလ်စေတသိက်ကား- အဟိရိက, အနောတ္တပ္ပ,ကုက္ကုစ္စ,ထိန,မိဒ္ဓ (၅)ပါး။

မဟာဝိပါက်စိတ်၌ ဝိရတီ အပ္ပမညာ မယှဉ်။

မဟာဂ္ဂုတ်စိတ်၌ ဝိရတီ မယှဉ်။

လောကုတ္တရာစိတ်၌ အပ္ပမညာ မယှဉ်။

အဘိညာဉ် ကုသိုလ်စိတ်သည် (ရဟန္တာပုဂ္ဂိုလ်၌ မဖြစ်ဘဲ) ပုထုဇဉ် သေက္ခတို့သန္တာန်မှာသာ ဖြစ်သောကြောင့် ၎င်း၏ အာရုံတွင် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ကြဉ်ရသည်။

သေက္ခပုထုဇ္ဇနသန္တာနေသွေဝ ပဝတ္တနတော။ (ဋီ)

၃။ စက္ခုဝိညာဉ်ဖြင့် မြင်ပါသည်။

**သာဓက**

တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ။ (သင်္ဂဟ)

နိရောဓသမာပတ် ဝင်စားနေသော ပုဂ္ဂိုလ်၌ ကမ္မဇ, ဥတုဇ, အာဟာရဇ ရုပ်များသာ ဖြစ်သည်။

## ၄။ တိရစ္ဆာန်နှင့် မဂ္ဂင်

တိရစ္ဆာန်များသန္တာန်၌ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ-ဟူသော အကုသိုလ်မဂ္ဂင်များ ဖြစ်နိုင်ပါသည်။

တနည်း တိရစ္ဆာန်များ သန္တာန်၌ ဆိုခဲ့ပြီးသော အကုသိုလ်မဂ္ဂင်လေးပါးသာ အဖြစ်များသည်၊ မဟာကုသိုလ်မှာ ယှဉ်သော လောကီကုသိုလ်မဂ္ဂင် ဖြစ်သော သမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါး တို့လည်း ရံခါ ရနိုင်ပါသည်။

**ရှင်းလင်းချက်**

တိရစ္ဆာန်ဖြစ်သော အလောင်းတော် ယုန်မင်း, အလောင်းတော် သခ်ပါလ နဂါးမင်းတို့ ပါရမီကုသိုလ်တို့ကို ဖြည့်ကျင့်သောထုံး ရှိသောကြောင့်၎င်း၊ တိရစ္ဆာန် ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်တို့သန္တာန်မှာ မဟာကုသိုလ်စိတ်ဖြစ်နိုင်သောကြောင့်၎င်း၊ မဟာကုသိုလ်မှာယှဉ်သည့် သမ္မာဒိဋ္ဌိ-စသော လောကီ ကုသိုလ် မဂ္ဂင်တို့လည်း တိရစ္ဆာန်များ သန္တာန်မှာ ရနိုင်ပါသေးသည်။

လောကိယေပိ ယထာယောဂံ ဆဗ္ဗိသုဒ္ဓိ ပဝတ္တိယံ-ကို ထောက်ပါ။

**ဆောင်။** ။ပဋ္ဌာန်သတိ၊ ဣန္ဒြိပြင်၊ ဗိုလ်ဗောဇ္ဈင်၊ မဂ္ဂင် တရားကိုယ်။
ကုသိုလ်မဟာ၊ ကြိယာနှင့်၊ အပ္ပနာဇဝန၊ ယှဉ်သမျှ၊
ကောက်ပြ ကြံစေလို။

**သတ္တဝါ**

သဒ္ဓါရေန ဇနိယမာနံ ။လ။ ပဋိသန္ဓိသဒ္ဓါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ-ကို ထောက်၍—

ဘုရားသခင် ဖန်ဆင်းမှုကြောင့် သတ္တဝါတွေ ဖြစ်လာရသည်-ဟူသော အယူအဆ မဟုတ်ပါ။ (ကံ, သခါရကြောင့်သာ ဖြစ်ရသည်။)

**တနည်း**

ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ-ကိုလည်း ယောက်နိုင်သည်။

ယာထာဝုတ္တေန ပစ္စယပရမ္ပရဝိဓိနာ၊ န ပန ဣဿရနိမ္မာနာဒီဟိ။ (ဋီ)

**မှတ်ချက်။** ။ပုစ္ဆာနံပါတ် အခြေအနေကိုကြည့်လျှင် ပဌမအထောက်ကို ရည်ရွယ်ဟန် တူသည်။

၅။ **ကလလရေကြည်**

ဂဗ္ဘသေယျကသတ္တဝါတို့အား ပဋိသန္ဓေအခိုက်၌ဖြစ်သော ကာယ, ဘာဝ, ဝတ္ထုဒသက ကလာပ် (၃)စည်း ရုပ်(၃၀)ကို ကလလရေကြည်-ဟု ခေါ်သည်။

၎င်း ကလလရေကြည်သည်—

ယခု မွေးဖွားစ သိုး၏အမွေးတချောင်းကို ကြည်လင်သောဆီ၌ နှစ်၍ ဆယ်ယူသောအခါ အမွေးဖျား၌ ငြိကပ်နေသော ဆီပေါက်ပမာဏ ရှိသည်၊ အလွန်ကြည်လင်သော သဘောရှိသည်။ (ဋီ)

**ဥပါဒါရုပ်အမည်**

ဥပါဒါရုပ်၏ လက္ခဏာကို အဋ္ဌကထာ၌ "စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ"ဟု ဆိုထားသဖြင့် မဟာဘုတ်လေးပါးလုံးကို မှီမှသာလျှင် ဥပါဒါရုပ်မည်သည်၊ တပါး,နှစ်ပါး,သုံးပါးကိုမှီရုံမျှဖြင့် ဥပါဒါ ရုပ်မမည်၊ မဟာဘုတ်တို့ကား အချင်းချင်းမှီသော်လည်း လေးပါးလုံးကိုမမှီ၊ တပါး, သုံးပါး,နှစ်ပါးကိုသာ မှီသည်၊ ထို့ကြောင့် ဥပါဒါရုပ် အမည်မရ။

၆။ မျက်စိဖြင့် မြင်ကောင်းသောရုပ်ကား— ရူပါရုံ။
မျက်စိဖြင့် မမြင်ကောင်းသောရုပ်ကား— ကြွင်းသောရုပ်(၂၇)။
ရူပါယတနံ သနိဒဿနရူပံ၊ ဣတရံ အနိဒဿနရူပံ။ (သင်္ဂဟ)
အဝိဇ္ဇာ၏ အကြောင်းကား— အာသဝတည်း။
အာသဝါနံ သမုပ္ပါဒါ အဝိဇ္ဇာ စ ပဝတ္တတိ။ (သင်္ဂဟ)

**ဝုဋ္ဌာနဂါမိနီဝိပဿနာ**

ဝိပဿနာ၏ အထွတ်အထိပ်သို့ရောက်သော အနုလောမဉာဏ်နှင့် တကွဖြစ်သော သင်္ခါရုပေက္ခာဉာဏ်သည် ဝုဋ္ဌာနဂါမိနီဝိပဿနာ မည်၏။

ယာ သိခါပတ္တာ၊ သာ သာနုလောမာ သင်္ခါရုပေက္ခာ ဝုဋ္ဌာနဂါမိနီဝိပဿနာတိ စ ပဝုစ္စတိ။ (သင်္ဂဟ)

၇။ ဒွိဟေတုက တိဟေတုကသဒ္ဒါဖြင့် ကေဟိတ်ဇောတို့၌ အဓိပတိမရှိသည်ကို သိစေသည်။

ဝေ-သဒ္ဒါဖြင့် လောကီဝိပါက် စိတ်တို့၌ အဓိပတိ မဖြစ်သည်ကို သိစေသည်။

ဒွိဟေတုက တိဟေတုကဂ္ဂဟဏေန ကေဟေတုကေသု အဓိပတီနံ အဘာဝံ ဒဿေတိ။

ဇဝနေသွေဝါတိဧဝ အဝဓာရဏံ လောကိယဝိပါကေသု အဓိပတီနံ အသမ္ဘဝဒဿနတ္ထံ။ (ဋီ)

(ဘဝနှစ်ပါးအထူး ၁၃၃၀-ခုနှစ် အဖြေ၌ရှု။)

၈။ **ဝေဒနာပစ္စယာ တဏှာ**

ဒုက္ခရောက်နေသူသည် သုခကို တောင့်တလိုချင်၏၊ ဤသို့ ဒုက္ခဝေဒနာကြောင့် တဏှာ ဖြစ်သည်။

ချမ်းသာသော သူကလည်း ထို့ထက်ချမ်းသာမှုကို လိုလား၏၊ ဤသို့ သုခဝေဒနာကြောင့် တဏှာ ဖြစ်သည်။

ငြိမ်သက်သော သဘောရှိသောကြောင့် ဥပေက္ခာကို သုခ၌ သွင်း၍ သုခဝေဒနာ ကဲ့သို့ မှတ်ရမည်။

ဒုက္ခီ သုခံ ပတ္ထယတိ၊ သုခီ ဘိယျောပိ ဣစ္ဆတိ။
ဥပေက္ခာ ပန သန္တတ္တာ၊ သုခမိစ္စေဝ ဘာသိတာ၊

အသုဘ ကမ္မဋ္ဌာန်းသက်သက်ဖြင့် သောတာပန် မဖြစ်နိုင်ပါ။

**အထောက်**

ဒသအသုဘာ ကာယဂတာသတိ စ ပဌမဇ္ဈာနိကာ။

၉။ (တတော ပရံ တမေဝ (ပ) ယထာရဟမပ္ပေန္တိ- ပါဠိကိုရေးပါ။)

၁၀။ (အနက် ထင်ရှားပြီ။)

# ၁၃၃၄ (၁၉၇၃) ခုနှစ်
# ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - သင်္ဂဟ - အဖြေ

၁။ သညာဖြင့် မှတ်၍ နေဝသညာ နာသညာ-ဟု ဆိုခြင်းသည် နိဒဿန မျှသာ ဖြစ်သောကြောင့် နေဝဖဿနာဖဿ- စသည်ဖြင့်လည်း ဆိုနိုင်ပါသည်။

သညာဝသေန စေတ္တ ဗျာနူပလက္ခဏံ နိဒဿနမတ္တံ၊ ဝေဒနာ-ဒယောပိ ဟိ တသ္မိံ ဗျာနေ နေဝဝေဒနာ နာဝေဒနာယော ါတိ။ (ဋီ)

တတြမဇ္ဈတ္တတာ နှင့် ဥပေက္ခာ

တတြမဇ္ဈတ္တတာသည် စိတ် စေတသိက်တို့ကို လျစ်လျူရှုခြင်း သဘော လက္ခဏာ ရှိ၏၊ အညီအမျှ ပြေးသွားကြသော အာဇာနည်မြင်းတို့ကို လျစ်လျူရှု၍ လိုက်သွားသော ရထားထိန်းနှင့် တူ၏။

ဥပေက္ခာသည် - ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ မဇ္ဈတ္တာကာရ အားဖြင့် ရှုခြင်း လက္ခဏာ ရှိ၏။

တတြမဇ္ဈတ္တတာ စိတ္တစေတသိကာနံ အဇ္ဈုပေက္ခနလက္ခဏာ၊ သမပ္ပဝတ္တာနံ အဿာနံ အဇ္ဈုပေက္ခကော သာရထိ ဝိယ။

ဣဋ္ဌာနိဋ္ဌေသု မဇ္ဈတ္တာကာရ ပဝတ္တိလက္ခဏာ ဥပေက္ခာ။ (ဋီ)

၂။ လောကုတ္တရာဝိရတီသည် နိယတ ဖြစ်သော ကြောင့်၎င်း၊ ဝိရတိကရုဏာဒယောသည် အနိယတယောဂီကို ပြသော အရာဖြစ်သောကြောင့်၎င်း လောကီဝိရတီကိုသာ ယူရပါသည်။

အထောက်

ဝိရတိယော ပန တိဿောပိ လောကုတ္တရစိတ္တေသု သဗ္ဗထာပိ နိယတာ ကေတောဝ လဗ္ဘန္တိ (ပ) ဝိသုံ ဝိသုံ။

သုဓမ္မဝတီ (က) ၁၀၆-၁၉

**ထိန မိဒ္ဓသည်—**

ဒေါသမူ သသင်္ခါရိကစိတ်၌ ဣဿာ- မစ္ဆရိယ- ကုက္ကုစ္စ တို့နှင့် သဟကဒါစိ ယှဉ်၍ မာနနှင့် နာနာ ဖြစ်သည်။

ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်၌ မာနနှင့် သဟ ကဒါစိ ယှဉ်၍ ဣဿာ-မစ္ဆရိယ-ကုက္ကုစ္စတို့နှင့် နာနာ ဖြစ်သည်။

ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက စိတ်တို့၌ကား- ဣဿာ-မစ္ဆရိယ-ကုက္ကုစ္စ-မာနတို့နှင့် နာနာ ဖြစ်သည်။

၃။ **ကာမာဝစရအရ—ကာမစိတ်(၅၄)စေတသိက်(၅၂)ရုပ်(၂၈)ရ၏။**

ဘုရားရှင် သန္တာန်မှာဖြစ်သော ဝုဋ္ဌောစိတ်သည်သာ ထိုထို သဗ္ဗညုတဉာဏ်စသည်တို့၏ ရှေ့သွားဖြစ်သောအခါ၌ သဗ္ဗာရမ္မဏဖြစ်သည်၊ ဘုရားမှတပါး အခြားသူတို့ သန္တာန်မှာ ဖြစ်သော ဝုဋ္ဌောစိတ်သည် အလုံးစုံကို အာရုံမပြုနိုင်။

ဝေါဋ္ဌဗ္ဗနဿ စ တံ တံ ပုရေစာရိကဝသပ္ပဝတ္တိယံ န စ ကိဋ္ဌိ အဂေါစရံ နာမ အတ္ထိ။ (ဋီ)

၄။ တပါးသော ကံများ မတားမြစ်နိုင်လောက်အောင် စုတိ၏ အခြားမဲ့၌ မုက္ခအကျိုးပေးမည့် ကြီးလေးသော(အကုသိုလ်အရာ၌ ပဉ္စာနန္တရိယ-နိယတမိစ္ဆာဒိဋ္ဌိ၊ကုသိုလ်အရာ၌ မဟဂ္ဂုတ်)ကံမျိုးကို ဂရုကံဟု ခေါ်သည်။

**ဆောင်။** ။ပဉ္စာနန္တရိယ၊ ကံငါးဝနှင့်၊ နိယတမိစ္ဆာ၊ မဟဂ္ဂါ၊ မှတ်ပါ ဂရုကံ။

**ဒွါရသော ပေက္ခကာ ပရံ**

မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာ (၅) မဂ်ဥပေက္ခာ (၄) အောက်ဖိုလ် ဥပေက္ခာ (၃) ပေါင်း (၁၂) ပါး။

**အထောက်**

ဥပေက္ခာသဟဂတဇဝနာနန္တရံ ဥပေက္ခာသဟဂတာဝ၊ တတ္ထာပိ ကုသလဇဝနာနန္တရံ ကုသလဇဝနဋ္ဌေဝ ဟေဋ္ဌိမဥ္စ ဖလတ္တယ မပေ့တိ။

၅။ စိတ္တအရ–ဝုဋ္ဌော, ကာမဇော (၂၉)အဘိညာဉ် (၂)ပေါင်း (၃၂)

**အထောက်**

ဝေါဋ္ဌဗ္ဗနံ ကာမာဝစရ ဇဝနာဘိညာ ပနံ ဝိညတ္တိမ္ပိ သမုဋ္ဌာပေန္တိ။

**သစ်ပင်၌ ရုပ်**

အဝိနိဗ္ဘောဂရုပ် (၈) သဒ္ဒ ရုပ်-ဟူသော ဥတုဇ သဒ္ဒနဝက ကလာပ် ရုပ် (၉) ပါး။

စတုမဂ္ဂဉာဏေန သစ္စိကာတဗ္ဗ-ပါ်၌ဖြင့် နိဗ္ဗာန်ကိုအရိယာပုဂ္ဂိုလ်တို့သည် မျက်မှောက်အားဖြင့် သိအပ်သည်၏အဖြစ်ကို ပြသည်။

စတုမဂ္ဂဉာဏေန သစ္စိကာတဗ္ဗန္တိ ဣမိနာ နိဗ္ဗာနဿ တံ တံ အရိယ-ပုဂ္ဂလာနံ ပစ္စက္ခသိဒ္ဓတံ ဒဿေတိ။ (ဋီ)

၆။ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ-တို့သည် ဒုဂ္ဂတိသို့ ရောက်ကြောင်း အကုသိုလ်မဂ္ဂင်များ ဖြစ်သောကြောင့် လက်ခံရမည်။

မိစ္ဆာဒိဋ္ဌိအာဒယော ဒုဂ္ဂတိမဂ္ဂတ္တာ မဂ္ဂင်္ဂါနိ။ (ဋီ)

**ယထာသမ္ဘဝံ**

ဒွိဟိတ်ဇောတို့၌ ဝိမံသာဓိပတိ မဖြစ်သင့်သောကြောင့်၎င်း၊ စိတ္တာဘိသင်္ခါရ ဥပနိဿယ၏ ဒွိဟိတ်ဇော တိဟိတ်ဇော အားဖြင့် ဖြစ်သင့်သည်အားလျော်စွာ ဖြစ်ခြင်းကြောင့်၎င်း သင့်လျော်သည့် အဓိပတိ တပါးပါးကိုသာလျှင် ရအပ်သည်၏အဖြစ်ကို ရည်ရွယ်၍ ယထာသမ္ဘဝံ-ဟု ဆိုသည်။

**ကောဝ**

တိုင်းပြည်တပြည်မှာ ရှင်ဘုရင်တပါးသာ ရှိသကဲ့သို့၊ အထက်သန်ဆုံး တရားတပါးသည်သာ အဓိပတိထိုက်သည်ဟု သိစေခြင်းငှါ ကောဝ-ဟု ဆိုသည်။

၇။ **ဝီသတာကာရ**

အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန် ကမ္မဘဝ
(အတိတ်အကြောင်း ငါးပါး)

ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ–
(ပစ္စုပ္ပန်အကျိုး ၆ါးပါး)

တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, တဏှာ–
(ပစ္စုပ္ပန်အကြောင်း ၆ါးပါး)

ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ–
(အနာဂတ်အကျိုး ၆ါးပါး)

ကေနိရောဓ, ကောလမ္ဗဏ အင်္ဂါချိတ်သဖြင့် သမ္မယောဂလက္ခဏာ မရှိသောကြောင့် သဟဇာတရုပ်များအား သမ္ပယုတ္တ စွည်း မတပ်ပါ။

၈။ အနုပဿနာ (၃) မျိုး

(၁) အနတ္တာနုပဿနာသည် အတ္တ-ဟူ၍ စွဲလမ်းခြင်းကို စွန့်လွှတ်နိုင်ခြင်းကြောင့် သုညတာနုပဿနာ မည်သော ဝိမောက္ခမုခ ဖြစ်၏။

(၂) အနိစ္စာနုပဿနာသည် ဝိပလ္လာသနိမိတ်ကို စွန့်လွှတ်နိုင်ခြင်း ကြောင့် အနိမိတ္တာနုပဿနာ မည်သော ဝိမောက္ခမုခ ဖြစ်၏။

(၃) ဒုက္ခာနုပဿနာသည် တောင့်တတတ်သော တဏှာကို စွန့်လွှတ် နိုင်ခြင်းကြောင့် အပ္ပဏိဟိတာနုပဿနာ မည်သော ဝိမောက္ခမုခ ဖြစ်၏။ (သင်္ဂဟ)

**ဝိမောက္ခ**

ဖိုလ်သည် မဂ္ဂဝီထိ၌ မဂ္ဂါဂမန၏ အစွမ်းအားဖြင့် (သုညတ-အနိမိတ္တ-အပ္ပဏိဟိတ) ဝိမောက္ခ မည်၏။

ဖလသမာပတ္တိဝီထိ၌ ဝိပဿနာဂမန၏ အစွမ်းအားဖြင့် (သုညတ-အနိမိတ္တ-အပ္ပဏိဟိတ) ဝိမောက္ခ မည်၏။

၉-၁၀။ ထင်ရှားပြီ။

## ၁၃၃၆ (၁၉၇၄) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - သင်္ဂဟ - အဖြေ

၁။ မဂ္ဂင်— သမ္မာဒိဋ္ဌိ- သမ္မာသင်္ကပ္ပ- သမ္မာဝါစာ- သမ္မာကမ္မန္တ- သမ္မာအာဇီဝ-သမ္မာဝါယာမ-သမ္မာသတိ-သမ္မာသမာဓိ ဟူသော မဂ်၏အစိတ်အပိုင်း (၈)ပါးသည် မဂ္ဂင်မည်၏။

**မဂ္ဂ**—သမ္မာဒိဋ္ဌိစသော တရား(၈)ပါး အပေါင်းသည် မဂ္ဂမည်၏။

**မဂ်စိတ်**—မဂ်နှင့်ယှဉ်သောစိတ်သည် မဂ်စိတ်မည်၏။

အောက်အောက်ဈာန်ထက် အထက်အထက်ဈာန်က အားကြီးသောကြောင့် ပါဒကဖြစ်သော ဒုတိယဈာန်နှင့် တူစွာ ဈာန်အင်္ဂါ (၄)ပါး ရှိရမည်။

ဟောဋ္ဌိမ ဟောဋ္ဌိမဇ္ဈာနတော ဟိ ဉပရူပရိဈာနံ ဗလဝတရံ။ (ဋီ)

**၂။ သဟ-နာနာ**

ထိန မိဒ္ဓသည် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်၌ - မာနနှင့် သဟ ဖြစ်သည်။

ဒိဋ္ဌိဂတသမ္ပယုတ် ပဋိဃသမ္ပယုတ်စိတ်တို့၌ (မာန မယှဉ်သောကြောင့်) မာနနှင့် နာနာ ဖြစ်သည်။

**ကေစိဝါဒ**

လေ့ကျက်အပ်ပြီးသော ကျမ်းဂန်ကို တခြားတပါး နှုတ်သွင်းလျက်လည်း သရဇ္ဈာယ်နိုင်သကဲ့သို့၊ ကရုဏာ-မုဒိတာကို ပွားများသောအခါ အပ္ပနာဝီထိမှ ရှေးအဘို့၌ ပရိစယ၏ အစွမ်းအားဖြင့် ဉပေက္ခာသဟဂုတ်စိတ်တို့ဖြင့်လည်း ပရိကံပြုနိုင်သောကြောင့် မဟာကုသိုလ် မဟာကြိယာ ဉပေက္ခာတို့၌ အပ္ပမညာ မယှဉ်ဟူသောဝါဒကို ကေစိ ထိုးရသည်။ (ဋီ)

၃။ စိတ်၌ ဓာတ် (၇)မျိုး

မနောဓာတ် - သိကာမတ္တ သိရုံမျှ ဖြစ်သောကြောင့် မနောဓာတ် မည်၏။

ပဉ္စဝိညာဏဓာတ် - မနောဓာတ်ထက် ထူးသောအားဖြင့် သိတတ်သော ဓာတ်ဖြစ်သောကြောင့် ပဉ္စဝိညာဏဓာတ် မည်၏။

မနောဝိညာဏဓာတ် - မနောဓာတ်, ပဉ္စဝိညာဏ ဓာတ်တို့ထက် သာလွန်ထူးကဲသောအားဖြင့်သိတတ်သောဓာတ်ဖြစ်သောကြောင့် မနောဝိညာဏဓာတ် မည်၏။

တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်ကြောင့် ရုပဘုံ၌ အဟိတ်ကုသလဝိပါက်, စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ (၂) အားဖြင့် (၅)ပါး ဖြစ်သည်။

၄။ ဘုရားရှင်ကို တွေ့မြင်ပါလျက် သဒ္ဓါကင်းမဲ့သဖြင့် အရေးမစိုက်နေသူအား....

ဧ္ဝ .... ... ဥပေက္ခာဇော။

နောက်....သောမနဿတဒါရုံ။

အသဒ္ဓါဒီနံ ဗုဒ္ဓါဒီသု အတိဣဋ္ဌာရမ္မဏေသုပိ ဥပေက္ခာဇဝနံ ဟောတိ။
"ဋီ" (ဇောအပြန်)

အတိဣဋ္ဌေ ပန သောမနဿသဟဂတာနေဝ သန္တီရဏ တဒါရမ္မဏာနိ။
"သင်္ဂဟ" (ဝိပါက်အမှန်)

**သောမနဿ တဒါရုံ၏ ရှေ့၌ကျသော ဇောများ**

လောဘမူ (၈) မောဟမူ (၂) မဟာကုသိုလ် (၈) ဟသိတုပ္ပါဒ်
(၁) မဟာကြိယာ သောမနဿ(၄) ပေါင်း (၂၃)

ဆောင်။ ။လော-မော ကုနှောင်၊ အကုန်ဆောင်၍၊ ဒေါ်နှောင် ဥ-ဆ၊ သောမနကြိယာ၊ သောပဉ္စာတည်း၊ ကြိယာ ဥ-မှ၊ သ-ဆ-တဒါ၊ ဖြစ်ဘိုလာသည်၊ သေချာမှတ်လေ အမြဲတည်း။

## ၅။ ဈာန်နှင့် ဘုံ

အရှင်အနုရုဒ္ဓါဆရာသည် ဈာန်ကို ပြဆိုရာ၌ ပဉ္စကနည်းအားဖြင့် (ပ-ဒု-တ- စ- မ-ဈာန်ဟု) ပြဆိုသည်။

ဘုံကို ပြဆိုရာ၌ကား စတုက္ကနည်းအားဖြင့် (ပ- ဒု- တ- စ-ဈာန် ဘုံဟု) ပြဆိုထားသည်။

ဘုံကို စတုက္ကနည်းအားဖြင့် ပြသကဲ့သို့ ဈာန်ကိုလည်း စတုက္ကနည်းအားဖြင့် ပြမည်ဆိုလျှင် ပဉ္စမဈာန်သည် စတုတ္ထဈာန် အရာ၌ တည်၏။

ပဉ္စမဈာနဝိပါကံနှင့် ပဉ္စမဈာနံ ဘာဝေတွာ တို့ကား- ပဉ္စကနည်းအားဖြင့် ဆိုသောစကား ဖြစ်သည်။

စတုတ္ထဈာနဘူမိယံနှင့် ဝေဟပ္ဖလေသု တို့ကား စတုက္ကနည်းအားဖြင့် ဆိုသောစကား ဖြစ်သည်။

ထို့ကြောင့်....မဟဂ္ဂုတ်ကံသည် တူသော အကျိုးကို ပေးသည် ဟူသော ဋီကာ မဟဂ္ဂတံ ပုညံ-စသော ဂါထာစကားတို့ မဆန့်ကျင်ကြပါ။

### သီလဗ္ဗတပရာမာသ

နွား ခွေးတို့၏ အလေ့, နွား ခွေးတို့၏ အကျင့်သဘော စသည်ဖြင့် သံသရာမှ စင်ကြယ်သည်ဟု သဘောမဟုတ်သော အားဖြင့် သုံးသပ်မှတ်ထင်ခြင်းသည် သီလဗ္ဗတပရာမာသ မည်၏။

ဂေါသီလာဒိနာ သီလေန,-ဝတေန, တဒုဘယေန စ သုဒ္ဓိတိ ဧဝံ ပရတော အသဘာဝတော အာမသနံ (သီလဗ္ဗတ) ပရာမာသော။

(ဋီ)

## ၆။ ပဇဟထ နှင့် အပ္ပဟာတဗ္ဗ

ရူပံ အပ္ပဟာတဗ္ဗမေဝ- ဟူသော စကားသည် မုချတိုက်ရိုက် အားဖြင့် ဆိုသော စကား ဖြစ်သည်။

ရူပံ ဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ (သင်တို့၏ ဥစ္စာ မဟုတ်သော ရုပ်ကို ပယ်ကြလော) ဟူသော ဘုရားစကားသည်ကား ဥပစာ စကားမျှသာ

ဖြစ်သည်၊ မှန်၏·ရုပ်ကို ပယ်ရမည် မဟုတ်၊ ရုပ်၌ တပ်သော တဏှာ ရာဂ ကိုသာ ပယ်ရမည်၊ ထို့ကြောင့် မဆန့်ကျင်ပါ။

**အနာရမ္မဏ နှင့် ဂေါစရဂ္ဂါဟိက**

အနာရမ္မဏ-ဟူသော စကားသည် မုချစကား ဖြစ်သည်။

ဂေါစရဂ္ဂါဟိက-ဟူသော စကားသည်ကား ဥပစာ စကား ဖြစ်သည်။

(ဌာနီဖြစ်သော ပဉ္စဝိညာဉ်တို့၏ ဂေါစရဂ္ဂါဟိက ဟူသော အမည်ကို ဌာနဖြစ်သော ရုပ်၌ တင်စား၍ ဆိုထားခြင်း ဖြစ်သည်၊) ထို့ကြောင့် အချင်းချင်း မဆန့်ကျင်ပါ။

၇။ (၁၃၃၀-ခုနှစ် အဖြေ၌ ရှုလေ။)

ဥပဒါန်သည်

ပစ္စုပ္ပန်-အစွန့်, ပစ္စုပ္ပန် အကြောင်းခြင်းရာ, ပစ္စုပ္ပန် အဘို အစု အလှာ, ကိလေသာဝဋ္ဋ။

၈။ (က) နိမိတ် နှင့် ဘာဝနာ

(၁) ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်–ပရိကမ္မဘာဝနာ။

(၂) ပဋိဘာဂနိမိတ် – ဥပစာရဘာဝနာ,အပ္ပနာဘာဝနာ။

ဆောင်။ ။ပရိ-ဥဂ္ဂ၊ နိမိတ္တ၊ ကမ္မဘာဝနာ။
ပဋိဘာဂ၊ နိမိတ္တ၊ စာရ-အပ္ပနာ။

(ခ) ဝိမောက္ခမုခ နှင့် ဝိမောက္ခ

(၁) သုညတာနုပဿနာ ဝိမောက္ခမုခ နှင့် သုညတဝိမောက္ခ။

(၂) အနိမိတ္တာနုပဿနာ ဝိမောက္ခမုခ နှင့် အနိမိတ္တဝိမောက္ခ။

(၃) အပ္ပဏိဟိတာနုပဿနာဝိမောက္ခမုခ နှင့် အပဏိဟိတဝိမောက္ခ။

၉-၁၀။ (ထင်ရှားပြီ။)

# ၁၃၃၇ (၁၉၇၅) ခုနှစ်

# ပါဠိပထမပြန်စာမေးပွဲ

# ပထမကြီးတန်း - သင်္ဂဟ - အဖြေ

၁။ အာရမ္မဏံ စိန္တေတီတိ ဝိဇာနာတီတိ စိတ္တံ။ (ကတ္တုသာဓန)
စိန္တေန္တိ ဧတေန ကရဏဘူတေန သမ္ပယုတ္တဓမ္မာတိ စိတ္တံ။
(ကရဏသာဓန)

စိန္တနမတ္တံ စိတ္တံ။ (ဘာဝသာဓန)

ကတ္တုသာဓန, ကရဏသာဓနတို့ဖြင့် ပရမတ္ထဓမ္မမှ လွတ်သော ကတ္တား, ကရိုဏ်းမည်သည် မရှိဟု ပြပါသည်။

တထာ နိဒ္ဒေသော ပန ဓမ္မသဘာဝ ဝိနိမုတ္တဿ ကတ္တာဒိနော အဘာဝ ပရိဒီပနတ္ထံ။ (ဋီ)

ဘာဝသာဓနဖြင့် ပရမတ္ထ သဘောတရားတို့ မည်သည် အကြောင်း ပစ္စည်းအားလျော်စွာ ဖြစ်ခြင်း သဘောမျှသာတည်းဟု သိစေပါသည်။

ယထာပစ္စယံ ဟိ ပဝတ္တိမတ္တမေဝ ယဒိဒံ သဘာဝဓမ္မောနာမ၊ ဧဝဥ္စ ကတွာ သဗ္ဗေသမ္ပိ ပရမတ္ထဓမ္မာနံ ဘာဝသာဓနမေဝ နိပ္ပရိယာယတော လဗ္ဘတိ။ (ဋီ)

၂။ အကျယ် (၄၀)

မူလ မဂ်စိတ် ဖိုလ်စိတ် အကျဉ်း (၈)ပါးသည်ပင် ဈာန်အင်္ဂါတို့နှင့် ယှဉ်သော အပြားအားဖြင့် အကျယ် (၄၀) ပွားလာရခြင်းကြောင့် ၈-ကို ၅-ဖြင့် မြှောက်၍ ၄၀ ဖြစ်ရာ၌ မူလတည်သော ၈-သည် ရလာဒ် ၄၀-၌ ပါဝင်ပြီး ဖြစ်သကဲ့သို့) မူလအကျဉ်း ၈-ပါးကို ထည့်သွင်း ရေတွက်စရာ မလိုတော့ပါ။

ဈာန် (၂) မျိုး

**အာရမ္မဏူပနိဇ္ဈာန်**—မဟဂ္ဂုတ်ဈာန် သမာပတ် (၈)ပါး။
**လက္ခဏူပနိဇ္ဈာန်**—ကာမာဝစရဝိပဿနာနှင့် မဂ်, ဖိုလ်။

အာရမဏူပနိဇ္ဈာနန္တိ သဟ 'ဥပစာရေန အဋ္ဌသမာပတ္တိယော ဝုစ္စန္တိ၊ လက္ခဏူပနိဇ္ဈာနန္တိ ဝိပဿနာ မဂ္ဂဖလာနိ ဝုစ္စန္တိ။ (ပါရာဇိကဏ်-၄)

၃။ **ပစ္စုပ္ပန်အာရုံသာ**

ပဉ္စဒွါရိကစိတ်တို့၌ စိတ်ခဲတ်သတ္တိသည် များစွာ မရှိကြသောကြောင့် ပဉ္စဒွါရိကစိတ်တို့သည် ပစ္စုပ္ပန်အာရုံကိုသာ အာရုံပြုကြသည်။

(ဘာသာဋီကာ)

**အရဟတ္တမဂ်ကို အာရုံမပြု**

ကုသိုလ် အဘိညာဉ်စိတ်တို့သည် (သေက္ခ ပုထုဇဉ်တို့ သန္တာန်၌သာ ဖြစ်သောကြောင့်) အရဟတ္တမဂ်ကို အာရုံမပြုပါ။

**သာဓက**

ဉာဏသမ္ပယုတ္တ ကာမာဝစရ ကုသလာနိ စေဝ ပဉ္စမဇ္ဈာနသခ်ါတံ အဘိညာ ကုသလဥ္စေတိ အရဟတ္တမဂ္ဂဖလဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။

**အဘိညာဉ်**

အလွန်အကြူး အထူးသိတတ်သော ရူပပဉ္စမစျာန်နှင့် ယှဉ်သော ပညာ စေတသိက်သည် မုချ အားဖြင့် အဘိညာဉ် မည်၏။

**မှတ်ချက်။** ။ထိုဉာဏ်ပညာနှင့် ယှဉ်သော ပဉ္စမစျာန် စိတ်သည်လည်း သဟာစရဏ (တကွဖြစ်ဘက်) နည်းအားဖြင့် အဘိညာဉ် မည်၏။

၄။ **စတုစတ္တာလီသ**

အဟိတ်-၁၀၊ မဟာဝိပါက်-၈၊ မဟာကြိယာ-၈၊ မဟဂ္ဂုတ်ကြိယာ-၉၊ အရဟတ္တဖိုလ်-၁၊ ပေါင်း-(၄၄)ပါး။

**သမ္ဘာဝါ**

မဟဂ္ဂုတ်စျာန် ၉-ပါးလုံးကို ရသော ရဟန္တာ သန္တာန်၌သာ ၄၄-ပါး ဖြစ်သင့်သည်၊ မဟဂ္ဂုတ်စျာန်မရလျှင်ကား–(၁-ပါးမရလျှင် ၁-ပါးအတွက် လျော့၍ ၂-ပါးမရလျှင် ၂-ပါးအတွက် စသည် လျော့၍ ရေတွက်ရမည် ဖြစ်သောကြောင့် ၉-ပါးလုံး မရလျှင်) ၃၅-ပါးသာ ဖြစ်သင့်သည်။

၅။ (၁၃၂၉-ခုနှစ် အဖြေ၌ရှု။)

**အရူပပဋိသန္ဓေ၏ နိမိတ်အာရုံ**

(၁) အာကာ ပဋိသန္ဓေစိတ်သည် ကောင်းကင်ပညတ် ကမ္မနိမိတ် အာရုံ။

(၂) ဝိညာ ပဋိသန္ဓေစိတ်သည် ပထမာရုပ္ပဝိညာဉ်၊ မဟဂ္ဂုတ် ကမ္မ နိမိတ်အာရုံ။

(၃) အာကိဉ် ပဋိသန္ဓေစိတ်သည် နတ္ထိဘာဝပညတ်၊ ကမ္မနိမိတ် အာရုံ။

(၄) နေဝ ပဋိသန္ဓေစိတ်သည် တတိယာရုပ္ပဝိညာဉ်၊ မဟဂ္ဂုတ် ကမ္မ နိမိတ်အာရုံ။

တထာ အရူပပဋိသန္ဓိယာစ မဟဂ္ဂတဘူတံ ပညတ္တိဘူတဥ္စ ကမ္မနိမိတ္တမေဝ ယထာရဟမာရမ္မဏံ ဟောတိ။ (သင်္ဂဟ)

၆။ **အာပေါဓာတုဝိဝဇ္ဇိတံ**

အာပေါဓာတ်သည် အလွန်သိမ်မွေ့သည့် အတွက် တွေ့ထိ စမ်းသပ်၍ မရကောင်းသောကြောင့် အာပေါဓာတုဝိဝဇ္ဇိတံ ဘူတတ္တယသင်္ခာတံ-ဟု အဋ္ဌကထာဆရာ ဆိုပါသည်။

အာပေါဓာတုယာ သုခုမဘာဝေန ဖုသိတုံ အသက္ကုဏေယျတ္တာ ဝုတ္တံ အပေါဓာတုဝိဝဇ္ဇိတံ ဘူတတ္တယသင်္ခါတန္တိ။ (ဋီ)

**ယထာရဟံ**

အမဖြစ်လျှင် ပုရိသဘာဝရုပ် မရ၊ အထီးဖြစ်လျှင် ဣတ္ထိဘာဝရုပ် မရ၊ စက္ခုသောတစသည် ချို့သူတို့၌ စက္ခုသောတစသော တချို့ရုပ်များ မရ၊ ဤသို့ ထိုက်သင့်သလို ရသည်ကို ရည်ရွယ်၍"ယထာရဟံ"ဟု ဆိုသည်။

**အနူနာနိ**

ထိုသို့ပုဂ္ဂိုလ်အလိုက် အချို့ရုပ်များမရထိုက်သော်လည်း ကာမဘုံအတွက် ကား ရုပ်(၂၈)ပါးလုံးပင် ရနိုင်သောကြောင့်"အနူနာနိ" (မယုတ်လျော့) ဟု ဆိုသည်။

**သုဓမ္မဝတီ (က) ၁၀၆-၂၀**

၇။ **တဗ္ဗတ္ထုကာ တဏှာ**

ကာမသဒ္ဒါသည် ဝတ္ထုအာရုံ ကာမဂုဏ်ကို ဟောရင်းဖြစ်သော်လည်း ကာမအရ ထိုဝတ္ထုအာရုံ ကာမဂုဏ်ကို ကိုက်ရိုက်မယူဘဲ ထိုဝတ္ထုအာရုံ ကာမဂုဏ်၌တည်သော(အာရုံပြုသော)ကာမတဏှာကို ဌာနူပစာအားဖြင့် ကောက်ယူရမည်။

**တထာပဝတ္တံ**

ဒိဋ္ဌိစေတသိက် တခုတည်းသည်ပင်(၁) သီလဗ္ဗတပရာမာသ အချင်းအရာ (၂) ဣဒံသစ္စာဘိနိဝေသအခြင်းအရာ (၃)အတ္တဝါဒုပါဒါန် အချင်းအရာ အားဖြင့် ဖြစ်သည်ကို ရည်မှန်း၍ တထာပဝတ္တံဟု ဆိုသည်။

**အကျယ်ရှင်းပုံ**

ဒိဋ္ဌိစေတသိက်သည်—

(၁) နွား ခွေးတို့၏ အလေ့အကျင့်ဖြင့် ကိလေသာမှစင်ကြယ် သံသရာမှ လွတ်မြောက်လွယ်၏ဟု ယူသောအခါ သီလဗ္ဗတပရာမာသဒိဋ္ဌိဖြစ်သည်။

(၂) ဤ ငါ့အယူသာအမှန် ကျန်အယူအဆတွေ အမှားချည်းဘဲဟု စွဲမြဲစွာယူသောအခါ ဣဒံသစ္စာဘိနိဝေသဒိဋ္ဌိ ဖြစ်သည်။

(၃) အတ္တရှိ၏ဟု စွဲလမ်းသောအားဖြင့် ယူသောအခါ အတ္တဝါဒုပါဒါန်ဒိဋ္ဌိ ဖြစ်သည်။

၈။ **နာမကမ္မာဒိ**

နာမဓေယျ, နာမနိရုတ္တိ,နာမဗျဥ္ဇန,နာမာဘိလာပ ဟူသော (၄)ပါး။

**နာမ**

ဘူမိသဒ္ဒါသည် မြေကြီး ဟူသော အနက်ကို ဟောဘို့ရာ အမြဲညွတ်နေ (ဦးလှည့်နေ)သောကြောင့် နာမ=အနက်သို့ ညွတ်သည် မည်သည်။

ဘူမိသဒ္ဒါက မြေကြီး ဟူသော အနက်ကို မိမိ၏ ဟောနက် အဖြစ်ဖြင့် အမြဲကိုင်းရှိုင်းစေတတ်သောကြောင့် နာမ=မိမိသို့ အနက်ကို ညွတ်စေတတ်သည် မည်သည်။

**နာမဓေယျ**

ဘူမိ ဟူသော သဒ္ဒါ နာမသည်ပင် အရေးပါ အရာရောက်သော ရှေးပညာရှိတို့ပြုအပ်သော နာမည်ဖြစ်သောကြောင့် နာမကမ္မမည်သည်။
(အခြေပြု သင်္ဂြိုဟ်)

၉။ (အနက်ထင်ရှားပြီ။)

၁၀။ ငါသည် ရှေးက ဖြစ်မှ ဖြစ်ခဲ့ဘူးလေသလား၊ အလုံးစုံကို အကုန်သိနိုင်သော ဘုရားရှင်ဟူသည် ရှိမှ ရှိနိုင်ပါမည်လား စသော ယုံမှားသံသယမှ လွတ်မြောက်ကြောင်း ဉာဏ်ဖြစ်သောကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ ဟု ဆိုသည်။

**အဒ္ဓါနသမ္မသန**

အတိတ်ဘဝ၌ ဖြစ်သော ရုပ် နာမ် ဓမ္မတို့သည် အတိတ်ဘဝ၌ပင် ချုပ်လေပြီ၊ ပစ္စုပ္ပန်ဘဝသို့ မရောက်နိုင်၊ ပစ္စုပ္ပန်ဘဝ၌ ဖြစ်သော ရုပ် နာမ် ဓမ္မတို့သည်လည်း ပစ္စုပ္ပန် ဘဝ၌ပင် ချုပ်ရလေ၏၊ အနာဂတ်ဘဝသို့ မရောက်နိုင်၊ ဤသို့ ကုန်ခန်းတတ်သော သဘောကြောင့် အနိစ္စ၊ ကြောက်မက်ဘွယ်ဖြစ်သောကြောင့် ဒုက္ခ၊ အနှစ်သာရ မရှိသောကြောင့် အနတ္တ တရားချည်းပါတကား စသည်ဖြင့် သုံးသပ်ပွားများမှုသည် အဒ္ဓါနသမ္မသန မည်၏။

**သန္တတိ သမ္မသန**

အပူရုပ် အစဉ်သည် အအေးရုပ် အစဉ်သို့ မရောက်မီ ချုပ်ပျောက်၏၊ ဤသို့ ကုန်ခန်း တတ်သောကြောင့် အနိစ္စ၊ ကြောက်မက်ဘွယ် ဖြစ်သောကြောင့် ဒုက္ခ၊အနှစ်သာရ မရှိသောကြောင့် အနတ္တတရား ချည်းပါတကား စသည်ဖြင့် သုံးသပ်ပွားများမှုသည် သန္တတိ သမ္မသန မည်၏။

**ခဏ သမ္မသန**

အတိတ်ခဏ၌ဖြစ်သော ရုပ် နာမ် ဓမ္မတို့သည် အတိတ်ခဏ၌ပင် ချုပ်ပျောက်ခဲ့လေပြီ၊ ပစ္စုပ္ပန်ခဏသို့ မရောက်၊ ဤသို့ ကုန်ခန်းတတ်သောကြောင့် အနိစ္စ၊ ကြောက်မက်ဘွယ် ဖြစ်သောကြောင့် ဒုက္ခ၊ အနှစ်သာရ မရှိသောကြောင့် အနတ္တ- တရားချည်းပါ တကား စသည်ဖြင့် သုံးသပ် ပွားများမှုသည် ခဏ သမ္မသနမည်၏။

၁၃၃၇ (၁၉၇၆) ခုနှစ်
ပါဠိပထမပြန်စာမေးပွဲ

# ပထမကြီးတန်း - သင်္ဂဟ - အဖြေ

၁။ လောကအရ ဥပါဒါနက္ခန္ဓာ- ရ၏။

မဂ်စိတ်သည် ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော လောကမှ (အနာသဝ အဖြစ်ဖြင့်) လွန်မြောက် တတ်သောကြောင့် လောကုတ္တရာ မည်၏။

ဖိုလ်စိတ်သည် ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော လောကမှ (အနာသဝ အဖြစ်ဖြင့်) လွန်မြောက်ပြီး ဖြစ်သောကြောင့် လောကုတ္တရာ မည်၏။

နိဗ္ဗာန်သည် (အနာသဝဂုဏ်အားဖြင့်) လောကထက် လွန်ကဲသောကြောင့် လောကုတ္တရာ မည်၏။

လောကီကုသိုလ်တို့သည် အာသဝေါတရားတို့၏ အာရုံပြုရာ ဖြစ်သောကြောင့်၎င်း၊ ဥပါဒါနက္ခန္ဓာ ဟူသော လောကမှ အနာသဝ အဖြစ်ဖြင့် မလွန်မြောက်သောကြောင့်၎င်း လောကုတ္တရာ မမည်ပါ။

၂။ အပ္ပမညာသည် ၂-ပါးသာရှိသည် မဟုတ်၊ ကမ္မဋ္ဌာန်းပိုင်း၌ လေးပါး ဆိုလတ္တံ့ဖြစ်သောကြောင့် ဒွေအပ္ပမညာယော-ဟု သချာတပ်၍ မဆိုပါ။

(၁၃၃၆-ခုနှစ် အဖြေ၌ ရှု)

၃။ သဗ္ဗထာအရ— ကာမအာရုံ ဟူသမျှ အားလုံးသော အပြား၊ မဟဂ္ဂုတ် အာရုံ ဟူသမျှ အားလုံးသောအပြား၊ လောကုတ္တရာ အာရုံဟူသမျှ အားလုံးသော အပြား၊ ပညတ် အာရုံ ဟူသမျှ အားလုံးသော အပြား ရ၏။

သဗ္ဗာရမ္မဏအရ—အားလုံးသော ကာမ, မဟဂ္ဂုတ်, လောကုတ္တရာ, ပညတ်အာရုံများ ရ၏။

"အဟိရိန္ဒြိယော"သည် ပသာဒရုပ်ကို ရည်ရွယ်၍ ဆိုသည် မဟုတ်၊ ပုံသဏ္ဌာန်ကို ရည်ရွယ်၍ ဆိုသော စကား ဖြစ်သည်။

"ဃာနာဒိတ္တယံ နတ္ထိ"ဟူသောစကားသည် ဃာနပသာဒရုပ် စသည်ကို ရည်ရွယ်၍ ဆိုသော စကား ဖြစ်သည်။ ထို့ကြောင့် မဆန့်ကျင်ပါ။

၄။ ဝိပါက်အမှန်

သဘာဝဣဋ္ဌာရုံနှင့် တွေ့ကြုံသောအခါ ကုသလဝိပါက် ဥပေက္ခာ သန္တီရဏ တဒါရုံများဖြစ်၍ သဘာဝ အတိဣဋ္ဌာရုံနှင့် တွေ့ကြုံသောအခါ ကုသလဝိပါက် သောမနဿ သန္တီရဏ တဒါရုံများ ဖြစ်ကြ၏။

သဘာဝ အနိဋ္ဌာရုံနှင့် တွေ့ကြုံသောအခါ၌ကား အကုသလဝိပါက် သန္တီရဏ တဒါရုံများ ဖြစ်ကြ၏၊ ဤသို့ ဝိပါစိတ်များ၌ အာရုံအားလျော်စွာ သောမနဿ ဥပေက္ခာ ဝေဒနာယှဉ်ပုံ မြဲသည်ကို "ဝိပါက်အမှန်"ဟု ဆိုသည်။

ဇောအပြန်

ဝိပ္ပလ္လာသ မကင်းသေးသော ပုထုဇဉ် သေက္ခတို့ သန္တာန်၌ ဖြစ်သော ကုသိုလ် အကုသိုလ်ဇောများသည် အာရုံအားလျော်စွာ ဝေဒနာယှဉ်ပုံ မမြဲဘဲ (ဝိပ္ပလ္လာသ အတွက်ကြောင့်) ဘလောင်းဘလဲ ပြောင်းလဲဖေါက် ပြန်သည်ကို "ဇော အပြန်"ဟု ဆိုသည်။

ဝိပါက်အမှန် ဇောအမှန်

ဝိပ္ပလ္လာသ ကင်းပြီးသော ရဟန္တာ သန္တာန်မှာ ဖြစ်သော ဝိပါက်နှင့် ကြိယာဇောတို့သည် (ဝိပ္ပလ္လာသ ကင်းပြီးဖြစ်သောကြောင့်) ဖေါက်ပြန် ပြောင်းလဲမှု မရှိဘဲ အာရုံအားလျော်စွာ သောမနဿ ဥပေက္ခာ ဝေဒနာ ယှဉ်ပုံ မှန်ကန်သည်ကို "ဝိပါက်အမှန် ဇောအမှန်" ဟု ဆိုသည်။

**မှတ်ချက်။** ။၁၃၃၁-ခုနှစ် အဖြေ အတိုင်းလည်း ရေးနိုင်သည်။

ဒွတ္တိံသ သုခပုညမှာ - စသော ဂါထာ၌—

**ဒွတ္တိံသအရ**—ရူပကုသိုလ် သောမနဿ ၄-ပါး။

မဂ် သောမနဿ ၁၆-ပါး။

အောက်ဖိုလ် သောမနဿ ၁၂-ပါး၊ ပေါင်း ၃၂-ပါး။

**ဒွါဒသအရ**— မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာ ၅-ပါး။

မဂ် ဥပေက္ခာ ၄-ပါး။

အောက်ဖိုလ်ဥပေက္ခာ ၃-ပါး၊ ပေါင်း ၁၂-ပါး။

၅။ "ဘုရား ရဟန္တာတို့၏ စုတိစိတ်တော်သည် နိဗ္ဗာန်ကို အာရုံပြု၍ ပရိနိဗ္ဗာန်ပြုကြသည်"ဟူသော အယူအဆသည် မသင့်။

**သာဓက**

သေသာနိ ကာမာဝစရဝိပါကာနိ ဟာသနစိတ္တဉ္စေတိ သဗ္ဗထာပိ ကာမာဝစရာရမ္မဏာနိ။

ဒွါရဝိမုတ္တာနဉ္စ ပဋိသန္ဓိ ဘဝင် စုတိ သင်္ခါတာနံ (လ) ဂတိနိမိတ္တသမ္မတံ အာရမ္မဏံ ဟောတိ။

တာနိ ပန သဗ္ဗာနိပိ ပရိတ္တဓမ္မဘူတာနေဝါရမ္မဏာနိ။
၈။ ဌာယီဘာဝ, ဗျဘိစာရီဘာဝ,သတ္တိကာဘာဝ, အာလမ္ဗနဝိဘာဝ,ဥဒ္ဒီပနဝိဘာဝတို့၏ အဓိပ္ပါယ်ကို အလင်္ကာစာကိုယ် အတိုင်း တိကျအောင် ရေးပြပါ။ (၁၀)

၉။ အရိယာဂါထာတို့၌ ဆန်းဂိုဏ်း မည်မျှသာ ရနိုင်သနည်း၊ အဘယ့်ကြောင့်နည်း။ (၁၀)

၁၀။ တဂါထာလုံး လဟုချည်း ဖွဲ့သီထားသည့် ဂါထာနှင့် ၁၅-လုံးဖွဲ့၌ ဂရုတလုံးသာ ပါသည့် ဂါထာများကို အမျိုး အစားအလိုက် ခွဲခြား၍ အမည် မှည့်ပြပါ။ (၁၀)

## ၁၃၃၁ (၁၉၆၉) ခုနှစ်

## ပါဠိပထမပြန်စာမေးပွဲ

# ပထမကြီး။ ။ဆန္ဒ-အဘိဓာန်-အလင်္ကာရ

၁၃၃၀-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆-ရက် (၇-၄-၆၉) တနင်္လာနေ့

အမှတ်

၁။ ဥတု ၆-ပါး, ဥတု ၃-ပါး, အယာဉ် ၂-ပါးတို့ကို ၁၂-လနှင့် အသီးသီး တွဲစပ် ပြပြီးလျှင် အဆုပ်နာ, ဆီးလွန်နာ, ချောင်းဆိုးနာ-ဟော ပရိယာယ် သဒ္ဒါတို့ကိုလည်း ကုန်စင်အောင် ထုတ်ပြပါ။ (၁၀)

၂။ တကျပ်သား၌ ရွှေးစေ့ပေါင်း မည်မျှရှိသည်ကို ကျမ်းရင်းလာအတိုင်း တွက်ပြပြီးလျှင် ဟိရညနှင့် ရူပိယတို့၏ အထူးကိုလည်း ဖြေဆိုပါ။ (၁၀)

၃။ အလုပ်ရှင်, အလုပ်သမား, ဂိုဒေါင်, စာရေး, ရေငင်စက်တို့၏ ပါဠိအသုံးကို ဖော်ပြပါ။ (၁၀)

၄။ ငါးအထူး ၁၃-မျိုးတို့၏ သရုပ်ကို ပါဠိ-မြန်မာ တွဲစပ်ဖော်ပြပြီးလျှင်၊ ဣတ္ထိလိင် ဗောဓိသဒ္ဒါ၏ အတ္ထုဒ္ဓါရကိုလည်း အဘိဓာန်လာသမျှ ဖော်ပြပါ။ (၁၀)

၅။ အောက်ပါတို့တွင် (က) ကို အနက်ယောဇနာ၍ (ခ) ၌ သင့်ရောက်သော ဒေါသနှင့် (ဂ) ၌ဖြစ်နိုင်သော ဒေါသ၏ ပရိဟာရတို့ကို ရေးသား ဖြေဆိုပါ။

(က) ခရာ ခီလာ ပရိက္ခီဏာ၊ ခေတ္တေ ခိတ္တံ ဖလတျလံ။

(ခ) နက်ထက်နတ်မျှ၊ နတ်မကသာ၊ လှကညာတည့်။

(ဂ) မှန်ကင်းတန်ဆောင်၊ လျှံဝါပြောင်သည်၊ ရွှေရောင်မရှုစောက်တကား။ (၁၀)

၆။ အောက်ပါ မြန်မာဝါကျတို့၌ ရထိုက်သည့် ဂုဏ်များကို အလင်္ကာပါဠိ အာဂုံညီ၍ ဖြေဆိုပါ။

(က) သူ့ဂုဏ် သူ့သိန်၊ သူ့အရှိန်နှင့်။

( ခ) လရောင်ဆမ်း၍၊ ရွှာလမ်းမြေမာ၊ ဝင်းဝင်းဝါ၏။ (၁၀)

၇။ ဥပမာ အလင်္ကာ၌ ဥပမာန, ဥပမေယျ, သဒ္ဒမ္မ,သမ္မတ္တတို့၏ အဓိပ္ပါယ်ကို ပေါ်လွင်အောင် ပုံစံဖြင့် ရှင်းပြပြီးလျှင်၊ ရူပကအလင်္ကာ,ပိယာတရအလင်္ကာတို့၏ အဓိပ္ပါယ်ကိုလည်း အလင်္ကာအတိုင်း ရေးပါ။ (၁၀)

၈။ ရသ သရုပ်ကို ထုတ်ပြပြီးလျှင် မည်သည့် စက်ဆုတ်ရွံရှာမှု ဇိဂုစ္ဆမျိုး၌ မည်သည့် သာယာမှု ရသမျိုး ဖြစ်သည်ကို ပါဠိ ကိုး၍ ဖြေဆိုပါ။ (၁၀)

၉။ လေးပါဒလုံးတွင် ၆-လုံး ၄-လုံး ၇-လုံးမြောက်၌ ယတိရှိ၍ န, သ, မ, ရ, သ ဂိုဏ်း လဟု ဂရု ပါဝင်သော ဂါထာ ပါဠိကို ရေးသားပြီးလျှင် ဂါထာအမည်၊ ဆန်းအမည် ကိုလည်း ညွှန်ခဲ့ပါ။ (၁၀)

၁၀။ ဝိသမပါဒ ၌ ဂ္ဂန္တဝဇိရ, သမပါဒ ၌ ဥပေန္ဒဝဇိရ လက္ခဏာ တို့ဖြင့် ဖွဲ့စီလျှင် မည်သည့် ဂါထာများဖြစ်၍, ထိုဂါထာ၏ ဝိသမပါဒကို သမ, သမပါဒကို ဝိသမ ပြောင်းလိုက်ပြန် လျှင် မည်သည့်ဂါထာများ ဖြစ်နိုင်သည်ကို ရေးသား ဖြေဆိုပါ။ (၁၀)

# ၁၃၃၁ (၁၉၇၀) ခုနှစ်

## ပါဠိပထမပြန်စာမေးပွဲ

## ပထမကြီး။ ။ဆန္ဒ-အဘိဓာန-အလင်္ကာရ

၁၃၃၁-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅-ရက် (၆-၄-၇၀) တနင်းလာနေ့

---

အမှတ်

၁။ ပြည်၏ အင်္ဂါ ၇-ပါး၊ သို့မဟုတ် ၈-ပါးတို့ကို ပါဠိ မြန်မာ တွဲရေး၍၊ မဏိသဒ္ဒါ ဟောနိုင်သော အနက်များကိုလည်း ကုန်စင်အောင် ဖော်ပြပါ။ (၁၀)

၂။ (က) စစ်သား၊ (ခ) သုံ့ပန်း၊ (သုံ့ရလူ)၊ (ဂ) သူလျှို (စုံထောက် တို့၏ ပါဠိ ဝေါဟာရများကို ဖော်ပြပြီးလျှင်၊ ဟတ္ထာနီက ၌ သူရဲကောင်း မည်မျှပါဝင်သည်ကို ကျမ်းရင်း အတိုင်း တွက်ပြပါ။ (၁၀)

၃။ နွယ်ချို ဟော ပရိယာယ် သုံးပုဒ်ကို ထုတ်ပြပြီးလျှင်၊ ဩသခနှင့် ဩသဓိတို့၏ အထူးကိုလည်း ထင်ရှားအောင် ဖြေဆိုပါ။ (၁၀)

၄။ အောက်ပါ ပါဠိတို့ကို မြန်မာပြန်ဆို၍၊ ကမဏ္ဍလု တု ကုဏ္ဍိကာ တို့၏ လိင်ကို အကြောင်းပြ၍ ဆုံးဖြတ်ပါ။

အနု, အာနု, ဝုလ, ဤသ, ဥရု, ဦရု။ (၁၀)

၅။ အောက်ပါ (က) ကို အနက်ယောဇနာ၍၊ (ခ) ၌ မည်သည့် ဒေါသ သင့်သည်ကို ကျနစွာ ရှင်းပြပါ။

(က) သောဝ မာလိင်္ဂေတေ ပိယာ။

(ခ) စိန်ကို ပေးတတ်သော သူဌေးသည် လူအပေါင်းကို ချမ်းသာစေ၏။ (၁၀)

၆။ သမာဓိဂုဏ်၏ သဘောကို ရှင်းပြ၍၊ သမာဓိဂုဏ် အမျိုးအစားများကိုလည်း ကုန်စင်အောင် ဖော်ပြပါ။ (၁၀)

၇။ ပရိကပ္ပနာ အလင်္ကာနှင့် ဗျာဇဝဏ္ဏနာ အလင်္ကာတို့၏ သဘောကို အလင်္ကာ ကျမ်းလာအတိုင်း ဖော်ပြပါ။ (၁၀)

၈။ အောက်ပါတို့တွင် (က) ၌ ဒေါသ၊ (ခ) ၌ ဂုဏ်၊ (ဂ) ၌ ရသတို့ကို အကြောင်းပြ၍ ရှင်းလင်းပါ။

(က) မီးကိုမပူ ချမ်းစွာ့ဟူ၏၊

(ခ) မျက်နှာချိုချို မူပိုပိုနှင့်၊

(ဂ) သူ့မြေမှာ ဖူးပြာပွင့်လျှင်ဖြင့်၊ ငါ့မြေမှာ နီဝါတင့်ရမပေါ့။ (၁၀)

၉။ ပရေ ပါဒါဒိသံယောဂေ အရ အစိပ္ပါယ်ကို ပုံစံထုတ်၍ ရှင်းပြပြီးလျှင်၊ ဝေဂဝတီ ဂါထာ၏ သမပါဒလက္ခဏာကို လေးပါဒလုံး၌ ဖွဲ့ဆိုလျှင် မည်သည့် ဂါထာ ဖြစ်သည်ကို ဂါထာ အမည်မျှ ဖော်ပြပါ။ (၁၀)

၁၀။ လေးပါဒလုံးတွင် ၁၂-လုံး ၇-လုံး မြောက်၌ ယတိရှိ၍, မ-သ- ဇ- သ- တ-တ- ဂရုတို့ဖြင့် ဖွဲ့သီထားသော ဂါထာ ပါဠိကိုထုတ်ပြပြီးလျှင်၊ ဂါထာအမည် ဆန်းအမည်ကိုလည်း ညွှန်ပြပါ။ (၁၀)

## ၁၃၃၂ (၁၉၇၁) ခုနှစ်

## ပါဠိပထမပြန်စာမေးပွဲ

## ပထမကြီး။ ။ဆန္ဒ-အဘိဓာန်-အလင်္ကာရ

၁၃၃၂-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၁-ရက် (၆-၄-၇၁) အင်္ဂါနေ့

အမှတ်

၁။ (က) ရာဇဝင်ကျမ်း (သမိုင်းကျမ်း)၊ (ခ) အတ္တုပ္ပတ္တိကျမ်း၊ (ဂ) ဒဏ္ဍာရီပုံပြင်၊ (ဃ) သတင်းစကား၊ (င) ဥယျာဉ်တော် (ပြည်သူ့ဥယျာဉ်)၊ (စ) နန်းတွင်းသူတို့ ဥယျာဉ်၊ (ဆ) လိမ္မော်၊ (ဇ) ပတောက်၊ (ဈ) စကားဝါ၊ (ည) ကံ့ကော်တို့၏ ပါဠိသုံး ဝေါဟာရကို ဖော်ပြပါ။ (၁၀)

၂။ လက်နက် ၄-မျိုး၊ ဥပါယ် ၄-ပါး၊ မီး ၃-မျိုးတို့၏ သရုပ်အသီးသီးကို မြန်မာဘာသာဖြင့် ဖော်ပြပါ။ (၁၀)

၃။ အောက်ပါ ပါဠိ စကားလုံးများကို မြန်မာဘာသာ ပြန်ဆိုခဲ့ပါ။

ဗျူဟာ၊ သေနာနီ၊ ဥပဒ္ဒါ၊ မဟောသဓ၊ ဝိဓုရ။ (၁၀)

၄။ ဘဝသဒ္ဒါဟောနိုင်သော အနက်များကို ပါဠိမြန်မာ တွဲစပ် ဖော်ပြပါ။ (၁၀

၅။ အောက်ပါ (က) ကို အနက်ယောဇနာ၍၊ (ခ) ၌ မည်သည့် ဒေါသ သင့်သည်ကို ရှင်းပြပါ။

(က) ကမလံ ကမလံ ကတ္တုံ၊ ဝနဒေါ ဝနဒေါမွရံ။

(ခ) ဘယ်နံ့သော ခါ၊ ဘယ်ရှာမြေမိုး၊
တို့ဆွေမျိုးသည်၊ ကောင်းကျိုးရည်ငံ။ (၁၀)

၆။ ပသာဒဂုဏ်နှင့် သုခုမာလတာ ဂုဏ်တို့၏ သဘောအဓိပ္ပါယ်ကို ကျမ်းရင်းလာအတိုင်း ဖြေပါ။ (၁၀)

၇။ ပတိဝတ္ထုပမာနှင့် အတ္ထန္တရန္ယာသတို့၏ အဓိပ္ပါယ် အထူးကို ဖြေဆိုပါ။ (၁၀)

၈။ ရုဒ္ဒရသ၏ အဓိပ္ပါယ်ကို အလင်္ကာကျမ်းရင်း လာသည့် အတိုင်း ပေါ်လွင်ထင်ရှားအောင် ဖြေဆိုပါ။ (၁၀)

၉။ ပါဒတိုင်း ပါဒတိုင်း သ ဂိုဏ်း ၄-ဂိုဏ်းဖြင့် ဖွဲ့ဆိုသော ဂါထာ အမည်၊ ယ ဂိုဏ်း ၄-ဂိုဏ်းဖြင့် ဖွဲ့ဆိုသော ဂါထာ အမည်တို့ကို ဖော်ပြပြီးလျှင် ဆန်းအမည်ကိုလည်း ညွှန်ပြပါ။ (၁၀)

၁၀။ လေးပါဒလုံးတွင် ၈-လုံး ၇-လုံး မြောက်၌ ယတိရှိ၍ န ဂိုဏ်း ၂ ဂိုဏ်း မ ဂိုဏ်း ၁-ဂိုဏ်း ယ ဂိုဏ်း ၂-ဂိုဏ်းတို့ဖြင့် ဖွဲ့စည်းထားသော ဂါထာ ပါဠိ ထုတ်ပြပြီးလျှင် ဂါထာ အမည် ဆန်းအမည်တို့ကို ညွှန်ပြပါ။ (၁၀)

## ၁၃၃၃ (၁၉၇၂) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီး။ ။ဆန္ဒ-အာဘိဓာန-အလင်္ကာရ

၁၃၃၃-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉-ရက် (၇-၄-၇၂) သောကြာနေ့

အမှတ်

၁။ (က) လက္ခယ်နေ့၊ (ခ) မိုးကောင်းအရပ် (မိုးရေသောက်အရပ်)၊ (ဂ) မြေနုကျွန်း၊ (ဃ) စာဆိုတော်၊ (င) အစည်းအဝေးတက်သူတို့၏ ပါဠိသုံး ဝေါဟာရကို ဖော်ပြပါ။ (၁၁)

၂။ နံ့သာလေးမျိုး, ဆားငါးမျိုးတို့၏ သရုပ် အသီးသီးကို မြန်မာဘာသာဖြင့် ဖော်ပြပါ။ (၁၀)

၃။ အောက်ပါ ပါဠိ စကားလုံးများကို မြန်မာဘာသာ ပြန်ဆိုပါ။

စုဗုက၊ စူစုက၊ အလက္တ၊ တမာလ၊ ဇီဝက။ (၁၀)

၄။ ဥတ္တာနသယ သဒ္ဒါ၏ လိင်ကို အထောက်ပြ၍ ဆုံးဖြတ်ပြီးလျှင် ဂုဏသဒ္ဒါ၏ ဟောနိုင်သော အနက်များကို ပါဠိ မြန်မာ တွဲစပ် ဖော်ပြပါ။ (၁၀)

၅။ အောက်ပါတို့တွင် (က) (ခ) တို့၌ သင့်ရောက်သော ဒေါသနှင့် (ဂ) ၌ဖြစ်နိုင်သော ဒေါသတို့၏ ပရိဟာရ်ကို ရှင်းလင်းဖော်ပြပါ။

(က) ဒရယ် ယုန် ကြောင်၊ တွေ့တိုင်း အောင်သား၊ တောတောင်သနင်း၊ ခြသေ့်မင်း။

(ခ) အမိကဖွား၊ အမယ်သားလျှင်၊လားလားမကြောက်။

(ဂ) ရောင်ခြည် ခြောက်သွယ်၊ ဘဝဂ်ကယ်၊ အံ့ဘွယ် ဆယ့်ရှစ်ဖြာ။ (၁၀)

၆။ သမဘာဂဏ်နှင့် သိလေသဂဏ်တို့၏ သဘောအဓိပ္ပါယ်ကို ကျမ်းရင်းလာအတိုင်း ဖြေဆိုပါ။ (၁၀)

၇။ သဝသေ ဝတ္တယံ ။လ။ ဝိဇမ္ဘတေ- ဂါထာကို အနက်ယောဇနာပါ။ (၁၀)

၈။ သာတ္တိကာဘာဝ၌ သာတ္ထ,သာတ္တိကာတို့၏ အရကို ဖော်ပြ၍ သာတ္တိကာဘာဝနှင့် အနုဘာဝတို့၏ အထူးကို ရေးပါ။ (၁၀)

၉။ အရိယာမျိုး အားလုံးနှင့် သက်ဆိုင်သော ယပ်ဟိပြတ်ပုံပြ ဂါထာ၏ လက္ခဏာများကို စိစစ်ပြီးလျှင် တိဋ္ဌုဘ (တုဋ္ဌုဘ)ဆန်း၌ မရနိုင်သော ဂိုဏ်းများကို ဖော်ပြပါ။ (၁၀)

၁၀။ ၇- လုံးမြောက် ၁၄- လုံးမြောက် ၂၁- လုံးမြောက်၌ ယတိရှိ၍၊ မ, ရ, ဘ, န- ဂိုဏ်း၊ ယဂိုဏ်း ၃-ဂိုဏ်းတို့ဖြင့် ဖွဲ့သီထားသော ဂါထာပါဋ္ဌိကို ထုတ်ပြ၍ ဂါထာအမည် ဆန်းအမည်ကိုလည်း ဖော်ပြပါ။ (၁၀)

# ၁၃၃၄ (၁၉၇၃) ခုနှစ်
# ပါဠိပထမပြန်စာမေးပွဲ
## ပထမကြီး။ ။ဆန္ဒ-အဘိဓာန်-အလင်္ကာရ

၁၃၃၄-ခုနှစ်၊ တန်ခူးလဆန်း ၄-ရက် (၆-၄-၇၃) သောကြာနေ့

---

အမှတ်

၁။ အဘိဓာန်ကျမ်းကို သင်ကြားခြင်းဖြင့် ရအပ်သော အကျိုးများကို ကျမ်းလာအတိုင်း ဖြေဆိုရေးသား၍ ကိုယ် ဟော ပရိယာယ်ပုဒ်များကို စုံလင်အောင် ဖော်ပြပါ။ (၁၀)

၂။ အောက်ပါတို့တွင် (က) ကို ပါဠိဘာသာ၊ (ခ) ကို မြန်မာဘာသာ ပြန်ဆိုပါ။

(က) တံစက်မြိတ်။ အချင်။ ဟင်းရွက်။ တွင်းထွက်ဆား။ စင်းတီတုံး။ အောင်မည်းညို။ ရှားစောင်းကြီး။ ပန်းနု။ ဆင်သမန္တယ်။ လင်းလေ။

(ခ) ဝိဒ္ဓေါဇ။ အဇ္ဇ။ ဓဝ။ ဒုဂ္ဂ။ သဖ။ ဟဗျ။ လော။ ဝေလာ။ ဝေဠော။ စူလိကာ။ (၁၀)

၃။ အောက်ပါ (က) (ခ) တို့၏ သရုပ်ကို အသီးသီး ဖော်ပြပြီးလျှင် (ဂ) ကို ကျမ်းလာအတိုင်း တိကျစွာ ဖြေဆိုပါ။

(က) စပါး ၇-မျိုး၊ (ခ) ပရိသတ် ၈-မျိုး၊ (ဂ) ဟာသ ၃-မျိုး။ (၁၀)

၄။ ဝဂ္ဂ, သံဃ, ကုလ, နိကာယ, ယူထ မည်ပုံတို့ကို ကျမ်းလာအတိုင်း ရှင်းပြပြီးလျှင် ကေသဒ္ဒါ ဟောနိုင်သော အနက်များကို မြန်မာဘာသာဖြင့် ဖော်ပြပါ။ (၁၀)

၅။ အတိဝုတ္တဒေါသ, ဩစိတျဟီနဒေါသ တို့၏ ထူးခြားဟန်ကို ဖြေဆိုရေးသား၍၊ အောက်ပါတို့သည် မည်သည့် ဒေါသများ သင့်နိုင်သည်ကိုလည်း ဖြေဆိုပါ။

(က) မိဘဆရာ မြတ်သံဃာနှင့် ဘဂဝါဇိန မြတ်ဓမ္မကို နေ့ညမပြက် ရိုကျိုးအပ်၏။
(ခ) ခြေ ၂-ချောင်းရှိသော လူ။
(ဂ) တဝါရပြီးသော မဟာထေရ်။ (၁၀)

၆။ မဒုရတာဂုဏ်, ဩဇာဂုဏ်တို့၏ သဘောကို ကျမ်းလာ အတိုင်း ဖြေဆိုပြီးလျှင်၊ အောက်ပါတို့သည် မည်သည့်ဂုဏ် မြောက်သည်ကိုလည်း ဖော်ပြပါ။
(က) ခန္ဓာဝန်ငြိမ်း ဒုက္ခသိမ်းတော်မူပြီ။
(ခ) ပေါ်လွင်မပို ကောင်းရာ တုလျက်၊ ကောင်းမှု မြတ်နိုး၊ ကောင်းအောင် ကျိုး၍ ကောင်းကျိုး ကိုယ်၌ တည်စေသော်။ (၁၀)

၇။ ရူဋ္ဌာဟက်ာရအလင်္ကာ အာဝုတ္တိ အလင်္ကာတို့၏ သဘော အဓိပ္ပါယ်များကို ကျမ်းလာ အတိုင်း ဖော်ပြပြီးလျှင်၊ အောက်ပါတို့သည် မည်သည့် အလင်္ကာ ဖြစ်နိုင်သည် ကိုလည်း ဖြေဆိုပါ။
(က) အဆွေ၌မှာ သက်တရာလျှင် မနာမဖျားမြင်လို ငြား၏။
(ခ) ဖြစ်ရာဘဝ သုခချမ်းသာ ပြည့်လိုပါ၏။ (၁၀)

၈။ ရတိဋ္ဌာယီဘာဝ၏ အဓိပ္ပါယ်နှင့် ယင်း ရသ၏ သရုပ်များကို ဖော်ပြ၍ ရယ်ရွှင်ခြင်း အပြားကိုလည်း ပါဠိ, မြန်မာ တွဲစပ်၍ ဖြေဆိုပါ (၁၀)

၉။ ဝိသမပါဒ၌ ဒုတဝိလမ္ဗိတဂါထာတွင် အစတလုံးကို ဖြုတ်၍ သမပါဒ၌ ဒုတဝိလမ္ဗိတ ဂါထာအတိုင်း ဖွဲ့စီကုံးသော် မည်သည့်ဂါထာ ဖြစ်နိုင်သည်ကို ပါဠိသာဓကပြ၍ဖြေဆိုပါ။ (၁၀)

၁၀။ ဥဇ္ဇလာဂါထာ၌ ရ-ဂိုဏ်းအစား န ဂိုဏ်း, လဟု, ဂရု ထည့်သွင်း၍ စီကုံးလျှင် မည်သည့် ဂါထာ, မည်သည့် ဆန်း ဖြစ်သည်ကို သာဓကပြ၍ ဖြေဆိုပါ။ (၁၀)

## ၁၃၃၆ (၁၉၇၄) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီး။ ။ဆန္ဒ-အဘိဓာန်-အလင်္ကာရ
၁၃၃၆-ခုနှစ်၊ ကဆုန်လဆန်း ၆-ရက် (၂၆-၄-၇၄) သောကြာနေ့

---

အမှတ်

၁။ အောက်ပါတို့၏ ပါဠိဝေါဟာရ တခုစီကို ဖော်ပြပါ။
(က) စကားဦး (စကားစ)။
(ခ) ဥဒေါင်းတွန်သံ။
(ဂ) မြင်းဟီသံ။
(ဃ) အကျိုးမရှိသော စကား။
(င) ဒိုးပတ်။
(စ) ပြင်းစွာအားထုတ်ခြင်း။
(ဆ) မြို့ဥပစာ (တောင်ဥပစာ)။
(ဇ) ဂိုဒေါင် (ကုန်တိုက်)။
(ဈ) ကံကောင်းသူ။
(ည) သဘောကောင်းသူ။ (၁၀)

၂။ အောက်ပါ ပါဠိဝေါဟာရများ၏ မြန်မာ ဝေါဟာရကို တခုစီ ဖော်ပြပါ။
အဂ။ အဃ။ ကဏ။ ကာဏ။ ကဋ္ဌ။ ခလ။ ဆဏ။ အနုဇ။ ကုလ္လ။ ဘာဂျ။ (၁၀)

၃။ ညောင်စောင်းလေးမျိုး။ ကျွန်လေးမျိုး။ မြက်ခုနစ်မျိုး တို့ကို မြန်မာဘာသာဖြင့် ဖော်ပြပါ။ (၁၀)

၄။ သစ္စသဒ္ဒါ ဟောနိုင်သော အနက်များကို ပါဠိ-မြန်မာ တွဲစပ် ဖော်ပြပါ။ (၁၀)

၅။ အဓုဋ္ဌဒေါသ၊ ဟီနတ္ထဒေါသတို့၏ အထူးကို ပြဆိုပြီးလျှင် အောက်ပါ (က) (ခ) (ဂ) တို့၌ မည်သည့် ဒေါသများ သင့်နိုင်သည်ကိုလည်း ရှင်းပြပါ။

(က) ရပ်ဆယ်မျက်နှာ၊ ဘော်သာခွါသွေး၊ ဖြူဖြူဖွေး သည်၊ စုဝေးတင့်တယ်၊ ညချိန်ဝယ်။

(ခ) ခြေမရှိဘဲလျက်၊ အပြေးသန်၏။

(ဂ) ဆီလည်းရှိသည်၊ ဆားရှိသည်၊ ဆန်လည်းရှိသည်။ (၁၀)

၆။ နေယျဒေါသ ပရိဟာရပြ ပဌမဂါထာကို အနက် ယောဇ နာပြပါ။ (၁၀)

၇။ ပညာရှိများ မနှစ်သက်အပ်သော ဂုဏ်နှင့် အဖွဲ့အနွဲ့တို့၏ အသက်ဟု အသိမှတ် ပြုခြင်းခံရသောဂုဏ်တို့ကို ဖော်ပြပြီး လျှင် အောက်ပါတို့သည် မည်သည့်ဂုဏ်များ ဖြစ်နိုင်သည် ကိုလည်း ရှင်းပြပါ။

(က) အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။ ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

(ခ) တရားရေအေး တိုက်ကျွေးဘော်မူသည်။ (၁၀)

၈။ မဟာနုတ္တ အလင်္ကာ၏ သဘောအဓိပ္ပါယ်ကို ကျမ်းလာ အတိုင်း ဖြေဆိုပြီးလျှင် အတိသယဝုတ္တိ အလင်္ကာနှင့် မဟာနုတ္တ အလင်္ကာတို့၏ ထူးခြားဟန်ကိုလည်း ရှင်းပြပါ။ (၁၀)

၉။ အောက်ပါ ဂါထာကို ဆန်းစစ်ပြီး မည်သည့်ဂါထာ, မည်သည့်ဆန်းဖြစ်သည်ကို သာဓကပြ၍ ဖြေဆိုပါ။

ကတောတြ သခေ်ပနယာ မယာယံ၊
ဒေါသာနမေသံ ပဝရော ဝိဘာဂေါ။
သောဝလံ ဗောဓယိတုံ ကဝီနံ၊
တမတ္တိ စေ ခေဒကရံ ပရမ္ပိ။ (၁၀)

၁၀။ ရှစ်လုံးဘွဲ့ဂါထာကို လေးပါဒလုံး ဂရုများဖြင့် စီကုံးခဲ့ သော်ငြင်း ပိယံဝဒါ ဂါထာကို လေးပါဒလုံး၌ န-ဂိုဏ်းကို ဖြုတ်၍ တ-ဂိုဏ်းဖြင့် အစားထိုးစီကုံးခဲ့သော်ငြင်း မည်သည့် ဂါထာများဖြစ်လာနိုင်သည်ကို အာဂမယုတ္တိဖြင့် ဖြေပြပါ။ (၁၀)

# ၁၃၃၇ (၁၉၇၅) ခုနှစ်
# ပါဠိပထမပြန်စာမေးပွဲ
## ပထမကြီး။ ။ဆန္ဒ-အဘိဓာန်-အလင်္ကာရ
၁၃၃၇-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃-ရက် (၂၀-၄-၇၅) တနင်္လာနေ့

---

အမှတ်

၁။ ချစ်ကြိုက်ခြင်းကို မည်သို့ခေါ်ဆိုရပုံပြဆိုသော အဘိဓာန်ကျမ်းလာပါဌ်ကို အနက်ယောဇနာပြီးလျှင် အောက်ပါတို့၏ မြန်မာဝေါဟာရကိုလည်း တခုစီဖော်ပြပါ။

(က) ပဋ္ဌဟာ၊ (ခ) ပရိခါ၊ (ဂ) ဃသ္မရ၊ (ဃ) အဇိရ၊ (င) ကာကပက္ခ။ (၁၀)

၂။ မင်းမြောက်တန်ဆာ ငါးပါးကို ထုတ်ပြ၍ အောက်ပါတို့၏ ပါဠိဝေါဟာရကိုလည်း ဖော်ပြပါ။

(က) ငွေဝန် ငွေတိုက်စိုး၊ (ခ) မှိန်း၊ (ဂ) မြင်းဆက်၊ (ဃ) စစ်ရထား၊ (င) အပေါင်။ (၁၀)

၃။ ဥဒ္ဒေဟိကထမင်းမျိုး၏ အမိပွါယ်ကိုဖော်ပြ၍ ကြံအထူးတို့ကိုလည်း အဘိဓာန်ကျမ်းအရ ပြည့်စုံစွာဖော်ပြပါ။ (၁၀)

၄။ သန္တသဒ္ဒါဟောနိုင်သောအနက်တို့ကို ပါဠိ-မြန်မာတွဲစပ်၍ စုံလင်စွာဖော်ပြပြီးလျှင် အာလပနအနက်၌ ဖြစ်သော သဒ္ဒါတို့ကိုလည်း ထုတ်ပြပါ။ (၁၀)

၅။ ကိလိဋ္ဌဒေါသသင့်သောပုဒ်ကို ၎င်းမှ လွတ်ကင်းစေရန် မည်သို့ပြုရမည်ကို ဖြေဆိုပြီးလျှင် ကေတ္တဒေါသ, မသင့်ပုံ အဖြေဂါထာကိုလည်း ဖေါ်ပြခဲ့ပါ။ (၁၀)

၆။ မိမိဂုဏ်ကို မိမိကိုယ်တိုင်ပြောဆိုပါက သင့်-မသင့် အလင်္ကာကျမ်းအရ ဆုံးဖြတ်ပြ၍ ကန္တိဂုဏ်မြောက်စေရန် ပြုကျင့်ရမည့် ဝတ္တရားကိုလည်း ဖေါ်ပြပါ။ (၁၀)

၇။ ဝဋ္ဋနာ အလင်္ကာ၏ သဘောသွားကို ဖေါ်ပြပြီးလျှင် ၎င်းဂုဏ်ရောက်ပုံကိုလည်း အသမနည်းဖြင့် ရှင်းလင်းခဲ့ပါ။ (၁၀)

၈။ ဗျတိစာရီဘာဝဟူသည် အဘယ်နည်း၊အလင်္ကာကျမ်းလာ အတိုင်း တိကျစွာဖေါ်ပြ၍ ၎င်း၏အရေအတွက်ကိုလည်း သင်္ချာမျှ ထုတ်ပြခဲ့ပါ။ (၁၀)

၉။ ဥပဂီတိ ဂါထာ၏လက္ခဏာကို ဖေါ်ပြပြီးလျှင် သ,ဂိုဏ်း လေးခုဖြင့် ဖွဲ့ဆိုရသော ဂါထာ၏အမည်နှင့် ဆန်းအမည် ကိုလည်း သာဓကပြ၍ ဖြေဆိုခဲ့ပါ။ (၁၀)

၁၀။ အာချာနိကာ, ဂါထာ၏လက္ခဏာကို ပြန်လှန်စီကုံးသော် မည်သည့်ဂါထာဖြစ်နိုင်ကြောင်း ဖြေဆိုပြီးလျှင် ဟာရိဏပ္လုတဂါထာ၏ လက္ခဏာကိုလည်း ဖေါ်ပြခဲ့ပါ။ (၁၀)

# ၁၃၃၇ (၁၉၇၆) ခုနှစ်
# ပါဠိပထမပြန်စာမေးပွဲ
## ပထမကြီး။ ။ဆန္ဒ-အဘိဓာန်-အလင်္ကာရ

၁၃၃၇-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈-ရက် (၆-၄-၇၆) အင်္ဂါနေ့

အမှတ်

၁။ အောက်ပါတို့၏ အဓိပ္ပါယ် အသီးအသီးကို အဘိဓာန်ကျမ်းအရ ပြည့်စုံစွာ ဖြေဆိုပါ။

(က) ဒနု၊ (ခ) အဒိတိ၊ (ဂ) အကွောဘနီ၊
(ဃ) ယမသီလ၊ (င) နိယမသီလ။ (၁၀)

၂။ အောက်ပါ(က)တို့ကို မြန်မာဝေါဟာရဖြင့်၎င်း၊ (ခ)တို့ကို ပါဠိဝေါဟာရဖြင့်၎င်း အသီးအသီး ယှဉ်တွဲ ဖော်ပြပါ။

(က) ပါဋလ၊ ကပိလ၊ ဝိလဂ္ဂ၊ ဆကဏ၊ ဒပ္ပန။
(ခ) စိမ်းစော်သော အနံ့၊ ဆားဆပ်ပြာမြေ၊ အမျှားနှင့် မဆက်ဆံသော အရပ်၊ မျက်ထောင့်၊ ဆီးစဆီးဖုံး။ (၁၀)

၃။ တစ္ဆကသဒ္ဒါ, တန္တဝါယသဒ္ဒါတို့ကို တစ္ဆကော, တန္တဝါယော-ဟု ပုလ္လိင်ဖြင့် အဘိဓာန်ကျမ်း၌ ဖော်ပြထားသောကြောင့် ပုလ္လိင်ဟု အမြဲ မှတ်ယူရမည်လော၊ အဘိဓာန်သာဓကထုတ်ပြ၍ ဖြေဆိုပါ။ (၁၀)

၄။ ဗောဓိသဒ္ဒါနှင့် မုခသဒ္ဒါတို့၏ ဟောကွမ်းနိုင်သော အနက်တို့ကိုအဘိဓာန်ကျမ်းအရ ပြည့်စုံစွာအသီးအသီးဖြေဆိုပါ။ (၁၀)

၅။ ဗန္ဓောစနာမသမ္ဗုတ္တာ ၌ ဗန္ဓဟူသည် အဘယ် အရာမျိုး ဖြစ်သည်ကို အလင်္ကာကျမ်းအရ ဖော်ပြပြီးလျှင် ပဇ္ဇ, ဂဇ္ဇ, ဝိမိဿတို့၏ သဘောကိုလည်း ဖြေဆိုပါ။ (၁၀)

၆။ ပသာဒဂုဏ်, ဩဇာဂုဏ်တို့၏ အင်္ဂါရပ်တို့ကို အသီးအသီး ဖော်ပြ၍ ပသာဒဂုဏ်နှင့် ဆန့်ကျင်ဘက်ဒေါသ တို့ကိုလည်း ဆန့်ကျင်ပုံနှင့်တကွ ရှင်းလင်း ဖြေဆိုပါ။ (၁၀)

၇။ အဘူတောပမာ နှင့် အတ္ထဂမ္ဘောပမာတို့၏ သဘောကို ဖော်ပြ၍ပညာရှိတို့ မနှစ်သက်သော ဥပမာ အတ္ထာလင်္ကာရ ကိုလည်း အလင်္ကာကျမ်းလာအရ ဖြေဆိုပါ။ (၁၀)

၈။ ရဘိဋ္ဌာယီဘာဝပြ ဂါထာကို အနက် ယောဇနာပြီးလျှင် မဇ္ဈ, ပုဂ္ဂိုလ်၏ ရယ်ခြင်း နှစ်မျိုးနှင့် ဟာသရသ အဖြစ် များသော ပုဂ္ဂိုလ်တို့ကိုလည်း သာဓကပြ၍ ဖြေဆိုပါ။ (၁၀)

၉။ ဆန်းကျမ်းလာ လက္ခ, လက္ခဏသံယုတ္တံ၌ လက္ခ, လက္ခဏ နှစ်ပါးတို့၏ သဘောကို ဖော်ပြ၍ သွာဒိမှာ ယောဏ္ဏာဝါ ဝတ္တံ ဝယ်၊ ဝတ္တဂါထာ တိုင်း သ, န ရှောင်သင့်- မသင့် ပုံစံထုတ်၍ ရှင်းပြပြီးလျှင် ဆန်းနှင့် ဂါထာတို့၏ ထူးခြား ချက်ကိုလည်း ဖြေဆိုပါ။ (၁၀)

၁၀။ ဘဒ္ဒိက ဂါထာလက္ခဏာ သ, ဂိုဏ်းတခု တိုးလျှင် ဖြစ်သင့်သော ဂါထာ၏ အမည်ကို သာဓကပြ၍ ဖြေဆိုပြီးလျှင် သမဝုတ္တိနိဒ္ဒေသ၌ ဂိုဏ်း, ဂရု, လဟု တူညီပါလျက် အမည် အမျိုးမျိုး ရရှိသော ဂါထာတို့ကိုလည်း ဆန်းကျမ်းလာ အရ ပြည့်စုံစွာ ဖြေဆိုပါ။ (၁၀)

၁၃၂၇ (၁၉၆၆) ခုနှစ်

## ပါဠိ ပထမပြန် စာမေးပွဲ

# ပထမကြီးတန်း - သဒ္ဒါဒိတ္ထုယ - အဖြေ

၁။ လျှပ်စစ်ဟောပရိယာယ်

သဒ္ဓေတရတ·ကုဿာဝိဇ္ဇု·ဝိဇ္ဇုတာ·စာ စိရပ္ပဘာ။ (၄၇)

ဆီးနှင်းဟောပရိယာယ်

ဟိမံ တုဟိန မုဿာဝေါ၊ နီဟာရော မဟိကာ။ (၅၆)

၂။ အကြောင်းဟောပရိယာယ်

နိမိတ္တံ·ကာရဏံ ဌာနံ၊ ပဒံ ဗီဇံ နိဗန္ဓနံ။

နိဒါနံ ပဘဝေါ ဟေတု၊ သမ္ဘဝေါ သေတု ပစ္စယော။ (၉၁)

ပဒဌာန်

အလွန်နီးသော အကြောင်းကို ပဒဌာန်ဟု ဆိုလို၏။

[ကာရဏံ ယံ သမာသန္နံ၊ ပဒဋ္ဌာနန္တိ တံ မတံ (၉၁)]

၃။ သိင်္ဂါရ

ယောကျ်ား၏ မိန်းမ၌ မိန်းမ၏ ယောကျ်ား၌ ပေါင်ဆုံနိုးနှောခြင်းကိုစွဲ၍ ပျော်မွေ့ခြင်း ကစားမြူးတူးခြင်း စသည်တို့လျှင် အကြောင်းရှိသော ချစ်ကြိုက်ခြင်းသည် သိင်္ဂါရ (နှစ်ဦးသဘောတူ ချစ်သွေးမြူခြင်း) မည်၏။

တနည်း

ပေါင်းဆုံနိုးနှောခြင်းကိုစွဲ၍ ပျော်မွေ့ခြင်း, ကစားမြူးတူးခြင်း စသည်တို့လျှင် အကြောင်းရှိသော ယောကျ်ား၏ မိန်းမ၌ ချစ်ကြိုက်ခြင်း,မိန်းမ၏ ယောကျ်ား၌ ချစ်ကြိုက်ခြင်းသည် သိင်္ဂါရ [နှစ်ဦးသဘောတူ ချစ်သွေးမြူခြင်း] မည်၏။ (၁၀၃)

အဘိဓာန်လာသိင်္ဂါရ

မြင့်မြတ်သော သဘောများစွာ ရှိသော မိန်းမ ယောကျ်ားလျှင် အကြောင်းရှိသော ထိုသိင်္ဂါရသည် (၁) ပေါင်းဆုံနိုးနှောခြင်း ဟူသော

သမ္ဘောဂသိင်္ဂါရ (၂) ကွေကွင်းခြင်းဟူသော ဝိယောဂသိင်္ဂါရအားဖြင့် ၂-ပါး ပြား၏။ (၁၀၄)

**အလင်္ကာလာ သိင်္ဂါရ**

(၁) မပေါင်းရသေးခိုက် ချစ်ကြိုက်ခြင်းဟူသော အယောဂ သိင်္ဂါရ။

(၂) ချစ်ကြိုက်ပြီးမှ ကွေကွင်းရခြင်းဟူသော ဝိပ္ပယောဂသိင်္ဂါရ။

(၃) အတူတကွ ခံစားရခြင်းဟူသော သမ္ဘောဂသိင်္ဂါရအားဖြင့် သုံးပါး ပြား၏။ (၃၅၇)

၄။ လင်ကို အလိုရှိသည်ဖြစ်၍ ချိန်းချက်ရာသို့ သွားသော မိန်းမသည် အဘိသာရိကာ မည်၏။

[သင်္ကေတံ၊ ယာတိ ယာ သာ ဘိသာ ရိကာ။ (၂၃၂)]

(က) အောင်သွယ်၊ (ခ) နတ်ကတော်-မှော်ကတော်၊ (ဂ) ဥတု ပန်းပွင့်သော မိန်းမ၊ (ဃ) ယောက်မ၊ (င) ချွေးမ။

၅။ အရာရာ၌ ရုပ်သာပဓာနဖြစ်သည်ဟု ရေးလျှင် (မနောပုဗ္ဗင်္ဂမာဓမ္မာ မနောသေဋ္ဌာ မနောမယာ-ဟူသော အာဂမနှင့် ဆန့်ကျင်သောကြောင့်) အာဂမ ဝိရောဓိဒေါသ သင့်သည်။ (၃၄)

**ဉာယဝိရောဓိနော ယထာ**

ပရိစ္စတ္တဘာဝေါပိတွ၊ ပုပနိတဘဝေါအသိ။

အစိန္တ၂ ဂုဏသာရာယ၊ နမော တေ မုနိပုင်္ဂဝ။ (၇၉)

၆။ "ဂျီးသူဌေး" ဟူသော ဝိသေသန၊ "မီးသွေးငိုသည်" ဟူသော ဝိသေသန၊ "ကျီးမွေးကိုရှုံး" ဟူသော ဝိသေသန သုံးပုဒ်တို့သည် အနက် အဓိပ္ပါယ် တူသောကြောင့် ကေတ္ထဒေါသ သင့်၏။

တိတ္ထိယကုံရ ဗိဇ္ဇာနိ၊ ဇဟံ ဒိဋ္ဌိဂတာနိဟ။

ပသာဒေတိ ပသန္နေ သော၊ မဟာမုနိ မဟာဇနေ။ ၌

ပသာဒေတိ, ပသန္နေ ကဲ့သို့တည်း။

**မှတ်ချက်။** ။အတိဝုတ္တဒေါသလည်း ဖြစ်သင့်၏။

၇။ အပြစ်လွှတ်မှုနှင့် ဂုဏ်မြောက်မှုတွင် အပြစ် လွှတ်မှုက အရေး ကြီးပါသည်။

**သာခကော**

ဂုဏာလင်္ကာရ သံယုတ္တာ၊ အပိ ဒေါသ လင်္ဂိတာ။
ပယံသိယာ န ဝိညူဟိ၊ သာ ကညာ ဝိယ တာဒိသီ။
တေန ဒေါသနိရာသော၀၊ မဟုဿာဟေန သာဓိယော။
နိဒ္ဒေါသာ သဗ္ဗထာ သာယံ၊ သ ဂုဏာ န ဘ၀ေယျ ကိံ။
(၁၄–၁၅)

၈။ ၁–ရတိဌာယီဘာ၀=သိင်္ဂါရ ရသ၊
၂–ဟာဿဌာယီဘာ၀ = ဟာဿရသ၊
၃–သောကဌာယီဘာ၀ = ကရုဏာရသ၊
၄–ကောဓဌာယီဘာ၀ = ရုဒ္ဒရသ၊
၅–ဥဿာဟဌာယီဘာ၀ = ဝီရရသ၊
၆–ဘယဌာယီဘာ၀= ဘယာနကရသ၊
၇–ဇိဂုစ္ဆာဌာယီဘာ၀ = ဗီဘစ္ဆရသ၊
၈–ဝိမှယဌာယီဘာ၀ = အဗ္ဘုတရသ၊
၉–သမဌာယီဘာ၀ = သန္တရသ၊

၉။ (ပါဋ္ဌိအနက် ထင်ရှားပြီ။)
ပါ ဒါ ဝိ မိ ဿာ ဥ ပ ဇာ တိ ယော တာ
၂ ၂ ၁ ၂ ၂ ၁ ၁ ၂ ၁ ၂ ၂
ဤဂါထာသည် တ-ဂိုဏ်း (၂) ခု,ဇ-ဂိုဏ်း ဂရု-ဂရု ရှိသောကြောင့် (ဣန္ဒာဒိကာ တာ ဝဇိရာ ဇဂါ ဂေါ-နှင့်အညီ) ဣန္ဒဝဇိရဂါထာ။

၁၀။ အမ္ဗုဓိသေဟိ-၄-ခုသော သ-ဂိုဏ်းတို့နှင့်၊
အမ္ဗုဓိကို ၄- ခုဟု အနက် ပေးခြင်းသည် မှန်၏။
**ဆန်းကျမ်းအကိုး–**
ဝိညေယျာ လောကတော သညာ- သမုဒ္ဒေါ သုရသာဒိနံ။
ထောက်၍ အမ္ဗုဓိသည် လောကသင်္ကေတ သညာဖြစ်၍ သမုဒ္ဒရာ ၄-စင်း ရှိခြင်းကြောင့် ၄- ခုအနက်ကို ဟောသည်။
သုဗောဓာလင်္ကာ (က) ၁၀၆–၂၀

## ၁၃၂၈ (၁၉၆၇) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - ဆန္ဒောဒိဿယ - အဖြေ

၁။ ရူပန္တရ

များသောအားဖြင့် "အာကာသဂင်္ဂါ- မန္ဒာကိနီ- ဗုဒ္ဓေါ- ဒသဗလော-တာဏံ-လေဏံ" စသော အရာတို့၌ အာ ဤ ဩ-နိဂ္ဂဟီတန္တ ရုပ်ထူးဖြင့် လိင်ကို သိအပ်၏။

**သာဟစရိယ**

သုဇမ္ပတိ သဟဿက္ခော စသော အရာ၌ သဟဿက္ခသဒ္ဒါသည် ရုပ်ထူး အားဖြင့် ပုလ္လိင်ထင်ရှား၏၊သုဇမ္ပတိသဒ္ဒါသည် လိင်သုံးပါး၌ ရုပ်မထူးသော် လည်း သဟဿက္ခသဒ္ဒါနှင့် တကွတည်ခြင်းကြောင့်သဟစရဏနည်းအားဖြင့် ၎င်းကို ပုလ္လိင်ဟု သိအပ်၏။

**အာဟစ္စဝိဓာန**

"ပကတိတ္ထိယံ" စသော အရာ၌ ဣတ္ထိယံဟု အထူး စီရင်ခြင်းကြောင့် ပကတိသဒ္ဒါကို ဣတ္ထိလိင်ဟု သိအပ်၏။

၂။ သစ်ပင် စသည်တို့၏ အမည် ပညတ်ကို ပြတတ်သော ကျမ်းသည် အဘိဓာန်ကျမ်း မည်၏။

**သာဓက**

နာမပ္ပကာသကံ သတ္ထံ၊ ရုက္ခာဒိနံ နိဃဏ္ဍု သော။ (၁၁၁)

ပညာရှိ ကဝိတို့၏ အစီးအပွား ဖြစ်သော ပညာရှိတို့၏ အမူအရာဟု ဆိုအပ်သော ကဗျာဖွဲ့ခြင်း အစီအရင်ကို အထူးကြံရာ ကျမ်းသည် အလင်္ကာ ကျမ်းမည်၏။

**သာဓက**

ကေဋုဘံ တု ကြိယာကပ္ပ-ဝိကပ္ပေါ ကဝိနံ ဟိတော။ (၁၁၂)

၃။ (က) လက်ငါးချောင်း သရုပ် ဂါထာ နံပါတ် (၂၆၆) ရှု။

(ခ) အရသာ (၆) ပါး သရုပ် ဂါထာ နံပါတ် (၁၄၇) ရှု။

(ဂ) စပါး (၇)မျိုး သရုပ် ဂါထာ နံပါတ် (၄၅၀)ရှု။
(ဃ) ပရိက္ခရာ (ဂ) ပါး သရုပ် ဂါထာ နံပါတ် (၄၃၉) ရှု။

၄။ (က) သာလော-ယောက်ဖ။ (ခ) နန္ဒာ-ယောက်မ။
(ဂ) မာတုစ္ဆာ-မိထွေး။ (ဃ) ပိတုစ္ဆာ-အရီး။
အမတသဒ္ဒါ၏ ဟောနက် ဂါထာ နံပါတ် (၉၇၆) ရှု။

၅။ ကမစ္စုတ ဒေါသ သင့်ပါသည်။

(တောင်းသောအခါ အများမှစ၍ တဖြည်းဖြည်း နဲ၍ နဲ၍ တောင်းရမည်ဟူသော လောက ပြောရိုး ဆိုစဉ် ပျက်သောကြောင့်)

**ရှောင်လွဲနည်း**

တိုင်းမင်းကြီး (သို့မဟုတ်) ခရိုင်ဝန် (သို့မဟုတ်) မြို့ပိုင်ရာထူးကို အကျွန်ုပ်အား ပေးပါဟု ရေးလျှင် (လောက ပြောရိုး ဆိုစဉ်ကျသောကြောင့်) ကမစ္စုတဒေါသ မသင့်ပါ။

၆။ ဗေဒါပုံ့ အံကိုခဲ ပန်းပန်လျက်ပဲ ဟူရာ၌-အပါကော ပါဏိ ဓမ္မသမာဓိ ဂုဏ် မြောက်ပါသည်။

(သက်ရှိဝတ္ထုတို့မှာသာ ရကောင်းသော ပုံ့မှု ခဲမှု ပန်းပန်မှုကို သက်မဲ့ ဝတ္ထု ဗေဒါ၌ တင်စား ပြောဆိုသောကြောင့်)

**မှတ်ချက်။** ။အကႆတ္တရိ ကတ္တုတာ သမာဓိဂုဏ်လည်း ရနိုင်သည်ဟု ထင်သည်။

**အလားတူ ပုံစံ**

ဥဏ္ဏာ ပဏ္ဍိုဒ္ဒုနာ နာထ၊ ဒိဝါပိ သဟာသင်္ဂမာ။
ဝိနိဒ္ဒါ သံပမောဒန္တိ၊ မညေ ကုမုဒိနီ တဝ။

၇။ သဒ္ဒါ, အဘိဓာန်, အလင်္ကာ, ဆန်းကျမ်းတို့ ဖြစ်ပါသည်။

**အကိုးသာဓက**

ယော သဒ္ဒသတ္တကုသလော ကုသလော နိဃဏ္ဍု၊
ဆန္ဒော အလင်္ကတိသု နိစ္စကတာ ဘိယောဂေါ။
သောယံ ကဝိတ္တဝိကလောပိ ကဝီသု သင်္ချံ၊
မောဂ္ဂယု ဝိန္ဒတိ ဟိ ကိတ္တိမ မန္ဒရူပံ။ (၁၆၃)

၈။ **သဒ္ဒါလင်္ကာရ**

စီးသွားသွင်သွင်၊ တဏှာလျှင်ကို၊ မင်္ဂစဉ် ခံတွင်း၊ ဖြင့် မချင်းဘဲ၊ ဆေးကျင်းထွေးအန်-ဟူသော စကားသည် အရည်ဖြစ်သော ဝတ္ထုတို့၏ သဘောကို အရည်မဟုတ်သော ဝတ္ထု၌ တင်စားထားခြင်းကြောင့် အဒြဝေ ဒြဝယုတ္တ သမာဓိဂုဏ်။

**အတ္ထာလင်္ကာရ**

အထက်ပါစကားရပ်သည် တဏှာနှင့် ရေအယဉ်ကိုင်း၊ မင်္ဂနှင့်ခံတွင်း ကိုင်း၊ မကွဲမပြား တသားတည်းကဲ့သို့ တင်စားထားသောကြောင့် ရူပက အလင်္ကာ မြောက်သည်။

၉။ တျာဝေ တနုမဇ္ဈာ-ဟူသော စကားသည် တနုမဇ္ဈာဂါထာ၏ ပုံစံ (လက္ခ)လည်း ဟုတ်၏၊ သုတ် (လက္ခဏ)လည်း ဟုတ်၏၊ ဤသို့ သုတ်သည်ပင် ပုံစံ- ပုံစံသည်ပင် သုတ်ဖြစ်ခြင်းသည် လက္ခ လက္ခဏ သံယုတ္တမည်၏။

**ဂရု-လဟု ပြ ဂါထာ**

သံယောဂါဒိ စ ဒီဃော စ၊ နိဂ္ဂဟီတ ပရော စယော။
ဂရုဝဏ်ော ပါဒန္တော ဝါ၊ ရဿောဉော မတ္တိကော လဟု။ (၇)

၁၀။ (၁၂)လုံးဘွဲ့ ဂါထာတို့တွင် ဂိုဏ်းတမျိုးတည်းဖြင့် ဖွဲ့ဆိုထားသည့် ဂါထာတို့၏ အမည်များကား- ဝံသဋ္ဌကဂါထာနှင့် ဘုဇင်္ဂပယာတဂါထာ တို့ ဖြစ်သည်။

**ဆန်း စစ်ပုံ**

တိ ဒိ ဝေ မ ဟိ ယံ ဘု ဇ ဂါ ဝ သထေ၊
(၁ ၁ ၂) (၁ ၁ ၂) (၁ ၁ ၂) (၁ ၁ ၂)
သ က လ တ္ထ သ မ ဝု ယ ဒီ ပ နိ ယံ။
(၁ ၁ ၂) (၁ ၁ ၂) (၁ ၁ ၂) (၁ ၁ ၂)
ဣဟယော ကုသလော မတိမာ သနရော။
(၁ ၁ ၂) (၁ ၁ ၂) (၁ ၁ ၂) (၁ ၁ ၂)
ပဋ္ဌုဟော တိမဟာ မုနိနော ဝစနေ။
(၁ ၁ ၂) (၁ ၁ ၂) (၁ ၁ ၂) (၁ ၁ ၂)

ပါဒတိုင်း သ-ဂိုဏ်း လေးခုစီ ရှိသောကြောင့် ဝံသဋ္ဌက ဂါထာ။

## ၁၃၂၉ (၁၉၆၇) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - ဆန္ဒာဒိတ္တယ - အဖြေ

၁။ (က) နိဿဋ္ဌာ၊ (ခ) ပဋိဝါကျံ- ဥတ္တရံ၊
(ဂ) ပဋ္ဌော- အနုယောဂေါ- ပုစ္ဆာ။

နိဿဋ္ဌာသဒ္ဒါသည် သော-ဟု အထူးစီရင်ထားသောကြောင့် အာဟစ္စ ဝိဓာန နည်းအရ-ပုံလိင်။

ပဋိဝါကျံသဒ္ဒါ ဥတ္တရံသဒ္ဒါတို့သည်- နိဂ္ဂဟီတန္တ ရူပန္တရနည်း အရ-နပုံလိင်။

ပဋ္ဌောသဒ္ဒါသည် တိသု- ဟု အထူးစီရင်ထားသောကြောင့် အာဟစ္စ ဝိဓာနနည်းအရ တိလိင်။

အနုယောဂေါသဒ္ဒါသည်- ဩကာရန္တ ရူပန္တရနည်း အရ- ပုံလိင်။

ပုစ္ဆာသဒ္ဒါသည်- အာကာရန္တ ရူပန္တရ နည်းအရ- ဣတ္ထိလိင်။

၂။ စပါး တလုံး တလုံး၌ အဏုမြူပေါင်း (၂၂၈၆၁၄၄) ရှိ၏။

စပါး လေးအမွှာ စိုက်ပျိုးကြဲချလောက်သော အရပ်သည် တပါယ် မည်၏။ (ကရီသံ စတုရမ္မဏံ)

၃။ (က) ဂါထာ နံပါတ်(၄၃၁)ရှု။ (ခ) ဂါထာ နံပါတ်(၅၀၅)ရှု။
(ဂ) ဂါထာနံပါတ်(၄၆၁)ရှု။ (ဃ)ဂါထာနံပါတ် (၅၀၁)ရှု။

၄။ ဆင်၏ ပါးစောင်ကို ပါဠိလို ဂဏ္ဍော-ဟုရင်း၊ ကဋော-ဟု ရင်း ခေါ်သည်။ (၃၆၄)

အတ္ထုဒ္ဓါရ

**ဂဏ္ဍော** ဖောဋေ့ကပေါလမှိ။ (၁၀၄၇)

**ကဋော** ဇယေတ္ထိ နိမိတ္တေ ကိလဥ္စေ သော ကဋေ တိသု။ (၉၉၇)

၅။ (ပေယျာလ ထင်ရှားပြီ။) (၅၀- ၅၁)

သဗ္ဗောပမာဋ္ဌ ဝိဘတ်ချေပြီး မှ သန္ဓိစပ်ထားသောကြောင့် နောက်ပုဒ်၏ အစ ဥ- ကို သဗ္ဗ-ဟူသော ရှေ့ပုဒ်၏ အဆုံးကဲ့သို့ပြု၍ 'သဗ္ဗော'ဟု ယတိ ဖြတ်အပ်၏။

ပတ္တ+သောဘမာဥ်- ဝိဘတ်မချေဘဲ သန္ဓိစပ်ထားသောကြောင့် ပတ္တသဿ ဟူသော ရှေ့ပုဒ်၏ အဆုံးဖြစ်သော သ- ကို ဥပမာဟူသော နောက်ပုဒ်၏ အစကဲ့သို့ပြု၍ "ပတ္တ+သောဘမာ"ဟု ယတိ ဖြတ်အပ်၏။

၆။ (က) မဓုရတ္တာ ပဒါသတ္တိ၊ ရနုပ္ပါသ ဝသာ ဒွိဓာ။
သိယာ သမသုတိ ဝုဗ္ဗာ၊ ဝဏ္ဏာဝုတ္တိ ပရော ယထာ။ (၁၂၇)
နှင့်အညီ အက္ခရာတူကို ထပ်၍ဆိုခြင်းကြောင့် အနုပ္ပါသ မဓုရတာဂုဏ်။

(ခ) သုခုမာလတ္တ မတ္ထော၊ ပဒတ္တ ဝိသယမ္ပိ စ။
ယထာ မတာဒိ သဒ္ဒေသု၊ ကိတ္တိ သေသာဒိ ကိတ္တနံ။ (၁၃၉)
နှင့်အညီ "သေသည်"ကို ယဉ်ကျေးသိမ်မွေ့စွာ "ဘဝနတ်ထံ ပျံတော်မူလေပြီ"ဟု သုံးနှုန်းခြင်းကြောင့်အတ္တသုခုမာလတာ ဂုဏ်။

၇။ ပြီးစေတတ် ပြီးစေအပ်သည်၏အဖြစ်ဖြင့်၎င်း၊တူမျှသော အားစွမ်း ရှိသည်၏ အဖြစ်ဖြင့်၎င်း အဖွဲ့ဗန္ဓ၌ အလင်္ကာတို့၏ ရောနှောခြင်းသည် မိဿအလင်္ကာ မည်၏။

အင်္ဂင်္ဂိဘာဝဖြစ်ပုံ

ပသတ္ထာ မုနိနော ပါဒ၊ နခရံသိ မဟာနဒီ။
အဟော ဂင်္ဂံ နိမုဂ္ဂေပိ၊ သုခါယတေဝ တေ ဇနေ။ (၃၃၂)

ဤ၌ နခရံသိ မဟာနဒီသည် ရူပကအလင်္ကာတည်း၊ ၎င်းသည် ပြီးစေတတ်သော အင်္ဂမည်၏။

နိမုဂ္ဂေသည် သမာဓိဂုဏ်တည်း၊ ၎င်းသည် ပြီးစေအပ်သော အင်္ဂီမည်၏။

ထိုသို့ရူပကအလင်္ကာနှင့် သမာဓိဂုဏ်တို့ကို ပြီးစေတတ် ပြီးစေအပ်သည် ၏အဖြစ်ဖြင့် ရောနှောထားသောကြောင့် အင်္ဂင်္ဂိဘာဝမိဿအလင်္ကာမည်၏။

သဒိသဗလဘာဝဖြစ်ပုံ

ဝေဿာ သဘာဝ မဓုရော၊ ရူပံ နေတ္တ ရသာယနံ။
မဓူဝ မုနိနော ဝါစာ၊ န သမ္မိဏောတိ ကံ ဇနံ။ (၃၃၃)

ဤ၌ သဘာဝမဓုရောသည် သမာဓိဂုဏ် မည်၏။

နေတ္တ ရသာယနံသည် ရူပကအလင်္ကာ မည်၏။

မဓူဝသည် ဥပမာ အလင်္ကာ မည်၏။

ထိုသို့ နှစ်သက်ခြင်းကို ဖြစ်စေရာ၌ တူမျှသောအားရှိသည်၏ အဖြစ်ဖြင့် အသင်္ကာသုံးမျိုးကို ရောနှောထားသောကြောင့် သဒ္ဒိသဗလဘာဝမိဿ အလင်္ကာ မည်၏။

၈။ **ဥာယီဘာဝ**

ဆန့်ကျင်ဘက်ဖြစ်သော တပါးသော ဘာဝသည် မပိတ်ပင် မဖုံးလွှမ်း အပ်သည်ဖြစ်၍ အလေ့အားဖြင့် တည်တတ်သော ဘာဝသည် ဥာယီဘာဝ မည်၏။ (၃၄၁)

**ဗျဘိစာရီဘာဝ** ကွယ်ပျောက်၍ ဖြစ်ခြင်း ထင်စွာ ဖြစ်ခြင်း စသော အထူးအားဖြင့် ဥာယီဘာဝသို့ ရှေးရှုသည်၏ အဖြစ်ဖြင့် အလေ့အားဖြင့် ဖြစ်တတ်သော ဘာဝသည် ဗျဘိစာရီဘာဝ မည်၏။ (၃၄၃)

**သတ္တိကာဘာဝ** တည်ကြည်သော စိတ်ကြောင့်ဖြစ်သော သဘော (ဇေဂ္ဂတာ) သည် ဖြစ်စေအပ်သော ထမ္ဘ စသည်သည် သတ္တိကာဘာဝ မည်၏။ (၃၄၅)

**အာလမ္ဗနဝိဘာဝ** ထို ဘာဝ သုံးပါးတို့ ဖြစ်ပေါ်ရန် မုချ အာရုံ အကြောင်းသည် အာလမ္ဗန ဝိဘာဝ မည်၏။

**ဥဒ္ဒီပနဝိဘာဝ** ထိုဖြစ်ပြီးသော ဘာဝတို့ကို ထင်စွာပြခြင်း၌ အခြံအရံ အကြောင်းသည် ဥဒ္ဒီပနဝိဘာဝ မည်၏။

**အရိယာဂိုဏ်းများ**

၉။ ဘဂိုဏ်း-ဇဂိုဏ်း-သဂိုဏ်း-နှင့် သဗ္ဗာရ မဂိုဏ်း- သဗ္ဗသဟု နဂိုဏ်း ဤငါးဂိုဏ်းသာလျှင် လေးမတြာနှင့် ကိုက်ညီသောကြောင့် ၎င်းငါးဂိုဏ်း သာ ရနိုင်ပါသည်. (၆)

၁၀။ **သဗ္ဗလဟုဂါထာ**

(မတ္တာဝုတ္တိနိဒ္ဒေသ ဒုတိယပိုင်းလာ) မတ္တာသမကမျိုး- အစလဲဝိတိ ဂါထာသည်.တဂါထာလုံး လဟုချည်း ဖွဲ့စီထားသော ဂါထာ ဖြစ်သည်။

**ကေဂရုဂါထာ**

သမဝုတ္တိနိဒ္ဒေသ တတိယပိုင်း အတိသက္ကရီဆန်းလာ သသ်ကလာဂါထာ နှင့် မဏိဂုဏ နိကရဂါထာတို့သည်(၁၅)လုံးဘွဲ့၌ ဂရု တလုံးသာ ပါသော ဂါထာတို့ ဖြစ်သည်။ (၉၃-၄)

## ၁၃၃၀ (၁၉၆၉) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - ဆန္တာဒိဋ္ဌသ - အဖြေ

---

၁။ ဥတု (၆) ပါး– (၃) ပါး

| | |
|---|---|
| မုန်းဆုတ်(၁)မှ-ပြာပြည့်ထိ-ဟေမန္တဥတု။<br>ပြာဆုတ်(၁)မှ-ပေါင်းပြည့်ထိ-သိသိရဥတု။ | ဟေမန္တ (ဆောင်းဥတု) |
| ပေါင်းဆုတ် (၁)မှ-ဆုန်ပြည့်ထိ-ဝသန္တဥတု။<br>ဆုန်ဆုတ် (၁)မှ-ဝါဆိုပြည့်ထိ-ဂိမှဥတု။ | ဂိမှာန (နွေဥတု) |
| ဝါဆိုဆုတ်(၁)မှ-တော်သလင်းပြည့်ထိ-ဝဿာနဥတု။<br>တော်သလင်းဆုတ် (၁)မှ-မုန်းပြည့်ထိ-သရဒဥတု။ | ဝဿာန (မိုးဥတု) |

ယာန

ဝဿာန- သရဒ- ဟေမန္တ ဥတုတို့၌- ဒက္ခိဏယာဉ်။
သိသိရ- ဝသန္တ-ဂိမှ ဥတုတို့၌- ဥတ္တရယာဉ်။
အဆုပ်နာ=သေသသ- ခယ။
သီးလွှန်နာ- မေဟ။
ချောင်းဆိုးနာ-ကာသ။

**တကျပ်သား၌ ရွှေစေ့ပေါင်း**

ဒွေဂုဥ္ဇာ မာသကော ဘဝေ-နှင့်အညီ နှစ်ရွေးသည် တစ်မာသက၊တဆယ့်ခြောက်မာသက (ပဲ) သည် တကျပ် ဖြစ်သောကြောင့် တကျပ်သား၌ (၂×၁၆) သုံးဆယ့်နှစ်ရွေး ရှိ၏။ (၄၇၉)

ဟိရည–ရူပိယ အထူး

အထည်ဝတ္ထုလုပ်ပြီး မလုပ်သေးသော ရွှေ ငွေသည် ဟိရညမည်၏။ (အယဉ် အရိုင်း ဖြစ်သော ရွှေငွေ)

အရုပ်တံဆိပ် ခပ်နှိပ်အပ်သော ဟိရညသည်၎င်း၊ ကြေးနီ စသော ဝတ္ထုဟူသော ကုပ္ပသည်၎င်း ရူပိယ မည်၏။ ဤသို့ ထူး၏။ (၄၈၆)

၃။ အာဝေသန (အလုပ်ရုံ) ကာရ- ကမ္မကာရ (အလုပ်သမား) ဥဒေါသိတ (ဂိုဒေါင်) လေခက (စာရေး) ဥဏ္ဍောဋ္ဌနံ (ရေငင်စက်)

၄။ ရောဟိတ- ငါးကြင်း။ မဂ္ဂုရ- ငါးခူ။ သိင်္ဃိ- ငါးကျဲ။ ဗလဇ- ငါးပတ်။ မုဉ္စ- ငါးရံ့။ ပါဌီန- ငါးတန်။ သတ္တဝင်္က-ငါးရှဉ့်။ သင်္က- ငါးမွေ့။ နဠမီန- ငါးဖေါင်ရိုး။ ဂဏ္ဍက- ငါးမန်း။ သုသုကာ- ငါးပုတင်း။ (ဝါ) လင်ပိုင်။ သဖရီ- ငါးခုံးမ။ မကရ- မကန်း။

ဗောဓိသဒ္ဒါ၏ အတ္ထုဒ္ဓါရ ဂါထာနံပါတ် (၁၀၅) ရှု။

၅။ (က) အနက် ထင်ရှားပြီ။ (၅၈)

(ခ) ကေတ္ထဒေါသ၊ အတိဝုတ္တဒေါသ။ (အချုတ္ထလည်း သင့်)

(ဂ) နေယျဒေါသ၏ ပရိဟာရ။

**မှတ်ချက်။** ။မရှုစောက်-သည် "မကြည့်နိုင်"ဟု အဓိပ္ပါယ်ရ၏။

ရွှေရောင်ကြောင့် လျှံငါပြေ ငလက် ထွန်းတောက်နေသော မှန်ကင်းကို မကြည့်နိုင်- မရှုနိုင်- မရှုဝံ့- မရှုရဲဟု "မရှုစောက်"၏ အကြောင်းကို "ရွှေရောင်"ဟု တိုက်ရိုက် ပြထားခြင်းကြောင့် နေယျဒေါသမှ လွတ်၏ ဟူလို။

၆။ (က) မဓုရတ္တံ ပဒါသတ္တိ၊ ရန္ဓုပ္ပါသ ဝသာ ဒွိဓာ။
သိယာ သမသုတိ ပုဗ္ဗာ၊ ဝဏ္ဏာဝုတ္တိ ပရော ယထာ။ (၁၂၇)

ဟူသော ပါဠိကိုထောက်၍ အနုပ္ပါသမဓုရတာဂုဏ်။

(ခ) အဒြဝေ ဒြဝယုတ္တဿ (သမ္ဘာ အာဒိယတေ ကွစိ) ဟူသော ပါဠိကိုဉင်း။

သဗ္ဗတ္ထ သိဒ္ဓ စူဠက၊ ပုဌပေယျာ မဟာဂုဏာ။

ဒိသာ သမန္တာ ဓာဝန္တိ၊ ကုန္ဒသောဘာ သလက္ခဏာ (၁၅၆) ဟူသော ပါဠိကိုထောက်၍ရင်း အဒြဝေ ဒြဝယုတ္တသမာဓိဂုဏ်။

၇။ ဝိကာသိ ပဒုမံ ဝါတိ၊ သုန္ဒရံ သုဂတာနနံ (၁၈၆) ဟူသောပါဠိ၌-

(၁) ကြာသည် နှိုင်းယှဉ်ကြောင်းဖြစ်သောကြောင့် ဥပမာန မည်၏။

(၂) မျက်နှာသည် နှိုင်းယှဉ်အပ်သောကြောင့် ဥပမေယျမည်၏။

(၃) ဥပမာန-ဥပမေယျဖြစ်သော ကြာနှင့် မျက်နှာတို့၏ တူသော ဂုဏ်သည် သဓမ္မမည်၏။ (သမာနော ဓမ္မော သဓမ္မော)

(၄) ဥပမာန ဥပမေယျတို့၏တူမျှသောဂုဏ်၏ ဖြစ်ကြောင်းဖြစ်ရာ ဖြစ်သော အစပ်သမ္ဗန်သည် သဓမ္မတ္တမည်၏။ (သဓမ္မဿ ဘာဝေါ သဓမ္မတ္တံ)

**ရူပကအလင်္ကာ**

ဥပမာန ဥပမေယျတို့၏ မကွဲမပြား တသားတည်း ဖြစ်နေသကဲ့သို့ တင်စား ပြောဆိုသော ဥပမာမျိုးသည် ရူပကအလင်္ကာ မည်၏။ (၂၂၂)

**ပိယတရ အလင်္ကာ**

အလွန်နှစ်သက်အပ်သော တစုံတခုသော အနက်သဘောကို ပြီးစေသော (ဝါ) ပြောဆိုသော အလင်္ကာသည် ပိယတရ အလင်္ကာ မည်၏။ (၂၆၁)

၈။ သိင်္ဂါရ ဟာဿ ကရုဏာ၊ ရုဒ္ဒဝီရ ဘယာနကာ။
ဝိဘစ္ဆဗ္ဘုတ သန္တာစ၊ ရသာ ဌာယီနုရူကမာ။
ဇိဂုစ္ဆာ ရတိရာဒီဟိ၊ ပုတျာဒီဟိ ဝိရာဂတော။
ဝိဘစ္ဆော ခေါ်ဘနုဗ္ဗေဂီ၊ ကမေန ကရုဏာယုတော။
နာသာ ဝိကုနနာဒီဟိ၊ သင်္ကာဒီဟိဿ ပေါသနံ။ (၃၆၅)

ရတိရ စသည်ကြောင့်ဖြစ်သော ဇိဂုစ္ဆာမျိုး၌ "ခေါဘန-ဝိဘစ္ဆရသ" ဖြစ်၏။

ပုတိ စသည်ကြောင့် ဖြစ်သောဇိဂုစ္ဆာမျိုး၌"ဥဗ္ဗေဂီ-ဝိဘစ္ဆရသ"ဖြစ်၏။
ဝိရာဂကြောင့်ဖြစ်သောဇိဂုစ္ဆာမျိုး၌"ကရုဏာယုတ-ဝိဘစ္ဆရသ"ဖြစ်၏။

၉။ ရသယုဂ် သိတော နော်သော မြာ သ္လာ ဂျဒါ ဟရိဏီ တဒါ။ (၉၉) ဟရိဏီဂါထာ အစ္စဋ္ဌိဆန်း ဖြစ်သည်။

၁၀။ ဝိသမ၌ ဣန္ဒဝဇီရ- သမ၌ ဥပေန္ဒဝဇီရ- လက္ခဏာဖြင့် ဖွဲ့စီလျှင် ဥပဇာတိဂါထာ- အာချာနကီ ဂါထာများ ဖြစ်သည်။

ထိုဂါထာ၏ ဝိသမကို သမ-သမကို ဝိသမ-ပြောင်းလိုက်လျှင်- ဥပဇာတိ ဂါထာ၊ ဝိပရီတာချာနကီ ဂါထာများ ဖြစ်သည်။

## ၁၃၃၁ (၁၉၇၀) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - ဆန္ဒာဒိတ္တာယ - အဖြေ

၁။ တိုင်းပြည် အင်္ဂါ (၇)ပါး+(၈)ပါးကို-ဂါထာနံပါတ် (၃၅၀)ရှု။
**မဏိသဒ္ဒါဟောနိုင်သော အနက်**
မဏိကေ ရတနေ မဏိ။ (၁၁၁၃)
၂။ (က) ယောခ-ဘဋ္ဌ၊ (ခ) ဝန္ဒိ-ကရမရ၊ (ဂ) စရ-ဂူဠပုရိသ။
ဟတာနိကဥ္စ-သူရဲကောင်း (၃၆) ယောက် ပါဝင်သည်။
**တွက်ပုံ။** ။ဆင်တစီးလျှင် သူရဲကောင်း တကျိပ် နှစ်ယောက်စီ ပါသော ဆင်သုံးစီး (၁၂ × ၃ = ၃၆) ယောက်။ (၃၈၂-၃)
၃။ **နွယ်ချိုဟော ပရိယာယ် သုံးပုဒ်**
မဓုက- ယဋ္ဌိမဓုက- မဓုယဋ္ဌိက။ (၅၈၇)
**ဩသဓနှင့် ဩသဓိအထူး**
အလုံးစုံသော ကဒလီ- ဝီဟိ- တိဖလ- ဃတ- မဓု စသည်သည် ဇာတ်နှင့် မရော မယှက် သက်သက် ရောဂါပယ်ဖျောက်ခြင်း၌သာဖြစ်မူ ဩသဓမည်၏။ အသီးမှည့်ခြင်းလျှင် အဆုံးရှိသော ကဒလီ ဝီဟိ စသည်သည် ဇာတ် သက်သက်၌ ဖြစ်မူ ဩသဓိမည်၏။ (ဩသဓိ ဇာတိမတ္တမှို၊ ဩသဓံ သဗ္ဗမ- ဇာတိယံ။) (၅၉၂)
၄။ (အန) လှည်း၊ (အာန)ထွက်သက်၊(ဇူလ)ဝက်ဝံနက်၊ (ဤသ) အစိုးရသူ၊ (ဥရ) သဲ၊ ဦရ) ပေါင်။
ကမဏ္ဍလုသည်—အနိတ္ထိ ကမဏ္ဍလု- ဟု ဆိုသောကြောင့် ပုံ-နပုံတည်း။
ကုဏ္ဍိကာသည် – အာကာရန္တ ရူပန္တရနည်းအားဖြင့်- ဣတ္ထိလိင်။
၅။ (က) ထင်ရှားပြီ။
(ခ) အလိုရှိအပ်သော ကျောက်မျက်ရတနာ စိန်ဟူသောအနက် ၌ သေစေတတ်သော စိန်ဟူသော ဆန့်ကျင်ဘက် အနက် တပါး ပါဝင်သောကြောင့် ဝိရုဒ္ဓတ္ထန္တရဒေါသ။
၆။ မုက္ခမြစ်ကောင်းသော အရာဝတ္ထု၏ ထင်ရှားသော ဂုဏ်သဘောကို မုက္ခမဖြစ်ကောင်းသော အရာဝတ္ထု၌- လောကဝေါဟာရ ထုံးတမ်းစီးကမ်း

အားပျော်စွာတင်စား၊ (ပြောဆိုရေးသား)အပ်သော ဂုဏ်သည် သမာဓိဂုဏ်မည်၏။ (၁၅၁)

သမာဓိဂုဏ် အမျိုးအစား

(၁)အပါကော ပါကိမ္မ သမာဓိဂုဏ်။ (၄)အဒြဝေ ဒြဝယုတ္တ သမာဓိဂုဏ်။
(၂)နိရူပေ ရူပယုတ္တ သမာဓိဂုဏ်။ (၅)အကတ္တရိ ကတ္တုတာ သမာဓိဂုဏ်။
(၃)နိရသေ သရသ သမာဓိဂုဏ်။
(၆) အသရိရေ ကဌိန သမာဓိဂုဏ်။ (၁၅၁-၂)

၇။ ပရိကပ္ပနာအလင်္ကာ

တစုံတခုသော ဝတ္ထု၏ တပါးသော (ဟုတ်မှန်သည့်) အပြားအားဖြင့် တည်ရှိသော ဖြစ်ပုံကို ထိုမှတပါးသော အပြားအားဖြင့် ကြံစီပြောဆိုအပ်သော အလင်္ကာသည် ပရိကပ္ပနာ အလင်္ကာ မည်၏။ (၂၆၀)

ဗျာဇဝဏ္ဏနာအလင်္ကာ

ကဲ့ရဲ့ယောင်ပြု၍ ချီးမွမ်းမှုကိုပြုသော အလင်္ကာသည် ဗျာဇဝဏ္ဏနာ အလင်္ကာ မည်၏။ (၂၇၆)

၈။ (က) မီးသည် ပူ၏ ဟူသော လောကသဘောနှင့် ဆန့်ကျင်သော ကြောင့် လောကဝိရောဓိ ဒေါသ။
(ခ) အစာအာဟာရ ၌သာ မုက္ခ ရကောင်းသည့် ချိုသော အရသာကို မျက်နှာ၌ တင်စား၍ ဆိုထားသောကြောင့် နိရသေ သရသ သမာဓိဂုဏ်။
(ဂ) အနိုင်မခံ အရှုံးမပေးလိုသော စိတ်ဓာတ်ဖြင့် ရဲဝံ့စွာ ကျုံးဝါး ပြောဆိုသောကြောင့်-ယုဒ္ဓဝီရ ရသ။

၉။ ဒဿနရသာ နုဘဝနေ၊ နိဗဒ္ဓဂေဓာ ဇိနဿယံဇနတာ။
ဝိမုယဇနနိ သညတ၊ ကြိယာနုကံ နာနုရဥ္စယတိ။

ဤပါဠိ၌- သညတကြိယာဝယ် ကြိ ဟူသော ပါဒါဒိသံယုတ်ကြောင့် တ-အက္ခရာသည် သံယောဂါဒိဂရု ဖြစ်သော်လည်း ၎င်းကို လ-ဟု ဟု ယူရမည်။

\+ ဒေါကေ ဂါထာဖြစ်ပါသည်။

၁၀။ အက္ကဿေဟိ ယတိ မွဇာ သတတဂါ သဒ္ဒူလဝိက္ကီဠိတံ။ (၁၃၃)
၎င်း ဂါထာသည်-သဒ္ဒူလဝိက္ကီဠိတဂါထာ-အတိဓုတိ(အတိဓိတိ)ဆန်း။

၁၃၃၂ (၁၉၇၁) ခုနှစ်

ပါဠိပထမပြန်စာမေးပွဲ

# ပထမကြီးတန်း - ဆန္ဒာဒိတ္တယ - အဖြေ

---

၁။ (က) ဣတိဟာသ၊ (ခ) အာချာယိကာ၊ (ဂ) ကထာ၊
(ဃ) ဝုတ္တန္တ၊ (င) ဥယျာန၊ (စ) ပမဒဝန၊
(ဆ) ရောဝတ၊ (ဇ) အသန၊ (ဈ) စမ္ပကာ၊
(ည) နာဂ။

၂။ လက်နက်လေးမျိုးကို ဂါထာ နံပါတ် (၃၈၆) ရှု။
ဥပါယ်လေးပါးကို ဂါထာ နံပါတ် (၃၄၈) ရှု။
မီးသုံးမျိုးကို ဂါထာ နံပါတ် (၄၁၉) ရှု။

၃။ (၁) စစ်တပ်ကို စီရင်ခင်းကျင်းခြင်း၊ (၂) စစ်သူကြီး၊
(၃) လက်ဆောင်တံစိုး၊ (၄) ချင်းခြောက်၊
(၅) စင်စစ် ကွေ့ကွင်းခြင်း-ဝေးကွာခြင်း။ (၇၆၅)

၄။ ဘာသဒ္ဒါ ဟောနိုင်သော အနက်-ဂါထာနံပါတ် (၈၂၉) ရှု။

၅။ (က) ထင်ရှားပြီ။
(ခ) "ဘယ်"ဟူသော သဗ္ဗနာမ်ပုဒ် အစဉ်ကျိုးပျက်ခြင်းကြောင့် ဘဂ္ဂရီတိ ဒေါသ သင့်ပါသည်။

၆။ **ပသာဒဂုဏ်လက္ခဏာ**

+ စပ်ရမည့်ပုဒ်အချင်းချင်း နီးကပ်စွာထားခြင်း။
+ ပေါ်လွင်ထင်ရှားသော အနက်ရှိခြင်း ဖြင့် စိတ်ကြည်လင်ဘွယ် ရှိသော ဂုဏ်သည်- ပသာဒဂုဏ် မည်၏။ (၁၁၉)

**သုခုမာလတာဂုဏ်လက္ခဏာ**

\+ သိထိလအက္ခရာများ၍ ဓနိတ အက္ခရာနည်းပါးခြင်း။

\+ အရှုတ်အဖတ်ခက်သော သန္ဓိ, သမာသ်, သံယုတ်တို့မှကင်းခြင်း ဟူသော ဂုဏ်သည်-သုခုမာလတာဂုဏ် မည်၏။ (၁၃၅)

၇။ **ပတိဝတ္ထုပမာနှင့်-အတ္ထန္တရန်ျာသတို့၏ အဓိပ္ပါယ်အထူး**

ရှေ့ဝါကျကို ပြီးစေမှု, ကူမှု နှစ်ခုကို ရှေ့ရှု ပြဆိုခြင်းသည် ပတိဝတ္ထုပမာ မည်၏။

ရှေးဝါကျစုကို ပြီးစေမှုသက်သက်ကိုသာ ရှေ့ရှု ပြဆိုခြင်းသည် အတ္ထန္တရန်ျာသ အလင်္ကာမည်၏။ ဤသို့ထူးပါသည်။

၈။ ဝန့်တိုခြင်း အစရှိသော ဝိဘာဝတို့ကြောင့် ဖြစ်သော အမျက်ဒေါသ ကောဓဋ္ဌာယိဘာဝသည်· ခြိမ်းခြောက်ခြင်း, မာန်ယစ်ခြင်း အစရှိသော ဗျဘိစာရီဘာဝတို့ဖြင့်ရင်း၊ မျက်စိနီခြင်း အစရှိသော အနုဘာဝတို့ဖြင့်ရင်း တိုးပွားသည်ရှိသော် ကြမ်းကြုတ်ခြင်းသဘော ရှိသောရသသည် ရုဒ္ဒရသ မည်၏။ (၃၆၂)

၉။ **သ-ဂိုဏ်း လေးဂိုဏ်း—တောဋ္ဌက ဂါထာ ဇဂတီဆန်း။**

**ယ-ဂိုဏ်း လေးဂိုဏ်း—ဘုဇင်္ဂပ္ပယာတ ဂါထာ ဇဂတီဆန်း။**

၁၀။ နနမယ ယယုတာယံ မာလိနီ ဘောဂိသီဟိ။

\+ မာလိနီဂါထာ—အတိသက္ကရီဆန်း။ (၉၅)

# ၁၃၃၃ (၁၉၇၂) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
## ပထမကြီးတန်း - ဆန္ဒာဒိတ္တာယ - အဖြေ

၁။ (က) အမာဝသီ (ကာလပက္ခစတုဒ္ဒသီ) (ခ) ဒေဝမာတိက
(ဂ) သဒ္ဒလ (ဃ) ဝဒ္ဒိ (င) သဘျ။

၂။ နံ့သာလေးမျိုးသရုပ်ကို ဂါထာနံပါတ် (၁၄၇) ရှု။
ဆား ငါးမျိုးသရုပ်ကို ဂါထာနံပါတ် (၄၆၁) ရှု။

၃။ (စုဗုက) မေးဖျား(စူစုက) နို့သီး(အလက္က) ခွေးရူး (တမာလ)
ပန်းညို (ဇီဝက) ဇီယာ။

၄။ တီသုတ္တာန သယာဒယောကို ထောက်၍ တိလိင်ဖြစ်သည်။
ဂုဏသဒ္ဒါ၏ ဟောနိုင်သောအနက် ဂါထာနံပါတ် (၇၀၇) ရှု။

၅။ (က) ဒရယ် ယုန် ကြောင်၊ တွေ့တိုင်း အောင်သား- ဟူသော
ဝိသေသနသည် ခြင်္သေ့မင်းဟူသောဝိသေသျဂုဏ်ကိုယုတ်စေ
သောကြောင့် ဟီနတ္ထက ဒေါသ။

(ခ) အမိကဖွား၊ အမယ့်သား-ဟူသော စကားသည် အနက်တူ
ထပ်ဆိုသောကြောင့် ကေတ္ထ ဒေါသ။

(ဂ) မြတ်စွာဘုရား၏ ဂုဏ်ကိုဖွဲ့ဆိုသောအရာ ဖြစ်သောကြောင့်
အတိဝုတ္တာဒေါသမှ လွတ်ပါသည်။

၆။ **သမတာဂုဏ်**

မုဒုဖြစ်သော သိထိလအက္ခရာသက်သက်ဖြင့်၎င်း၊ ဖုဋ္ဌဖြစ်သော ဓနိတ
အက္ခရာသက်သက်ဖြင့်၎င်း၊မုဒု-ဖုဋ္ဌ အရော-အားဖြင့်၎င်း အချီအချဋ္ဌာန်တူမျှ
သောဂုဏ်သည် သမတာဂုဏ် မည်၏။ (၁၃၁)

**သိလေသဂုဏ်**

လုံးဆင့်သံယုတ် အက္ခရာတို့ကို နီးနီးကပ်ကပ် ပါဝင်စေခြင်း,ဓနိတဒီဃ အက္ခရာပါရှိခြင်း-ဟူသော အင်္ဂါလက္ခဏာနှင့် ပြည့်စုံသောဂုဏ်သည် သိလေသဂုဏ် မည်၏။ (၁၄၀)

၇။ အနက်ပေး ထင်ရှားပြီ။

၈။ **သာတ္တ+သာတ္တိကာ+အရ**

တည်ကြည်သော စိတ်ကြောင့်ဖြစ်သော သဘော (ကေဂ္ဂတာ) သည် သာတ္တ မည်၏။

ထိုတည်ကြည်သော စိတ်ကြောင့်ဖြစ်သော သဘော (ကေဂ္ဂတာ)သည် ဖြစ်စေအပ်သော ထမ္ဘ စသည်သည် သာတ္တိကာ မည်၏။ (၃၄၅)

**သာတ္တိကာဘာဝနှင့် အနုဘာဝ အထူး**

အတွင်း၌တည်သော ချွေးစသည်သည် သာတ္တိကာဘာဝ မည်၏။

အပြင်ထွက်လာသော ချွေးစသည်သည် အနုဘာဝမည်၏၊ ဤသို့ ထူးသည်။ (၃၅၁)

၉။ ပုဗ္ဗစု၌—

(၁) ဆင္ဒဂိုဏ်းသည် သဗ္ဗလဟု န,ဂိုဏ်.ဖြစ်အံ့၊ဆင္ဒဂိုဏ်း၏ အစ၌ ယတိ ပြတ်ရခြင်း။

(၂) ဆင္ဒဂိုဏ်းနောင်သတ္တမဂိုဏ်းသည် သဗ္ဗလဟု န-ဂိုဏ်းဖြစ်အံ့-ဆင္ဒဂိုဏ်း၏ အဆုံး၌ ယတိပြတ်ရခြင်း။

အပရစု၌—

(၁) စတုတ္ထဂိုဏ်းနောင်ပဉ္စမဂိုဏ်းသည် သဗ္ဗလဟု န-ဂိုဏ်းဖြစ်အံ့ စတုတ္ထဂိုဏ်း၏အဆုံး၌ ယတိပြတ်ရခြင်း။

**တိဋ္ဌဘာဆန်း၌မရသောဂိုဏ်းသည် ယဂိုဏ်း သဂိုဏ်း ဖြစ်ပါသည်။**

၁၀။ မြာဘ္ဘာယော ယောတြ ယေနတ္တိ မုနိယတိ ယုတာ သဒ္ဓရာ ကိတ္တိတာယံ။ သဒ္ဓရာဂါထာ-ပကတိဆန်း။ (၁၀၅)

## ၁၃၃၄ (၁၉၇၃) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - ဆန္ဒာဒိတ္တယ - အဖြေ

၁။ အဘိဓာန် သင်ကြားရကျိုး

(၁) နာမလိင်္ဂေသု ကောသလ္လအကျိုး။

(၂) အတ္ထနိစ္ဆယအကျိုး။ (၃) ဗုဒ္ဓဝစနေ ပါဋ္ဌဝတ္ထိအကျိုး။

တနည်း သဂ္ဂကဏ္ဍ အဆုံးဂါထာ (၁၇၉) အတိုင်းလည်း ရေးနိုင်သည်။

ကိုယ်ဟော ပရိယာယ်.ဂါထာနံပါတ် (၁၅၁)ရှု။

၂။ (က) နိဗ္ဗ-ဂေါပါနသီ- သာက-ဥဗ္ဘိဒ- သူနာ- ဂိရိကဏ္ဏိ- နုဟီ-ကုဋ္ဌ- ပူတိလတာ- ဂေါလောမီ။

(ခ) သိကြားမင်း- ပစ်စင်ပြအိုး- လင်- ခံတပ်ကဒုတ်-ခွါ- ယာဇ်ထောပတ်-တံတွေး (ဖါလာ) ကမ်း(အခါ အပိုင်း အခြားအစု)ဆင်နားရင်း။

**မှတ်ချက်။** ။ဝေဠာပုဒ်ကို အဘိဓာန်၌ မတွေ့ဘူးပါ၊ ဥတ္တံသော သေခရာ ဝေဠာ (၃ဝဂ) ၌ လာသော အာဝေဠာ ပုဒ်ကို ဝေဠာ အဖြစ် ယူ၍ မေးသလော ဟု တွေးဆင်စရာ ရှိ၏။

၃။ (က) ဂါထာနံပါတ် (၄၅ဝ) ရှု။

(ခ) ဂါထာနံပါတ် (၄၁၆) ရှု။

(ဂ) ဂါထာနံပါတ် (၆၄၇) ရှု။

၄။ (က) ဇာတ်စသည် တူသော သတ္တဝါတို့၏ အပေါင်းသည် ဝဂ္ဂမည်။ (သမာနာနံ ဂဏော ဝဂ္ဂေါ။)

(ခ) ဇာတ်တူ-မတူသော သတ္တဝါတို့၏ အပေါင်းသည် သံဃ (သတ္တ) မည်၏။ (သံဃော သတ္တောဘတုဇန္တုနံ)

(ဂ) ဇာတ်တူ သတ္တဝါတို့၏ အပေါင်းသည် ကုလမည်၏။ (သဇာတိကာနံ တု ကုလံ)၊

(ဃ) အကျင့်တူသူတို့၏ အပေါင်းသည် နိကာယ မည်၏။ (နိကာယောတု သဓမ္မိနံ)

(င) ဇာတ်တူ တိရစ္ဆာန်တို့၏ အပေါင်းသည် ယူထမည်၏။ (ယူထော နိတ္ထိသဇာတီနံ တိရစ္ဆာနာန မုစ္စတေ) (၆၃၁-၂)

ကေသဒ္ဒါဟောအနက် ဂါထာနံပါတ် (၇၅၀) ရှု။

၅။ မဟုတ်မမှန်ဘဲနှင့် တပါးသူကို အလွန်အကျွံ ပြောဆို ချီးမွမ်းခြင်းသည် အတိဝုတ္တဒေါသ။ မိမိကိုယ်ကို ဟုတ်သည့်အတိုင်း ဖြစ်စေ မဟုတ်ဘဲနှင့် ဖြစ်စေ ပြောဆို ချီးမွမ်းခြင်းသည် သြစိတျဟီနဒေါသ။ ဤသို့ထူးပါသည်။

(က) ကမစ္စုတ ဒေါသ (အမြွတ်ကို ရှေ့ထားရသော လောကပြောရိုး အစဉ်ပျက်သည်။)

(ခ) ကေတ္ထဒေါသ (ခြေနှစ်ချောင်းရှိသောဟူသော ဝိသေသနအတွက် အကျိုး မရှိသောကြောင့်ဟူလို။)

အပယောဇကဒေါသဟုလည်း မိန့်ဆိုကြ၏။

(ဂ) ဟီနတ္တကဒေါသ (ဝိသေသျကို ယုတ်ညံ့အောင် ပြုသောကြောင့် ဟူလို။)

၆။ ဌာန်ခြင်း သံယုတ်ခြင်း မတြာခြင်းအားဖြင့် တူသော အက္ခရာရှိသော ဂုဏ်သည် ပဒါသတ္တိ မဓုရတာ ဂုဏ်မည်၏။

မြွတ်ပြီးသော အက္ခရာကို ထပ်၍ ရွတ်ဆိုသောဂုဏ်သည် အနုပ္ပါသ မဓုရတာဂုဏ် မည်၏။ (၁၂၇)

သမာသ်ပုဒ်များခြင်း ခြိုးခြင်း ချဲ့ခြင်း လက္ခဏာရှိသော ဂုဏ်သည် သြဇာဂုဏ် မည်၏။ (၁၂၁)

(က) အတ္တသုခုမာလဘာဂုဏ်၊ (ခ) အနုပ္ပါသမဓုရတာ ဂုဏ်။

၇။ ရဲရင့်သူ၏အဖြစ် လုံ့လရှိသူ၏ အဖြစ်ကို အလွန်အကဲ ကြုံးဝါးပြဆိုခြင်းသည် ရုဠာဝါကျာရ အလင်္ကာ မည်၏။ (၂၇၆)

အနက်ကိုရင်း ပုဒ်ကိုရင်း အနက်ပုဒ် နှစ်ပါးစုံကိုရင်း အဖန်ဖန် အထပ်ထပ်ဆိုခြင်းသည် အာဝုတ္တိအလင်္ကာ မည်၏။ (၂၂၄)

(က) ပရိယာယဝုတ္တိအလင်္ကာ။ ၂၇၇(ခ) အာသီသ အလင်္ကာ။ ၃၃၄။

၈။ **ရတိဋ္ဌာယီဘာဝ**

မွေလျော်ဘွယ်ကောင်းသောအရပ်- ကာခြင်း သိခြင်း တီမှုတ်ခြင်း အချိန်ကာလ အသွင်အပြင်စသည်တို့ကို မှီဝဲရခြင်းကြောင့် အချင်းချင်း တပ်နှစ်သက်ကြကုန်သော လုလင်ပျို လုံမပျိုတို့၏ နှစ်သက် ဝမ်းမြောက်ခြင်းသည် ရတိဋ္ဌာယီဘာဝ မည်၏။ (၃၅၆)

**ယင်း၏ရသ သရုပ်**

အာယောဂသိင်္ဂါရ ရသ- ဝိပ္ပယောဂသိင်္ဂါရ ရသ- သမ္ဘောဂသိင်္ဂါရ ရသ-အားဖြင့် (၃)ပါး။

**ရယ်ရွှင်ခြင်း အပြား**

(၁) သိဘ-မျက်စိပွင့်ရုံ ပြုံးရယ်ခြင်း။
(၂) ဟသိတ- သွားပေါ်ရုံရယ်ခြင်း
(၃) ဝိဟသိတ- သာသာညှင်းညှင်း အသံရှိသော ရယ်ခြင်း။
(၄) ဥပဟသိတ- ပခုံးဦးခေါင်းလှုပ်အောင် ရယ်ခြင်း။
(၅) အပဟသိတ- မျက်ရည်ထွက်အောင် ရယ်ခြင်း။
(၆) အတိဟသိဘ- ကိုယ်အင်္ဂါကို ပစ်လွှဲ၍ ရယ်ခြင်း။ (၃၅၉)

၉။ ဟရိဏပ္လုတာ ဂါထာဖြစ်ပါသည်။

သသတော သလဂါ ဝိသမေ သမေ။

နဘာဘရာ ဘဝတေ ဟရိဏပ္လုတာ။ (၁၁၄)

၁၀။ နနဘန လဂိတိပ္ပဟရဏာ ကလိကာကို ထောက်၍ ပဟရဏကလိကာ ဂါထာ။ သက္ကရီဆန်း။

# ၁၃၃၆ (၁၉၇၄) ခုနှစ်
# ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - သဒ္ဒါဒိဋ္ဌာယ - အဖြေ

၁။ (က) ဥပညာသော၊ (ခ) ကေကာ၊ (ဂ) ဟေသာ (ဃ) ပလာပ (သမ္ဖပ္ပလာပ) (င) မုဒိင်္ဂ၊ (စ) ဥဿောင်္ဂိ၊ (ဆ) ပရိသရ၊ (ဇ) ဥဒေါသိတ၊ (ဈ) ပုညဝန္တ၊ (ည) ဟာဒယီ။

၂။ (က) သစိပင်၊ (ခ) ကောင်းကင်၊ (မကောင်းမှု, ဆင်းရဲခြင်း, ပျက်စီးခြင်း) (ပါပသ္မိံ ဂဂနေ ဒုက္ခေ ဗျသနေ စာဃ မုစ္စတေ) (ဂ ဆန်ကွဲ၊ (ဃ)တဘက်ကမ်း၊ (င)ဆင်မုန် (ဖျာ) (စ) တလင်း၊ (ဆ) ပျော်ပွဲ - ပူဇော်ပွဲ၊ (ဇ) ညီ၊ (ဈ) စကော- (ဖောင်) (ည) ကံကြမ္မာ။

၃။ ညောင်စောင်း လေးမျိုး- ဂါထာ နံပါတ် (၁၁၀) ရှု။
ကျွန်လေးမျိုး- ဂါထာ နံပါတ် (၅၁၅) ရှု။
မြက် (၇)မျိုး- ဂါထာ နံပါတ် (၆၀၄) ရှု။

၄။ သစ္စသဒ္ဒါဟောနိုင်သောအနက်-ဂါထာနံပါတ်(ဂ၀၀) ရှု။

၅။ ဝိသေသနကြီး၍- ဝိသေသျငယ်က အစ္စျတ္တဒေါသ။
ဝိသေသနငယ်၍- ဝိသေသျကြီးလျှင် ဟီနတ္တကဒေါသ။
ဤသို့ ထူးပါသည်။
(က) ဖြူဖွေးခြင်း၏ အကြောင်းမပါသောကြောင့် နေယျဒေါသ။
(ခ) သင့်လျော်သော သဘော သဘာဝ အသင့်ယုတ္တိနှင့် ဆန့်ကျင်သောကြောင့် ဉာယဝိရောဓိ ဒေါသ။
(ဂ) "လည်း" နိပါတ်အထား ပျက်သောကြောင့် ဝါကျတ္ထ ဘဂ္ဂရီတိ ဒေါသ။

၆။ (အနက်ပေး ထင်ရှားပြီ )

၇။ ပညာရှိများ မနှစ်သက်အပ်သော ဂုဏ်ကား- အလုံးစုံနူးညံ့သော သိထိလ အက္ခရာတို့ဖြင့် ဖွဲ့စီအပ်သော အနုပ္ပါသ မဓုရတာဂုဏ် ဖြစ်သည်။

အဖွဲ့အနွဲ့တို့၏ အသက်ဟု အသိအမှတ်ပြုခြင်း ခံရသောဂုဏ်ကား- သမာဓိဂုဏ် ဖြစ်သည်။ (ဗန္ဓသာရောတိ မည္တိ)

(က) စပ်သင့်သောပုဒ်တို့ကို နီးကပ်စွာထားခြင်း၊ အလွန်ထင်ရှားသော အနက်ရှိခြင်းကြောင့် ပသာဒဂုဏ်။

(ခ) အရည်ဖြစ်သော ဝတ္ထု၏ သဘောကို အရည်မဟုတ်သော သဘောတရား၌ တင်စား ပြောဆိုသောကြောင့် အဒြဝေ ဒြဝယုတ္တ သမာဓိဂုဏ်။

ဂ။ စည်းစိမ်ချမ်းသာ၏ရင်း၊ အလိုဆန္ဒ၏ရင်း အလွန်ကြီးကျယ်လွန်ကဲသည်၏အဖြစ်ကိုပြသော အလင်္ကာသည် မဟန္တတ္တအလင်္ကာမည်၏။

**အတိဿယဝုတ္တိအလင်္ကာနှင့် မဟန္တတ္တအလင်္ကာတို့၏ထူးခြားဟန်**

ပင်ကိုယ် သဘောထက် လွန်သော သဘောကို ပြဆိုသော အလင်္ကာသည် အတိဿယဝုတ္တိအလင်္ကာ မည်၏။

အလွန်အကျူး အထူးအံ့ဩဘွယ် ကောင်းသော သဘောကိုပြသော အလင်္ကာသည် မဟန္တတ္တအလင်္ကာ မည်၏။ ဤသို့ထူးပါသည်။

ဃ။ ပထမပါဒ၌ ဇ-ဘ-ဇ-ဂရု-ဂရုရှိခြင်း။ (ဥပေန္ဒဝဇိရာ)

ဒု ၌ တ-တ-ဇ-ဂရု-ဂရုရှိခြင်း။ } (ဣန္ဒဝဇိရာ)

တ ၌ တ-တ-ဇ-ဂရု-ဂရုရှိခြင်း။ }

စ ၌ ဇ-တ-ဇ-ဂရု-ဂရုရှိခြင်း။ (ဥပေန္ဒဝဇိရာ)

ဤသို့ ဣန္ဒဝဇိရာ-ဥပေန္ဒဝဇိရာ လက္ခဏာရောသောကြောင့် ဥပဇာတိဂါထာ ဖြစ်ပါသည်။

**သာဓက**

အနန္တရောဒိရိတလက္ခဏာစေ ပါဒါဝိမိဿာ ဥပဇာတိယော တာ။ တိဋ္ဌဘဆန်းဖြစ်ပါသည်။

၁၀။ လေးပါဒလုံး ဂရုများဖြင့် ဖွဲ့စီလျှင် ဝိဇ္ဇုမ္မာလာဂါထာ။

(အာဂမယုတ္တိ) မော မော ဂေါ ဂေါ ဝိဇ္ဇုမ္မာလာ။

ပိယံဝဒါ ဂါထာကို လေးပါဒလုံး န ဂိုဏ်းအစ ား တ ဂိုဏ်းဖြင့် အစားထိုး စီကုံးခဲ့သော် လလိတာဂါထာ ဖြစ်သည်။

(အာဂမယုတ္တိ) ဝုတ္တာ သုမိဟိ လလိတာ တ ဘာ ဇ ရာ။ (ဂ၂)

**သုဝဏ္ဏဝတီ** (က) ၁၀၆-၇၀

၁၃၃၇ (၁၉၇၅) ခုနှစ်
ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီးတန်း - ဆန္ဒာဝိဂ္ဂဟ - အဖြေ

၁။ (အနက်ထင်ရှားပြီ။)

(က) ဘားစည် (ခ) ကျူး (ဂ) အစားကြူးသူ (ဃ)အိမ်အပြင်-ကြမ်းအပြင်- ကွင်းပြင် (င) ဘုံတိုဆုံတောက် (စါ)ဦးစွန်းဖုတ်ငါးခုံ။

၂။ မင်း မြောက်တန်ဆာငါးပါး-ဂါထာနံပါတ် (၃၅၈) ရှု။
(က) ဟေရညိက (ခ) တောမရ (ဂ) မုခဋ္ဌာန (ဃ) သန္ဒန (င) ဥပက္ခရ။

၃။ သေသူအတွက် သေသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ထမင်းဆုပ်ပေးခြင်း။ (၄၂၃) ကြံ့အထူး ဂါထာနံပါတ် (၄၆၂) ရှု။

၄။ သဋ္ဌသဒ္ဒါဟောနက် ဂါထာနံပါတ် (ဂ၄၁) ရှု။
အဇ¯လပနတ္ထသဒ္ဒါများ (၁၁၃၉) ရှု။

၅။ ကိလိဋ္ဌဒေါသသင့်သောပုဒ်ကို ပဟေဠိအဖြစ်သို့ တင်လိုက်ပါက ၎င်းဒေါသမှ လွတ်ပါသည်။
ဘယာကောဓ ပသံသာဒိ၊ ဝိသေသော တာဒိသော ယဒိ။
ဝတ္တုံ ကာမိယတေ ဒေါသော၊ န တတ္တေ ကတ္ထတာကတော။
ယထာ
သပ္ပေါ သပ္ပေါ အဟံ ဟန္ဒ၊ နိဝတ္တတု ဘဝံ တတော။
ယဒိ ဇီဝိတု ကာမောသိ၊ ကထံတာ မုပ သပ္ပသိ။ (ဂ၆-၇)

၆။ နားလောင်သူများ အကျိုးပွားမည့် အကြောင်းရှိခဲ့သော် ဟုတ်မှန်ထင်ရှားရှိသော မိမိဂုဏ်ကို ပြောဆိုက အပြစ်မရှိ သင့်လျော်ပါသည်။
သာဓက။ ။သဂုဏာ နာဝိကရဏာ၊ ကာရဏာ သတိ တာဒိသေ။
ဖြစ်တျပဟီနတာပတ္တိ၊ နတ္ထိဘူတတ္ထ သံသိနော။ (၁၀၃)

ကန္တိဂုဏ်

လောကဥ္ဇ ဖြစ်သင့် ဖြစ်ထိုက်သော အကြောင်းအရာကို မကျော်လွန်မူ၍ လူအပေါင်း လက်ခံနိုင်၍ နှစ်သက်ဘွယ်ဖြစ်အောင် ရေးသားလျှင် ကန္တိဂုဏ်မြောက်၏။ (၁၄၆)

၇။ **ဝဥ္စနာအလင်္ကာ**

ချီးမွမ်းထိုက်သော ဝတ္ထုကို လျှို့ဝှက်၍ ထိုဝတ္ထုနှင့် မတူသောဝတ္ထု-ဟူသော ဝတ္ထုကိုပြ၍ ဆိုသော အလင်္ကာသည် ဝဉ္စနာအလင်္ကာ မည်၏။ (၃၁၀)

**အသမနည်း**

ပုဗ္ဗေတော န သဟသော ယော သုဿ၊ န ပဌေသု စ တာဒိနော။
မာရော ပရေသု တယောသံ၊ သဟသံ ဒသ စရိတံ။ (၃၁၁)

ဤ၌- ချီးမွမ်းလိုသော မာရ်နတ်ကို လျှိုဝှက်ထား၍ မြားတသောင်းဖြစ်သည်ဟု ထိုမာရ်နတ်နှင့် မတူသော မြားကို ပြဆိုသောကြောင့် အသမဝဉ္စနာအလင်္ကာမည်၏။

၈။ **ဗျဘိစာရီဘာဝ**

ကွယ်ပျောက်၍ဖြစ်ခြင်း ထင်စွာဖြစ်ခြင်း စသော အထူးအားဖြင့် ဌာယီဘာဝသို့ ရှေ့ရှုဖြစ်လေ့ရှိသော ဘာဝသည် ဗျဘိစာရီဘာဝ မည်၏။ (၃၄၃)

၎င်း ဗျဘိစာရီဘာဝသည် (၃၃)ပါး ရှိပါသည်။

၉။ **ဥပဂီတိ လက္ခဏာ**

ပုဗ္ဗစု အပရစု နှစ်ပါးစုံ၌ အရိယာဂါထာ၏ အပရစုလက္ခဏာရှိခြင်း။

(တနည်း) ပုဗ္ဗစု အပရစုနှစ်ပါးစုံ၌....

(၁) ဆဋ္ဌဂိုဏ်းသည် လဟုတလုံး ဖြစ်ခြင်း။

(၂) အဆုံး၌ ဂရုတလုံး ရှိခြင်း။

(၃) ဆဋ္ဌ-လဟု၊ အန္တ-ဂရုမှ တပါး ခြောက်ဂိုဏ်းရှိခြင်း။

(၄) ဝိသမ-ဂိုဏ်း ဌာန၌ ဇ-ဂိုဏ်း မရှိခြင်း။

(၅) ပဥ္စမဂိုဏ်းသည် သဗ္ဗလဟု န-ဂိုဏ်းဖြစ်အံ့ စတုတ္ထဂိုဏ်း၏ အဆုံး၌- ယတ်ပြတ်ရခြင်း။

ဣခ တောဋကမမ္ဗုဓိသေဟိ မိတံ-ကို ထောက်၍ တောဋက ဂါထာ ဇဂတီဆန်း ဖြစ်ပါသည်။

၁၀။ အာချာနိကာ ဂါထာကို ပြန်လှန်စီကုံးလျှင် ဝိပရိတပုဗ္ဗာ (ဝိပရိတာ ချာနိကာ) ဂါထာ ဖြစ်သည်။ (၁၁၃)

**ဟရိဏပ္လုတ ဂါထာ လက္ခဏာ**

(၁) ဝိသမပါဒ၌- သ- သ- သ- ဂိုဏ်း-လဟု- ဂရု ရှိခြင်း။

(၂) သမပါဒ၌ န- ဘ- ဘ- ရ- ဂိုဏ်း ရှိခြင်း။ (၁၁၄)

## ၁၃၃၇ (၁၉၇၆) ခုနှစ်

## ပါဠိပထမပြန်စာမေးပွဲ

# ပထမကြီးတန်း - သန္ဒဒိတ္တယ - အဖြေ

၁။ (က) အသူရာတို့၏ အမိ (ခ) နတ်တို့၏ အမိ (ဂ) ဝါးစည်းတိုင်း ဝါးစည်းတိုင်း ဝါးအလုံး (၆၀) စီ ရှိကုန်သော ဝါးအစည်း (၆၀) တို့ကို သွားသော စစ်တပ်သည် မှုန့်မှုန့်ညက်ညက် ပြုအပ်ကုန်သည်ရှိသော် အကြောဘာနီ မည်၏။ (၃ဂ၄)

(ဃ) အမြဲကိုယ်ဖြင့် ပြီးသည်ကို ငဲ့ခြင်းရှိသော ပါဏာတိပါတ စသည်မှ ကြဉ်ခြင်းအမှုသည် ယမသီလ (ငါးပါးသီလ) မည်၏။ (၄၄၄)

(င) အမြဲမဟုတ် ရံခါ အခိုက်အတန့်ဖြင့် ပြီးစေအပ်သော ဥပုသ် သုံးခြင်း စသော အမှုသည် နိယမသီလ (ဥပုသ်သီလ) မည်၏။ (၄၄၄)

၂။ (က) ပါဠိလ-နှင်းဆီပွင့်အဆင်း၊ ကပိလ-အညိုအဝါ ရောသော အဆင်း (ကြောင်သောအဆင်း) ဝိလင်္ဂ-ခါးလည် ခါးစည်း၊ သဏကာ-မြင်းချေး၊ ဒပ္ပန-မှန်။

(ခ) အာမဂန္ဓ- စိမ်းစော်သော အနံ့၊ ဥသ- ဆားဆပ်ပြာမြေ၊ ကစ္ဆန္တရ- အများနှင့် မဆက်ဆံသော အရပ်၊ အပါင်-မျက်ထောင့်၊ ဝတ္ထိ-ဆီးစ ဆီးဖုံး။

၃။ ယေတြ ဘူရိပ္ပယောဂတ္တာ၊ ယောဂိကော ကသ္မိ မီရိတာ။
လိင်္ဂေရေပိ တေဒ္ဒေ ယျာ၊ တဒ္ဒမွတ္တာည ဝုတ္တိယန္တိ။ (၅၃၅)
ကိုထောက်၍ ပုံလိင်ဟု အမြဲ မမှတ်ရပါ။

၄။ ဗောဓိသဒ္ဒါ၏အနက်—ဂါထာနံပါတ် (ဂဝ၅) ရှု။
မုခါဟောအနက်—ဂါထာနံပါတ် (၁၁၄၅) ရှု။

၅။ အချင်းချင်း လျော်သောအနက်နှင့် တကွဖြစ်ကုန် အပြစ်ဒေါသတို့မှ ကင်းလွတ်ကုန်သော ပုဒ်ဝါကျ ထိုပုဒ်ဝါကျတို့၏ အနက်တို့သည် ဗန္ဓမည်၏။ (၈)

ပဇ္ဇ။ ။ဂါထာမျိုးသက်သက်ဖြင့် စီကုံးအပ်သောအဖွဲ့၊
ဂဇ္ဇ။ ။စုဏ္ဏိယသက်သက်ဖြင့် စီကုံးအပ်သောအဖွဲ့၊
ဝိမိဿ။ ။ဂါထာ စုဏ္ဏိယနှစ်ပါး ရောချ၍ စီကုံးအပ်သောအဖွဲ့။

၆။ **ပသာဒဂုဏ်**

(၁) စပ်ရမည့်ပုဒ်ချင်း နီးကပ်စွာထားခြင်း။
(၂) ပေါ်လွင်ထင်ရှားသော အနက်ရှိခြင်း။

**ဩဇာဂုဏ်**

(၁) သမာသ်ပုဒ်များခြင်း။ (သဒ္ဒဩဇာဂုဏ်)
(၂) အကျဉ်း ချုံးခြင်း။ (အတ္ထဩဇာဂုဏ်)
(၃) အကျယ်ချဲ့ခြင်း။

**ဆန့်ကျင်ပုံ**

စပ်ရမည့်ပုဒ်ချင်း နီးကပ်စွာထားခြင်း ဟူသော အင်္ဂါအရ ဗျာကိဏ္ဏဒေါသနှင့် ဆန့်ကျင်ပါသည်။

ပေါ်လွင် ထင်ရှားသော အနက်ရှိခြင်း ဟူသော အင်္ဂါအရ ကိလိဋ္ဌဒေါသနှင့် ဆန့်ကျင်ပါသည်။

**ဆောင်**။ ။ဗျာကိဏ်- ကိလိဋ္ဌလွန်မြောက်က၊ ဂုဏပသာဒါ။

၇။ ထင်ရှားမရှိသော ဝတ္ထုဖြင့် နှိုင်းခိုင်းသော ဥပမာသည် အဘူတောပမာ မည်၏။ (၁၉၅)

သမာသ် ပစ္စည်း ဣဝါဒိဂိုဏ်း သဒ္ဒါတို့ပင် မပါရှိသော်လည်း ဥပမာန-ဥပမေယျ သဒ္ဒါတို့၏ အနက်ဖြင့်ပင် သိအပ်သော ဥပမာသည် အတ္ထဂမ္မောပမာ မည်၏။ (၁၉၆)

ဘိန္နလိင်္ဂေါပမာ+ဥပမာအတ္တာလင်္ကာရကို ပညာရှိတို့မနှစ်သက်ပါ။

၈။ (အနက် ထင်ရှားပြီ။)

မဇ္ဈပုဂ္ဂိုလ်၏ ပုယ်ခြင်းနှစ်ပါးမျိုးကား-ဝိဟသိတနှင့်ဥပဟသိတတို့ဖြစ်သည်။

သာဓက

သိတ မိဟ ဝိ ကာသိ (လ) ဋ္ဌဋ္ဌ ကထိတာစေသံ ဇေဋ္ဌေ မဇ္ဈေ ဓမ္မေ စ ကမသော။

မိန်းမတို့၌ ဟာသရသ အဖြစ်များသည်။

သာဓက

ပရိပေါသေ သိယာဟယော၊ဘိယျော တ္တိ ပဘူတိနံသော။

၉။ လက္ခ၊လက္ခဏ

မှတ်အပ်သော ဥဒါဟရဏ် ပုံစံသည် လက္ခ။

မှတ်ကြောင်းသုတ်သည် လက္ခဏ။

မှတ်ချက်။ ။တျာစေ တနုမဇ္ဈာကဲ့သို့ ပုံစံသည်ပင်သုတ်၊ သုတ်သည်ပင် ပုံစံဖြစ်သည်ကို လက္ခ လက္ခဏသံယုတ်တဲ့ဟု ဆိုသည်။

သွာဒိမှာ

ကိံသု အဓိပဟိရာဇာ-စသော ပါဠိတော် ဂါထာများ၌ အစ တလုံးနှောင် န-ဂိုဏ်း မရှောင်သည်ကိုထောက်၍ ဝတ္တ ဂါထာတိုင်း သ-ဂိုဏ်း န-ဂိုဏ်း မရှောင်သင့်ပါ။

ဆန်းနှင့် ဂါထာအထူး

အက္ခရာလုံးရေ သတ်မှတ်ခြင်းသည်- ဆန်း မည်၏။

ဂိုဏ်း, ဂရု, လဟုသတ်မှတ်ခြင်းသည်- ဂါထာ မည်၏။

ဤသို့ ထူးပါသည်။

အက္ခရာနိယမော ဆန္ဒံ၊ ဂရု လဟု နိယမော ဝုတ္တံ။ (သဒ္ဒနီတိ)

၁၀။ ဘဒ္ဒိကဂါထာလက္ခဏာ၌ သ-ဂိုဏ်းတခုတိုးလျှင် အပရာဇိတဂါထာ ဖြစ်သည်။

သာဓက

နနရသ လဟုဂါသရေဟိ အပရာဇိတာ။ (၉၀)

ရုမ္မဝတိဂါထာနှင့် စမ္ပကမာလာ ဂါထာတို့သည်၎င်း၊

သသိကလာဂါထာနှင့် မဏိဂုဏနိကရ ဂါထာတို့သည်၎င်း

ဂိုဏ်း, ဂရု, လဟု တူညီကြပါသည်။

# ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

## ၁၃၂၇ (၁၉၆၆) ခုနှစ်

## ပါဠိပထမပြန်စာမေးပွဲ

## ပထမကြီး။ ။ပဥ္စာခန်းကုသလတိက်

၁၃၂၇-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂-ရက် (၇-၄-၆၆) ကြာသပတေးနေ့ ခွင့်ပြုသည့်အချိန်။ ။လေးနာရီ (မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီထိ)

(မှတ်ရန်။ ။လက်ျာဘက်ရှိဂဏန်းများသည် အမှတ်ပြည့်ကိုပြသည်)

---

အမှတ်

၁။ ပစ္စယနိဒ္ဒေသ သဟဇာတာဓိပတိ နိဒ္ဒေသနာကာရ ပါဠိကိုသာ ရေးသားပြီးလျှင် အာရမ္မဏာဓိပတိ ပစ္စည်းနှင့် ပစ္စယုပ္ပန်တို့ကို ကောက်ပြပါ။ (၁၀)

၂။ မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ စသောပါဠိ၌ ကတ္တား, သမ္ပဒါန်, ကရိုဏ်းပါဌ်တို့၏ အရကို ကောက်ပြပြီးလျှင် ဥဒ္ဓိဝိခ, စေတောပရိယ ကုသိုလ် အဘိညာဉ်တို့၏ ပစ္စည်းတရားများကို ကောက်ပြပါ။ (၁၀)

၃။ နိဒ္ဒေသဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ။ပ။ ပဉှာဝါရအားဖြင့် ခုနစ်ပါး အပြားရှိ၏၊ ဤ၌ ပေယျာလကို ထုတ်ဖော်၍ ဆိုရိုးကျ ရေးသားပါ။ (၁၀)

၄။ ကုသလံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၌ ကတ္တားနှင့် ဟိတ်ပါဌ်အရကို ကောက်ပြပြီးလျှင် ခန္ဓာဝါရပေါင်း မည်မျှရှိသည်ကို သင်္ချာမျှ ဖော်ပြပါ။ (၁၀)

၅။ ပဋိစ္စသမုပ္ပါဒ် ပုရေဇာတပစ္စည်း ကုသလေန ကုသလံ၌ ဟိတ်ပါဠိ အရကို ကောက်ပြပြီးလျှင် ဆဝါရ၌ ပစ္ဆာဇာတပစ္စည်း မဟောခြင်း အကြောင်းကို ထင်ရှားအောင် ဖော်ပြပါ။ (၁၀)

၆။ ပဋိစ္စဝါရ ဝိပ္ပယုတ္တပစ္စည်း ကုသလေန ကုသလာဗျာကတံ၌ အနုဝါဒ ပါဠိကို ထုတ်ဆောင်၍ ပြပြီးလျှင် ဟိတ်ပါဠိ၏ အရကို ပြည့်စုံအောင် ကောက်ပြပါ။ (၁၀)

၇။ ပဉှာဝါရ အာရမ္မဏပစ္စည်း ကုသလော ကုသလဿ၏ အနုဝါဒပါဠိကို အပြည့်အစုံ ရေးသား၍၊ ဒါနံ ဒတွာ ၌ ဒါနပုဒ်ကို ဒါတဗ္ဗဝတ္ထုနှင့် ဒါနစေတနာ ၂-မျိုးရအောင် ဝစနတ္ထ ပြုပြီးလျှင် ဒေသနာ ၂-မျိုးကို ခွဲခြားပြပါ။ (၁၀)

၈။ သီလံ သမာဒိယိတွာ၌ သီလံ အရ လိုအပ်သောသီလများကို စုံလင်အောင် ရေးပြ၍ သမာဒိယိတွာဖြင့် မည်သည့် အဓိပ္ပါယ်ကို ပြသည်ဟု ဖော်ပြပြီးလျှင် သမ္ပတ္တဝိရတိ, သမုစ္ဆေဒဝိရတိတို့ကို မဟောခြင်းအကြောင်းကို ရှင်းပြပါ။ (၁၀)

၉။ မဂ္ဂေါ သေက္ခာနံ အတ္ထပ္ပဋိသမ္ဘိဒါယ ။ပ။ ဥပနိဿယ ပစ္စယေန ပစ္စယော၊ ဤ၌ ပေယျာလကို ဖော်၍ အနက် ပေးဇနာပါ။ (၁၀)

၁၀။ သုတံ, စာဂံ, ပညံ ဟူသော ပုဒ်တို့၏ အရကို ကောက်ပြပြီး လျှင်၊ မာတုဃာတိကမ္မံ, မာတုဃာတိကမ္မဿ ဟူသော ၂-ပုဒ်တို့၏အရကို ခွဲခြား၍ ဖော်ပြပါ။ (၁၀)

## ၁၃၂၈ (၁၉၆၇) ခုနှစ်
## ပါဠိပထမပြန်စာမေးပွဲ
# ပထမကြီး။ ။ပဋ္ဌာန်းကုသလတိက်

၁၃၂၈-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄-ရက် (၈-၄-၆၇) စနေနေ

အမှတ်

၁။ "ဟေတု"အရ လောဘဟိတ်ကိုသာ ယူလျှင် "ဟေတုပစ္စယေန"အရ ဖြစ်သင့်သော သတ္တိနှင့်၊ "ရူပါနံ"အရ ဟဒယဝတ္ထုရုပ်ကိုသာ ယူလျှင် "ဟေတု" အရ ဖြစ်သင့်သော သမ္ပယုတ်ဟိတ်များကို ဖော်ပြပါ။ (၁၀)

၂။ ပစ္စယနိဒ္ဒေသ ပုရေဇာတ နိဿယပစ္စည်း၌ ဟဒယဝတ္ထုကို ပစ္စည်းထား၍ ကတ္တား, သမ္ပဒါန်, ကရိုဏ်းပါဠိတို့၏ အရ ဆိုရိုးကျ ကောက်ပြပြီးလျှင်၊ ဥပနိဿယပစ္စည်း၌ ပကတူပနိဿယ တမျိုးတည်းသာ ရနိုင်သော ပါဠိကိုရေးပြပါ။ (ဥတု ဘောဇနမှ စသည်ဖြင့်လို။) (၁၀)

၃။ အောက်ပါ ပေယျာလကို ဖော်ထုတ်၍ ပဍိစ္စဝါရ ဟေတုပစ္စည်း"ကုသလေန ကုသလံ"၌ ရနိုင်သော ခန္ဓာဝါရသရုပ်ကို ဝါရအလိုက် သင်္ချာမျှ ခွဲခြား ဖော်ပြပါ။

"ပုစ္ဆာဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ။ပ။ ပဍိစ္စဝါရကို ရှေးဦးစွာ ဟောတော်မူ၏။" (၁၀)

၄။ ပဍိစ္စဝါရ ပုရေဇာတ ပစ္စည်း "အဗျာကတေန အဗျာကတံ"၌"ဝတ္ထုံ ပုရေဇာတ ပစ္စယာ"ကိုအနက်ပေး၍၊ပစ္စယာ, နိဿာယ, သံသဋ္ဌော ပုဒ်တို့ကိုလည်း အနက်ပေးပြပါ။ (၁၀)

၅။ ဆဝါရ၌ ဟောအပ်သော- အတ္ထိပစ္စည်းများကို ဖော်ပြ၍ ပဋ္ဌိစ္စဝါရ "န ဟေတုပစ္စယာ နာဓိပတိယာ"၌ သင်္ချာနှင့် သင်္ချေယျတို့ကို ရေးပြပါ။ (၁၀)

၆။ ပဋ္ဌိစ္စဝါရ အနုလောမ ဒုကသင်္ချာဝါရ "ဟေတုပစ္စယာ အညမညေ"၌ သင်္ချာတပ်၍ ရနိုင်သမျှ ပစ္စယုပ္ပန်တရားများကိုလည်း အပေါင်းသရုပ် ထုတ်ပြပါ။ (၁၀)

၇။ ဆဝါရနှင့် ပဉှာဝါရတို့၌ ကတ္တားပဌာန ပြုပုံချင်းတူလျက် ကတ္တားချင်း မတူနိုင်ပုံကို ရှင်းပြ၍ ပဉှာဝါရ အာရမ္မဏပစ္စည်း "ကုသလော အကုသလဿ"ဟူသော ဝိဓိ၏ အနုဝါဒ ပါဠိကို "ပုဗ္ဗေ သုစိဏ္ဏာနိ" မှ စ၍ ရေးပြပါ။ (၁၀)

၈။ "ကုလော အဗျာကတဿ"၌ ကတ္တား, သမ္ပဒါန် ပါဌ်တို့၏ အရကို အာရမ္မဏ ဓိပတိအနေဖြင့် ကောက်ပြ၍ ကရိုဏ်းပါဌ်၏ အရကိုလည်း သဟဇာတာဓိပတိ အနေဖြင့် ကောက်ပြပါ။ (၁၀)

၉။ အညမညပစ္စည်း "အဗျာကတော အဗျာကတဿ"၌ ကရိုဏ်းပါဌ်၏ အရ "ယထာရဟ"သာဖြစ်နိုင်သော ပစ္စယသတ္တိများကို ဖော်ပြ၍၊ ကတ္တားပါဌ်၏ အရကိုလည်း ရုပ်သက်သက်မျှ ကောက်ပြပါ။ (၁၀)

၁၀။ "ကြက်ကိုသတ်ပြီးမှ ထိုအကုသိုလ်ကို ပယ်ဖျောက်ရန် ကြက်သားဟင်း လှူသောသူ"အား အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်နိုင်ပုံကို ပဌာန်းပစ္စည်းတပ်၍ ပြပြီးလျှင်"အညမည"နှင့် တွဲစပ်နိုင်သော "သဘာဂ"ပစ္စည်းများကိုလည်း ဖော်ပြပါ။ (၁၀)

## ၁၃၂၉ (၁၉၆၇) ခုနှစ်

## ပါဠိပထမပြန်စာမေးပွဲ

# ပထမကြီး။ ။ပဋ္ဌာန်းကုသလတိက်

၁၃၂၉-ခုနှစ်၊ တန်ခူးလဆန်း ၁၂-ရက် (၉-၄-၆၇) အင်္ဂါနေ့

အမှတ်

၁။ အဆင်း, အသံ, အနံ့ စသော အာရုံများကို တပြိုင်နက်တည်း ခံစား၍ ရ-မရ ပဋ္ဌာန်းပါဠိ သာဓကပြ ဖြေဆို၍၊ အောက်ပါ ကမ္မပစ္စည်းတို့၏ အမည်ကိုလည်း ခွဲခြားဖော်ပြပါ။

(က) တပြိုင်နက် အကျိုးပေးသော ကံ။

(ခ) ရှေ့နောက်ဆက်၍ အကျိုးပေးသော ကံ။

(ဂ) ကမ္ဘာပေါင်း များစွာ ကြာသော်လည်း အကျိုးပေးသော ကံ။ (၁၀)

၂။ "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ"အရ အာဟာရ ၄-မျိုးတို့တွင် မည်သည့် အာဟာရက ဆိုင်ရာပစ္စယုပ္ပန်တို့အား သတ္တိပေါင်း မည်မျှစီဖြင့် ကျေးဇူးပြုသည်ကို အသီးအသီး ပြဆိုပါ။ (၁၀)

၃။ ပဋိစ္စဟေတုပစ္စည်း၌ ရနိုင်သော ပဒနှင့် ပဒါဝသာနများကို တွဲစပ်ဖော်ပြ၍၊ အောက်ပါ ဆိုရိုးဝေါဟာရတို့၏ အဓိပ္ပါယ်ကိုလည်း ဝိဘင်းပုံစံပြ၍ ရှင်းလင်းပါ။

(က) အစိတ်အစိတ် နာမက္ခန္ဓာ။

(ခ) အစိတ်အပေါင်း နာမက္ခန္ဓာ။

(ဂ) အစိတ်အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာ။ (၁၀)

၄။ "အဗျာကတေန အဗျာကတဲ"၌ ရုပ်သက်သက် ကတ္တားပုဒ်၏အရကို ဟေတု, သဟဇာတာဓိပတိ ၂-မျိုး ခွဲခြား၍ ကောက်ပြပါ။ (၁၀)

၅။ (က) ရုပ်က နာမ်အား, (ခ) နာမ်က ရုပ်အား ကျေးဇူးပြုနိုင်သမျှ သတ္တိသရုပ်ကို အသီးအသီး ရေတွက်၍၊အောက်ပါပေယျာလကို ဖော်ပြပါ။

"ထိုဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ ။ပ။ သင်္ချာတပ်၍ ဟောအပ်ကုန်၏။" (၁၀)

၆။ "ဟေတုပစ္စယာ အာရမ္မဏေ"၌ သင်္ချာ,သင်္ချေယျ ထုတ်ပြ၍၊ ပဋိစ္စအနုလောမ ဒုကသင်္ချာဝါရ သဟဇာတနှင့် အညမည အနုလောမပစ္စနိက် ပစ္စည်းတွန်း၍ သင်္ချာတပ်ပြပါ။ (၁၀)

၇။ ပဥှာဝါရ၌ ဟေတုနှင့်မတူသော သဟဇာတ၏ ပဒနှင့် ပဒါဝသာနတို့ကို ဖော်ပြ၍ အနုဝါဒ ပါဠိများကိုလည်း ရေးပါ။ (၁၀)

၈။ ဥပနိဿယပစ္စည်း "ကုသလော ကုသလဿ"၌ "မဂ္ဂေါ သေက္ခာနံ" စသော ပါဠိ၏ အနက်များကို ရေး၍၊ အောက်ပါပုဂ္ဂိုလ် ၂-ယောက်၌ ရသင့်သော ပစ္စယုပ္ပန် တရားများကို ခွဲခြားကောက်ပြပါ။

(က) လူနတ်စည်းစိမ်ကို ဆုတောင်း၍ အလှူပေးသူ။

(ခ) ကိုယ်၏ချမ်းသာမှုကို ငဲ့၍ အလှူပေးသူ။ (၁၀)

၉။ မဂ္ဂပစ္စည်း"ကုသလော ကုသလဿ"၌ ရသင့်သော ကရိုဏ်း သတ္တိတို့ကို ရေတွက်၍ အာရမ္မဏနှင့် သဘောတူ ပစ္စည်းများကိုလည်း ဖော်ပြပါ။ (၁၀)

၁၀။ ဟေတု ဃဋနာ အရေအတွက်ကို အမည်နှင့်တကွ အကျဉ်းချုပ် ဖော်ပြ၍၊ ၂၄-ပစ္စည်းတွင် ခေါင်းဆောင်ပစ္စည်းတို့ကိုလည်း ရေတွက်ပြပါ။ (၁၀)

၁၃၃၀ (၁၉၆၉) ခုနှစ်

ပါဠိပထမပြန်စာမေးပွဲ

# ပထမကြီး॥ ॥ပဋ္ဌာန်းကုသလတိက်

၁၃၃၀-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇-ရက် (၈-၄-၆၉) အင်္ဂါနေ

အမှတ်

၁။ ကုသိုလ်သည် အကုသိုလ်အား ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုရာ၌ မယူသင့်သော ကုသိုလ်တို့ကို အကြောင်းပြ ကောက်ပြပြီးလျှင်၊ (က) ရူပအာဟာရ၊ (ခ) ရူပဇီဝိတိန္ဒြိယ ပစ္စည်းတို့၏ နိဒ္ဒေသနာကာရပါဠိတို့ကို ရေးပါ။ (၁၀)

၂။ အောက်ပါ (က) (ခ) တို့၌ ဟဒယဝတ္ထုကို ပစ္စည်းယူ၍ ရနိုင်သော ပစ္စယသတ္တိ အသီးသီးတို့ကို ဖော်ပြပါ။

(က) ဟဒယဝတ္ထုနှင့် ပဋိသန္ဓေနာမက္ခန္ဓာ၊

(ခ) ဟဒယဝတ္ထုနှင့် ဘဝင်နာမက္ခန္ဓာ၊ (၁၀)

၃။ ပဋိစ္စဝါရ အကုသလာဗျာကတေန အဗျာကတံ ၌ ဟိတ်ပါဠိ၏ အရကို သဟဇာတ ကမ္မနှင့် မဂ္ဂ နှစ်မျိုးခွဲခြား၍ ကောက်ပြပါ။ (၁၀)

၄။ ပဋိစ္စဝါရ၌ အောက်ပါ (က) အရ အာရမ္မဏပစ္စည်း၊ (ခ) အရ အာရမ္မဏာဓိပတိပစ္စည်းနှင့် (ဂ) (ဃ) (င) တို့၏ အနန္တရစုတိအရတို့ကို တိကျစွာ ကောက်ပြပါ။

(က) ဝိညာဏဉ္စာယတနပဋိသန္ဓေ၊

(ခ) မဟာကြိယာဉာဏသမ္ပယုတ်၊

(ဂ) တဒါရုံနောင်စုတိ၊

(ဃ) ဘဝင်နောင်စုတိ၊

